www.burmeseclassic.com

50k
T67

# နေလင်းအောင်

## ခြောက်ဆယ့်လေးချက် ရွှေသိုင်းကွက်

ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက် သော ပြည်ပ နိုင်ငံ များ အား ဆန့်ကျင်ကြ။

* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

တက္ကသိုလ်

# နေလင်းအောင်

# ခြောက်ဆယ့်လေးချက် ရွှေသိုင်းကွက်

( ပထမပိုင်း )

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ကြင်နာတတ်သောလူလင်ပျို

နံနက်ခင်း၏ နွေးထွေးသောနေရောင်ခြည်သည် တာ့ပင် ရေအိုင်ကြီးပေါ်သို့ ဖြန့်ကြက်ယားသည်။

အပြန့်အမြောကျယ်ပြန့်လှသော ကာ့ပင် ရေအိုင်ကြီးသည် နွေးထွေးသောနေရောင်ခြည်အောက်တွင် အခိုးအငွေ့များ အတက်သို့လွင့်ထွက်နေသည်။

ထူထပ်သိပ်သည်းလှသော ရေခိုးရေငွေ့တို့ဖုံးအုပ်နေသဖြင့် ရှေ့ဝါးဆယ်ပြန့်ခန့်အကွာရှိ အရာဝတ္ထုကို လဲကွဲအောင် မတွေ့မြင်နိုင်ဘဲရှိနေသည်။

ထိုစဉ်...

ရေခိုးရေငွေ့များအကြားမှ မည်းမည်းသဏ္ဌာန်အရိပ်တစ်ခု ရေအိုင်ကမ်းစပ်ဆီသို့ တဖြည်းဖြည်း ရွေ့လျားလာ ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာအောင် ရွေ့လျားလာသောအခါ တို ပည်းပည်းသဏ္ဌာန်သည် လှေငယ်တစ်စီး ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

လှေငယ်ပေါ်တွင် အသက်ငါးဆယ်အရွယ်ခန့် ရှိ၍ ခွန်အားချည့်နဲ့နေသော အဘိုးအိုတစ်ယောက်သည် လှေတက်ကို တစ်ချက်ချင်း အားစိုက်လှော်ခတ်နေသည်။

လှေငယ်သည် သိုင်းကြက်ခွပ်ကလေးများ ပေါ်တွင် တအိအိရွေ့လျားရင်းမှ တဖြည်းဖြည်း ကမ်းစပ်သို့ရောက်လာသည်။

ကမ်းစပ်သို့လှေဦးတိုက်မိသောအခါ လှေပေါ်မှအဘိုးအိုသည် တက်မကိုလှေဝမ်းထဲသို့ ပစ်ချလိုက်သည်။

ထို့နောက်…

လှေဝမ်းအတွင်းမှ အထုပ်ငယ်တစ်ထုပ်ကို ထမ်းပိုးတစ်ခုတွင်လျှိုထား၍ အထုပ်ကိုနောက်ကျောဘက်တွင်ထားလျက် ထမ်းပိုးကိုလွယ်၍ ထမ်းလိုက်သည်။

ပြီးမှ…

လှေဦးဘက်သို့ လျှောက်လာသည်။ လှေဦးမှတစ်ဆင့် ကမ်းပေါ်သို့ လှမ်းတက်လိုက်သည်။

ကမ်းပါးပေါ်သို့ အဘိုးအိုရောက်သောအခါ ဈေးသည် ရွာဆိုင်ထဲတွင် ဘယ်ညာလှည့်လိုက်၊ ကျွန်ရစ်ခဲ့သော သည်။

အ… ိုသည် လေးလံသောခြေလှမ်းများဖြင့် ကမ်းပေါ် …စ်လှမ်းချင်းတက်လာခဲ့သည်။



လှေအဆင်း၊ မြင်းအတက်ဟု ဆိုရိုးစကား ရှိခဲ့သည် မဟုတ်ပါလော။

လှေလှော်သော်လည်း လူငြိမ်နေသဖြင့် လှေအဆင်းကျွမ်းကျင်သူဟု ဆိုနိုင်ပေသည်။

အဘိုးအိုမှာ အပ်ချုပ်သမားကြီး ကျွန်ရှုပ်ဖြစ်သည်။

အသပ်ထပ်ဖာထေးထားပြီး အရောင်လွင့် နေပြီဖြစ်သော ဝကြွင်းကြွင့်ဝတ်စုံကို ဖိုးရိုးဖားရားဝတ်ဆင်ထားသည်။

အပ်ချုပ်သမား ပီသလှပါပေ၏။

သူ့မျက်နှာသည် ကြမ်းတမ်းသောဘဝခရီးကိုဖြတ်သန်းခဲ့ရသဖြင့် ရှိရင်းစွဲအသက်ထက် ပို၍အိုမင်းရင့်ရော်နေသည်ဟု ထင်ရသည်။

ဇရာပိုင်းသို့ကူးပြောင်းသည့် အစင်းအကြောင်းများက သူ၏ပိန်လှီသော မျက်နှာပြင်ပေါ်တွင် အထင်းသား ပေါ်လွင်နေသည်။

ဖာထေးထပ်နေသောသူ့ဝတ်စုံကို ကာလရှည်ကြာစွာ လဲလှယ်ဝတ်ဆင်ထားခဲ့ရဟန်တူသည်။

ညှစ်ပတ်ပေရေပြီး အချို့နေရာများတွင် အကွက်လိုက် အကွင်းလိုက် စွန်းထင်းနေသည်။

ပခုံးထိအောင်ရှည်လျားစွာ ပြန့်ကျနေသည့်ဆံပင်သည် ဖြီးသင်ရသဖြင့် အဆုံလိုက်အခဲလိုက်ဖြစ်… ဟိုသစ်ရုံ

www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခုဖြင့် ကောက်ကပ်ထားသကဲ့သို့ လုံးကျစ်နေလေသည်။

နီကြင့်ကြင့်အရောင်ထွက်နေသော မှိုင်းသီးမှုံ၊ ပါးမြိုင်းမွေးများကလည်း ထူထပ်စွာ ပေါက်ရောက်နေလေသည်။

သို့သော်မှ သူ၏မျက်လုံးအစုံမှာ တောက်ပစူးရှနေသည်။

အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်ခဲ့ဖူးကြောင်း သူ့မျက်လုံးအစုံက ဆက်သေပြနေသည်။

သူသည် အရပ်တကာသို့လှည့်လည်ကာ အပ်ချုပ်သော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာညောင်းခဲ့ပြီ ဖြစ်သည်။

ကမ်းပါးပေါ်သို့ရောက်သောအခါ ချောင်းတဟွတ်ဟွတ် ဆိုးလာသဖြင့် နေရာတွင်ပင် ထိုင်ချလိုက်သည်။

ချောင်းဆိုး ရပ်သွားတော့မှ ထိုနေရာမှထကာ အုပ်အုပ်ဆိုင်းဆိုင်းရှိနေသော သစ်ပင်ကြီး တစ်ပင်အောက်သို့ လှုပ်လီလှုပ်လဲ့ လျှောက်လှမ်းသွား၏။

သစ်ပင်အောက်သို့ အရောက်တွင် ပခုံးပေါ်မှ ညှစ်ထားသော အထုပ်ကို သစ်ဆုံတစ်ခုပေါ်တွင် ချကာ သူ ကိုယ်တိုင်လည်း သစ်ပင်ကြီး၏ ပင်စည်ကြီးကိုမှီ၍ ထိုင်ချ လိုက်သည်။

ပြီးမှ....



မျက်စိကို စုံမှိတ်ကာ အမောအပန်းဖြေရင်း အနားယူလိုက်သည်။

ထိုစဉ်မှာပင် ခြေသံတစ်ခုကို ကြားလိုက်ရသည်။

အဘိုးအို ကျန်ရှုသည် ခြေသံကြားရာဆီသို့ မျက်လုံးအစုံကိုဖွင့်၍ တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်သည်။

လုလင်ပျို တစ်ယောက် သူရှိနေရာ သစ်ပင်ကြီးဆီသို့ လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။

လုလင်ပျိုသည် ဖျင်ကြမ်းဝတ်စုံ အဖြူရောင်ကို ဝတ်ဆင်ထားပြီး ကောက်ရိုးဖိနပ်ကို စီးနင်းထားသဖြင့် သာမန် ဆင်းရဲသားတစ်ယောက်ဖြစ်ကြောင်း မမေးဘဲနှင့် ကောင်းစွာ သိနိုင်သည်။

ထို လုလင်ပျိုသည် သစ်ပင်အောက် မြက်ခင်းပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး တာ့ပင် ရေအိုင်ကြီးပေါ်မှ ရေခိုးရေငွေ့များကို အဓိပ္ပာယ်ကင်းမဲ့စွာငေးစိုက်ကြည့်နေသည်။

အဘိုးအို ကျန်ရှုသည် လုလင်ပျိုကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

လုလင်ပျိုမှာ အသက်နှစ်ဆယ် အရွယ်မျှလောက် ရှိပြီး သူ့မျက်နှာ သူ့အမူအရာမှာ ယောကျ်ားပီသ၍ တည်ကြည် ခန့်ညားသော ရုပ်သွင် ရှိသည်။

လူရွယ်၏ မျက်နှာအနေအထားတည့်အောက်ပုံနှင့်နှုတ်ခမ်း ဒူးရေကို ကြည့်ရခြင်းအားဖြင့်သိုင်းပညာ[illegible]ပေးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထူးချွန် ပြောင်မြောက်သော သိုင်းသမားကောင်း တစ်ဦး ဖြစ်လာနိုင်ကြောင်း ကောင်းစွာ အကဲခတ်မိလိုက်သည်။

ထိုစဉ်မှာပင် သူသည် ချောင်းတဟွတ်ဟွတ်ဆိုးလာပြန်သဖြင့် သူ့ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ဖိထားလိုက်ရလေသည်။

ချောင်းဆိုးသံ ကြားရသဖြင့် လူရွယ်သည် သူ့ကို လှည့်ကြည့်လိုက်ပြီး သူ့ထံသို့ လျှောက်လာသည်။

'ဘဘ...၊ နေမကောင်းဘူး ထင်တယ်၊ နေမကောင်းတဲ့ဟာဖြစ်လို့ ခရီးထွက်လာရတာလဲ'

ဤသို့ စာနာထောက်ထားစွာ ဆက်ဆံတတ်သည့် ခရီးသွားကား ရှားပါးလှပါဘိခြင်း။

ချောင်းဆိုးသံကို နားငြီးသည်ဟု ဝေါက်ငမ်းမည့်သူကိုသာ တွေ့ကောင်း တွေ့နိုင်သည်။ ဤလိုလူမျိုးကိုကား မတွေ့နိုင်ပါချေ။

လူရွယ်၏ ကြင်နာစွာ ပြောဆိုလိုက်သောစကားကြောင့် အဘိုးအို၏ စိတ်ထဲ၌ ရောဂါတစ်ဝက်သက်သာသွားသည် ဟုပင် ထင်မှတ်လိုက်မိသည်။

သူက လူရွယ်ကို တစ်ချက်မျှ ခြေဆုံးခေါင်းဆုံးအကဲခတ်ကြည့်ရှုပြီးနောက် လက်ဟန်ခြေဟန်ပြကာ ထိုင်ခိုင်းလိုက်လေသည်။

လူရွယ်က သူ့အနီးရှိ သစ်မြစ်တစ်ခုပေါ်တွင် ထိုင်ချလိုက်သည်။



အတန်ကြာမှ အဘိုးအို ကျန်ရှုက အမောပြေလာဟန်ဖြင့် ခေါင်းမော့ပြီး ဖြည်းညင်းစွာ စကားပြော၏။

'ဒီမှာ သူငယ်၊ မင်းရဲ့ လက္ခဏာသွင်ပြင်ကို အကဲခတ်ရရင် မင်းဟာ စာပေအရာမှာရော သိုင်းပညာအရာမှာပါ ထူးချွန်ထက်မြက်မယ့် လူတစ်ယောက်ပဲကွယ့်'

အဘိုးအို ကျန်ရှု စကားကြောင့် လူရွယ်၏ မျက်ခုံး နှစ်ဖက် မြင့်တက်သွားပြီး မျက်လုံးအစုံလည်း ပြူးကျယ်သွားသည်။

သူက အဘိုးအို ကျန်ရှုကို ပြန်ပြောလိုက်သည်။

'ဘဘ....ကျွန်တော့်ကို ဒီလိုမြှောက်ပင့်မနေပါနဲ့၊ ဘဘ ဘာခိုင်းစရာရှိသလဲ၊ ခိုင်းချင်တာရှိရင် ခိုင်းပါ၊ ကျွန်တော် တတ်နိုင်တာဆိုရင် ကူညီဆောင်ရွက်ပေးပါ့မယ်'

အဘိုးအို ကျန်ရှုက တစ်ချက်မျှပြုံးလိုက်ပြီး ခေါင်းကို လေးတွဲ့စွာ ခါယမ်းလျက် လူရွယ်ကို ပြန်ပြောလိုက်လေသည်။

'ဘဘ မင်းကို ဘာဖြစ်လို့မြှောက်ပင့်ပြောရမှာလဲ၊ ဘဘ မျက်မြင်အတိုင်းပဲ မင်းကိုပြောနေတာပါ'

လူရွယ်က ခေါင်းကို တွင်တွင်ခါလျက်ပြန်ပြောလိုက်လေသည်။

'ဒါဆိုရင်တော့ ဘဘတွက်ကိန်း မှားသွားပြီ၊ ကျွန်တော်ဟာ ဘဘပြောသလို မဟုတ်ပါဘူး၊ စာပေအရာမှာရော သိုင်းပညာမှာပါ အခံမတန်ချို့တဲ့တဲ့လူပါ ဘဘ၊ စာဆိုရင် ကျွန်တော့်မိခင် သင်ပေးထားလို့ စာရှင်စာ

www.burmeseclassic.com

www.burmeseclassic.com



လောကပဲဖတ်တတ်ပါတယ်၊ သိုင်းပညာကတော့ ကျွန်တော်အဖေ မသေခင်က အနည်းအကျဉ်းသင်ပြဖူးပါတယ်၊ ဒါပေမယ့်ကျွန်တော်တတ်ထားတဲ့ သိုင်းပညာဟာကိုယ့်ကိုကိုယ်တောင် ကာကွယ်နိုင်တဲ့အဆင့် မရှိသေးပါဘူး ဘဘ'

အဘိုးအို ကျန်ရှုက ရှင်းပြပြန်သည်။

'ဘဘ ပြောထာက ဒီလိုမဟုတ်ဘူးကွယ့်'

'ဒါဆိုရင် ဘာကိုပြောတာလဲ ဘဘ'

'အခုမင်းတတ်ထားတဲ့ စာပေပညာနဲ့ သိုင်းပညာဟာ ဘယ်လောက်ပဲ အဆင့်အတန်းနိမ့်ကျနိမ့်ကျ မင်းကို ဆရာကောင်း သမားကောင်းနဲ့သာ စနစ်တကျ သင်ပေးနိုင်မယ်ဆိုရင် ထူးချွန်တဲ့ သိုင်းသမားတစ်ယောက် ဖြစ်လာမယ်လို့ ဆိုလိုတာပါ'

အဘိုးအို၏ စကားကြောင့် လူရွယ်၏ မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းမှု အရိပ်အယောင်များ ဖြတ်သန်းသွားသည်။

အဘိုးအိုကို အားငယ်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

'ဘဘ ယောက်ျားထုတ်ဘာ မှန်ကောင်းမှန်ပါလိမ့်မယ် ဘဘ၊ ဒါပေမယ့် ကျွန်တော်လို ဆင်းရဲသား သာမန် လူတန်းစားတစ်ယောက်ကို ဘယ်လိုဆရာမျိုးက ကရိုကထ ခံပြီး စာပေနဲ့ သိုင်းပညာ သင်ပေးနိုင်မှာလဲ၊ ခုချိန်မှာ ကျွန်တော်ဟာ မနက်တစ်နပ် ညတစ်နပ်စားဖို့တောင် မနည်းရှာကြံ စားသောက်နေရတဲ့လူပါ'



ထိုစဉ်မှာပင် အဘိုးအိုသည် ချောင်းတဟွတ်ဟွတ် ဆိုးလာကာ ပါးစပ်မှ သွေးများ အန်ထွက်လာပြီး သူ့ဘေးသို့ ယိုင်လဲကျသွားသည်။

လူရွယ်သည် အဘိုးအို၏အဖြစ်ကို အထိတ်တလန့် ဖြစ်ကာ စင်းကြောင်သွားမိသည်။

ပြီးမှ သတိဝင်လာကာ အဘိုးအိုကို ဖေးမ ထူပေးလိုက်ပြီး သူ့ကိုယ်တိုင် မှီပေးလိုက်သည်။

'အဘ…အဘ…ဘယ်လိုဖြစ်တာလဲဟင်'

အဘိုးအိုသည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုနိုင်ခြင်းမရှိသေးဘဲ လူရွယ်၏ လက်ထဲတွင် ခဏမျှမှီ၍ငြိမ်သက်နေလိုက်သည်။

ပြီးမှ သူက ရောဂါ အနည်းငယ် သက်သာဟန်ဖြင့် မျက်လုံးကို ဖွင့်ကာ အင်္ကျီရင်ဖုံးအိတ်အတွင်းမှဒင်္ဂါးဖိုင်ခန့်ရှိ၍ တစ်မိုက်ခန့် ရှည်သော ဝါးကျည်တောက်ကလေးကို ထုတ်ယူလိုက်သည်။

ထို့နောက် ဝါးကျည်တောက်ထဲမှ ဆေးလုံးကလေး သုံးလုံးကို ထုတ်ယူကာ ပါးစပ်ထဲသို့ပစ်ထည့်ပြီး မျိုချလိုက်သည်။

ဆေးသောက်ပြီးခဏအကြာတွင်အဘိုးအို၏ဖြူရော်နေဖြစ်နေသောမျက်နှာပြင်မှာ သွေးရောင်များ ယှက်သန်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် သူတို့၏ ရှေ့တူရူရှိ သစ်ပင် တစ်ပင်၏ နောက်ကွယ်မှ လူရိပ်တစ်ရိပ်ကို အဘိုးအို လှမ်းမြင်လိုက်ရသည်။

ထိုလူရိပ်က သူတို့နှစ်ယောက်ကို ချောင်းမြောင်းကြည့်ရှုနေကြောင်း တွေ့လိုက်ရသဖြင့် အဘိုးအိုသည်အထိတ်တလန့် ဖြစ်သွားမိသည်။

ချောင်းမြောင်းကြည့်ရှုနေသူမှာ သူ့ကို အဘိုးအိုကျွန်ရှု မြင်တွေ့သွားကြောင်း ရိပ်စားမိလိုက်သောအခါ သစ်ပင် နောက်ကွယ်သို့ ကပျာကယာ ဆုတ်ကာ ချုံပုတ်အတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

အဘိုးအို ကျွန်ရှုသည် ချုံပုတ်ထဲသို့ တိုးဝင်သွားသူကို နောက်ကျောမှ တွေ့မြင်လိုက်ရသောအခါ မည်သူမည်ဝါ ဖြစ်ကြောင်း ကောင်းစွာ သိလိုက်ရသဖြင့် အထိတ်တလန့် ဖြစ်ကာ နေရာတွင်ပင် သတိလစ် လဲကျသွားလေတော့ သည်။

ထိုအခါ လူရှယ်သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားလေ သည်။

သူက အဘိုးအိုကို လူသွားလူလာ များပြားသော လမ်း မသားတွင် ထားရန်မသင့်ဟု တွေးလိုက်မိသဖြင့် အဘိုးအိုကို ချီမ၍ ပခုံးပေါ်တွင် ထမ်းလိုက်သည်။

ထို့နောက် တာ့ပုင်ရေအိုင်၏ ကမ်းပါးဘေး လူသူကင်း ရှင်းသော နေရာသို့ အရောက်တွင် အဘိုးအိုကို အောက်သို့



ချ၍ သက်သက်သာသာ လဲလျောင်းနိုင်ရန် ပြင်ဆင်ပေး လိုက်သည်။

ပြီးလျှင် သူ တတ်သရွေ့ မှတ်သရွေ့ အဘိုးအို ပြန်လည် သတိရစေရန် ဟိုနှိပ်သည်နှိပ် နှိမ်ပေးလိုက်သည်။

'အင်း....ကျွတ်....ကျွတ်'

အဘိုးအိုထံမှ ညည်းတွားသံ တစ်ချက် ကြားလိုက်ရ တော့မှ လူရှယ်သည် အဘိုးအိုကို ငေးပွတ္တကာမေးမြန်းလိုက် သည်။

'အဘ....အဘ....သတိရလာပြီနော်'

အဘိုးအိုသည် မျက်လုံးတစ်ချက်ဖွင့်ကြည့်ကာ အားယူ၍ စကားဆိုလိုက်သည်။

'ကျေးဇူးတင်လိုက်တာ လူလေးရယ်၊ အဘ ရင်ဖုံးအင်္ကျီ အိတ်ထဲက ဆေးသုံးလုံးလောက် ယူတိုက်စမ်းပါ'

လူရှယ်သည် ချက်ချင်းပင် အဘိုးအို၏ ရင်ဖုံးအင်္ကျီအိတ် တွင်းမှ ဝါးကျည်တောက် ဆေးဘူးကလေးကို ထုတ်ယူကာ ဆေးဘူးထဲမှ ဆေးသုံးလုံးကို အဘိုးအိုကို တိုက်ကျွေးလိုက် သည်။

ခဏအကြာတွင် အဘိုးအိုသည် ထူထူထောင်ထောင်ဖြစ် လာသည်။

လူရှယ်က အဘိုးအိုကို မေးလိုက်သည်။

'အဘ ဘယ်လိုနေသေးလဲ၊ နေသာထိုင်သာ ရှိရဲ့လား'

အဘိုးအိုက စကားမပြောဘဲ ခေါင်းတစ်ချက် ညိတ်လိုက် ပြီး ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဘာ ဘယ်မှာနေသလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ'

အဘိုးအိုမှာ လူရွယ်၏ ကြင်နာယုယစွာ ပြုစုခြင်းကိုခံနေရသဖြင့် ဝမ်းနည်းသလိုလို ဖြစ်လာကာ မျက်ဝန်းအိမ်တွင် မျက်ရည်များ ရစ်ဝဲသွားသည်။

'ကျေးဇူးကြီးလှပါတယ် လူလေးရယ်၊ အဘကို မြို့ရိုးအရှေ့ဘက်က ဘုံကျောင်းကို လိုက်ပို့ပေးပါ'

လူရွယ်သည် တစ်စုံတစ်ရာ ထပ်မံပြောဆိုခြင်း မပြုတော့ဘဲ အဘိုးအိုကို ပခုံးပေါ်တွင်ထမ်းကာ မြို့ရိုးအရှေ့ဘက်သို့ ထွက်လာခဲ့သည်။

အတန်ကြာအောင်သွားမိသည့်အခါ မြို့ရိုးအရှေ့ဘက်ရှိ ဘုံကျောင်းပျက် တစ်ခုသို့ ရောက်ရှိလာသည်။ လူရွယ်က အဘိုးအိုကို ဘုံကျောင်းပျက်ထဲသို့ထမ်း၍ သယ်ဆောင်သွားသည်။

ဘုံကျောင်းပျက်ထဲသို့ သူ ခြေချလိုက်မိသည်နှင့် ခေါင်မိုးတွင် တွဲလွဲခိုနေကြသော လင်းနို့ တစ်သိုက်သည် အထိတ်တလန့် ဖြစ်ကာ အတောင်ဖျပ်ဖျပ်ခတ်၍ ဟိုမှသည်မှ ပျံသန်းကုန်ကြသည်။ တကယ့် ဘုံကျောင်းပျက်မှ ဘုံကျောင်းပျက်ပေတည်း။

အတန်ကြာမှ ဘုံကျောင်းပျက်အတွင်းပြန်လည်ငြိမ်သက်သွားသည်။



လူရွယ်သည် ဟိုကြည့်သည်ကြည့်ဖြင့် ဘုံကျောင်းအတွင်း ဖဲ့ဝိုက် ကြည့်ရှုလိုက်ရာ ဘုံကျောင်း၏ ထောင့် တစ်ခုတွင် ကွပ်ပျစ်တစ်ခုကို တွေ့လိုက်ရသည်။

ကွပ်ပျစ်ပေါ်တွင် အထုပ်တစ်ထုပ်၊ အိုးခွက် ပန်းကန်အနည်းငယ်နှင့်ညစ်ထေးပေါင်းနွမ်းနေသော အိပ်ရာတစ်ခုကို တွေ့လိုက်ရသည်။

လူရွယ်က အဘိုးအိုကို ကွပ်ပျစ်ဆီသို့ အသာအယာချပေးလိုက်သည်။

ပြီးလျှင် စောင်စုတ်တစ်ထည်ကို အဘိုးအို၏ ကိုယ်ပေါ်တွင် လွှမ်းခြုံပေးလိုက်သည်။

ရောဂါကြောင့် ပင်ပန်း နွမ်းနယ်နေသော အဘိုးအိုမှာ တစ်ခဏအတွင်း တရှူးရှူးနှင့် အိပ်ပျော်သွားလေတော့သည်။

လူရွယ်သည် အဘိုးအို သွားလိုရာသို့ နေရာတကျ ပို့ခဲ့ပြီးပြီ ဖြစ်သဖြင့် ဘုံကျောင်းမှ ပြန်လည် ထွက်ခွာလာခဲ့လေသည်။

ဘုံကျောင်းဝသို့ ရောက်လျှင် တစ်စုံတစ်ရာကို စဉ်းစားမိလိုက်သဖြင့် သူ့ခြေလှမ်းအစုံကို တုံ့ခနဲ ရပ်တန့်ပစ်လိုက်သည်။

'အင်း.... ရောဂါဝေဒနာ ဖိစီးနေတဲ့ ဒီအဘိုးအိုကို ဒီအတိုင်း တစ်ယောက်တည်း ထားခဲ့လို့ မသင့်တော်ဘူး၊ လူမှုရေးအရ သူ့ကို ငါ စောင့်ရှောက်ကူညီသင့်တယ်၊ သူ အိပ်ရာက နိုးတဲ့အထိ စောင့်နေ[illegible]မယ်'

www.burmeseclassic.com

www.burmeseclassic.com



လိုသို စဉ်းစားမိသောအခါ သူသည် ဘုံကျောင်းဆီသို့ ပြန်လှည့်လာကာ အဘိုးအိုအနီးတွင် ထိုင်ချလိုက်မိသည်။ အဘိုးအိုသည် ပင်ပန်းလွန်း၍သော၊ သို့မဟုတ် ဆေးရှိန်ကြောင့်လားမသိရဘဲ တစ်နေ့လုံး နိုးထလာခြင်း မရှိတော့ နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိသည်။

ကြာသော် လူရှယ် ငိုက်မျဉ်းလာသည်။

ထို့ကြောင့် အဘိုးအိုခါနံဘေးတွင် အသာ ဟုံးလုံးလှဲချလိုက်သည်။

ခဏအကြာတွင် သူသည်း ဖွတ်ာနံးကျွင်နှင့် အသက်ပြတ်ကာ နှစ်ခြိုက်စွာ အိပ်မောကျသွားလေတော့သည်။

☆

## အခန်း (၂)

## ကြေးနီလက်ဖွဲ့

ညသည် တိတ်ဆိတ်ငြိမ်သက်နေသည်။

ထိန်လင်းစွာ သာယာလျက်ရှိသော လမင်း အလင်းရောင်သည် တိမ်ခါးရှုက်များ မရှိတော့သော ပြတင်းပေါက်မှ ဘုံကျောင်းပျက်အတွင်းသို့ ကျနေသည်။

မြို့နှင့် အတန်ငယ်ဝေးကွာသော နေရာဖြစ်သဖြင့် လူသံသူသံ ဟူ၍ လုံးဝမကြားရသံ ရှိနေသည်။

တစ်ခါတစ်ရံတွင် လင်းနို့များ၊ လင်းဆွဲများ တောင်ပံခတ်သံ၊ ညဥ့်ငှက်များ အော်မြည်သံ၊ အိမ်မြှောင်စုတ်ထိုးသံများကို တိတ်ဆိတ်သော ဘုံကျောင်းပျက်အတွင်း၌ ကျယ်လောင်စွာ ကြားနေရသည်။

အိပ်ချိုပေါ်သမျှ အဘိုးအိုသည် ရုတ်တရက် အိပ်ရာမှ နိုးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သောအခါ လရောင်ကြောင့် ဘုံကျောင်းအတွင်း လင်းလင်းကျင်းကျင်း မြင်ရသည်။

သူက အိပ်ရာမှ လူးလဲထလိုက်သည်။

အေးမြသော လရောင်ကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေသော လူရွယ်ကို တွေ့လိုက်ရသည်။ သူသည် လူရွယ်၏ ခြေဆုံးခေါင်းဆုံး တစ်ချက်မျှ ကြည့်လိုက်ပြီး ငမ်းသာကြည်နူးသွားရသည်။

သူက လူရွယ်၏ကိုယ်ပေါ်သို့ စောင်စုတ်ကလေးကို ယူ၍ လုံခြုံအောင် လွှားပေးလိုက်သည်။ တစ်ဦးမေတ္တာ တစ်ဦးဟု ဆိုရိုးစကား ရှိခဲ့သည် မဟုတ်ပါလော။ သူ့အား ကြင်နာစွာ ဆက်ဆံခဲ့သော လူရွယ်ကလေးကို သူကလည်း ခေတနာမေတ္တာ ထားခဲ့မိပြန်သည်။

ထိုစဉ်မှာပင် ချောင်းတဟွတ်ဟွတ် ဆိုးလာပြန်သည်။

သူက အသံကျယ်လောင်စွာ မထွက်စေရန် ရင်ဘတ်ကို ကာ ထိန်းထားလိုက်သည်။

သို့သော် ထိန်း၍မရတော့။

အဘိုးအို၏ ချောင်းဆိုးသံကြောင့် လူရွယ်သည် အိပ်ရာမှ နိုးလာသည်။

လူရွယ်သည် အဘိုးအို ထူထူထောင်ထောင်ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် မေးလိုက်သည်။

'ဘဘ၊ ကောင်းကောင်း နေသာထိုင်သာရှိနေပြီလား'



အဘိုးအိုက သူ့ကိုတစ်ချက်ပြုံးကြည့်ရင်း မြန်ပြောသည်။

'အေးကွယ်၊ ငါ့မြေးကြီးရဲ့ကျေးဇူးကြီးမားလှပါတယ်၊ ဒါထက် ငါ့မြေးနာမည် ဘယ်လိုခေါ်သလဲကွယ့်'

'ကျွန်တော့်နာမည် ယန်းစုကျုံးလို့ ခေါ်ပါတယ်ဘဘ'

'မင်းအဖေကကော ဘယ်သူလဲကွယ့်၊ သိုင်းသမားတစ်ယောက်ပဲလား'

'ဟုတ်ပါတယ် ဘဘ၊ ဒါပေမယ့် သိုင်းအချော်အမော်ယောက်တော့မဟုတ်ပါဘူး၊ သာမန်အဆင့်မြင့်ထဲကပါ တောင်ဖြိုလက်သီး ယန်းကျန်ရဲ့လို့ ခေါ်ပါတယ်၊ ခုတော့ အဖေမရှိတော့ပါဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက ကွယ်လွန်သွားခဲ့ပါပြီ'

အဘိုးအိုသည် လူရွယ်ကို သနားကရုဏာ သက်မိသဖြင့် ...ယ်မကောင်းစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ပြီး....

'ဩော်....ဩော်'

ဟုသာ အာမေဍိတ် ပြုလိုက်သည်။

...အတန်ကြာအောင် နှစ်ဦးသား ငြိမ်နေပြီးမှ အဘိုးအိုက ...းလိုက်ပြန်သည်။

'မင်းကော သိုင်းပညာ ဘယ်အဆင့်လောက်အထိ သင်...ပြီးသလဲ'

'ဖေဖေ ရှိတုန်းကတော့ ကျွန်တော့်ကို လက်နက်...တောင်ဖြိုလက်သီး သိုင်းကွက်တွေ သင်ကြားပေးခဲ့ဖူးပါတယ်၊ ဒါပေမယ့် ကျွန်တော့် သိုင်းပညာအဆင့်က ...တန် နိမ့်ပါသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဓားသိုင်းကလေး ဘာလေးတော့ မတတ်ဘူ
လား'

'မတတ်ပါဘူးခင်ဗျာ၊ ခုချိန်မှာ ဓားသိုင်းမတတ်တာဝ
ကောင်းပါတယ်'

ယန်းစုကျုံးစကားကြောင့် အဘိုးအိုမှာ မျက်ခုံးနှစ်ဖက
မြင့်တက်သွားသည်။

အံ့အားတကြီးလည်း ဖြစ်သွားရသည်။

'ဟေ... အာဖြစ်လို့လဲကွ၊ ဓားသိုင်း တတ်ထားတာ
မကောင်းဘူးလို့ ဆိုလိုတာလား'

ယန်းစုကျုံးက ညှိုးငယ်သော မျက်နှာဖြင့် ဦးခေါင်းက
ခါယမ်းရင်း ပြန်ဖြေလိုက်သည်။

'မဟုတ်ပါဘူး ဘဘ၊ ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရ
ကျွန်တော်ဟာ အင်မတန်ဆင်းရဲပါတယ်၊ ဒီလို အချိန်မျ
မှာ ဓားကောင်းတစ်လက် ဝယ်ကိုင်ဖို့မဆိုထားနဲ့ ထမင်းဝ
ရှုန်အောင်တောင် အမြဲရုန်းကန်နေရပါတယ်'

အဘိုးအိုက သဘောပေါက် သွားဟန်ဖြင့် ပြန်ပြေ
လိုက်သည်။

'ကောင်းတယ်... ကောင်းတယ်၊ ဓားသိုင်း ပညာဂ
မကျွမ်းကျင်သေးဘဲနဲ့ ဓားကောင်း မကိုင်သေးတာဟ
အန္တရာယ်ကင်းတာပေါ့ကွယ်၊ ဒါနဲ့ တူမောင်က ဘယ်
သွားမှာလဲကွယ်'

'ကျွန်တော့်မှာ ဦးတည်ချက် မရှိသေးပါဘူး ဘဘ
ဒါပေမယ့် ကျွန်တော် ဒီကိုရောက်တော့ စန်းတုပြည်နယ်မှ



သိုင်းဆရာကြီး တစ်ယောက်ဟာ တပည့်တစ်ယောက် လိုနေ
တယ်လို့ ကြားရပါတယ်၊ ကျွန်တော် အဲဒီ သိုင်းဆရာကြီးကို
လိုက်ရှာမလို့ပါ'

အဘိုးအိုက ပြောပြန်သည်။

'ဒါဟာ စန်းတုပြည်နယ်ပဲကွယ့်၊ မင်းရှာနေတဲ့ဆရာကြီး
ဆိုတာ မတွေ့သေးဘူးလား'

'မတွေ့သေးပါဘူး ခင်ဗျာ'

အဘိုးအိုသည် ခဏမျှစဉ်းစားလိုက်ပြီးနောက် လူရွယ်ကို
စပြောလိုက်သည်။

'ဒါဖြင့် အဘကို အကူအညီတစ်ခုလောက် ပေးပါလား
ကွယ်'

'ပြောပါဘဘ၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း ပြော
နိုင်ပါတယ်၊ ကျွန်တော်တတ်နိုင်ရင် ကူညီပါမယ်'

အဘိုးအိုသည် အကူအညီတောင်းရမည့် ကိစ္စကို မပြော
သေးဘဲ တစ်ကိုယ်တည်း ညည်းညူလိုက်သည်။

'အေးလေ...အကူအညီတောင်းမယ်လို့သာတောင်းရမှာ
ဖြစ်နိုင်မှာ မဟုတ်ပါဘူး'

ယန်းစုကျုံးသည် အဘိုးအို၏ ကိစ္စမှာ မည်သို့သော ကိစ္စ
ဖြစ်သည်ကို သိချင်လာမိသည်။

ထို့ကြောင့် ခပ်သွက်သွက်ကလေး မေးလိုက်သည်။

'ဘယ်လိုကိစ္စမျိုးမို့လဲ ဘဘ'

'ဒီမှာတူမောင်၊ မင်းသေရမှာ ကြောက်သလား

www.burmeseclassic.com

www.burmeseclassic.com



အပ်ချုပ်သမား အဘိုးအိုအီ ထူးဆန်းသော မေးခွန်းကို ရုတ်တရက် ကြားလိုက်ရသောအခါ ယန်းစုကျုံးသည် မည်သို့ နားလည်ရမှန်း မသိအောင်ဖြစ်သွားသည်။ သို့သော်.... မချိပြုံး ပြုံးပြီးဖြေသည်။

'အမှန်အတိုင်း ပြောရရင် ကျွန်တော် သေရမှာကို မကြောက်ပါဘူး၊ ဒါပေမယ့် သေရမယ်ဆိုရင်လဲ အဓိပ္ပာယ်ရှိရှိ သေချင်ပါတယ်'

ယန်းစုကျုံးသည် အမှန်အတိုင်း ပြောခြင်းဖြစ်ပါသည်။ သူ့ဘဝ၌ တွယ်တာစရာဆို၍ သာမျှမရှိပေ။ သို့သော် စာပေဗဟုသုတ အနည်းငယ်ရှိသဖြင့် ဆင်ခြင်တုံတရားလည်း ထိုက်သင့်လောက်ရှိသည်။

သူသည် ဖြစ်ချင်ရာဖြစ်ဘဲ ဘာကိုသိုးလုပ်တတ်သော လူငယ်တစ်ယောက် မဟုတ်ပေ။

အဘိုးအိုသည် ယန်းစုကျုံး၏ အမေးကို ပြန်မဖြေသေးဘဲ ချီးမွမ်းစကား ဆိုလိုက်သည်။

'အင်း....ဘာကသဲ ဒီလိုလူမျိုးမှ ကြိုက်တာကွယ့်၊ မင်းပြောတာ သိပ်မှန်တယ်၊ လူတွေဟာ သေမျိုးတွေချည်းပဲ ဒါပေမယ့် အကျိုးရှိစွာ သေဆုံးခြင်းနဲ့ အကျိုးမဲ့စွာသေဆုံးခြင်းဆိုပြီး နှစ်မျိုးရှိတယ်၊ အကျိုး ရှိတဲ့ ကိစ္စနဲ့ သေရရင်တော့ မြတ်တာပေါ့ကွယ်၊ မင်းရဲ့စိတ်ထားနဲ့အတွေးအခေါ်ကိုတော့ ဘဘသဘောကျသွားပြီ'



ထိုသို့ရှိနေစဉ်မှာပင် ပြတင်းပေါက်မှ လရောင်အောက်တွင် လူရိပ်တစ်ခုကို သူတို့နှစ်ယောက်စလုံး ရိပ်ခနဲ လှမ်းမြင်လိုက်ရသည်။

ယန်းစုကျုံးသည် ထိုလူရိပ်ကို သေချာစွာ တွေ့မြင်လိုက်ရသည်။ ထိုလူရိပ်မှာ မနက်ပိုင်းတုန်းက သစ်ပင်ကွယ်မှ ဘုတ်တို့ကိုချောင်းကြည့်နေသော လူဖြစ်နေသဖြင့်....

အဘိုးအိုကို မေးလိုက်သည်။

'ခုထွက်ပြေးသွားတဲ့ အဘိုးကြီးကို ဘဘသိသလား'

'သိတာပေါ့ကွယ်၊ သူဟာ သိုင်းလောကမှာ ကျော်ကြားတဲ့ လူတစ်ယောက်ပဲ၊ လူမနိုးသိုင်းသမား ဟူကျိုး ဆိုတာပေါ့၊ သူဟာ အခိုးအဖွက် သိပ်ဝါသနာပါတဲ့ လူတစ်ယောက်ပဲ၊ မကြာသေးခင်ကပဲ ကျုပ်အမြဲဆောင်ထားတဲ့ ဆေးဘူးတစ်ဘူးကို သူခိုးသွားသေးတယ်'

ယန်းစုကျုံးသည် အဘိုးအို ပြေးသွားရာဘက်ဆီသို့ တစ်ချက်မျှ လှမ်းကြည့်ပြီး ပြောလိုက်သည်။

'တော်တော် ယုတ်မာတဲ့ လူကြီးပဲ၊ ရောဂါ အတွက် ဆောင်ထားတဲ့ ဆေးကိုမှခိုးရတယ်လို့၊ သူ့အတွက် ဘာအကျိုးရှိမှာမို့လဲ'

'ကိစ္စမရှိပါဘူးကွယ်၊ ဒီအတွက် ဘာမှ စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ ကျုပ်ဟာ တစ်နေ့နေ့မှာ ဒီရောဂါနဲ့ သေဆုံးမှာပါ၊ ကျုပ်သေရမှာကို မကြောက်ပါဘူး'

ယန်းစုကျုံးသည် သူ့ဆောင်ရွက်ပေးရမည့် ကိစ္စကိုပြန်လည် သတိရသဖြင့် မေးမြန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ခုနက ကျွန်တော်တို့ စကားစပြတ်သွားတယ်၊ ကျွန်တော်ကူညီရမယ့် ကိစ္စ အကြောင်း ဆက်ပြောပါဦး ဘဘ'

အဘိုးအိုက အတန်ကြာအောင် တွေဝေ စဉ်းစားနေသည်။ ပြီးမှ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်ပြီး ပြန်ပြောလိုက်သည်။

သူသည် ယန်းစုကျူးကို ရဲရင့်တည်ကြည်၍ ကတိသစ္စာ ရှိမည့် လူငယ်တစ်ယောက်အဖြစ် သတ်မှတ်လိုက်သည်။

'ဒီလိုပါ လူမောင်၊ ဘဘမှာ ဆန္ဒတစ်ခု ရှိနေပါတယ်၊ အဲဒါကတော့ ကျုပ်ဆီမှာ ရှိနေတဲ့ ကြေးနီလက်ဖွဲ့တစ်ခုကို လူတစ်ဦးဆီကို ပို့ပေးဖို့ပါပဲကွယ်၊ ဒီ ကြေးနီလက်ဖွဲ့လေး အဲဒီလူဆီ ရောက်ဖို့ဆိုတာ ဘဘအနေနဲ့ သေရေးရှင်ရေး လောက် အရေးကြီးနေပါတယ်ကွယ်'

ယန်းစုကျူး ငိုင်သွားသည်။

အဘိုးအိုသည် သူ့ အတွက် သေရေးရှင်ရေးတမျှအရေး ကြီးလှသော ကိစ္စတစ်ခုကို အဘယ်ကြောင့် မိမိလို လူစိမ်း တစ်ဦးအား ယုံယုံကြည်ကြည် စေခိုင်းရသနည်း။

မိမိသာ မတော်မလျော် လူတစ်ယောက် ဖြစ်နေလျှင် အဘိုးအို ဒုက္ခဖြစ်မည်မဟုတ်ပါလော။

'လူကလေး၊ ဘာတွေတွေးနေတာလဲ'

'ဩော်...ကျွန်တော့်ကို လူစိမ်းတစ်ယောက်ကို ဘဘက ယုံယုံကြည်ကြည် စေခိုင်းနေလို့ အံ့ဩနေတာပါ'



'ဘဘက လူ့လောက အတွေ့အကြုံ ရှိနေပါပြီကွယ်၊ ဘယ်လိုလူမျိုးကို ယုံသင့်တယ်၊ ဘယ်လိုလူမျိုးကို မယုံသင့်ဘူးဆိုတဲ့ အတွေ့အကြုံတွေဟာ ဘဘရဲ့ဘဝခရီးလမ်း တစ်လျှောက်မှာ အများအပြား ရခဲ့ပြီးပါပြီ၊ ဒါကြောင့် လူစိမ်းသူစိမ်းဖြစ်တဲ့ လူကလေးဆီမှာ ယုံယုံကြည်ကြည်နဲ့ အကူအညီတောင်းခံခဲ့တာပါ'

စိတ်နှလုံး ဖြောင့်မတ်သူများသည် များသောအားဖြင့် အနေဆင်းရဲသူများ ဖြစ်တတ်ကြ၏။

ချမ်းသာကြွယ်ဝသူများကား များသောအားဖြင့် စိတ်နှလုံး နိမ့်ကျတတ်၏။

ကြင်နာခြင်း၊ စာနာခြင်း၊ မတရားမပြုရက်ခြင်းစသည့် လက္ခဏာရပ်များသည် စိတ်နှလုံး ဖြောင့်မတ်သူများအား ဆင်းရဲတွင်းသို့ ပို့ဆောင် တွန်းချတတ်ပေသည်။

ယန်းစုကျူး၏ ဆင်းရဲသော အခြေအနေ၊ ပွင့်လင်းသော အပြောအဆိုနှင့် သက်ကြီးရွယ်အိုအား တကူးတက ကူညီရိုင်းပင်းသော အပြုအမူကို အပ်ချုပ်သမား အဘိုးအို ယုံကြည်စိတ်ချသွားခြင်း ဖြစ်ပေသည်။

ယန်းစုကျူးက စဉ်းစဉ်းစားစား ခေါင်းညိတ်၏။

'ဘဘ ကျွန်တော့်အပေါ် ဒီလောက်ယုံကြည်နေပြီ ဆိုရင်တော့ ကျွန်တော် ဘာမှငြင်းပယ်စရာမရှိပါဘူး၊ ဘဘ ပေးချင်တဲ့လူဆီကို ရောက်အောင် ကျွန်တော် ပို့ဆောင် ပေးပါမယ်'

အဘိုးအိုမျက်နှာမှာ ဝင်းထိန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းသာလိုက်တာ လူကလေးရယ်၊ ဘာဘာ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး'

အပ်ချုပ်အဘိုးအို ကျန်းရှုသည် ပြောပြောဆိုဆို သူ့အမြဲတမ်း ထမ်းပိုးသွားလာနေသော ညစ်ထပ်ထပ်အထုပ်ကို လှမ်းယူလိုက်သည်။

ပြီးလျှင်....

အထုပ်ကိုဖြေလိုက်ရာ အတွင်း၌ အပ်ချည်နှင့်အပ်များ၊ အဝတ်တိုအဝတ်စများကို တွေ့လိုက်ရသည်။

အထုပ်အတွင်းမှ အဝတ်တို အဝတ်စများကို ကွပ်ပျစ်ပေါ်သို့ သွန်ချလိုက်သည်။

အထုပ်ထဲမှ ပစ္စည်းပစ္စယများ ကုန်စင်သွားသောအခါ အဝတ်၏ အောက်ဘက်တွင်အပတ်စနက်တစ်ခုဖြင့် ဖာထေးလားသကဲ့သို့ ချုပ်ထားသော ချုပ်ရိုးကို ဓားပါးပါးကလေးဖြင့် လှီးဖြတ်လိုက်သည်။

အပေါ်၌ ထပ်၍ချုပ်ထားသော အဝတ်နက်စအထပ်ကွာသွားသည်။

အတွင်း၌ ပိတ်စတစ်ခုဖြင့် အထပ်ထပ် လိပ်ထားသော လေးသစ်ခန့်ရှိ အထုပ်တစ်ခုကို ထုတ်ယူလိုက်သည်။

အပေါ်မှ အဝတ်စများကို တစ်ထပ်ပြီးတစ်ထပ် ဖြေချလိုက်သောအခါ အတွင်း၌ ရွှေကြုတ်ကလေးတစ်ခုကို တွေ့လိုက်ရလေသည်။



ထိုရွှေကြုတ်ကလေးကို အဖိုးတန် ကျောက်မျက်ရတနာကိုးပါးဖြင့် စီခြယ်ထားသဖြင့် လရောင်မှိန်မှိန်အောက်မှာပင် အရောင်တဖိတ်ဖိတ် လင်းလက်နေသည်။

ယန်းစုကျုံး အလွန်မင်း အံ့ဩသွားသည်။

ဤမျှ ဆင်းရဲနွမ်းပါး၍ အပ်ချုပ်စားနေရသော အဘိုးအိုထံသို့ လွန်စွာ တန်ဖိုးထိုက်တန်သော ရွှေကြုတ်သည် အဘယ်သို့သောနည်းဖြင့် ရောက်ရှိနေရလေသနည်းဟုလည်း စဉ်းစားနေမိသည်။

ထို ရွှေကြုတ်ကလေးသည်ပင် ထိုမျှ အဖိုးထိုက်တန်နေလျှင် ရွှေကြုတ်အတွင်းတွင် ရှိနေလော ပစ္စည်းမှာမူ ဆိုဖွယ်ရာမရှိတော့ပေ။

အပ်ချုပ်သမား အဘိုးအိုသည် ရွှေကြုတ်ကလေးကို လက်ဝါးပေါ်တွင် တင်လိုက်ပြီး ရှင်းပြသည်။

'ဒီမှာလူကလေး.... ဒီရွှေကြုတ်ကလေးဟာ အလေးချိန်မရှိပါဘူး၊ ဒါပေမယ် သူ့အပေါ်မှာစီခြယ်ထားတဲ့ရတနာကိုးပါးကတော့ အဖိုးမဖြတ်နိုင်အောင် အရည်အသွေးကောင်းမွန်တဲ့ ကျောက်မျက်ရတနာတွေ ဖြစ်ပါတယ်၊ ဒါထက်ပိုပြီးတန်ဖိုးရှိတာက ဒီရွှေကြုတ်ကလေးထဲက ကြေးနီလက်ဖွဲ့ကလေးပါပဲ'

အဘိုးအိုက ရွှေကြုတ်ကို လှည့်ဖွင့်လိုက်သည်။

လက်ညှိုးလုံးခန့်ရှိ၍ လက်တစ်ဆစ်စာမျှရှိသော ကြေးနီလက်ဖွဲ့လေး ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြေးနီပြားကိုအထပ်ထပ်လိပ်ထားသော လက်ဖွဲ့လေး ဖြစ်သည်။

'ဒီလက်ဖွဲ့ကလေးကို ကျောက်ဆစ်တောင် တရုတ်ဘုန်းကြီးဆီ ပို့ပေးရမယ်၊ ပို့ပေးနိုင်ပါ့မလား လူကလေး'

'ကျောက်ဆစ်တောင် တရုတ်ဘုန်းကြီးက ဘယ်မှာနေလို့လဲ'

'ကျောက်စိမ်း ကေလာဇ်တောင်ထိပ်လို့ အမည်ပြောယ်ရတဲ့ ဟူယောင်တောင်ထိပ်မှာသီတင်းသုံးနေပါတယ်၊ ဟူယောဇ် တောင်ထိပ်ကို ဒီစန်းတုန်းပြည်နယ်ထဲကလူတွေ မသိသူ လုံးဝ မရှိပါဘူး'

ယန်းစုကျုံးသည် ဤမျှ အဖိုးထိုက်တန်သော ရွှေကြုတ် အတွင်းမှ ကြေးနီလက်ဖွဲ့သည် အလွန်တန်ဖိုးကြီးမားသည် ဆိုသဖြင့် အနည်းငယ် တွန့်ဆုတ်သွားမိသည်။

နောက်မှ သူပြန်တွေးကြည့်မိသောအခါ မကျန်းမမာ ဖြစ်နေသော အဘိုးအိုတစ်ယောက်၏စိတ်ဆန္ဒကို ဖြည့်ဆည်းနိုင်သင့်သည်ဟုတွက်ဆမိကာ သူက ကတိပေးလိုက်လေသည်။

'ဘဘဆန္ဒပြည့်ဝရပါစေမယ် ဘဘ၊ ဒီပစ္စည်းကို ကျွန်တော် ကျောက်ဆစ်တောင်ကိုယ်တော်ကြီးဆီ အရောက်ပို့ပေးဖို့ တာဝန်ယူပါတယ်'

အဘိုးအိုမှာဝမ်းသာလွန်းသဖြင့် ရွှေကြုတ်ကိုကိုင်ထားသော လက်ကလေးများပင် တုန်တုန်ယင်ယင် ဖြစ်လာရသည်။



'အေး....ဝမ်းသာတယ်ကွယ်၊ ဘဘ မင်းကိုခရီးညွှန်လိုက်မယ်၊ ဒီကနေ အနောက်ဘက်ယွန်းယွန်းကိုသွားရင် စင်နန်မြို့ကိုတွေ့ရလိမ့်မယ်၊ စင်နန်မြို့ကနေ မြောက်ဘက်ကို ဆက်သွားရင် စန်းတုန်းတောင်တန်းပဲ၊ ဒီပစ္စည်းကို မင်း ရောက်အောင် ပို့ပေးပါကွယ်'

အဘိုးအိုသည် ပြောရင်းဆိုရင်းမှ သူ့ရင်ဖုံးအင်္ကျီအိတ်တွင်းသို့ လက်နှိုက်လိုက်သည်။

သူ့လက်အပြင်သို့ ပြန်ထွက်လာသောအခါ အနီရောင် ကတ္တီပါအိတ်ရှုံ့ကလေးတစ်ခု ပါလာသည်။

ရွှေကြုတ်ကလေးကို ကတ္တီပါအိတ်ရှုံ့ကလေးထဲ ပြန်ထည့်လိုက်သည်။

'လူကလေး....ကျောက်ဆစ်တောင် ကိုယ်တော်ကြီးဆီ ရောက်ရင် ရွှေကြုတ်ချည်းသက်သက် ထုတ်မပေးပါနဲ့၊ ကတ္တီပါအိတ်ကိုပဲ ရှေ့မှာချပေးပါ၊ ရှုံ့ထုပ်အိတ်ကိုလာပို့ပေးပါတယ်ဘုရားလို့ လျှောက်ပါ၊ ကိုယ်တော်ကြီးက ရွှေကိုထုပ်တဲ့ရှုံ့အိတ်လားလို့ ပြန်မေးလိမ့်မယ်၊ အဲဒီအခါမှာ ကတ္တီပါအိတ်ကို ကိုယ်တော်ကြီးရှေ့ တွန်းပို့ပေးလိုက်ပေတော့'

'ကောင်းပါပြီဘဘ၊ ကျွန်တော် ကောင်းကောင်း မှတ်မိပါပြီ၊ ကျွန်တော် မနက်အရုဏ်တက် တာနဲ့ပဲ ဒီက ခရီးထွက်ပါတော့မယ်'

'အေးကွယ်....သာဓု၊ ငါ့မြေးကြီးခရီးလမ်းတစ်လျှောက် ဘေးမသီရန်မခတဲ့ လိုရာခရီးရောက်ပါစေကွယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မြို့ရိုးဘက်ဆီမှ ဝါးငါးချက်ခေါက်သံကို ကြားလိုက်ရသည်။

'ကဲ….ငါ့မြေး၊ တို့စကားကောင်းနေလိုက်တာ၊ မနက် ငါးချက်တောင်ခေါက်နေပြီပဲ၊ အရုဏ်တက်တော့မယ်'

'ဟုတ်ကဲ့…ဘဘ၊ ကျွန်တော်သွားပါတော့မယ်'

ယန်းစုကျုံးသည် အဘိုးအိုကိုလက်သီးနှစ်ဖက်ဆုပ်ကာ ဂါရဝပြုနှုတ်ဆက်၏။

အဘိုးအိုကတစ်စုံတစ်ခုကိုသတိရသွားဟန်ဖြင့် ဟန့်တားလိုက်သည်။

'ဪ….ခဏနေပါဦး'

'ဘာပြောစရာရှိလို့လဲ ဘဘ'

အဘိုးအိုသည် အဝတ်စများအကြားမှ ညစ်ပတ်ပေရေနေသော အဝတ်ထုပ်ကလေးတစ်ထုပ်ကို ထုတ်ယူလိုက်လေသည်။

ပြီးလျှင် ယန်းစုကျုံးလက်ထဲသို့ လှမ်းထည့်ပေးရင်း ပြောလိုက်သည်။

'ဒါလေးကိုယူသွားပါကွယ်၊ အထဲမှာ ငွေစနည်းနည်းပါးပါးပါတယ်၊ ဒါပေမယ့် ကျောက်ဆစ်တောင် ကိုယ်တော်ကြီးဆီပေးဖို့တော့ စရိတ်ကလုံလောက်ပါတယ်'

ယန်းစုကျုံးလည်း အဘိုးအိုကမ်းပေးသော ငွေထုပ်ကို ငြင်းဆန်ခြင်းပြုမနေတော့ဘဲ လှမ်းယူလိုက်သည်။

ပြီးမှ….

အဘိုးအိုကိုကြည့်ကာ မေးလိုက်သည်။



'ဘဘနဲ့ကျွန်တော်တာ မနေ့မနက်ကတည်းက တွေ့သိရင်းနှီးကြတာ ဘဘနာမည်ကိုမမေးမိသေးဘူး၊ ဘဘနာမည် ပြောပြပါလား'

'ကျုပ်နာမည်က ကုန်ရွှလုံခေါ်ပါတယ်'

'ကောင်းပါပြီဗျာ၊ ကျွန်တော် မှတ်ထားပါ့မယ်၊ ကဲ… ဘဘ ကျွန်တော်သွားမယ်'

ယန်းစုကျုံးသည် ပြောပြောဆိုဆိုပင် ဘုံကျောင်းပျက်ကလေးအတွင်းမှ ခြေလှမ်းကဲကဲဖြင့် ထွက်ခွာခဲ့လေတော့သည်။

အင်ချုပ်သမားအဘိုးအိုမှာမူ ယန်းစုကျုံး၏နောက်ကျောပြင်ကို ငေးကြည့်ကျန်ရစ်ခဲ့လေ၏။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### လူမနိုးသူခိုးပျော်ကြီး

အရှက်ဦးလင်းရောင်ခြည်သည် အေးချမ်းသော လရောင်က တဖြည်းဖြည်းဝါးမျိုခဲ့လေပြီ။

နံနက်ခင်း၏လန်းဆန်းလတ်ဆတ်သော လေပြင်းသည် ယန်စုကျုံး၏ကိုယ်ကို တိုးတိုက်ကျီစယ်သွားသည်။

သူသည် လတ်ဆတ်သောလေကို တစ်ဝကြီး ရှူရှိုက်လိုက်ရသဖြင့် စိတ်သက်ရှင်လန်းကာ အားသစ်မာန်သစ်များ ပြည့်တင်းလာလေသည်။

သူသည် တောလမ်းတစ်လျှောက် ခြေလှမ်းကျဲကျဲလှမ်းကာ တွေးတောဆင်ခြင်လာမိသည်။

သူ တွေးတောဆင်ခြင်လာမိသည်မှာ ကျောက်စိမ်းကေလာဇ်တောင်ထိပ်ပေါ်တွင်သီတင်းသုံးနေသော ကျောက်ဆစ်တောင် ကိုယ်တော်ကြီးအကြောင်း သူ့ရှင်ပုံးဆက်ကို



ပတွင်းမှ ရှေကြုံတက်အကြောင်းနှင့် ကြေးနီလက်ဖွဲ့ရလာအကြောင်းတို့သာ ဖြစ်ပေတော့သည်။

သူသည် အတွေးအာရုံကြောတွင်နစ်မျောရင်း ဆက်လျှောက်လာခဲ့ရာ တောနက်တစ်နေရာသို့ အရောက်တွင် အသံသဲ့သဲ့ကိုကြားလိုက်ရသဖြင့် နားစွင့်ထောင်လိုက်မိလေသည်။

'ကယ်ကြပါဗျို...ကယ်ကြပါ'

ယောကျ်ားတစ်ယောက်၏ ကြောက်လန့်တကြား အော်တစ် အကူအညီတောင်းသံကို သူ့ရှေ့တူရူဆီမှကြားလိုက်ရသဖြင့် ရှေ့တွင် အန္တရာယ်တစ်စုံတစ်ခုရှိနေပြီဟု တွေးလိုက်မိသည်။

သူတစ်ပါးအားကူညီလိုသော စိတ်ထားရှိသည့် ယန်စုကျုံးသည် ဖြစ်ခြောက်သော ကိုယ်ခံသိုင်းပညာမရှိပါဘဲ လျက် အသံကြားရာသို့ပြေးထွက်သွားလေ၏။

ဝါးငါးရိုက်ခန့်အကွာသို့သွားမိလျှင် အခက်အလက်များ ဝေဖြာအုပ်ဆိုင်းနေသော မိုးမခပင်ကြီးတစ်ပင်ကို တွေ့လိုက်ရသည်။

ထိုအပင်ကြီး၏သစ်ကိုင်းတစ်ခုပေါ်တွင် ကြိုးတစ်ချောင်းဖြင့် တွဲလောင်းဆွဲ၍ ခြေလက်တို့ကို တုပ်နှောင်ချည်ထားသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလက်တို့ကို တုပ်နှောင်၍ သစ်ကိုင်းတွင် ကြိုးနှင့်ဆွဲ နှောင်ထားခြင်းခံရသော အတိုးအိုထံမှ အသံ ထွက်ပေါ် လာသည်။

'ဟေ့သူငယ်....ကျုပ်ကိုကယ်ပါ၊ ကြာရင် သွေးကြော တွေ ပြတ်ပြီး သေရပါလိမ့်မယ်'

ယန်းစုကျုံးသည် သစ်ကိုင်းတွင် ချည်နှောင် ထား သောကြိုးကိုဖြေပေးရန် ထိုလူ့ဆီသို့ လျှောက်သွား လိုက် သည်။

အနီးသို့ရောက်လျှင် သစ်ပင်တွင် ကြိုးတွဲလောင်း ဖြင့် ချည်နှောင်ထားခြင်းခံရသူမှာ အပ်ချုပ်သမားကြီး ကျုန်ရှု၏ ဆေးဘူးကို ခိုးယူသွားသော လူမနိုး သိုင်းသမားကြီး ဟူကျိုးဖြစ်နေသည်ကို အံ့ဩဖွယ်ရာ တွေ့ရှိလိုက်ရ လေ၏။

ယန်းစုကျုံး ခြေလှမ်းများ တန့်သွားသည်။ သူခိုးတစ် ယောက်ကိုတော့ မကယ်တင်လိုပေ။

'ဟာ.... သိပ်ကောင်းတဲ့ မြင်ကွင်းပဲဗျ၊ ရောဂါသည်ရဲ့ ဆေးဘူးကိုတောင် မတရားခိုးယူချင်တဲ့လူ၊ ဒီလို ခံရတာပဲ ကောင်းတယ်'

ယန်းစုကျုံးသည် ထိုသို့ပြောပြီး ခရီးဆက်ရန် ပြင်လိုက် သည်။

လူမနိုးသိုင်းသမားကြီး ဟူကျိုးက ကမန်းကတန်း ပြော ပြီး [illegible]သည်။



'ဟေ့သူငယ် နေပါဦးကွယ်....နေပါဦး၊ ကျုပ်ပြောပါ ရစေဦး၊ ကျုပ်အပ်ချုပ်သမားကြီးဆီကယူခဲ့တဲ့ ဆေးဘူး ကို ပြန်ပေးပါမယ်၊ ကျုပ်ကို ကူညီပါကွယ်'

ဆေးဘူးကို ပြန်ပေးမည်ဆိုသဖြင့် ယန်းစုကျုံးတစ်ချက် ပိုင်သွားသည်။

'ခင်ဗျား တကယ် ပြောတာလား'

'ကျုပ်သူငယ်လေးကိုလိမ်မပြောရဲပါဘူးကွယ်၊ ကျုပ်ကို ကြိုးဖြေပေးပြီးတာနဲ့ ဆေးဘူးကို ပြန်ပေးပါမယ်'

ယန်းစုကျုံးသည် အတိုးအိုကို ယုံကြည်သွားသဖြင့် သစ် ပင်ပေါ်ကို ဖက်တက်ကာ သစ်ကိုင်းတွင် တွဲလောင်း ချည် ထားသောကြိုးကို ဖြေချလိုက်သည်။

ကြိုးပြေသွားသောအခါ လူမနိုးသိုင်းသမားကြီးဟူကျိုး သည် မြေပေါ်သို့ ဒုန်းခနဲ ပြုတ်ကျသွားသည်။

ယန်းစုကျုံးက သစ်ပင်ပေါ်မှ ခုန်ချလိုက်ပြီး ဟူကျိုး၏ လက်နှင့် ခြေတို့တွင် ချည်နှောင်ထားသော ကြိုးများကိုဖြေ ပေးလိုက်သည်။

ဟူကျိုးသည် ကြိုးများကို ဖြေပေးပြီးသောအခါ ကြိုးရာ များထင်နေသော လက်နှစ်ဘက်နှင့် ခြေထောက်ကို သွေး လျှောက်အောင် နှိပ်နယ်ပေးလိုက်သည်။

'ဘယ်လိုဖြစ်တာလဲ၊ ခင်ဗျားကို ဘယ်သူနှိပ်စက် သွား တာလဲ'

ဟူကျိုးက မျက်နှာကိုရှုံ့မဲ့ရင်း ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဓားပြတွေ ပေါ့ကွာ၊ ဓားပြတွေပေါ့၊ ကျုပ်ဆီက ရွှေတိုငွေစယူရုံတင်မဟုတ်ဘူး၊ ကျုပ်ကိုပါ ခေါင်ရင်မြင်တဲ့အတိုင်း ဒုက္ခပေးသွားကြတယ်'

'ဟား ဟား ဟား....'

ယန်းစုကျုံးသည် အဘိုးအို ဟူကျိုး၏ စကားကြောင့် မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်လိုက်သည်။

ဟူကျိုးက ယန်းစုကျုံးကို နားမလည်သလို တစ်ချက် ကြည့်လိုက်ပြီးမှ ဒေါသဖြင့်ပြန်မေးလိုက်သည်။

'နေပါဦးမောင်ရင်၊ မင်းဘာကို သဘောကျလို့ ဒါလောက် ရယ်နေတာလဲ'

'ဪ...ဒါလား၊ ခင်ဗျားလိုလူမျိုးဆီက ရွှေတိုငွေစကို ဓားပြတွေက ပြန်လုတယ်ဆိုတော့ သူခိုးလက် သူဝှက်လုတယ်ဆိုတဲ့စကားနဲ့ညီသွားလို့ ရယ်မိတာပါ'

ယန်းစုကျုံးသည် လက်ဝါးဖြန့်၍ပြောလိုက်၏။

'ကဲ....အဘိုးကြီး ကျုပ်မှာ အချိန်မရှိဘူး၊ ဘယ်မှာလဲ ကျုပ်ကို ပြန်ပေးမယ်ဆိုတဲ့ ဆေးဘူး'

'ဟာ....မင်း တော်တော်နားဝေးတဲ့ သူငယ်ပဲ၊ ငါ့ငွေတွေကိုတောင် ဓားပြတွေ ယူသွားပါတယ်ဆိုမှ မင်းဆေးဘူးကော ကျန်ပါဦးမလားကွ၊ သူတို့နောက် ပါသွားပြီပေါ့'

ယန်းစုကျုံး စိတ်ဆိုးသွားသည်။

သူ့ကို အဘိုးအို ဟူကျိုးက တစ်ပတ်ရိုက် ခေခိုင်းသော စကားကြောင့် အလွန်အမင်း ဒေါသထွက်သွားသည်။



'ဒီမှာအဘိုးကြီး၊ ခင်ဗျား မလိမ့်တပတ် မလုပ်ပါနဲ့။ ခုနကတော့ ခင်ဗျားဆီမှာပဲ ဆေးဘူးရှိသလိုလို ဘာလိုလို ပြောပြီးတော့ ခုမှကျုပ်ကို လာလိမ်မနေနဲ့'

'အလို....ကျုပ်က မောင်ရင့်ကို ဒီလိုပဲ ပြောမိသလား၊ ဒါဆိုရင်လဲ ကျုပ် ကြောက်အား လန့်အားနဲ့ ပြောမိတာ ဖြစ်ပါလိမ့်မယ်၊ ဒါအတွက် ကျုပ်ကိုခွင့်လွှတ်ပါကွယ်'

ယန်းစုကျုံးသည် မိမိကို ပြောင်လိမ်နေသော အဘိုးအိုကို စိတ်မရှည်တော့ဘဲ လေသံမာမာဖြင့် ပြန်ပြောလိုက်သည်။

'ခင်ဗျား ဆေးဘူးကို ပေးမလား၊ မပေးဘူးလား'

'ဟဲ ဟဲ ဟဲ.... မင်းက သိပ်ဒေါသ ကြီးတာကိုးကွ၊ ကျုပ်မှာ မင်းလိုချင်တဲ့ဆေးဘူး မရှိဘူး၊ ရှိရင်လဲ မပေးဘူးကွာ၊ မင်းကျုပ်ကို ဘာလုပ်နိုင်မလဲ'

'ခင်ဗျားကိုယ်ခင်ဗျား မရှက်ဘူးလား'

'အို....ရှက်ရမယ် ဟုတ်လား၊ ဟား ဟား ဟား....ရှက်တယ်ဆိုတာ ဘာကို ပြောတာလဲ၊ ကျုပ်ကသူခိုးကွ၊ သူခိုးဆိုတာ အရှက်ကိုမသိဘူး'

ယန်းစုကျုံးသည်ဟူကျိုး၏စကားကြောင့် အလွန်အမင်း ဒေါသထွက်ကာ ရှေ့သို့ ခြေသုံးလှမ်းမျှ ခုန်တိုးလိုက်ပြီး ဟူကျိုး၏ ရင်ဘတ်ကို တောင်ပြို လက်သီးဖြင့် ထိုးလိုက်လေသည်။

'ဖုန်း'ခနဲ မြည်သံနှင့်အတူ ဟူကျိုး ဖင်ထိုင် လဲကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျိုးသည် ယန်းစုကျုံးအနေဖြင့် သူ့ကို ယခုပိုအမှတ်မထင် တိုက်ခိုက် လိမ့်မည်ဟု မထင်မှတ်သဖြင့် အလစ်အငိုက်ခံလိုက်ရခြင်းဖြစ်သည်။

သူက ဖင်ထိုင်လဲကျနေရာမှ လူးလဲထကာ ယန်းစုကျုံးကို လှမ်းကြည့်လိုက်သည်။

ယန်းစုကျုံးမှာ သူ့ကို တွေတွေကြီး ရပ်ကြည့်နေလေသည်။

ဟူကျိုးမှာ သူများပစ္စည်းကို ခိုးယူတတ်သည့် ဝါသနာရှိသော်လည်း ရိုးရိုးသူခိုးမဟုတ်။ သိုင်းလောကတွင်နာမည်တစ်လုံးဖြင့် နေနေသည့် သူခိုးတစ်ယောက် ဖြစ်သည်။

ယခုလို မသောက်လေး မသောက်စား ယန်စုကျုံးလို လူငယ်တစ်ယောက်က သူ့အား ယခုကဲ့သို့ လက်သီးဖြင့်ထိုးခြင်းခံလိုက်ရသောအခါ အလွန်ရှက်သွားသည်။

သူသည် နောက်သပ် စကားတစ်ခွန်းမှ မဆိုတော့ဘဲ ရုတ်သရက် ယန်းစုကျုံး၏ကိုယ်ပေါ်သို့ လှုံ့ခနဲ ခုန်အုပ်ကာ ပါးတို့ ဘယ်ပြန်ညာပြန်ရိုက်တော့သည်။

'ဖြန်း ဖြန်း....'

'ဖြန်း ဖြန်း....'

ယန်းစုကျုံး၏ မျက်နှာတပြင်လုံး ကျိန်းစပ်သွား၏။

မျက်လုံးနှစ်ဘက်မှာ မီးဝင်းဝင်း တောက်သွားသည်ဟု ထင်လိုက်ရပြီး ကြယ်တွေလတွေ မြင်သွားသည်။

ရိုက်ချက်ပြင်းထန်လှသောကြောင့် မြေကြီးပေါ်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။



ဦးခေါင်းတစ်ခုလုံး မူးမိုက်ပြီး သတိလစ်သလို ဖြစ်သွား၏။

ယန်းစုကျုံး သတိရလျှင်ရချင်း ပထမဦးဆုံး စမ်းသပ်ယပ်သည့်အရာမှ ရင်ခွင်ထဲ၌ သိမ်းဆည်းထားသည့် ကတ္တီပါအိတ်ကလေးဖြစ်၏။

သူ့ရင်ဖုံးအင်္ကျီ အိတ်ထဲ၌ ထည့်ထားသော ကတ္တီပါအိတ်ရှုံ့လေးနှင့် အဘိုးအိုကျန်ရှိ သမ်းစရိတ် အဖြစ်ပေးလိုက်သော ငွေထုပ် ကလေးသည် သူ့ရင်ခွင်အိတ် ထဲ၌ ရှိမနေတော့ပေ။

သူက မြေပေါ်တွင် လဲကျနေရာမှ ကမန်းကတန်း ကုန်းထလိုက်သည်။

လူမိုးသိုင်းသမားကြီး ဟူကျိုးသည်လည်း သူ့အနီးတွင် မရှိတော့ပေ။

လူမနိုးဟူကျိုး အဘယ်အရပ်သို့ ထွက်ပြေး သွားလေပြီနည်း။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### ပျောက်ဆုံးသွားသော ပစ္စည်း

'သူခိုးဗျို့....သူခိုး....သူခိုး'

အသံလာရာဆီသို့ ရုတ်တရက် လှမ်းမျှော်ကြည့်လိုက်သော လူမနိုးသိုင်းသမားကြီး ဟူကျိုးသည် သူ့ဆီသို့ ဦးတည်ပြေးလာနေသည်ကို တွေ့လိုက်ရလေသည်။

သူ့တစ်ကိုယ်လုံး ချေးသီးချေးပေါက်များ ယိုစီးကျနေပြီး သူ့နောက်တွင် သစ်ခေါက်ဆိုးဝတ်စုံကို ဝတ်ဆင်ထားသော အသက်ဆယ့်ရှစ်နှစ်ခန့် မိန်းကလေး တစ်ယောက် အပြေးအလွှား လိုက်ပါလာသည်ကိုလည်း တွေ့လိုက်ရသည်။

ယန်စုကျုံးသည် ဟူကျိုးက သူ့ထက် သိုင်းပညာသာသည့်အချက်ကို မေ့လျော့သွား၏။



သူ့အားသတ်မေ့အောင် ပါးရိုက်ပြီး ရွှေကြုတ်ခိုးယူသွားသည့်အတွက် အမျက်ခြောင်းခြောင်းထွက်လျက်ရှေ့မှ တားဆီး၍ ဖမ်းလေသည်။

ဟူကျိုးသည် အသက်ရှယ် ကြီးရင့်နေပြီဖြစ်သော်လည်း လှုန်ရှား လျင်မြန်ဖျတ်လတ်သူ ဖြစ်သည်။

သူ့ကိုယ်လုံး လေထဲတစ်ချက် ကျွမ်းထိုး မြောက်တက်သည်။

ယန်စုကျုံးမှာ အံ့အားကြီး သင့်လျက် သူ့ဦးခေါင်းပေါ်မှကျော်ဖြတ်သွားသောဟူကျိုးကို မော့ကြည့်မိသည်။

ယန်စုကျုံး မစမ်းသော်လည်း ဟူကျိုးနောက်မှ ထက်ကြပ်မကွာ ပြေးလိုက်လာသော သစ်ခေါက်ဆိုးနှင့် မိန်းကလေး၏ ကိုယ်ဖော့ပညာမှာ အံ့ချီး၍ မကုန်နိုင်လောက်အောင် စွမ်းသည်။

တစ်ခဏအတွင်းမှာပင် ယန်းစုကျုံးကိုဖြတ်ကျော်၍ ဟူကျိုး ရှေ့တွင် ပိတ်ဆို့ ရပ်တန့်ပြီးသား ဖြစ်သွားသည်။

ဟူကျိုးလည်း တုံ့ခနဲ ရပ်တန့်လိုက်သည်။

သူ့ကြည့်ရသည်မှာ အလွန်မောဟိုက်နေပုံရသည်။

သူ့ရင်ဘတ်က ဖိုထိုးသလို ထက်အောက် အနိမ့်အမြင့် လှိုက်ဖိုနေသည်။

သစ်ခေါက်ဆိုးဝတ်စုံနှင့် မိန်းကလေးသည် ဟူကျိုးကို ကြည့်ကာ တခစ်ခစ် ရယ်နေ၏။

ယန်းစုကျုံးသည်ဟူကျိုးအနီးသို့ပြေးကပ်သွားပြီး အင်္ကျီကိုဆွဲကာ အလောတကြီး ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဘိုးကြီး....ကျုပ်ဆီကခင်ဗျားနှိုက်သွားတဲ့ပစ္စည်းတွေ ပြန်ပေး'

ဟူကျိုးက ခေါင်းကိုခါယမ်းပြီး သစ်ခေါက်ဆိုး ဝတ်စုံနှင့် မိန်းကလေးကို ညွှန်ပြကာ မောကြီးပန်းကြီး ပြန်ပြော လိုက်၏။

'မင်း....မင်းပစ္စည်း ကျုပ်ဆီမှာ မရှိတော့ဘူး၊ သူ့ထံ ရောက်သွားပြီ၊ ကျုပ်ဆီက သူလုယူသွားပြီ'

ယန်းစုကျုံးက ယခုမှ သစ်ခေါက်ဆိုး ဝတ်စုံနှင့် မိန်း ကလေးကို သေချာစွာ ကြည့်မိတော့သည်။

အသက်ငယ်သဖြင့် အရွယ်က နှိုနယ်ပျိုမျစ်သည်။

တူထဲသော မျက်ခုံးနှစ်ဖက်အောက်တွင် ဝိုင်းစက်သော မျက်လုံးအစုံက အရည်လဲ့နေသည်။ သူ့မျက်လုံးက အရောင် တဖိတ်ဖိတ်လက်နေသည်။

ဖြောင့်စင်းသော နှာတံအောက်တွင် ပါးလွှာသောနှုတ် ခမ်းအစုံက နှင်းဆီချပ် နှစ်ချပ်ကဲ့သို့ ပွင့်အာနေသည်။

သူမ၏ အလှမှာ ပွင့်ကားနေသော နှင်းဆီပွင့်ကြီးနှင့် မတူ၊ ငုံနေသည့် နှင်းဆီငုံနှင့် တူနေသည်။

နှိုနယ်ပျိုမျစ် ဆယ့်ခြောက်နှစ်ခန့် အရွယ်သာဘည်း။

ယန်းစုကျုံး အံ့ဩမိသော အချက်တစ်ချက်ရှိသည်။

လူမနီးသိုင်းသမားကြီး ဟူကျိုး၏ ကိုယ်ဖော့ပညာထက် သူမ၏ ကိုယ်ဖော့ပညာက အလွန်အမင်း အဆင့်မြင့်မားနေ သည်။



ယန်းစုကျုံးသည် သစ်ခေါက်ဆိုး ဝတ်စုံနှင့်မိန်းကလေး ထံမှ မျက်လုံးအကြည့်ကို ဟူကျိုးထံသို့ လွှဲပြောင်းလိုက်လေ သည်။

သူက ဟူကျိုး၏ အင်္ကျီစ၏ ဆွဲဆောင့်လိုက်ပြီး လေသံ ဆတ်ဆတ်ဖြင့် မေးလိုက်သည်။

'ဒီမှာ အဘိုးကြီး၊ ခင်ဗျား ကျုပ်ကို လိမ်ညာပြောမယ် မကြံနဲ့၊ ကျုပ်ပစ္စည်းကို ချပြန်ပေး၊ ခင်ဗျားကို ကယ်တင် ပေးခဲ့တဲ့အတွက် ခင်ဗျားဆပ်ခဲ့တဲ့ ကျေးဇူးကတော့ တကယ့် ကို ယဉ်ပါပေတယ်'

ဟူကျိုး၏မျက်နှာကြီး ရှုံ့မဲ့သွားသည်။

ယန်းစုကျုံးကို စိတ်ကုန်သော မျက်လုံးဖြင့် တစ်ချက် ကြည့်လိုက်ပြီး စိတ်ပျက်လက်ပျက် အမူအရာနှင့် ပြန်ပြော သည်။

'မင်းပစ္စည်း ကျုပ်ဆီမှာမရှိတော့ဘူးလို့ ဘယ်နှစ်ခါ ပြောရမှာလဲ၊ သူ့ဆီမှာ ရောက်သွားပြီ'

'ကျုပ် ခင်ဗျားကို မယုံဘူး'

'မယုံရင် ကျုပ်ကိုယ်ပေါ်မှာ ရှာကြည့်'

သစ်ခေါက်ဆိုး ဝတ်စုံနှင့် မိန်းကလေးမှာ ဟူကျိုးကသို့ ခိုးလာသော ယန်းစုကျုံးဆီမှ ပစ္စည်း သူမထံရောက်နေသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ရှုပ်ထွေးလိုက်သော်လည်း ယစ်မူးတစ်ရှာပြန့်မပြောသျှင်းမရှိဘဲ တစ်ခစ်ခစ် ရယ်မောနေလေသည်။

ယန်းစုကျုံးသည် ဟူကျိုး၏ ကိုယ်ပေါ်တွင် သွေးပစ္စည်းများ ရှိလိုရှိငြား ရှာကြည့်သည်။

သို့သော် သူ ပျောက်ဆုံးသွားသော ပစ္စည်းနှင့်ငွေထုပ်ကို ဟူကျိုး၏ ကိုယ်ပေါ်တွင် မတွေ့ရသောအခါ အလွန်အမင်း စိုးရိမ်ပူပန်သွားလေတော့၏။

☆

အခန်း (၅)

## သိုင်းပညာဆောင်းသော မိန်းကလေး

ယန်းစုကျုံး၏စိုးရိမ်ပူပန်နေသော မျက်နှာကိုကြည့်ကာ သစ်ခေါက်ဆိုး ဝတ်စုံနှင့် မိန်းကလေး၏မျက်နှာ တည်ဖြစ်သွားသည်။

ပြီးမှ သူမက မေးလေသည်။

'နေပါဦး....ရှင်ပျောက်သွားတဲ့ပစ္စည်းက ဘယ်လောက် တောင် အရေးကြီးလို့ ဒီလောက်တောင် စိုးရိမ်တကြီး ဖြစ်နေရတာလဲ'

'ဟော့...မိန်းကလေး၊ မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း'

မိန်းကလေးသည် ယန်းစုံကျုံး၏ အော်ငေါက်ခြင်းကို ခံလိုက်ရသဖြင့် အလွန်အမင်း ဒေါသဖြစ်သွားသည်။

ထို့ကြောင့် သူမလည်း ပြန်လှည့် အော်ငေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ကျွန်မကို ခေါက်လား မေးလား လုပ်နေရအော
ရှင်က ဘာမို့လို့လဲ၊ ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ ရှင် မ
ဘူးလား'

'မင်း ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးပါဘူး၊ အရေးကြ
တာက ကျုပ်ပျောက်တဲ့ပစ္စည်း ပြန်ရဖို့ပဲ'

'ကျွန်မ သစ်ခေါက်ဆိုးဝတ်ထားလို့ လူမသတ်ရဲဘူးမျ
ထင်နေသလား'

ယန်းစုကျုံးသည် မိန်းကလေးနှင့် စကား အချေအတ
ပြောနေရသည်ကို အလွန်အမင်း စိတ်တိုလာသည်။

သူ့စိတ်ထဲ၌ ရှိနေသည့်အရာမှာ ကတ္တီပါ အိတ်ကလေ
ပြန်ရရေးသာတည်း။

မိန်းကလေးသည် ယန်းစုကျုံးကို အံ့အားတသင့် ကြ
လိုက်မိသည်။

ယန်းစုကျုံး ပျောက်ဆုံးသွားသော ပစ္စည်းသည် ၎
အတွက် အရေးကြီးသောကြောင့်သာ ယခုကဲ့သို့ စိတ်တို
ခြင်း ဖြစ်မည်ဟုလည်း တဖြည်းဖြည်း နားလည် သဘေ
ပေါက်လာသည်။

ထို့ကြောင့် သူမက လေသံအေးအေးဖြင့် မေးလိုက်
သည်။

'နေပါဦး၊ ရှင့်ပစ္စည်းက ဘယ်လောက် အရေးကြီး
လို့လဲ၊ ဒါမှလဲ ကျွန်မပါ ကူညီသင့်ရင် ကူညီရမှာပေါ့'

ယန်းစုကျုံးသည် မိန်းကလေးကို တစ်ချက်မျှအကဲခတ်
ကြည့်ရှုလိုက်သည်။



မိန်းကလေးက အတည် ပြောနေမှန်း သိလိုက်ရသော
ကြောင့် သူက ရှင်းပြသည်။

'ကျုပ်ပစ္စည်းက ကတ္တီပါအိတ်ရှုံ့ကလေးနဲ့ ထည့်ထား
တယ်၊ ကျုပ်လဲ ကြည့်ခွင့်မရှိဘူး၊ အဖိုးတန်တယ်ဆိုတာပဲသိ
တယ်၊ ဘယ်လောက် အဖိုးတန်တယ်ဆိုတာတော့ ကျုပ်မသိ
ဘူး၊ အဲဒီပစ္စည်းကို လူတစ်ယောက်ဆီရောက်မသွားရင်ကျုပ်
မျက်နှာကို ဓားနဲ့ လှီးပစ်ဖို့ပဲ ကောင်းတော့တယ်'

ယန်းစုကျုံးသည် ပျောက်ဆုံးသွားသော ပစ္စည်း
အကြောင်းကို အမှန်အတိုင်းထုတ်ဖော်မပြောဘဲ အပေါ်ယံ
ကြောလောက်သာ ပြောပြလိုက်သည်။

သိပ်အလေးအနက်ပြောပါက ထို မိန်းကလေးအနေဖြင့်
လိုချင်လောဘ ရှိသွားနိုင်ပေသည်။

ယန်းစုကျုံးနှင့် မိန်းကလေးတို့ အမေးအဖြေ အချေ
အတင် ပြောနေသည်ကို အခွင့်ကောင်းယူကာ ဟူကျိုးသည်
ဟိုနေရာမှ လစ်ခနဲ ပြေးထွက်လိုက်သည်။

သူ့လှုပ်ရှားမှုက အရိပ်သဏ္ဍာန်လို လျင်မြန်သည်။

သို့သော်လည်း မိန်းကလေးက သူ့ထက်ပင် ပို၍လျင်မြန်လှ
သည်။

သူမ ကိုယ်တစ်ချက် လှုပ်လိုက်သည်ကိုသာ တွေ့လိုက်ရလေ
သည်။

ရှေ့ဆယ်ကိုက်ကျော်မှ ပြေးထွက်သွားသော ဟူကျိုး
နောက်သို့ ရှုတ်တရက် ရောက်ရှိသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက လက်ထဲတွင်ပါလာသောတစ်လှံခန့်ရှိကျွာဖွတ်ဖြင့် ဟူကျိုး၏ ကျောကုန်းကို လှမ်းရိုက်လိုက်သည်။

'ရှမ်း....'

'အား....'

ဟူကျိုး၏ ငယ်သံပါအောင် အော်ဟစ်လိုက်သော အသံက တောနက်ထဲ ပဲ့တင်ထပ်သွားလေ၏။

ဟူကျိုး၏ ကိုယ်လုံးကြီးမြေပေါ်သို့ဘိုင်းခနဲမှောက်လျက် လဲကျသွားသည်။

ယန်းစုကျုံးသည် ထိုနေရာသို့ အလျှင်အမြန် ပြေးလိုက်သွားပြီး ဟူကျိုး၏ ကျောကုန်းကို လှမ်းကြည့်လိုက်သည်။

ဟူကျိုး၏ပိုးသားဝတ်စုံမှာ ဖားပါးပါးနှင့်လှီးဖြတ်လိုက်သကဲ့သို့ ကျောလယ်၌ ဟိုဘက်ဆိပ် သည်ဘက်ဆိပ် တိတိရိရိ ပြတ်ထွက်သွားသည်။

ထို ပြတ်ထွက်သွားသော အင်္ကျီနေရာမှသွေးများစို့ထွက်လာသည်။

ပြတ်ထွက်သွားသော အင်္ကျီစ အောက်တွင် ကြက်သွေးရောင်ကတ္တီပါအိတ်ရှုံ့ကလေးကသည်း ပေါ်ထွက်လာလေသည်။

ဟူကျိုးက နာကျင်လွန်းသဖြင့် ကိုယ်ကိုဘေးသို့လှိမ့်လိုက်စဉ်တွင် ကတ္တီပါအိတ်ရှုံ့ကလေးသည် မြေပေါ်သို့ထွက်ကျလာသည်။

ယန်းစုကျုံး၏ ဝမ်းသာကျေနပ်မှုများမှာ မျက်လုံးအိမ်ထဲမှပင် ပေါ်လာသည်။



ကတ္တီပါအိတ်ကလေးကို ပြန်တွေ့လိုက်ရသဖြင့် ရင်အေးသွားသည်။

လူမနိုးသူခိုး ဟူကျိုးသည် ခိုးတတ်ရုံမျှမက လိမ်လည်ယိမ်တတ်ပေသေးသည်။

သူသည် ကတ္တီပါအိတ်ကလေးကို ကောက်ယူရန် လှမ်းလိုက်သည်။

'ရှမ်း....'

ယန်းစုကျုံး၏ လက်မှာ ရှေ့မတိုးနိုင်ဘဲ ရပ်တန့်သွားသည်။

မြေပေါ်တွင်ကျနေသောကတ္တီပါအိတ်ရှုံ့ကလေးသည် ပိန်းကလေး၏ ကျာပွတ်ထိပ်ဖျားတွင် မြောက်ပါသွားလေသည်။

ယန်းစုကျုံး ဒေါသထွက်သွားသည်။

မိန်းကလေးရှိရာသို့ခုန်ဝင်ပြီး သူ့ကတ္တီပါအိတ်ကလေးကို ပြန်လုသည်။

မိန်းကလေးမှာ သိုင်းပညာအတော်ကလေး ကောင်းသဖြင့် လူမြိန်းထက် သိုင်းပညာနည်းနည်းကလေး ထက်သည်ဟု ဆိုနိုင်သော ယန်းစုကျုံးကို အသာကလေး ရှောင်တိမ်းသွားနိုင်ခဲ့သည်။

မိန်းကလေးက မီးဝင်းဝင်း တောက်နေသော မျက်လုံးဖြင့် စိုက်ကြည့်ပြီး ဒေါသတကြီး မေးလိုက်သည်။

'ဟင်....ရှင် ကျွန်မလက်ထဲက ပစ္စည်းကို အတင်းဝင်လုတယ်ပေါ့၊ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြောပြောဆိုဆိုပင် ယန်းစုံကျူးအား ခါးကိုကျော၍ ပွေ့ပွေ့ နှင့် လွှမ်းရိုက်လိုက်သည်။

ယန်းစုံကျူးလည်း ကြောက်အားလန့်အားဖြင့် အသက်ကို သို့ ခုန်လိုက်သည်။

သို့သော် သူ့ ကိုယ်ဖော့ပညာမှာ လွန်စွာ အဆင့်နိမ့်လှ သောကြောင့် ကျောပွတ်ရိုက်ချက်ကို လွတ်အောင် မရှောင် နိုင်ဘဲ ခြေသလုံးကို ရိုက်မိသွားသည်။

ကျောပွတ်ရိုက်ချက်မှာ အလွန်ပြင်းထန်သဖြင့် ယန်းစုံကျူး သည် လွတ်ခနဲ အော်လိုက်မိသည်။

မိန်းကလေးက တခစ်ခစ် ရယ်ကာ ခလွှာင်ပြောင်သို့ သည်။

'ဘယ်လိုလဲ....ဒီပစ္စည်းအတွက် အသက်ပေးဖို့ အဆင်သင့် ရှိသလဲ ဘယ်ဆို၊ ဒါလောက်ကလေး ရိုက်တာနဲ့ ငယ်သံပါအောင် အော်ရသလား'

ယန်းစုံကျူး စိတ်ဆိုးသွားသည်။

'ဟေ့....မင်း ဘယ်လို မိန်းကလေးလဲ၊ ကျုပ်ပစ္စည်းကို လုယူသေးတယ်၊ ကျုပ်ကိုလဲ တိုက်ခိုက်သေးတယ်၊ ဒါ တရားသလား'

'ဒီမှာ....ရှင် စကားပြောတာ ကြည့်ပြောပါ၊ ဒီပစ္စည်းဟာ ရှင့်ပစ္စည်း ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါဟာ ရှင့်ပစ္စည်းကို ရှင့်ဆီက ကျွန်မ လုယူလာတာ မဟုတ်ဘူး၊ သူ့ဆီက ယူလာတာ၊ ရှင် ဘာပြောချင်သလဲ'



မိန်းကလေး ပြောလိုက်သော စကားကြောင့် ယန်းစုံ ကျူး ငိုင်ကျသွားသည်။

ဖြင့်သည်။

မိန်းကလေးလက်တွင်ရောက်ရှိနေသော ကတ္တီပါအိတ်ကလေးမှာ မိမိပစ္စည်း မှန်သော်လည်း သူမအနေဖြင့် မိမိထံမှ ယူခြင်း မဟုတ်ပေ။

ဤသို့ဆိုလျှင် မိန်းကလေးလက်ထဲတွင် ရောက်နေသော ပစ္စည်းကို ပြန်ရအောင် မည်သို့ လုပ်ဆောင်ရမည်ကို စဉ်းစားရင်း မိန်းကလေးကို တစ်ချက် စိုက်ကြည့်လိုက်သည်။

သူ့အကြည့်က စူးရှရဲရဲ နိုင်လွန်းသည်။ မိန်းကလေး မျက်နှာ တစ်ခုလုံး နီမြန်းသွားသည်။

မိန်းကလေးက ချက်ချင်းပင် ဂုဏ်ယူသည်ကာ အာရုံ ပြောင်းပစ်လိုက်သည်။

'ဘယ်လိုလဲ....ရှင့်ပစ္စည်းဟာ ရှင့်အတွက် သိပ်အရေးကြီး တယ်ဆို၊ ခုတော့ဘာလို့ လိုက်မလုတော့တာလဲ'

ယန်းစုံကျူးက မျက်ခုံမှောင်တစ်ချက်ကြုတ်ကြည့်ပြီး ပြန် ပြောလိုက်သည်။

'မင်းလက်ထဲက ပစ္စည်းဟာ ကျုပ်ပစ္စည်းပဲ၊ ကျုပ် ပြန် ယူဖို့ မလိုပါဘူး'

'ရှင် ဒီလိုပြောလို့ဘယ်ရမလဲ၊ ရှင့်ပစ္စည်းဆိုရင် ကျွန်မ လက်ထဲ ဘယ်လိုလုပ်ရောက်နေသလဲ၊ ကျွန်မ ရှင့်ဆီက လုယူ ခဲ့လို့လား၊ ဒါမှမဟုတ် ခိုးယူခဲ့သလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဒီလိုမဆိုလိုပါဘူး'

'ရှင့်ပစ္စည်း ရှင်ပြန်လိုချင်သလား'

'ကိုယ့်ပစ္စည်းပဲ ကိုယ်ပြန်လိုချင်တာပေါ့'

'ဒါဖြင့် ဒီလိုလုပ်၊ ကျွန်မ ရှေ့ကပြေးမယ်၊ ရှင်က နောက်ကလိုက်၊ ကျွန်မကို ရှင်မီလာရင် ဒီပစ္စည်း ရှင့်ကိုပြ ပေးမယ်'

ယန်းစုကျုံး အလွန်အမင်း စိတ်ပျက်သွားမိသည်။

အရေးထဲတွင်၌ ကလေးဆန်သော မိန်းကလေးဘ သူ့ကို ကလေးတစ်ယောက်ဟု ထင်မှတ်နေသလား မှာ ပြေးတမ်းလိုက်တမ်း ကစားရန် စိန်ခေါ်နေသည်။

ဤမိန်းကလေးကို ချော့မော့ပြောမှ ဖြစ်တော့မည် သူ စဉ်းစားသည်။

'ဟာ…ဒါဆိုရင် ကျုပ် မင်းကို ရှုံးသွားမှာပေါ့၊ ကျု က မင်းလောက်မှ ကိုယ်ဖော့ပညာ မကောင်းတာ'

မိန်းကလေးက အတန်ကြာအောင် စဉ်းစားလိုက်ရ နောက်တစ်ခု ထပ်မံအကြံပြုလာပြန်သည်။

'ဒါဖြင့် ဒီလိုလုပ်'

'ဘယ်လိုလုပ်ရမလဲ'

'ကျွန်မ မပြေးဘူး၊ ရှောင်ရုံပဲ ရှောင်မယ်၊ ရှင်က ပစ္စည်းကို ရအောင် ပြန်လုယူ၊ သိုင်းကွက်တစ်ရာ ပြ အောင် ရှောင်လို့မှ ရှင် လုမယူနိုင်ရင် အရှုံးပေးပေါ့ ဟုတ်လား'



ယန်းစုကျုံး တွေသွားသည်။ ဤနည်းမှာလည်း မဖြစ်နိုင် သော နည်းသာ ဖြစ်သည်။

မိန်းကလေး၏ သိုင်းပညာ အဆင့်အတန်းမှာ သူ့ထက် များစွာ သာလွန်နေသည်။

သိုင်းကွက်တစ်ရာ မဟုတ်၊ နှစ်ရာ ယှဉ်၍လုသော်လည်း သူမ လက်ထဲမှ ကတ္တီပါအိတ်ရှုံ့ကို ပြန်ရနိုင်လိမ့်မည်မဟုတ်ဟု တွက်ဆမိလိုက်သည်။

ထို့ကြောင့် သူက ထိုနည်းကို ငြင်းပယ်လိုက်သည်။

'ဒါလဲ မဖြစ်နိုင်ဘူး၊ မင်းဟာ ကျုပ်ထက် သိုင်းပညာ သိပ်တော်နေတယ်၊ မင်းလက်ထဲက ပစ္စည်းကို သိုင်းကွက် နှစ်ရာပြည့်အောင် ယှဉ်လုတောင် ကျုပ် ပြန်ရမှာ မဟုတ် ဘူး…'

'ဒါဆိုရင် ရှင့်ပစ္စည်းကို အဆုံးခံတော့မလား'

'နောက်တစ်နည်း စဉ်းစားနိုင်ရင် စဉ်းစားပါဦး၊ ကျုပ် လဲ လက်ခံနိုင်မယ့်နည်းမျိုးပေါ့'

မိန်းကလေးကအတန်ကြာအောင် စဉ်းစားပြီးမှမဲ့ပြုံးပြုံး ကာ ပြောလိုက်သည်။

'ကျွန်မ စဉ်းစားလို့ရပြီ၊ ဒီနည်းကိုမှ ရှင် လက်မခံဘူး ဆိုရင် ကျွန်မ ဒီနေရာက ထွက်သွားရုံပဲ ရှိတော့တယ်'

'ဘယ်လိုနည်းလဲ…ပြောစမ်းပါဦး'

'ရှင် ကျွန်မရှေ့မှာ ဝမ်းလျားမှောက်ပေးပါ၊ ကျွန်မက ရှင့်ကို ကျောပွတ်နဲ့ ဆယ်ချက်ရိုက်မယ်၊ ကျောပွတ်ရိုက်ချက်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်ချက်ပြည့်ရင် ရှင့်ပစ္စည်းကို ပြန်ပေးမယ်၊ ဒါပေမယ့် တစ်ခုတော့ သတိပေးရဦးမယ်၊ ကျော့ပွတ်ရိုက်ချက် ဆယ်ချက် အတွင်းမှာ ရှင် သေသွားရင်တော့ ကျွန်မ မတတ်နိုင်ဘူး'

ယန်းစုကျုံး၏ မျက်နှာတစ်ခုလုံး နီရဲသွားသည်။ ရှက်စိတ်ကြောင့် မျက်စိများလည်း ပြာဝေသွားရသည်။

☆

## အခန်း (၆)

### မြင်းခွာသံရှင်

ရှက်မည်ဆိုကလည်း ရှက်ချင်စရာ ဖြစ်သည်။

မီခိကဲ့သို့ ယောကျ်ားရင့်မကြီး တစ်ယောက်လုံးက မိမိပစ္စည်းကို လိုချင်သောကြောင့် မိန်းကလေး တစ်ယောက်ရှေ့တွင် ဝမ်းလျားမှောက် အရိုက်ခံရသည်မှာ လူကြားမှ မသင့်လျော်သော ကိစ္စသာ ဖြစ်သည်။

သို့သော် သူ့အနေဖြင့် မိန်းကလေးကို သိုင်းပညာဖြင့် ယှဉ်ပြိုင်ရန် မရမှန်း သိသည်။

သူမ ရွေးချယ်သော နောက်ဆုံးနည်းသည် သူလက်ခံနိုင်သော နည်းလမ်း ဖြစ်သည်။

ထို့ကြောင့် မိန်းကလေး၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။

'ကောင်းပြီ၊ ကျုပ် မင်းပြောသလို လုပ်ဖို့ လက်ခံတယ်၊ မင်းဘက်က ကတိတည်ပါစေ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ပြီးနောက် မိန်းကလေး ရှေ့သို့ လှမ်းတက်သွားကာ ဝမ်းလျားမှောက်ပေးလိုက်သည်။

မိန်းကလေးက သူ့ကို ကြည့်ကာ တခစ်ခစ် ရယ်မောလိုက်သည်။

ပြီးမှ သူမက မေးလိုက်ပြန်သည်။

'ရှင် သေသေချာချာပြန်စဉ်းစားပါဦး၊ ကျွန်မကျောပွတ်ရိုက်ချက် ဆယ်ချက် မပြောနဲ့၊ သုံးချက်ပြည့်အောင် အရိုက်ခံရရင်တောင် ရှင် သတိမေ့လဲသွားမှာပါ၊ ရှင်မယုံရင် ဟို သူခိုးကြီးကို ကြည့်ပါလား၊ ခုထက်ထိတောင် ပြန်မထနိုင်သေးဘူး'

ယန်းစုကျုံးက ရှက်ဒေါသနှင့် ပြန်အော်လိုက်သည်။

'ဟေ့...မိန်းကလေး၊ မင်း စကားကို ရှည်ရှည်ဝေးဝေး လျှောက်ပြောမနေနဲ့၊ မင်းရဲ့ တောင်းဆိုချက်ကို လိုက်လျောရမှာက ငါ့တာဝန်၊ ရိုက်ရမှာက မင်းတာဝန်၊ ဆယ်ချက်ပြည့်လို့ သေသွားရင်လဲ ငါ့တာဝန် တစ်ခု ပြီးဆုံးသွားတာပဲ'

မိန်းကလေးက ခစ်ခနဲ တစ်ချက်ရယ်မောကာ ကျောပွတ်ကို လေထဲတွင် ရွှမ်းခနဲ ဝှေ့လိုက်သည်။ယန်းစုကျုံးကျော တစ်ချက် တွန့်သွားသည်။

ပြီးမှ အံကိုတင်းတင်းကြိတ်ကာ ကျောပြင်ပေါ်သို့ ကျရောက်လာမည့် ကျောပွတ်ရိုက်ချက်ကို တောင့်ခံထားလိုက်သည်။

မျက်လုံးအစုံကိုလည်း စုံမှိတ်ထားသည်။



သူ့ကျောပေါ်သို့ ကျောပွတ်ရိုက်ချက် ကျရောက်လာရမည့်အချိန်တွင် ကျမလာသဖြင့် သူက စိတ်မရှည်စွာ ဖြင့် မိန်းကလေးကို ပြန်လှည့်ကြည့်လိုက်သည်။

မိန်းကလေးသည် ကျောပွတ်ကို လက်တစ်ဘက်ကဲ မြှောက်လျက် တစ်စုံ တစ်ရာကို နှာ:စွင့် နေသည်ကို တွေ့လိုက်ရသည်။

သူက မိန်းကလေးအား စကားပြောရန် ဟန်ပြင်သောအခါ မိန်းကလေးကသူ့အား နှုတ်ခမ်းကလေးကို လက်ညှိုးနှင့် ပိတ်ကပ်လိုက်ပြီး 'ရှူး'ခနဲ အသံပြုလိုက်၏။

ပြီးမှ သူမက ယန်းစုကျုံးကို လေသံတိုးတိုးဖြင့် လှမ်းပြောသည်။

'စကားမပြောနဲ့ ဒီဘက်ကိုလာနေတဲ့ လူသံတွေ ကြားတယ်'

ယန်းစုကျုံးသည် အဘောအချာ နား:စိုက် ထောင်ကြည့်လိုက်သည်။

မည်သည့်လှုပ်ရှားမှု အသံ တစ်စုံတစ်ရာကိုမျှ မကြားရသဖြင့် သူက ဝမ်းလျားမှောက်နေရာမှ လူးလဲထပြီး ပြန်မေးလိုက်သည်။

'ကျုပ်လဲ ဘာသံမှ မကြားရပါလား'

မိန်းကလေးက သူ့ကို မျက်နှာထိမျက်နှာထားဖြင့် ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင့်နားဟာ တော်တော်ကန်းတာပဲ၊ ဒီခလောက်ကျယ်ကျယ် ခလောင်တဲ့ မြင်းခွာသံတွေ ဒီဘက်လာနေတာ ရှင်မကြားဘူးလား'

ယန်းစုံကျုံးသည် အတန်ကြာအောင်နားစိုက် ထောင်လိုက်တော့မှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရသည်။

ထို့ကြောင့် သူက မိန်းကလေး၏ အကြားအာရုံမှာ အလွန် အဆင့်မြင့်မားလှကြောင်း သိလိုက်ရသည်။

သူ့ သိုင်းပညာ အဆင့်အတန်း နိမ့်ကျမှု အတွက်လည်း အလွန်အမင်း ရှက်ရွံ့သွားသည်။

ထိုစဉ်မှာပင် မိန်းကလေးက သူ့လက်တစ်ဘက်ကို လှစ်ခနဲ လှမ်းကိုင်ပြီး ပြောလိုက်သည်။

'ဘာငေးနေတာလဲ၊ လာ ကျွန်မနဲ့လိုက်ခဲ့'

မိန်းကလေးက စကားမဆုံးခင်မှာပင် သူ့ လက်တစ်ဘက်ကိုဆွဲ၍ လမ်းဘေးတွင်ရှိသော တောင်ပူစာဆီသို့ပြေးထွက်လိုက်သည်။

သူ့ခန္ဓာကိုယ်မှာ မိန်းကလေး ဆွဲခေါ်ရာ နောက်သို့ ပေါ့ပါးစွာ လိုက်ပါသွားရသည်ဟု ထင်လိုက်မိသည်။

မှန်သည်။

မိန်းကလေးသည် အဆင့်မြင့် ကိုယ်ဖော့ပညာရှင်တစ်ဦးဖြစ်သဖြင့် သူ့လိုသိုင်းပညာအဆင့် မရှိသူ တစ်ယောက်ကို ဖေးမ တွဲခေါ်သွားနိုင်ခြင်းဖြစ်သည်။



လျှပ်တစ်ပြက်မျှအကြာတွင် တောင်ပူစာနောက်ဘက်သို့ ရောက်သွားကြ၏။

ထိုတောင်ပူစာနောက်တွင်လူတစ်ရပ်စာမျှမြင့်မားသော ချုံဖုတ်ကြီးတစ်ခုသို့ရောက်ရှိသွားကြသည်။သူတို့နှစ်ယောက်စလုံး ချုံဖုတ်နောက်သို့ တိုးဝင်လိုက်ကြသည်။

ပြီးလျှင် လမ်းမဆီသို့ အကဲခတ်ကြည့်ရှုနေလိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## အမေးအဖြေ

တဖြောင်းဖြောင်းညံသော မြင်းခွာသံများက သူတို့နှစ်ယောက်ပုန်းခိုနေသော တောင်ပူစာကလေးကို ဖြတ်ကျော်သွားသည်။

အားကောင်းမောင်းသန် မြင်းညိုကြီးသုံးကောင်ပေါ်၌ သန်မာထွားကျိုင်းသော လူထွားကြီးသုံးယောက်က စီးနင်းလိုက်ပါသွားသည်။

မြင်းညိုကြီးပေါ်တွင် စီးနင်းလိုက်ပါသွားသော လူထွားကြီးသုံးယောက်အနက်မှ အသံဩအာဩအာကြီးနှင့် လူကြီးတစ်ယောက်က....

'သခင်မလေး....သခင်မလေး'

ဟု ကျယ်လောင်စွာ အော်ဟစ် ခေါ်ငင်သွားလေသည်။



ယန်းစုကျုံးသည် ထိုလူကြီးသုံးယောက်၏ မျက်နှာကို မမြင်လိုက်ရသော်လည်း နောက်ကျောတွင် လွယ်ပိုးထားသော အဖိုးတန်ဓားမျှားနှင့် ထိုလူများ၏ကိုယ်ပေါ်မှ အဖိုးတန် ပိုးဖဲကတ္တီပါများကို တွေ့လိုက်ရသောအခါ မင်းမှုထမ်းများဖြစ်ရမည်ဟု တစ်ထစ်ချတွက်ဆမိလိုက်လေသည်။

ထိုလူများ အော်ဟစ်ခေါ်ငင်လျက်ရှိသော 'သခင်မလေး'မှာ မည်သူဖြစ်မည်နည်းဟူ၍လည်း စဉ်းစားနေမိသည်။

သူ့ဘေး၌ရှိနေသော မိန်းကလေးပေလားဟု တွေးမိသည်။

မြင်းညိုကြီးသုံးကောင်သည် တစ်ခဏ အတွင်းမှာပင် သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

သို့သော်....

'သခင်မလေး....သခင်မလေး'

ဟုအော်ခေါ်သောအသံမှာမူ ထိုလူများ သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသည့်တိုင်အောင် ကြားနေရဆဲရှိသေးသည်။

မြင်းညိုကြီးသုံးကောင် သူတို့မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ သစ်ခေါက်ဆိုးဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးသည် တခစ်ခစ်ဖြင့်ရယ်မောရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ဒီလူတွေလာရှုပ်တာနဲ့ ကျွန်မ ရှင့်ကို ရိုက်ချင်တဲ့ စိတ်တောင် ကုန်သွားပြီ၊ ရှင်ကော ရှင့်ပစ္စည်းကို ပြန်လိုချင်သေးသလား’

‘မင်း ဘယ်လိုမေးလိုက်တာလဲ မိန်းကလေး၊ ကျုပ်ပစ္စည်း ကျုပ်ဘယ်လောက်ပြန်လိုချင်တယ်ဆိုတာ မင်းသိပါတယ်’

မိန်းကလေးသည် သူမ လက်တွင်း၌ ကိုင်ထားသော ကတ္တီပါအိတ်ရှုံ့လေးကို သူတို့နှစ်ယောက်ကြားတွင် ချထားလိုက်သည်။

ယန်းစုကျုံးသည် ကတ္တီပါအိတ်လေးကို အလွန်အမင်း ပြန်လိုချင်နေသော်လည်း လုယူ၍ မရမှန်းသိသဖြင့် မသိလိုက်မသိဘာသာ ဟန်ဆောင်နေလိုက်သည်။

‘ရှင် ဒီပစ္စည်းကို ဘယ်သူ့ဆီ ပို့ပေးရမှာလဲ’

‘ကျောက်ဆစ်တောင်က တရုတ်ဘုန်းတော်ကြီးဆီ ကို’

မိန်းကလေးသည် မျက်လုံးကလေး နှစ်ဖက်ကို ပင့်တင်ရင်း စဉ်းစားဟန် ပြုနေလိုက်သည်။ ပြီးလျှင် မည်သို့မျှ စဉ်းစားမရဟန်ဖြင့် ပြန်မေးသည်။

‘ဘယ်က ကျောက်ဆစ်တောင် တရုတ်ဘုန်းတော်ကြီးလဲ၊ ကျွန်မလဲ တစ်ခါမှ မကြားဖူးပါဘူး’

‘ကျုပ်လဲ သူတို့ကို မသိဘူး၊ ကျောက်ဆစ်တောင်တရုတ်ဘုန်းတော်ကြီးဟာ ကျောက်စိမ်းကျောက် တောင်ထိပ်လို့ လူသိများတဲ့ ဟူယောင်တောင်ထိပ်မှာ ရှိနေတယ်လို့လဲ သိရပါတယ်’



‘ဟင်....အဝေးကြီးပါလား၊ နောက်ပြီး ရှင့်မှာ ဘာသိုင်းပညာမှလဲ မရှိဘူး’

‘ဟုတ်တယ်၊ ဒါပေမယ့် ကျုပ် ကတိခံခဲ့ပြီးပြီ၊ မရောက်ရောက်အောင် ပို့ပေးရမှာပဲ’

မိန်းကလေးသည် သူ့ကို တစ်ချက်မျှအကဲခတ်ကြည့်လိုက်ပြီး ပြောပြန်သည်။

‘ရှင် ဒီလို ကတိတည်တာကို ကျွန်မလဲ သဘောပေါက်ပါတယ်၊ ဒါဟာ ယောကျ်ားကောင်းတစ်ယောက်ရဲ့ ကိုယ်ကျင့် သိက္ခာပဲ၊ ဒါပေမယ့်....’

ထိုစကားကျတော့ မိန်းကလေး၏ လေသံက တည်ကြည်သည်။

သို့သော် မိန်းကလေးသည် စကားကို အဆက်ဖြတ်လိုက်သည်။

ယန်းစုကျုံးက မိန်းကလေးကို လှည့်ကြည့်ပြီး ပြန်မေးသည်။

‘ဒါပေမယ့် ဘာဖြစ်လဲ....ပြောပါဦး’

‘ရှင် သိပ်ပြီး ကံခေတယ်’

‘မင်း ဘာကြောင့် ဒီလိုပြောရတာလဲ’

‘ဒီ အိတ်ရှုံ့လေးဟာ သိပ်ပြီး ပေါ့နေတယ်၊ အထဲမှာ ရှင် ပြန်လိုချင်တဲ့ပစ္စည်း မရှိတော့ဘူးလို့ ကျွန်မ ထင်နေတယ်’

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မြင်းခွာသံများကို ကြားလိုက်ရပြန်၍ဖြစ်၍ သူတို့နှစ်ယောက် စကားမပြောဘဲ ငြိမ်သက်နေလိုက်ကြပြန်သည်။

ခဏစောက သူတို့ရှေ့မှ ဖြတ်ပြေးသွားသော မြင်းညိုကြီး သုံးကောင်သည် တောသမ်းကလေးအတိုင်း အရှိန်ပြင်းစွာ ပြေးဝင်လာနေသည်ကို တွေ့လိုက်ရပြန်သည်။

'သခင်မလေး ...သခင်မလေး'

မြင်းစီးသမား သုံးယောက်အနက် အသံအောအောနှင့် လူကြီး၏အသံသည် အဆက်မပြတ် ထွက်ပေါ်လာပြန်သည်။

တစ်ခဏအတွင်းမှာပင် မြင်းညိုကြီးသုံးကောင်သည် သူတို့ရှေ့မှ တစ်ရှိန်ထိုး ဖြတ်ကျော်လာကာ လာလမ်းအတိုင်း ပြန်၍ ဒုန်းစိုင်းသွားကြတော့သည်။

ယန်းစုကျုံးသည် အသံအောအောနှင့်လူကြီး အော်ဟစ်ခေါ်ငင်သွားသော 'သခင်မလေး' ဆိုသူမှာ သူ့အနီးတွင် ရှိနေသောသစ်ခေါက်ဆိုးဝတ်စုံနှင့်မိန်းကလေးပင်ဖြစ်ရမည်ဟု သေချာပေါက် တွက်လိုက်၏။

'ရှင် ဘာတွေ စဉ်းစားနေတာလဲ'

'သခင်မလေးလို့ ခေါ်ခေါ်နေတာ မင်းကို ရှာနေတာ များလား'

မိန်းကလေးက တစ်ချက်မျှ လှောင်ရယ် ရယ်လိုက်ပြီး မေးလိုက်သည်။

'ရှင်ဟာ လူကဲခတ် တော်တော်ညံ့တဲ့လူပဲ'

'ဘာဖြစ်လို့လဲ'



'မြင်းစီးသမား သုံးယောက်ရဲ့ အဝတ်အစားနဲ့ ကျွန်မကိုယ်ပေါ်က အဝတ်အစားတွေကိုလဲ ယှဉ်ကြည့်စမ်းပါဦး၊ ဟိုက ပိုးဖဲကတ္တီပါ အဖိုးတန် အဝတ်အစားတွေနဲ့၊ ကျွန်မက သစ်ခေါက်ဆိုး အဝတ်အစားနဲ့၊ ဘယ်လိုလုပ် သူတို့သခင်မလေး ဖြစ်နိုင်မလဲ'

'မသိဘူးလေ၊ သူတို့က ဒီတောထဲမှာ သူတို့သခင်မလေးကို လိုက်ရှာနေတယ်၊ မိန်းကလေးဆိုလို့လဲမင်းတစ်ယောက်ပဲ ရှိတယ်ဆိုတော့ ငါ ဒီလိုပဲတွေးမိတာပေါ့'

'သူတို့ ဘယ်သူတွေလဲဆိုတာ ရှင်သိသလား'

'ဟင့်အင်း....မသိဘူး၊ မင်းကော သိရဲ့လား'

'အင်း....ကျွန်မ တွက်ကိန်းမမှားဘူး ဆိုရင်တော့ သူတို့ဟာ စင်နန့်မြို့စားရဲ့ လူတွေပဲ ဖြစ်ရမယ်'

'သူတို့က ဘယ်က သခင်မလေးကို လိုက်ရှာနေရတာလဲ....'

'ဒါတော့ ကျွန်မလဲ ဘယ်ပြောတတ်ပါ့မလဲ'

သူတို့နှစ်ယောက်သည် ထိုသို့ ပြောဆိုပြီး အတန်ကြာအောင် စကားမပြောဘဲ ငြိမ်သက်သွားကြပြန်သည်။

တိတ်ဆိတ်မှုကို မိန်းကလေးက စတင်ဖောက်ခွင်းလိုက်သည်။

'ဒီကိစ္စတွေ ထားလိုက်ပါတော့လေ၊ ကျွန်မတို့နဲ့လဲမဆိုင်ပါဘူး၊ ဒီတော့ ရှင့်အိတ်ရှို့လေးထဲမှာ ရှမ်းပစ္စည်း ရှိသေးလား ဆိုတာ သိဖို့လိုတယ်၊ ကဲ....ပြောနေကြာတယ်၊ ခုပဲဖွင့်ကြည့်လိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် သူ့စကား မဆုံးခင်မှာပင် အိတ်ရှုံ့ကလေး၏ အပေါက်ကို လက်နှစ်ဖက်ဖြင့်ဖြဲကာမြေကြီးပေါ်သို့ သွန်ချလိုက်သည်။

သူတို့နှစ်ယောက်လုံး မျက်လုံးပြူးကျယ်သွားရလေတော့သည်။

အကြောင်းမှာ အိတ်ရှုံ့ကလေးအတွင်းမှပဝါစကလေးတစ်ထည်သာ ထွက်ကျလာသည်။

အခြား မည်သည့်ပစ္စည်းကိုမျှ မတွေ့ရဘဲ ရှိနေသည်။ ယန်းစုကျုံးက အထိတ်တလန့် အော်ပြောလိုက်သည်။

'ဟင် ...အိတ်ရှုံ့ကလေးထဲကရွှေကြုတ်ကလေးမရှိတော့ဘူး....'

'ဘာ....ရွှေကြုတ် ဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်ကျောက်ဆစ်တောင် ကိုယ်တော်ကြီးဆီ ပို့ရမယ့် ရွှေကြုတ်၊ အခု အဲဒါ...အဲဒါ မရှိတော့ဘူး'

သူက ပြောပြောဆိုဆိုပင် ပဝါစကလေးကို ကောက်ယူလိုက်သည်။

ထိုပဝါစမှာ ရွှေကြုတ်ပတ်ထားသော ပဝါစကလေးသာ ဖြစ်သည်။

ယန်းစုကျုံးက နာကြည်းခံခက်စွာ ပြောလေ၏။

'ဒါဆိုရင် ဒီအိတ်ရှုံ့ထဲက ရွှေကြုတ်ကို လူမနိုး သိုင်းသမားကြီး ဟူကျိုး ခိုးသွားတာပဲ ဖြစ်ရမယ်၊ ဒီအဘိုးကြီးဟာ ဝဠ်မြီးကောက် ကျည်တောက်စွပ် ဆိုတဲ့စကားအတိုင်း သူ့ဗိဇ... ...ုံးဝမ... ...က်နိုင်ဘူး'



မိန်းကလေးကလည်း တောက်ခေါက်ပြောဆိုလိုက်သည်။

'ဖြစ်နိုင်တယ်၊ ဒီသူခိုးကြီးဟာ သိပ်ကို ဉာဏ်သွားတဲ့ သူခိုးကြီးပဲ၊ အခု အိတ်ရှုံ့ထဲက ရွှေကြုတ်ကို ခပ်တည်တည် သုတ်ပြီး အိတ်ချည်း သိမ်းထားတယ်၊ အခုကြည့်....ရှင်ဒုက္ခရောက်သွားရပြီ'

မိန်းကလေးက ထိုသို့ပြောရင်းမှ သူမ ရင်ဖုံးအိတ်ထဲမှ စါးတချည်တောက်ကလေးကို ထုတ်ယူလိုက်ပြီး ယန်းစုကျုံးကို လှမ်းပြောလိုက်သည်။

'ရော့....ဒီမှာ ဆေးဘူးကလေး၊ ဒါ ကျွန်မ ဟူကျိုးဆီက နှိုက်ယူထားလိုက်တဲ့ ဆေးဘူး'

'ဟင်...ဟုတ်လား၊ ဒါ ဘာအကျွန်ရှုရဲ့ ဆေးဘူး'

သူက ဆေးဘူးကို လှမ်းယူကာ သူ့ရင်ဖုံးအင်္ကျီ အိတ်ထဲသို့ ထိုးသွင်းလိုက်သည်။

'ဒီမှာ မိန်းကလေး၊ ဟူကျိုး ထဲနေတဲ့နေရာ သွားကြမယ်၊ သူ့ကိုဖမ်းပြီး သေသေချာချာ စစ်ရမယ်၊ ဒီပစ္စည်းပြန်မရရင် ကျုပ်တော့ အရှက်ကွဲပါပြီ'

သူက ပြောပြောဆိုဆို ချုံပုတ်အတွင်းမှ တိုးထွက်လိုက်သည်။

မိန်းကလေးကလည်း သူ့နောက်မှ လိုက်ပါသွားသည်။ ပြီးလျှင် ခဏခဏက လူမနိုး သိုင်းသမားကြီး ဟူကျိုး နေကျ နေသော တောစပ်ဆီသို့ အပြေးအလွှား ထွက်လာခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ ရောက်သောအခါ ယန်းစုကျုံး အလွန် အမင်း ထိတ်လန့်တုန်လှုပ်သွားသည်။

'ဟင်....သူ....သူ မရှိတော့ဘူး၊ ထွက်ပြေးသွားပြီ'

'ရှင် ဒီမှာနေခဲ့ဦး'

မိန်းကလေးသည် ထိုသို့ပြောဆိုလိုက်ပြီး သူ့ကိုယ်ကိုအောက် ချက် လှုပ်လိုက်သည်။

သူ့မျက်စိရှေ့မှာပင် သူနှင့် အတော်ဝေးသော နေရာ၌ မိန်းကလေး ရောက်သွားသည်။

သူမသည် လူမနိုင်သိုင်းသမားကြီးဟူကျိုးနောက်သို့လိုက်သွားခြင်း ဖြစ်ပေလိမ့်မည်။

ခဏအကြာတွင် သူ့မြင်ကွင်းမှ မိန်းကလေး ပျောက်သွားသည်။

သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုဘယ်ညာခါယမ်း လိုက်သည်။

သိုင်းပညာမတတ်ပါဘဲ သိုင်းလောကထဲဝင်သူအဖို့ လွန်စွာ စိတ်ဓာတ်ကျဖွယ် ကောင်းလေစွတကား။

သူသည် မိန်းကလေး ပြေးသွားရာနောက်သို့တစ်ရှိန်ထိုး ပြေးလိုက်သွားတော့သည်။

တောအုပ်ကလေးမှာမူ ငြိမ်သက်မြဲ ငြိမ်သက်လျက် ကျန် ရစ်လေတော့သည်။

☆

## အခန်း (၈)

### မောက်မာသူ

ယန်းစုကျုံးသည် မြို့တွင်းသို့ သွားသော လမ်းမကြီး အတိုင်း ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာခဲ့သည်။

ညနေဆည်းဆာချိန်သို့ ရောက်ရှိပြီဖြစ်သဖြင့် အနောက် မိုးကုပ်စက်ဝိုင်းဆီတွင် ပုစွန်ဆီရောင် ယှက်သန်းနေပြီ ဖြစ် သည်။

ဤယန်းမြို့၏ ရှုခင်းသည် ညနေဆည်းဆာ အောက်တွင် နတ်ပန်းချီ ရေးခြယ်ထားသကဲ့သို့ တင့်ဆန်း လှပနေသည်ကို မြင်နေရသည်။

ယန်းစုကျုံးသည် ဟူကျိုးအား လည်းကောင်း၊ အဖြူ ရောင်ဝတ်စုံနှင့် မိန်းကလေးအားလည်းကောင်း တွေ့လို တွေ့ငြား သမ်းဝေသွားသကဲ့သို့ မျက်စိ ရှုပ်ရှုပ်ထားပြီး ရှာဖွေ ရင်း လျှောက်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့နှစ်ယောက်၏ အရိပ်အယောင်ကိုမျှ မတွေ့ရသဖြင့် လျှောက်မြဲ ဆက်လျှောက်လာသည်။

ထိုစဉ် သူ့ရှေ့ လမ်းမကြီးပေါ်တွင် မြင်းညိုကြီး တစ်ကောင်အပြေး ဒုန်းစိုင်းပြေးနှင်လာသည်။

မြင်းညိုကြီးပေါ်တွင် အပြာရောင် ပိုးသား ဝတ်စုံကို ဝတ်ဆင်ထားသော အသက်လေးဆယ်ခန့် လူကြီးတစ်ဦး စီးနင်းလိုက်ပါလာ၏။

မြင်းညိုကြီးသူ့အနီးသို့ ရောက်သောအခါ အပြာရောင်ဝတ်စုံနှင့် လူကြီးသည် မြင်းကို ရှတ်တရက် ရပ်တန့်လိုက်ပြီး သူ့ကို မေးသည်။

လေသံက အလွန်ဘစ်ရာ မာကျောလှသည်။

'ဟိတ်ကောင်...မင်း လမ်းမှာ ဘယ်သူတွေ တွေ့ခဲ့သလဲ၊ မှန်မှန်ပြောစမ်း'

ယန်းစုကျုံးက ထိုလူကြီးကို တစ်ချက်မျှ အကဲခတ်လိုက်သည်။

ထိုလူကြီး၏ ထူထဲသော မျက်ခုံးနှစ်ဖက် အောက်တွင် မျက်လုံးအစုံက ပြူးကျယ်၍ အရောင် တဖျပ်ဖျပ် လက်နေသည်။

ထိုမျက်လုံးအစုံ၌ အစွမ်းကုန် ရက်စက် ကြမ်းကြုတ်မည့် အရိပ်လက္ခဏာများ အထင်းသား ပေါ်လွင်နေသည်။

ယန်းစုကျုံးက ပမာမခန့် ပြန်ပြောလိုက်သည်။

'လမ်းမှာ တွေ့ခဲ့တဲ့ လူတွေကတော့ အများကြီးပေါ့ဗျာ'



ရိုင်းရိုင်းစိုင်းစိုင်း မေးမြန်းသူအား ပမာမခန့် ပြန်ပြောခြင်းမှာ တူညီသော တုံ့ပြန်မှုပင်။

'အဲ့ဒီ အများကြီးထဲက လူတွေကို ပြန်ပြောစမ်း'

'ပထမဆုံး တွေ့တဲ့လူက သူခိုးကြီးတစ်ယောက်'

လူကြီးက မျက်ခုံးတစ်ချက် တွန့်လိုက်ပြီး ပြောလိုက်ပြန်သည်။

'အင်း...မင်းပြောတဲ့လူကို ငါ တွေ့ခဲ့ပြီးပြီ၊ နောက်ထပ် ဆက်ပြောဦး'

ထို့ကြောင့် သူက ခပ်ရွှတ်ရွှတ် ပြန်ပြောလိုက်သည်။

'နောက်တွေ့တဲ့လူတွေက မြင်းညိုကြီးနဲ့ လူသုံးယောက်ပဲ၊ ခင်ဗျားလို အပြာရောင်ဝတ်စုံတွေ ဝတ်ထားတယ်၊ သူတို့က တောအုပ်ထဲမှာ ခွေးမလေး...ခွေးမလေးလို့ လိုက်ခေါ်နေကြတယ်၊ သိပ်ပြီးတန်ဖိုးရှိတဲ့ တောလိုက်ခွေးမလေးတစ်ကောင် ပျောက်ဆုံးသွားတယ်လို့ ထင်တာပဲ'

ဝတ်စုံပြာနှင့် လူကြီး၏မျက်နှာ ချက်ချင်း ညိုပုပ်သွားသည်။

သူ့မျက်နှာပေါ်တွင် ဒေါသခိုးများ တရိပ်ရိပ်တက်လာသည်။

သူက အော်ကြီးဟစ်ကျယ် ပြန်ပြောလိုက်သည်။

'ခွေးကောင်လေး...မင်း သေချင်လို့ မဟုတ်တာတွေ လျှောက်ပြောနေတာလား၊ သူတို့ခေါ်တာ သခင်မလေးလို့ ခေါ်တာ မဟုတ်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ် မသိဘူး၊ ကျုပ်ကြားတာ ကျုပ်ပြောပြတာပဲ၊ နောက်ဆိုရင် ကျုပ်ဘက်မပြောတော့ဘူး၊ သွားမယ်'

ဟန်းစုံကျုံးက ပြောပြောဆိုဆိုပင် ရှေ့သို့ဆက်သွားရန် ခြေလှမ်းပြင်လိုက်သည်။

* * *

'ရှမ်း....'

'နေဦး'

ဝတ်စုံပြာနှင့်လူကြီးက မြင်းခိုက်ကျာပွတ်ကို လေထဲတွင် တစ်ချက်ရိုက်လိုက်ပြီး ဟန့်တားလိုက်သည်။

'နောက် ဘယ်သူ တွေ့သေးသလဲ၊ ဆက်ပြောစမ်း'

ယန်းစုကျုံးက စိတ်မရှည်တော့ဟန်ဖြင့် ပြန်ပြောလိုက်သည်။

'နောက် မိန်းကလေး တစ်ယောက်ကိုလဲ တွေ့တယ်မျာ၊ ဝင်ပျားတော ဘာလုပ်မလို့လဲ'

မိန်းကလေး တစ်ယောက် ဟူသောအသံကို ကြားလိုက်ရသဖြင့် ဝတ်စုံပြာနှင့်လူ၏မျက်နှာမှာ ဝင်းပသွားသည်။ ပြီးလျှင် သူ့အား တက်သရော မေးမြန်းလိုက်သည်။



'မင်း တွေ့ခဲ့တဲ့ မိန်းကလေးက ဘယ်အရွယ်လဲ၊ ဘယ်လို အဝတ်အစားတွေ ဝတ်ထားသလဲ'

ယန်းစုံကျုံး၏ စိတ်ထဲ၌ သစ်ခေါက်ဆိုးရောင် ဝတ်ဆင်ထားသည့် မိန်းကလေးကို သတိရမကင်း ဖြစ်မိသော်လည်း သူ့စ ပြောသကဲ့သို့ပင် အဝတ်အစား အဆင့်အတန်းခြားနားလွန်းလှသဖြင့် သခင်မကလေးဖြစ်နိုင်သည် ဟူသော ခန့်မှန်းချက်ကို စွန့်လွှတ်လိုက်ရတော့သည်။

ကျွဲလူကြီး မေးနေသည့် သခင်မလေးဆိုသူသည် ဤလူကြီးကဲ့သို့ပင် အဖိုးထိုက် အဖိုးတန်များကိုဝတ်စားဆင်ယင်နိုင်သည်ဟု ဆင်ခြင်တွေးတောပြီးသူ့ အားရှိုင်းရှိုင်းမိုင်းမိုင်း မေးမြန်းနေသည့် လူကြီးအား တစ်ပတ်ရိုက်လှတ်လိုက်ရန်ဆုံးဖြတ်ချက် ချမိတော့သည်။

'မိန်းအလေးကတော့ အသက်ငယ်ငယ်ပဲ၊ အဖိုးတန် အဝတ်အစားတွေလဲ ဝတ်ဆင်ထားတယ်၊ သူဟာ ရှေ့တော စပ်က သစ်ပင်ကြီးတစ်ပင်အောက်မှာ လဲကျနေတယ်၊ သူ့မှာဒဏ်ရာလဲ ပြင်းပြင်းထန်ထန်ရထားပုံပဲ၊ ကျုပ်လဲကြောက်တာနဲ့ သူ့အနား မကပ်ရဲဘူး'

'မင်းပြောတာ အမှန်ပဲနော်'

'ကျုပ်အတွက် ဘာအကျိုးရှိမှာမို့လို့ လိမ်ပြောရမှာလဲ'

သူ စကား ဆုံးသည်နှင့် အပြာရောင်ဝတ်စုံနှင့် လူကြီးသည် မြင်းညိုကြီး၏တင်ပါးကို ဖနောင့်နှင့် ဆောင့်ပေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းညိုကြီးသည် လေးညို့မှလွှတ်လိုက်သော မြားကဲ့သို့ ရှေ့သို့ အရှိန်ပြင်းစွာ ပြေးထွက်သွားသည်။

ယန်းစုကျုံးက မြင်းစီးသွားသော ဝတ်စုံပြာနှင့်လူကြီး၏ နောက်ကျောကိုကြည့်ကာ ကျေနပ်အားရစွာဖြင့်တစ်ချက်မျှ ပြုံးလိုက်သည်။

မောက်မာ ရှိင်းစိုင်းစွာ မေးမြန်းခြင်းအတွက် ထိုလူကြီး ရရှိသွားသည့်သတင်းကား မမှန်သတင်းသာတည်း။

☆

# အခန်း (၉)

## အလဲအလှယ်ပစ္စည်း

မြင်းညိုကြီးသည် သူနှင့် အတော်လှမ်းလှမ်းသို့ရောက်ရှိသွားသည်။

ထိုအခါကျမှ သူက ရှေ့သို့ ဆက်လျှောက်လာသည်။

လီပေါင်းနှစ်ဆယ်လောက် လျှောက်မိသည့်အခါ လမ်းဘက်ဖက် ချုံပုတ်ကြီးတစ်ခုဆီမှ ညည်းညူသံ ကြားလိုက်ရသဖြင့် ရပ်၍ကြည့်လိုက်သည်။

ဒဏ်ရာရထားသူတစ်ယောက်၏ညည်းညူသံဖြစ်ကြောင်း သိလိုက်ရသဖြင့် စူးစမ်းလိုစိတ် ပေါ်လာသည်။

သူက လမ်းမကြီး၏ ညာဘက်ဘေးတွင်ရှိသော ချုံပုတ်ကြီးဆီသို့ ဆင်းသွားသည်။

ချုံပုတ်များ၏နောက်ကွယ်တွင်လူတစ်ယောက်ဝမ်းလျားမှောက်လျက် လဲကျနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော့ပြင်တွင် တစ်ပေလောက် ရှည်လျားသော အင်္ကျီ ဝတ်ပြတ်နေသည်ကို တွေ့လိုက်ရသည့်အပြင် လူနေဟန်ထား နှင့် အဝတ်အစားများကို တွေ့လိုက်ရသဖြင့် လူမနီး သိုင်း သမား ဟူကျိုးပင် ဖြစ်ရမည်ဟု သူ့စိတ်ထဲ ထင်လိုက်လေ သည်။

သူက ဒဏ်ရာဖြင့်လဲကျနေသော လူကို အသာဆွဲလှန်လိုက် သည်။

သူထင်ထားသည့်အတိုင်း လူမနီးသိုင်းသမားကြီးဟူကျိုး ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

* * *

ဟူကျိုး၏တစ်ကိုယ်လုံးတွင် ရှိုက်ပုတ်ထားသော ဒဏ်ရာ များမှ သွေးများ ခြင်းခြင်းနီအောင် ယိုစီးထွက်နေသည်ကို တွေ့လိုက်ရသည်။

ယန်းစုံကျုံးသည် သူ့ ရွှေကြုတ်ကို သတိမရတော့ပေ။ ဒဏ်ရာများ ပွနေသော ဟူကျိုးအား လှုံ့စွဲခေါ်ရှာသက် သွားသည်။

'ဟူကျိုး...ခင်ဗျားကို ဒီလောက်တောင်ဒဏ်ရာရအောင် ဘယ်သူတွေက တိုက်ခိုက်သွားတာလဲ'



ဟူကျိုးသည် မိုတ်ထားသောမျက်လုံးအစုံကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။

'အား....ကျွတ်....ကျွတ်....ကျုပ်ကို ဟို....ဟို မြင်းညိုကြီး နှစ်ကောင် စီးလာတဲ့ လူတွေက ကျော့ပုတ်နဲ့ ဝိုင်းရိုက်သွား ကြတာပေါ့'

'သူတို့သိုင်းပညာက ကျုပ်ထက် အဆင့်မြင့်နေတော့ ကျုပ် ဘယ်လိုမှ မခုခံနိုင်လိုက်ဘူး'

'သူတို့က ခင်ဗျားကို ဘာဖြစ်လို့ တိုက်ခိုက်ကြတာလဲ'

ဟူကျိုးသည် ဒဏ်ရာမှ နာကျင်သောဝေဒနာကို ရှုံ့မဲ့ပြီး ခံလိုက်ရင်းမှ ပြန်ပြောသည်။

'ဒီ စီယန်မြို့တစ်ဝိုက်က လူတွေဟာ ကျုပ်ကို သူခိုးကြီး တစ်ယောက်မှန်း သိနေကြတယ်လေ၊ ဒီတော့ ကျုပ်ထက် သိုင်းပညာမြင့်တဲ့ လူတွေဟာ ကျုပ်နဲ့တွေ့တိုင်း ကျုပ်ကို တိုက်ခိုက်ပြီး ကျုပ်ဆီက ပစ္စည်းတွေကို အမြဲတမ်း လုယူ တတ်ကြတယ်၊ ခုလဲ သူတို့ကျုပ်ကိုတိုက်ပြီး ကျုပ်ဆီကပစ္စည်း ကို အရယူသွားကြပြန်ပြီ'

ယန်းစုကျုံးသည် ထိုအခါကျမှ ရွှေကြုတ်ကို သတိရပြီး ယိတ်ယိတ်ပျာပျာ ဖြစ်သွားရသည်။

ရွှေကြုတ်ကလေး ပါမသွားပါစေနှင့်လည်း၊ ကျိတ်၍ ဆုတောင်းလိုက်မိသည်။ သူ၏ အလှောတကြီး ပြန်လည် မေးမြန်းလိုက်၏။

'နေပါဦးဗျာ၊ ခု ခင်ဗျားဆီက ဘာတွေများ လုယူ သွားကြသေးလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟူကျိုးသည် ယန်းစုကျုံး၏ အမေးကို မဖြေနိုင်သေးပေ။

တကျွတ်ကျွတ်စုတ်သပ်လျက် သူ့ဒဏ်ရာများကိုပြန်လည်စစ်ဆေးနေသည်။

ယန်းစုကျုံးသည် အလွန်အမင်း သိချင်လှသောကြောင့် ထပ်ကာထပ်ကာ မေးမြန်းလိုက်မိသည်။

'ပြောစမ်းပါဦး၊ ခင်ဗျားဆီက ဘာပစ္စည်းတွေပါသွားသလဲ'

ဟူကျိုးသည် တံတွေးကိုကွိခနဲမြည်အောင် မျိုချလိုက်ပြီး အားတင်း၍ ပြန်ပြောလိုက်သည်။

'ကျုပ်က သူခိုးဆိုတော့ ကျုပ်ပိုင်ပစ္စည်း ဘာမှမရှိဘူး။ အဲ...အဲ...မင်းသီဟ ခိုးယူခဲ့တဲ့ ရွှေကြုတ်ဆိုတော့ သူလိုက်ပါသွားပြီ'

'ဘာ....'

ယန်းစုကျုံး၏အသံက မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

ဟူကျိုး၏ အဖြေစကားသည် သူ့ခေါင်းကို မိုးကြိုးပစ်ခံလိုက်ရသလို ဆံပင်များပင် ခံထောင်ထသွားသည်။

သူ့အနေဖြင့် အလွန်အမင်း စိတ်ဓာတ် ကျဆင်းသွားသည်။

ရွှေကြုတ်သည် ဟူကျိုးထံတွင် ရှိနေခဲ့သေးလျှင် သူ့အနေဖြင့် ထိုပစ္စည်းကိုပြန်လည်ရယူရန်မှာ လွန်စွာ ခဲယဉ်းလှမည် မဟုတ်ချေ။



ယခု မြို့စားကြီး၏ အမှုထမ်းများက လုယူသွားသည်ဆိုသောအခါ ထိုပစ္စည်းကို ပြန်လည်ရယူရန်မှာ ပို၍ပင်ခက်ခဲသွားလေပြီ။

အမှန်အားဖြင့်ဆိုလျှင်မူ ရွှေကြုတ်သည်သူ့အတွက်အရေးမကြီးလှသော်လည်း ရွှေကြုတ်ထဲမှ ကြေးနီရက်ဖွဲ့လေးမှာ သူ့အတွက် သေရေးရှင်ရေး အရေးကြီးလှပေသည်။

ထိုလူများ၏ လက်ဝယ်သို့ ရွှေကြုတ် ရောက်ရှိသွားသည်နှင့် မည်သည့်နည်းနှင့်မျှ လွယ်လွယ်ကူကူနှင့် ပြန်ပေးလိမ့်မည် မဟုတ်ပေ။

သူက ဟူကျိုးကို မေးလိုက်ပြန်သည်။

'ဦးမှာ ဟူကျိုး၊ ရွှေကြုတ် လုယူသွားတဲ့ လူကို မှတ်မိသလောက် ပြောပြစမ်းပါ'

'ဒီလူကို မှတ်မိရေးအကြောင်း မရှိပါဘူးကွာ၊ သူ့ညာဘက် မျက်ခုံးပေါ်မှာ ဓားဒဏ်ရာကြီးတစ်ချက် ကန့်လန့်ဖြတ် ထင်နေတယ်၊ မင်းပစ္စည်း သူ့လက်ထဲ ပါသွားတယ်'

'ကောင်းပြီလေ၊ ကျုပ် သူ့နောက်ကို လိုက်သွားမယ်လေ... ဦးမှာ၊ ဒီဆေးဘူးဟာ ခင်ဗျားအတွက် အသုံးကျလိမ့်မယ် ထင်တယ်၊ ယူထားလိုက်'

ယန်းစုကျုံးက သစ်ခေါက်ဆိုးဝတ်စုံနှင့် မိန်းကလေးက သူ့ကို ပြန်ပေးထားသော ဝါးကျည်တောက် ဆေးဘူးကလေးကို ဟူကျိုးထံ လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျိုးက သူ့ကို အားထုံ့အားနာကြည့်ရင်း ပြန်ပြောသည်။

'ကျေးဇူးတင်လိုက်တာ မောင်ရင်ရယ်၊ ဒီဆေးဟာ အတွင်းဒဏ်ရာကို ပျောက်ကင်းနိုင်တဲ့ဆေးကွယ့်၊ ဒါကြောင့် ကျုပ်ကျန်ရှုဆီက ခိုးယူခဲ့တာပေါ့၊ ဪ...ဒါထက် မင်း သူတို့နောက် လိုက်သွားမယ်ဆိုရင် သတိဝီရိယနဲ့ သွားပေ! ကွယ်၊ သူတို့သိုင်းပညာအဆင့်က သိပ်မြင့်တယ်၊ မင်းသူတို့ကို အရမ်း သွားမလုပ်ပါနဲ့'

ထိုသို့ ပြောလိုက်ပြီး ဟူကျိုးသည် ဒဏ်ရာ နာကျင်လွန်းသည်မို့ တစ်ဖက်သို့ လူးလှိမ့်လိုက်သည်။

သူ့နောက်ကျောမှ သားရေလိပ်တစ်လိပ် ထွက်ကျသာသဖြင့် ယန်းစုကျုံး ကပျာကယာ ကောက်ယူလိုက်လေတော့သည်။

သားရေလိပ်ကို ရှဉ့်ခွံသားရေဖြင့် ပြုလုပ်ထားခြင်း ဖြစ်ပြီး တစ်ထွာခန့်ရှည်၍ လက်တစ်ဆုပ်စာမျှ အလုံးရှိလေသည်။

သူက သားရေလိပ်ကို ရုတ်တရက်ဖြန့်ကြည့်လိုက်သည်။

သုံးတောင်မျှ ရှည်လျားသော သားရေပြား တစ်ချပ် ဖြစ်သွားသည်။

သားရေပြားပေါ်တွင် ငွေမှင်ဖြင့် ရေးသားဖော်ပြထားသည်။

ထိပ်ဆုံး၌ 'မိစ္ဆာသိုင်းကျမ်း' ဟူသောစာ ရေးထားသည်ကို တွေ့လိုက်ရသည်။



ယန်းစုကျုံးသည် သိုင်းပညာ မဆောက်တစ်ခေါက်တက် ခြောက်ထားသဖြင့် ဤသားရေလိပ်ကလေးသည် တန်ဖိုးရှိသော သိုင်းကျမ်းတစ်ခု ဖြစ်ကြောင်း ချက်ချင်း နားလည်သဘောပေါက်မိပေသည်။

တန်ဖိုး မသိသူထံသို့ ပတ္တမြားရောက်ရှိသွားလျှင်ကျောက်ခဲ တစ်လုံးမျှသာ ထင်မှတ်ထားကြသည်မဟုတ်ပါလော။ မည်သည့် တန်ဖိုးရှိသော အရာမဆိုစွမ်းရည်ကို သိကျွမ်းနားလည်သူ၏လက်၌သာ အဖိုးတန် အရာရောက်ပေသည်။

ယန်းစုကျုံး သားရေလိပ်ကလေးကို ပြန်ပေးရန် လိပ်လိုက်၏။

ဟူကျိုးသည် သံသယမကင်းဟန်ဖြင့် လှည့်ကြည့်လိုက်ရာ သားရေပြားကို ပြန်လိပ်နေသော ယန်းစုကျုံးအား တွေ့မြင်သွားသည်။

'ဟော့...မောင်ရင်၊ အဲဒီပစ္စည်းဟာ ကျုပ်ပိုင်ပစ္စည်းပါ'

ယန်းစုကျုံး တစ်ချက်တွေပြီး စဉ်းစားလိုက်သည်။

အကြံကောင်း ဉာဏ်ကောင်းတစ်ချက်သည် သူ့ဦးခေါင်းထဲသို့ လျှပ်တစ်ပြက် ဝင်လာလေသည်။

'ကောင်းပြီလေ၊ ဒီပစ္စည်းဟာ ခင်ဗျားပိုင် ပစ္စည်းဆိုရင် ကျုပ်ပဲသိမ်းထားလိုက်မယ်၊ ခင်ဗျားဒဏ်ရာပျောက်တဲ့အခါ ကျုပ်ရွှေကြုတ်ကို ရအောင် ပြန်ယူပေးပါ၊ ကျုပ်ပစ္စည်းပြန်ရရင် ခင်ဗျားရဲ့ မိစ္ဆာသိုင်းကျမ်း ဆိုတဲ့ ရှဉ့်သားရေလိပ်ကို ပြန်ပေးမယ်'

ဟူကျိုးက အထိတ်တလန့်ဖြင့် ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့ကွာ၊ ကျုပ်ပစ္စည်း ကျုပ်ကိုပြန်ပေးပါ။ခင်
ရွှေကြုတ်ကို ကျုပ်ဒဏ်ရာတွေပျောက်ရင် ရအောင်ပြန်ယူခ
ပါ့မယ်'

ယန်းစုကျုံး ခေါင်းကို ခါယမ်းကာ ပြန်ပြောလိုက်လေ
သည်။

'ဒါတော့ သည်းခံပါဗျာ၊ ကျုပ်ပစ္စည်း ပြန်ရတဲ့နေ့မှ
ခင်ဗျား ရွှင့်သားရေလိပ်ကိုလဲ ပြန်ပေးပါ့မယ်လို့ ကျုပ်က
ပြောပါတယ်၊ ကဲ....ကျုပ် သွားဦးမယ်'

သူက ပြောပြောဆိုဆိုပင် ဟူကျိုးကိုထားခဲ့ပြီး ထိုနေရာ
ပြေးထွက်သွားလေတော့သည်။

☆

## အခန်း(၁၀)

## အသတ်ခံရသူ

ယန်းစုကျုံးသည်လရောင်အောက်တွင် တစ်ညလုံးအနား
ယူသဲ ခရီးပြင်းနှင်လာခဲ့ရာ နံနက်အရုဏ်မတက်မီ အချိန်
လောက်တွင် မြို့ကလေး တစ်မြို့သို့ ရောက်ရှိလာခဲ့လေတော့
သည်။

အရှေ့ထက်ရန်မှာ ငါးနှစ်ချက်ခေါက်ခန့်အချိန်လောက်
ရှိနေသေးသဖြင့် မြို့ရိုးအပြင်ဘက်တွင် မြို့ရိုးကိုမှီကာ မျက်စိ
စုံမှိတ်ထားလိုက်သည်။

တစ်ညလုံး ပင်ပန်းစွာဖြင့် ခရီးပြင်းနှင်ခဲ့ရသဖြင့်တစ်ခဏအ
တွင်းမှာပင် မှေးခနဲ အိပ်ပျော်သွားလေတော့သည်။

နံနက်အရုဏ်ကျွင်းသည်နှင့် နှင်းထုထဲ သိပ်သည်းစွာ ကျ
ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



လောကဓာတ် တစ်ခုလုံးကို နှင်းဇာလွှာ လွှမ်းခြုံထားသဖြင့် အရာအားလုံးကို မှုန်ဝါးဝါးသာ မြင်တွေ့နေရလေသည်။

သစ်ရွက်သစ်ခက်များ မြက်ခင်းပြင်များပေါ်တွင် နှင်းရည်၊ နှင်းပေါက်များက ပိုးပိုးပေါက်ပေါက် ကျနေသောကြောင့် တဖောက်ဖောက် အသံမြည်နေသည်။

အအေးဒဏ်ကြောင့် ယန်းစုကျုံး နိုးလာသည်။

သူသည် ဝတ်စုံပေါ်သို့ ကျရောက်လာသော နှင်းဇာများကို လက်ဖြင့် သင်ခါချလိုက်ပြီး မြို့ရိုးတံခါးရှိရာသို့ လှမ်းကြည့်လိုက်သည်။

အသင့်ပွင့်နေပြီဖြစ်သော မြို့ရိုးတံတိုင်းကို လှမ်းမြင်လိုက်ရသဖြင့် မြို့ထဲသို့ဝင်သော လမ်းမကြီးအတိုင်း လျှောက်လာခဲ့သည်။

အစာ မစားဘဲ ပြေးလွှားလှုပ်ရှားချိန် များခဲ့သောကြောင့် အူတကြုတ်ကြုတ်ဖြင့် ဆာလောင်မွတ်သိပ်နေခဲ့လေပြီ။

ငါ့ဝမ်းပူဆာ မနေသာတော့သည့် ယန်းစုကျုံးသည် အစားအသောက် ရရှိနိုင်မည့် နေရာကို ရှာဖွေမိလေတော့သည်။

'ဟော...ဟိုဟာ စားသောက်ဆိုင်ပဲ'

ဆိုင်ရှေ့တွင် ခန့်ညားလှပသော မြင်းရထားကြီးတစ်စီး ရပ်ထား၏။



သူသည် ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ ဆိုင်ထဲတွင် လူအသင့်အတင့် ရှိသည်။

သူသည် ဈေးအပေါဆုံး စားစရာ ဖြစ်သည့် ဆန်ပြုတ်ကို မှာယူပြီး သောက်နေ၏။

ထိုသို့ စားသောက်နေရင်းမှလည်း လူမနိုးသိုင်းသမားကြီး ပုက္ကျိုးနှင့် ထင်ခေါက်ဆိုးဝတ်စုံနှင့် မိန်းကလေးကို တွေ့လိုတွေ့ငြား ရှာကြည့်လိုက်သည်။

စားပွဲတစ်လုံးဆီသို့ ကြည့်လိုက်မိသောအခါ သူ့မျက်လုံး အစုံ ပြူးကျယ်သွားရသည်။

ထိုစားပွဲတွင် အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူထွားကြီး လေးငါးယောက်ကို တွေ့လိုက်ရသောကြောင့်တည်း။

ထိုလူ ငါးယောက်သည် စားသောက်ဖွယ်ရာများကို စားသောက်ရင်းမှ အချင်းချင်း တီးတိုး တိုင်ပင်နေကြလည်း။

သူ့စိတ်ထဲတွင် ထိုလူများကို ကြည့်ကာ မသိုးမသန့်ဖြစ်လာသည်။

ထိုလူငါးယောက်သည် မည်သည့် အကြောင်းအရာကို တီးတိုးတိုင်ပင်နေကြလေသနည်း။

ဤစားသောက်ဆိုင်အတွင်း၌ မည်သည့်အရေးကိစ္စများ ဖြစ်နေရလေသနည်း။

ထိုမေးခွန်းနှစ်ခုက သူ့ဦးနှောက်အတွင်းသို့ ချင်းနင်း ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူသည် ထိုလူများ ပြောဆိုနေကြသော စကားများကို နားစွင့်နေလိုက်မိသည်။

သို့သော် ထိုလူများ၏အသံကိုသဲသဲကွဲကွဲကြားရဘဲရှိနေသည်။

ထိုစဉ်မှာပင် အသက်နှစ်ဆယ်ခန့်ရှိသော မိန်းကလေးတစ်ယောက်သည် စားသောက်ခန်းနောက်ဘက်ရှိ စကြံဆီမှ ခပ်သွက်သွက် လျှောက်လှမ်းလာသည်။

အပြာရောင်ဝတ်စုံနှင့် လူသွားကြီးငါးယောက် အနီးသို့ ရောက်သောအခါ မိန်းကလေးက ရပ်တန့်လိုက်ပြီး လူငါးယောက် အနက်မှ ခေါင်းဆောင် ဖြစ်သူဟု ယူဆရသော လူကြီးကို လှမ်းမေးလိုက်သည်။

သူမ၏အသံက သာယာနှံအသံဖြစ်၍ ယန်းစုကျုံး ကောင်းစွာ ကြားရသည်။

* * *

'ဆရာဝမ်....ဒီစားသောက်ခန်းထဲမှာ ဘာတွေ ဖြစ်နေတယ်ဆိုတာ သခင်မလေးက မေးခိုင်းလိုက်တယ်'

မိန်းကလေး၏စကား ဆုံးသည်နှင့် ဆရာဝမ် ဆိုသူသည် ယိုင်ဂနေရာမှထပြီး မိန်းကလေးကို ပြန်ပြောလိုက်သည်။



'ရွှောင်ဖုန်း.... ခုချက်ချင်း သခင်မလေးကို သွားပြီး ပြောစမ်းရင် ခံလိုက်ပါ၊ ညက အမှတ်လေး သူ့အိပ်ခန်းထဲမှာ အသတ်ခံရတယ်'

'ရှင်....'

'ဒီသတင်းကို ခုချက်ချင်း သွားအစီရင်ခံလိုက်ပါ... ဂလောင်းကို သင်္ဂြိုဟ်ပြီးရင် ခရီးဆက်စရာ ရှိတယ်'

'ဟုတ်....ဟုတ်ကဲ့၊ ကောင်းပါပြီ'

ရွှောင်ဖုန်းဆိုသော မိန်းကလေးသည် ချက်ချင်းပင်စကြံလမ်းအတိုင်း နောက်ဘက်ဆီသို့ ပြန်လျှောက်သွားသည်။

ယန်းစုကျုံးသည် ဆရာဝမ် ဆိုသော အဘိုးအိုကိုမြင်ဖူးပါတယ်ဟူသော အကြည့်ဖြင့် သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

သူ ချက်ချင်းမှတ်မိသွားသည်။

ဆရာဝမ်ဆိုသော လူကြီးမှာ ယမန်နေ့က သူ့အား မေးမြန်း ထုတ်ခဲ့သည့် လူကြီး ဖြစ်နေသည်။

ထို့ကြောင့် သူ့ကို တွေ့မြင် မှတ်မိသွားမည် စိုးသဖြင့် ခေါင်းကိုငုံ့ကာ အစားအသောက်များကိုသာ ဂရုစိုက်ရရစားသောက်နေရသည်။

ဆရာဝမ်သည် အနီးရှိလူများအား ဆောင်ရွက်ရမည့်ကိစ္စများကို ညွှန်ကြားသည်။

ကျန်လူလေးယောက်သည် ဆရာဝမ်၏ ညွှန်ကြားချက် ဆုံးသည်နှင့် စားသောက်စားပွဲမှထ၍ အသီးသီး ထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများ ထွက်ခွာသွားလျှင် ယန်းစုကျုံးသည် စားသောက် စရိတ်များကို စားပွဲထိုးထံရှင်းပေးလိုက်ပြီး စားသောက်ဆောင် အနောက်ဘက် စကြံဆီသို့ မဒယာင်မလည် လျှောက်သွား၏။

စားသောက်ဆိုင် အနောက်ဘက်ရှိ အဆောင်မှာ တည်းခိုဆောင် ဖြစ်သည်။

သူသည် အခန်းခန်း အဆောင်ဆောင်ကိုဖြတ်ကျော်ပြီး လျှောက်လာခဲ့ရာ တံခါး ဟပြတဟ ပွင့်နေသော အခန်း တစ်ခန်းကို တွေ့မြင်လိုက်ရသဖြင့် အသာ ချောင်းကြည့်မိသည်။

ခုတင်ပေါ်တွင် လူတစ်ယောက် ပက်လက်အနေအထားဖြင့် ရှိနေပြီး ထိုလူ၏ရင်ဘတ်ပေါ်တွင် သွေးများခြင်းခြင်းနီနေသည်။

ခုတင်ဘေးတွင်မူ အပြာရောင်ဝတ်စုံနှင့် လူတစ်ယောက်မှာ သွေးစွန်းနေသော ဓားမြှောင်ကို လှန်လှော စစ်ဆေးနေသည်။

ထိုစဉ်မှာပင် ခြေသံတစ်ခုကို ကြားလိုက်ရသဖြင့် အခြားတစ်ခန်းဘေးသို့ ပြေး၍ကပ်လိုက်ရသည်။

ခြေသံသည် လူသေအလောင်းရှိရာ အခန်းထဲသို့ရောက်၍သွား၏။

ဓားမြှောင်ကိုစစ်ဆေးသူနှင့် အပြန်အလှန် ပြောနေသည့် စကားသံများကိုလည်း ကြားလာရသည်။



'အမှတ်မြှောက်... ဆရာဝမ်ကို သွားပြောလိုက်ပါ၊ အမှတ်လေးရဲ့ အလောင်းကို ဒီအတိုင်းထားခဲ့ပြီး ခရီးဆက်မယ်လို့ပါ၊ သခင်မဖလားရဲ့ အမိန့်ပဲ'

'ကောင်းပြီ၊ ကျုပ် သွားပြောလိုက်မယ်'

အခန်းတွင်းမှ ခြေသံများ အပြင်သို့ ပြန်ထွက်လာလေသည်။

ယန်းစုကျုံးသည် ပုန်းကွယ်နေသော တံခါးရွက်နောက်မှ ထွက်ခွာသွားသူ နှစ်ယောက်ကို လှမ်းကြည့်လိုက်သည်။

သူတို့အားလုံး ထွက်ခွာသွားတော့မှ သူက အမှတ်လေး၏ အလောင်းကို ဝင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူက ပုန်းကွယ်နေသော တံခါးရွက်နောက်မှ ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် အခြား 'အခန်းတစ်ခန်းထဲမှ နှင်းတွင်းသူ တစ်ဦးပမာ ဝတ်ဆင်ထားသော မိန်းမချော တစ်ဦးသည် စားသောက်ခန်းဘက်ဆီသို့ ခပ်သွက်သွက် လျှောက်သွားသည်ကို မြင်လိုက်ရသဖြင့် ယန်းစုကျုံး ပြန်၍ပုန်းလိုက်ရပြန်သည်။

မိန်းကလေး ပျောက်ကွယ်သွားသောအခါမှ အလောင်းရှိရာ အခန်းထဲသို့ လျှစ်ခနဲ ပြေးဝင်လိုက်ရသည်။ ယန်းစုကျုံးသည် အလောင်းကို အနီးကပ်ကြည့်ရှုသည်။

'ဟာ... သွားပါပြီ'

ယန်းစုကျုံးမှာ လွှတ်ခနဲရေရွတ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့်ဆိုသော် အမှတ်လေး၏ညာဘက်မျက်ခုံးပေါ်တွင် ကန့်လန့်ဖြတ် ဓါးဒဏ်ရာတစ်ချက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

သူသည် အမှတ်လေး၏ အလောင်းကို လှန်လှောရှာဖွေတော့၏။

သို့သော် သူ၏ ရွှေကြုတ်ကိုကား လုံးဝ မတွေ့ရတော့ချေ။

ယန်းစုကျုံးမှာ စိတ်ပျက်သွားတော့သည်။

ထို့နောက် ခုတင်ဘေးတွင်ရပ်ကာ သေချာစွာ စဉ်းစားကြည့်သည်။

ဟူကျုံး ပြောဆိုချက်အရဆိုလျှင် ရွှေကြုတ်ကို ဟူကျုံးထံမှ လုယူသွားသူမှာ အမှတ်လေးဆိုသူပင်ဖြစ်သည်။ ယခုအမှတ်လေးသည် အသတ်ခံခဲ့ရပြီ။

အမှတ်လေး ဆိုသူကို မည်သူသတ်သွားသနည်း။

ရွှေကြုတ်သည်မည်သူ့ထံသို့ ရောက်ရှိသွားလေပြီနည်း။

☆

အခန်း(၁၀)

အကျဉ်းသားတို့ ဘဝ

အမှတ်လေးကို သတ်သူအားရှာဖွေရန်ကိစ္စ အလွန်ခက်ခဲလှသည်။

သို့သော်...

ယေဘုယျအားဖြင့်မူ အမှတ်လေးနှင့် အမြဲတွဲသူသည် အမှတ်လေးကို သတ်သူ ဖြစ်နိုင်သည်။

နောက်ဆုံး အမှတ်လေးကို သတ်သွားသူအား သိမြင်မှတ်မိနိုင်သည်။

ယခု ကျွဲတည်းခိုခန်းတွင် တည်းခိုရာ၌လည်း လူသတ်တရားခံသည် ဝင်ရထွက်ရ လွယ်ကူသော အမှတ်လေး၏ အခန်းနှင့် ကပ်လျက်ရှိသော အခန်းတွင် နေရာယူပေလိမ့်မည်။

အမှတ်လေး၏ အခန်းသည် စင်္ကြံအဆုံးမှ ရေတွက်လျှင် ဒုတိယအခန်းတွင် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဆိုလျှင် ပထမအခန်းနှင့် ဒုတိယအခန်းတွင်နေထိုင်သူ တစ်ယောက်ယောက်သည် အမှတ်လေးကို သတ်၍ ရွှေကြုတ်ကို လုယူသူ ဖြစ်နိုင်ပေသည်။

သူက အခန်းအပြင်ဘက်သို့ ဦးခေါင်း ယှက်ကြည့်ပြီး လှစ်ခနဲ ထွက်လိုက်သည်။

ပြီးလျှင် အခန်းတံခါးကို အသာပြန်ပိတ်ပြီး ကြည့်လိုက်သည်။

အခန်းတံခါးကို ကြည့်လိုက်သောအခါ အမှတ်လေး ဟု ရေးသားထားသည့် စာတန်းကို တွေ့ရသည်။

သူသည် ချက်ချင်းပင် တတိယခန်း၏ တံခါးမှကို ကြည့်လိုက်ပြန်သည်။

တံခါးပေါ်တွင် အမှတ်ခြောက်ဟု ရေးသားထားသည်ကို တွေ့လိုက်ရသည်။

တစ်ဖန် ပထမဆုံးအခန်းဆီသို့ လျှောက်သွားပြန်ကာ အခန်းတံခါးပေါ်ရှိ အမှတ်အသားကို ကြည့်လိုက်ပြန်ပေလသည်။

အမှတ်သုံး... ဟူသော စာတန်းကို တွေ့လိုက်ရပြန်ပေသည်။

ယန်းစုကျုံ့ ကောင်းစွာ ဆုံးဖြတ်နိုင်ပြီဖြစ်သည်။

အမှတ်လေးကို သတ်သူမှာ အမှတ်သုံးသော် လည်းကောင်း၊ အမှတ်ခြောက်သော် လည်းကောင်း ဖြစ်နိုင်ပေလသည်။



သူတို့ မသတ်လျှင်လည်း သူတို့ထံမှ သဲလွန်စ ရနိုင်ပေလသည်။

ထိုစဉ် တစ်စုံတစ်ယောက်၏ ကြီးမားသော လက်ဝါးကြီးက သူ့ပခုံးပေါ်သို့ ကျရောက်လာသဖြင့် အထိတ်တလန့် လှည့်ကြည့်မိလေ၏။

သူ့ပခုံးကို လှမ်းကိုင်လိုက်သူမှာ လမ်းမကြီးပေါ်တွင် တွေ့ခဲ့ရသော ဆရာဝမ် ဆိုသူပင်ဖြစ်နေကြောင်း တွေ့လိုက်ရသည်။

သူ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားသည်။

* * *

'ခင်ဗျား... အား...ဘာလုပ်တာလဲ'

ဆရာဝမ်ဆိုသူက သူ့ကိုလှောင်ပြုံးတစ်ချက်ပြုံးကာ သူ့မေးခွန်းကိုမဖြေဘဲ ပြန်မေးလိုက်သည်။

'မင်း တကယ်လဲ ကျုပ်တဲ့ကောင်မဟုတ်ပါလားကွ၊ ဒီမေးခွန်းအငါမေးရမယ့် မေးခွန်းပါ၊ ကဲ... မင်းကိုငါ မေးလိုက်ဦးမယ် မှင်း ဘာလာလုပ်တာလဲ'

'ကျုပ်...ကျုပ်...'

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘာဆက်ပြောရမည်မသိဘဲ တုန်တုန်ယင်ယင်ဖြစ်နေစဉ်မှာပင် သူ့ပခုံးကို ကိုင်ထားသော ဆရာဝမ်၏ လက်ချောင်းက သူ့ပခုံးတစ်နေရာသို့ နှိပ်ချလိုက်သည်။

သူ့တစ်ကိုယ်လုံး ကုံကျဉ်တောင့်တင်းသွားသည်။

သူ ကောင်းစွာသိလိုက်ရပြီ ဖြစ်သည်။

လောလောဆယ်တွင် သူသည် ဆရာဝမ်၏ အကျဉ်းသား ဖြစ်သွားခဲ့ပေပြီ။

သူက လက်အစုံကို လှုပ်ရှားကြည့်သည်။ မရ။

ကိုယ်အထက်ပိုင်းတစ်ခုလုံး ထုံကျဉ်နေသဖြင့် ခြေထောက်ကို လှုပ်ကြည့်သည်။ လှုပ်ရ ရပါသေး၏လော ဟူသော အတွေးနှင့်။

သို့သော် ခြေထောက်ကိုတော့ လှုပ်၍ရပေသည်။

ဘာသဘောနှင့် အောက်ပိုင်းကို အကြော မပိတ်ရလေသနည်း။

ဆရာဝမ်က သူ့ကိုပြောသည်။

'မင်းကိုငါ ဘာမှမလုပ်ပါဘူး၊ ဒါပေမယ့် မင်းသခင်လေးဆီကို လိုက်ခဲ့၊ ဟိုရောက်မှ သူ့အဆုံးအဖြတ်ကိုမင်းလိုက်နာ၊ ခုတော့ မင်းရဲ့ ကိုယ်အထက်ပိုင်းကို ငါ အကြောပိတ်လိုက်ပြီးပြီ၊ ကဲ....ရှေ့က ကြွ'

ယန်းစုကျုံး ဗည်သို့မျှ မတတ်နိုင်တော့ပေ။

လတ်တလောအနေအထားအရ ဆရာဝမ်၏အမိန့်ကိုနာခံရန်သာ ရှိပေတော့သည်။



သို့သော် သူ ကျေကျေနပ်နပ် နာခံရန် ဆုံးဖြတ်လိုက်သည်။

အကြောင်းမူ သူ့ကို ဖမ်းဆီးထားခြင်းအားဖြင့်အမှတ်လေးကို သတ်သော တရားခံကို စုံစမ်းနိုင်မည် မဟုတ်ပါလော။

သူက တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ဆရာဝမ်၏ရှေ့မှ လျှောက်သွားလိုက်သည်။

လမ်းလျှောက်ရသည်မှာ လက်ကို ဆန့်ဆန့်ကြီး ထား၍ လျှောက်နေရသဖြင့် အားမလိုအားမရ ဖြစ်နေသည်။

ဆရာဝမ်၏ အကြောပိတ်ပညာကို စိတ်ထဲမှ ချီးမွမ်းလိုက်သည်။

မကြာမီတွင် စားသောက်ဆိုင်ရှေ့ သူတို့ နှစ်ယောက် ရောက်လာသည်။

စားသောက်ဆိုင်ထဲသို့ ဝင်ကာစက မြင်ခဲ့ရသည့် မြင်းရထားသို့ လျှောက်လာသည်။

ပြတင်းပေါက်တွင် လမင်းကဲ့သို့ဝိုင်းဝိုင်းစက်စက်နှင့်လှပသော မျက်နှာကလေးတစ်ခုကို လှမ်းတွေ့ရသည်။

ထိုနေ့ကလေးသည် အနောက်ဘက် အဆောင်အတွင်းမှ ပပ်သုတ်သုတ် ထွက်သွားသည့် နှန်းတွင်းဝတ်စုံ ဝတ်ထားသည့် မိန်းကလေးပင်တည်း။

မြင်းရထားထဲတွင် အခြားမိန်းကလေးတစ်ဦး ရှိသေးသည်။ ထိုသူကား အခြေအရံ ချောင်ဖုန်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



နန်းတွင်းဝတ်စုံဝတ် မိန်းကလေးမှာ နတ်မိမယ်တမျှလှပသည်မှာ မှန်သော်လည်း သူမ၏ အရောင်တဖိတ်ဖိတ် လက်နေသော မျက်လုံးအစုံတွင် ခက်ထန်ခြင်း၊ မာနကျောခြင်း၊ ရက်စက်ခြင်း ဟူသော လက္ခဏာများကို တွေ့လိုက်ရသဖြင့် ယန်းစုကျုံး ကျောချမ်းသွားသည်။

ဆရာဝမ်က....

ထိုစဉ်မှာပင် ဆရာဝမ်က ရှေ့သို့ ကျော်တက်လိုက်ပြီး ရထားထဲမှ မိန်းကလေးကိုလက်နှစ်ဖက်ဆုပ် ဂါရဝပြုလိုက်သည်။

'သခင်မလေး....သူ့ကိုကျွန်တော် အမှတ်လေးအခန်းထဲမှာ တွေ့လို့ ခေါ်လာတယ်'

သခင်မလေး ဆိုသူထံမှ လေသံခပ်ပြတ်ပြတ် ပေါ်ထွက်လာသည်။

'ကောင်းပြီ....ဝမ်ယု၊ ခရီးထွက်ဖို့ပြင်၊ သူ့ကိုမြင်းတစ်ကောင်ပေါ်တင်ပြီး ခေါ်လာခဲ့၊ နောက်မှရှင်းမယ်'

'ကောင်းပါပြီ သခင်မလေး'

ဆရာဝမ်(ခေါ်) ဝမ်ယုဆိုသူသည် ယန်းစုကျုံး၏ ခါးကြော့ဆီသို့ လက်ညှိုးဖြင့်တစ်ချက်ထောက်လိုက်သည်။ ယန်းစုကျုံးမှာ မြေပြင်ပေါ်တွင် ခွေလဲသွားသည်။

ပြီးမှ ပခုံးကြောကိုလက်ညှိုးဖြင့် ထောက်လိုက်ပြန်သည်။ ခဏအကြာတွင် သူ့အထက်ပိုင်းမှာ လှုပ်လှုပ်ရှားရှားပြုလုပ်လာနိုင်သည်။



'ဟေ့....ချာတိတ်၊ မင်းတို့နဲ့လိုက်ခဲ့ရမယ်၊ မင်းမြင်းစီးလို့ရအောင် မင်းခန္ဓာကိုယ်အထက်ပိုင်း အကြောတွေ ပြန်ဖွင့်ပေးလိုက်ပြီ၊ ဒါပေမယ့် မင်း ပြေးလို့မရအောင်တော့ မင်းအောက်ပိုင်းအကြောတွေ ပိတ်ထားတယ်၊ မင်း ကောင်းကောင်းမွန်မွန် လိုက်ခဲ့'

ဆရာဝမ်သည် ပြောပြောဆိုဆို ယန်းစုကျုံး၏ အင်္ကျီကုပ်ပိုးကို ဆွဲမ၍ လိုက်သည်။

သူ၏ခန္ဓာကိုယ်မှာ ဆရာဝမ်၏ လက်ထဲတွင် ရှပ်သေးရှပ်ကလေးတစ်ရှပ်လို ပါလာသည်။

ဆရာဝမ်က အနီးရှိလွတ်နေသောမြင်းတစ်ကောင်ပေါ်သို့ ပစ်တင်ပေးလိုက်သည်။

ခဏအတွင် တည်းခိုခန်းနောက်မှ မြင်းရှစ်ကောင် ပြေးထွက်လာသည်။

မြင်းပေါ်တွင် အပြာရောင်ဝတ်စုံနှင့်လူရှစ်ယောက်လိုက်ပါလာသည်။ သူတို့အားလုံး လူသန်ကြီးများသာ ဖြစ်ကြသည်။

မြင်းရှစ်ကောင် အနက်မှ လေးကောင်မှာ မြင်းရထားပေါ်မှ ထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နောက်မှ မြင်းလေးကောင်က သော မြင်းရထားကြီးလိုက်၍ လိုက်ပါသွားသည်။ ထိုရထားနောက်မှ ယန်းစုကျုံး၏မြင်းက လိုက်ပါရသည်။

နောက်ဆုံးတွင် ဆရာဝမ်နှင့်အတူ အခြား မြင်းလေးကောင်က လိုက်ပါလာသည်။

လမ်းဘေးဝဲယာရှိ လမ်းသွားလမ်းလာများမှာထည်ဝါခန့်ညားသော မြင်းရထားကြီးကို တအံ့တသြလှမ်းကြည့်နေကြကြောင်း ယန်းစုကျုံး သတိပြုမိခဲ့လေ၏။

## အခန်း(၁၂)

## ညှော်ခံသောအရက်

ရှေ့မှ မြင်းညိုကြီးလေးကောင်က တစ်ဖက်နှစ်ကောင်စီ ရှေ့နောက် တန်းစီလျက်။

သူတို့နောက်မှ မြင်းလေးကောင်က သော မြင်းရထားလုံး။

ထို့နောက် အလှဆင်မ၏အညာတရအကျဉ်းသား ယန်းစုကျုံး။

နောက်ဆုံးတွင် ဝမ်ယုနှင့် သူ့တပည့်လေးယောက် မြင်းညိုကြီးငါးကောင်ဖြင့် လိုက်ပါလာကြသည်။

တစ်မနက်လုံး တစ်တောဝင် တစ်တောင်တက် ခရီးမြင်းနှင်ခဲ့ကြရာ နေမွန်းတည့်ချိန်လောက်တွင် စန်းတုန်းနယ်၏ ထိပ်ကမ်းမြို့တစ်မြို့ဖြစ်သော ယန့်ထိုင်မြို့သို့ ရောက်ရှိလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံး အလွန်အမင်း စိတ်ပျက်သွားမိသည်။

သူ သွားလိုသည်မှာ စင်နန်မြို့။

စင်နန်မြို့သည် စန်းတုန်ပြည်နယ်၏ အလယ်ဗဟိုလောက်တွင် ရှိသည်။

ထိုမှတစ်ဖန် စန်းတုန်တောင်တန်း ရှိရာသို့ ခရီးဆက်ရမည်။

ယခု သူတို့ရောက်ရှိနေသည်က စန်းတုန်ပြည်နယ်၏အနောက် ဘက် အစွန်အဖျား။ အရှေ့ပင်လယ်၏ ဆိပ်ကမ်း မြို့တမြို့ ဖြစ်နေသည်။

သူ သွားရမည့်ခရီးနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။

* * *

ယန်ထိုင်မြို့သို့ သူတို့ ဝင်မိကြလျှင် ရှေ့ဆုံးမှ မြင်းပေါ်ရှိ သမားက ဝမ်ယုကို လှမ်း၍ အမိန့်ပေးလိုက်သည်။

'ဟေ့...အမှတ်ခြောက်၊ တို့ ဒီမှာ မနက်စာစားမယ်၊ သာ မှတ်ထားတဲ့ စားသောက်ဆိုင်ကိုသွား'

'ကောင်းပါပြီ ဆရာကြီး'



အမှတ်ခြောက်က ထိုသို့ပြောကြားလိုက်ပြီး ယန်ထိုင်မြို့တွင် အသားနားဆုံးဟု ထင်ရသော 'ရွှေရုပ်လှ' စားသောက်ဆိုင် ခြံဝင်းသို့ ဝင်လိုက်ကြသည်။

ခြံဝင်းသို့ရောက်လျှင် မြင်းများပေါ်မှ အသီးသီး ခုန်ဆင်းလိုက်ပြီး မြင်းများကိုမြင်းချည်တိုင်များတွင်ချည်နှောင်လိုက်သည်။

ဝမ်ယုသည် မြင်းပေါ်မှ ယန်းစုကျုံးကို ခပ်ကြမ်းကြမ်း ဆွဲချပြီး လက်ညှိုးဖြင့်ထောက်၍ အကြောများကို ဖြေပေးလိုက်၏။

'မင်း လှုတ်လှုတ်လပ်လပ် လှုပ်ရှားနိုင်အောင် အကြောအားလုံး ဖွင့်ပေးလိုက်ပြီ၊ ပြေးမယ်တော့ မကြံနဲ့၊ ပြေးလို့ပြန်မိရင်အော့ အခုလိုမှစ်စ်ဆေးမနေတော့ဘူး၊ တစ်ခါတည်းကိစ္စတုံးအောင် လုပ်ပစ်လိုက်မယ်'

ယန်းစုကျုံးက ခေါင်းညိတ်ပြ၏။

'ကျုပ်က ခင်ဗျားတို့လောကမှ သိုင်းပညာ မတတ်ဘဲဗျ၊ ခင်ဗျားတို့ ခွင့်မပြုဘဲ မပြေးဝံ့ပါဘူး'

'ကောင်းတယ်၊ အေးအေးဆေးဆေးနေတတ်ရင် မင်း အေးကောင်းမယ်၊ အခြေအနေ ကြည့်ပြီး လိုက်ခဲ့ပေတော့'

မြင်းမှုလုံးကောင် က သောရထား ရပ်တန့်လိုက်သော အခါ မြင်းရထားတံခါး ပွင့်ထွက်သွားပြီး ရှောင်ဖုန်းက ရှေ့မှဆင်းလာသည်။ ပြီးလျှင် တံခါးကို ကိုင်ကာ ရပ်တန့်နေလိုက်သည်။

သူ့နောက်တွင်မှ သခင်မလေး ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ယုသည် ရှေ့ဆုံးမှ ဦးဆောင်ပြီး ဝင်လာသည်။

သူ့နောက်မှ သခင်မလေးနှင့် ရှောင်ဖုန်းတို့ လိုက်ပါလာသည်။

ကျန်လူ အားလုံးက သူတို့နောက်တွင် လိုက်ပါလာလေသည်။

စားသောက် ခန်းမတွင်းသို့ ရောက်သည်နှင့် သန့်ပြန့်သော စားပွဲကြီး သုံးလုံး ခင်းကျင်းထားသည်ကိုတွေ့လိုက်ရသည်။

စားပွဲပေါ်တွင် စားသောက်ဖွယ်ဟင်းလျာများမှအငွေ့တထောင်းထောင်းထကာ အမွှေးနံ့များကလည်း တစ်ခန်းလုံး ပျံ့လွင့်နေသည်။

ထိုစားသောက်ပွဲများမှာ ကြိုတင်စီစဉ်ထားသော စားသောက်ဖွယ်ရာများ ဖြစ်မည်ဟု ခန့်မှန်းမိသည်။

ဝမ်ယုသည် သခင်မလေး ဆိုသူကို ဦးဆောင်၍ ထိပ်ဆုံးတွင် ရှိနေသော စားသောက်စားပွဲဆီသို့ ခေါ်ဆောင်သွားသည်။

သခင်မလေးနှင့် ရှောင်ဖုန်းသည် ထိုစားသောက် စားပွဲတွင် နေရာယူလိုက်ကြသည်။

စားသောက်ဆိုင်မှ အထူးစီစဉ်ထားသည်ဟု ထင်ရသော စားပွဲထိုး အမျိုးသမီး လေးယောက်သည် ဝတ်စုံဖြူများကို ဝတ်ဆင်ထားပြီး စားသောက်စားပွဲ၏ ထောင့်လေးထောင့်တွင် ယပ်ခတ်ပေးနေသည်။



ကျန်လူများသည် စားပွဲတစ်လုံးစီတွင် ငါးယောက်စီ ဝင်ရောက် နေရာယူလိုက်ကြသည်။

ယန်းစုကျုံးအနေဖြင့် ယခု အသက်နှစ်ဆယ်ပြည့်မြောက်ပြီး ဖြစ်သော်လည်း ဤမျှ ဟင်းလျာ စုံလင်သော စားသောက်ပွဲကို တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးခဲ့ပေ။

စားသောက်ဖူးရန်ကား ဝေလာဝေး။ အခြားသူများ စတင်စားသောက်သည်နှင့် အငတ်ငတ် အပြတ်ပြတ် ဖြစ်နေခဲ့သည့် ယန်းစုကျုံးလည်း စားသောက်သည်။

သူ စားသောက်ပုံမှာ ဣန္ဒြေရသဖြင့် ဝမ်ယုသည် ယန်းစုကျုံးအား မည်သို့မျှ ထားမြစ်ခြင်း မရှိပေ။ ဝမ်ယု၏ သဘောထားကြီးမှုကြောင့် ယန်းစုကျုံး အာဟာရ ပြည့်ဝဟင်းခွင့် ရခဲ့ရသည်။

ယန်းစုကျုံးသည် စားသောက်ပြီးသည်နှင့် နှုတ်ခမ်းတွင်း ဝတ်စုံ ဝတ်ဆင်ထားသည့် မိန်းကလေးကို တစ်ချက်လှမ်းပြီး အကဲခတ်ကြည့်လိုက်သည်။

သခင်မလေးသည်လည်း စားသောက်ပြီးစီးနေပြီ ဖြစ်ကြောင်း တွေ့လိုက်ရသည်။

ထိုစဉ် သခင်မလေး၏ မျက်လုံးများသည် ယန်းစုကျုံးထံသို့ ရောက်ရှိလာ၏။

သူမ၏အကြည့်က စူးစူးရဲရဲ နိုင်လှ၏။

မျက်လုံးမှ တောက်ပသော အရောင်က တဖိတ်ဖိတ် လက်နေသဖြင့် ယန်းစုကျုံးသည် ကြာကြာရင်ဆိုင်မကြည့်ရဲတော့ဘဲ မျက်နှာကို လွှဲဖယ်ပစ်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် သခင်မလေးသည် ဝမ်ယုကို လှမ်းခေါ်လိုက်သဖြင့် ဝမ်ယုသည် စားပွဲမှ ကပျာကယာ ထသွားလိုက်သည်။

'ဝမ်ယု...ဟို ဖမ်းလာတဲ့ ညစ်ပေပေ ကောင်လေးကို နည်းနည်းပါးပါး စစ်ဆေးကြည့်လိုက်စမ်း'

'ကောင်းပါပြီ သခင်မလေး'

ဝမ်ယုသည် ထိုသို့ပြောဆိုပြီးနောက် ထမင်းစား စားပွဲဆီသို့ ပြန်လျှောက်လာသည်။

စားပွဲသို့ ပြန်ရောက်လာသောအခါ ယန်းစုကျုံးကို တစ်ချက်ကြည့်လိုက်ပြီး စတင်မေးမြန်းတော့သည်။

* * *

'ဟေ့...သူငယ်၊ မင်းနာမည် ဘယ်လိုခေါ်လဲ'

'ကျွန်တော့်နာမည် ယန်းစုကျုံး'

'မင်း အမှတ်လေးကို သိသလား'

ယန်းစုကျုံးက တစ်ခဏမျှ စဉ်းစားလိုက်ပြီး ပြန်ပြောလိုက်လေသည်။



'သူ့ကို အစတုန်းက ကျွန်တော် မသိပါဘူး၊ သိတာ မကြာသေးပါဘူး'

'ဘယ်ကစပြီး သူနဲ့သိတာလဲ'

'ကျွန်တော့်ဆီက ပစ္စည်းတစ်ခုကို လုယူသွားတယ်၊ အဲဒီပစ္စည်းဟာ ကျွန်တော့်အတွက် အင်မတန် အရေးကြီးနေတယ်၊ ဒါကြောင့် သူ့နောက် လိုက်နေရင်းက သူနဲ့ သိခဲ့ရတာပါ'

ဝမ်ယုက သူ့ကို အကဲခတ်ကာ မေးလိုက်ပြန်သည်။

'နေစမ်းပါဦး.... မင်း ပစ္စည်းက ဘာပစ္စည်းမို့ ဒါလောက် အရေးတကြီး လိုက်ရှာနေရတာလဲ'

ယန်းစုကျုံးသည်ပထမသော် ရွှေကြုတ်နှင့် ကြေးနီလက်ဖွဲ့လေး အကြောင်းကို အမှန်အတိုင်း ဖွင့်ပြောမည်ဟု ကြံရွယ်ပြီးမှ ရှဉ့်ခမွှးသားရေဖြင့် ရေးသားထားသောမိစ္ဆာဂိုဏ်းအိ သိုင်းကျမ်းစာကို သတိရသွားသည်။

ထို့ကြောင့် သူက တမင် လိမ်လည်၍ ပြောလိုက်၏။

'ကျွန်တော် ပျောက်သွားတဲ့ ပစ္စည်းလေးက ရှဉ့်မွှေး သားရေလေး တစ်ချပ်ပါ'

'ဟေ...ရှဉ့်ခမွှးသားရေ...ဟုတ်လား၊ ရှဉ့်သားရေက ဘယ်လောက်တန်ဖိုးရှိလို့လဲ'

'ရှဉ့်ခမွှးသားရေက ဘာမှ တန်ဖိုးမရှိပါဘူး၊ ဒါပေမယ့် ဒီသားရေက နယ်နယ်ရရသားရေ မဟုတ်ပါဘူး'

'အောင်မာ...နယ်နယ်ရရ သားရေ မဟုတ်ရင် ဘာ သားရေလဲကွ'

www.burmeseclassic.com

www.burmeseclassic.com



'မိစ္ဆာသိုင်းကျမ်း ဆိုတဲ့ သားရေလေ'

'ဗြင်....'

ဝမ်ယုသည် 'မိစ္ဆာသိုင်းကျမ်း'ဟူသော စကားကို ကြား လိုက်ရလျှင် မျက်နှာပျက်သွားရသည်။

ယန်းစုကျုံးက သခင်မလေးကိုလည်း အမှတ်မထင်လှမ်း ကြည့်လိုက်သည်။

သခင်မလေး သာမက ရှောင်ဖုန်းအပါအဝင် အခန်း ထဲရှိ လူအားလုံး မျက်နှာပျက်နေသည်ကို တွေ့ရှိလိုက်ရ သည်။

ယန်းစုကျုံးသည် သူနှင့် အတူရှိနေသော ဝမ်ယုသည် လည်းကောင်း၊ သူ့အဖွဲ့ဝင်များသည် လည်းကောင်း၊ သခင်မလေး ဆိုသူသည် လည်းကောင်း၊ နောက်ဆုံးအဆင့် သခင်မလေးအနီးတွင် ရှိနေသော ရှောင်ဖုန်း ဆိုသော မိန်းကလေးသည် လည်းကောင်း သိုင်းပညာအဆင့်မြင့်သူ များ ဖြစ်ရမည်ဟု ခန့်မှန်းလိုက်နိုင်လေသည်။

ထို့ပြင် ရှောင်ဖုန်းမှ အပ ကျန်လူအားလုံး၏ မျက်နှာ သည် တင်းမာလာသည်ကိုလည်း အံ့ဩဖွယ်ရာ တွေ့လာရ သည်။

ရက်စက် ကြမ်းကြုတ်မည့် အရိပ်လက္ခဏာများက သူ တို့ မျက်နှာများတွင် အထင်းသား ပေါ်လွင်နေလေသည် တကား။



'မိစ္ဆာသိုင်းကျမ်း' ဟူသော စကားလေး တစ်ခွန်းကို ကြားရရုံဖြင့် အဘယ်ကြောင့် ဤမျှ အထိတ်တလန့် ဖြစ်သွား ရလေသနည်း။

ထို မိစ္ဆာဂိုဏ်း၏ သိုင်းကျမ်းသည် သိုင်းလောကတွင် [illegible]ည်မျှအထိ အဆင့်မြင့်မားလေသနည်း ဟူ၍လည်း စဉ်းစား [illegible]နိုသည်။

သူ့အနေဖြင့် အမျိုးမျိုး တွေးတော စဉ်းစားနေမိ သော်လည်း တိကျရေရာသော အဖြေ တစ်စုံတစ်ရာ ပေါ် လာခဲ့ပေ။

ဝမ်ယုသည် ရုတ်တရက် ထိုင်ရာမှထလိုက်သည်။

ပြီးလျှင် အရက်အိုးထဲမှ အရက်တစ်ခွက်ကို ငှဲ့ထည့်လိုက် သည်။

ထို့နောက် အရက်ခွက်ကို ယန်းစုကျုံးရှေ့သို့ ချကာ ပြောလိုက်သည်။

'မင်း ပျောက်သွားတဲ့ ပစ္စည်းဟာ မင်းပြောတဲ့အတိုင်း မှန်ပါလား'

'ကျွန်တော် ဦးလေးကို ဘာကြောင့် လိမ်ပြောရမှာ လဲ....'

ထိုစဉ်မှာပင် အမှတ်ခြောက် ဆိုသူသည် သူ့ရှေ့တွင် ရှိ သော အရက်ခွက်ထဲသို့ လက်ညှိုးနှင့် မှေ့လိုက်သည်။

တစ်ခဏအတွင်းမှာပင် ဆွတ်ဆွတ်ဖြူနေသော အရက် များသည် သပြေသီးမှည့်ရောင်သန်းသွားသည်။ အရက်ခွက်

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ သင်းပျံ့မွှေးထုံသော အမွှေးနံ့ တစ်ခုက သူ့နှာခေါင်းတွင်းသို့ တိုးဝင်လာသည်။

အမှတ်ခြောက်သည် အရက်ခွက်ကို ကိုင်လျက် ယန်းစုကျုံးကို လှမ်းပေးရင်း ပြောလိုက်သည်။

'ကဲ....မင်း ပျောက်သွားတယ် ဆိုတဲ့ မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်းစာ ရေးထားတယ်ဆိုတဲ့ ရှဉ့်မွှေးသားရေဟာ မကြာခင် ပြန်ရမှာပေါ့ကွာ၊ မင်းလဲ ဟော်တော်ပင်ပန်းနေပြီ၊ ဦးနှောက်ကြည်လင်စေတဲ့ ဆေးမြစ်နဲ့ စိမ်ထားတဲ့ အရက်တစ်ခွက်လောက် သောက်လိုက်'

ယန်းစုကျုံးသည် သူ့ပစ္စည်း ပြန်ရမည်ဆိုသဖြင့် အလွန်ဝမ်းသာသွားသည်။

သူ့ထံသို့ ကမ်းပေးသော အရက်ခွက်ကို လှမ်းယူရန်း အမှတ်ခြောက်ကို ပြုံးရွှင်ချိုသာစွာ ပြန်မေးလိုက်သည်။

'ဦးလေး တကယ်ပြောတာနော်၊ ဘယ်တော့ ပြန်ရမှာလဲ'

'မင်းကို ဦးလေး ဘာလို့လိမ်ရမှာလဲကွ၊ မင်းရဲ့ မိစ္ဆာသိုင်းကျမ်းဟာ တို့ထက် အဆင့်အတန်း အများကြီး နိမ့်ကျပါတယ်၊ တို့အတွက် ဘာမှအသုံးမဝင်ပါဘူး၊ ဒီတော့ မင်းပစ္စည်း မင်းကို ပြန်ပေးရမှာပေါ့'

'ဟာ....ဝမ်းသာလိုက်တာ ဦးလေးရယ်'

ယန်းစုကျုံးသည် ပြောရင်းဆိုရင်းမှ အရက်ခွက်ကို တစ်ချက် နမ်းကြည့်လိုက်သည်။



အရက်ခွက်ထဲမှ မွှေးပျံ့သင်းထုံသောအနံ့ အသက်သည် သူ့ကို သောက်သုံးရန် အတင်းရော အမွှပေါ် ဖိတ်ခေါ်နေသကဲ့သို့ ရှိနေသည်။

သခင်မလေး အပါအဝင် အားလုံးသော အဖွဲ့သားများသည် သူ့ကို တည်ငြိမ်စွာ ငေးစိုက်ကြည့်နေသည်။

ယန်းစုကျုံးသည် အရက်ခွက်ကို မော့သောက်ရန် ဟန်ပြင်လိုက်၏။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## အကျဉ်းသား၏ ကယ်တင်ရှင်

'မသောက်နဲ့'

အသံသည် တိုးညင်းသော်လည်း ပြတ်သားစွာထွက်ပေါ်လာသည်။

ယန်းစုံကျုံးသည် အရက်ခွက်ကို မသောက်ဖြစ်တော့ဘဲ အသံလာရာ တံခါးမကြီးဆီသို့ လှည့်ကြည့်၏။

တံခါးမတွင် အသက်ငါးဆယ်ခန့် အရွယ်ရှိ၍ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများ ကျိုးတိုးကျဲတဲ ပေါက်ရောက်နေသော အဘိုးအိုတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုအဘိုးအိုလက်ထဲတွင် ဝါးဖြင့်ပြုလုပ်ထားသောရေဘူးတောင်းလေး တစ်လုံးကို ကိုင်ဆောင်ထားသည်။

အဘိုးအို၏ အဝတ်အစားများမှာ ညစ်ပတ် ပေရေနေ၏။



လည်ပင်းတွင် ကွမ်းသီးလုံးမျှလောက်ရှိသော စိပ်ပုတီးတစ်ကုံးကို ဆွဲထားသည်။

သာမန်ကြည့်ရုံမျှနှင့်ပင် အရူးကြီးတစ်ယောက်နှင့်တူနေသည်။

ထိုအဘိုးအိုသည် အခန်းထဲသို့ တစ်လှမ်းချင်း ဝင်လာသည်။

သခင်မလေး အပါအဝင် သူ့လူများသည် သူရူးနှင့်တူသော ထိုအဘိုးအိုကို မြင်လိုက်ရသောအခါ မျက်နှာပျက်သွားကြသည်။

အဘိုးအိုသည် စားပွဲဝိုင်းသုံးဝိုင်း၏ အလယ်လောက်သို့ ရောက်လာသည်။

သခင်မလေး ဆိုသူ၏ မျက်နှာမှာ တဖြည်းဖြည်း တင်းမာ ခက်ထန်လာသည်။

ဒေါသလှိုင်းများ သူ့မျက်လုံးအိမ်တွင် တဖွေ့ဖွေ့ ရစ်သိုင်းလာသည်။

အမှတ်ခြောက်သည် တဟားဟားရယ်ရင်း အဘိုးအိုရှေ့သို့ လျှောက်လာသည်။

ပြီးလျှင် ယန်းစုံကျုံးရှေ့တွင် ချထားသော အရက်မှုက်ကို သူရူးအဘိုးအိုကို လှမ်းပေးရင်း ပြောလိုက်သည်။

'ကဲ… အဘိုးကြီး၊ ခင်ဗျားဟာ စေတနာ ဝန်ထမ်း အကျိုးဆောင် တစ်ယောက် ဆိုတာ ခုမှပဲ ကျုပ်တို့ သိတော့တယ်၊ ရော့… အမောပြေ အရက်ကလေး တစ်ခွက်လောက် မသောက်လိုက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် အမှတ်ခြောက် ကမ်းပေးသော အရက်ခွက်ကို ယူ၍မော့လိုက်၏။

အမှတ်ခြောက် အလွန်အမင်းသဘောကျကာ ပြောလိုက်သည်။

'အဘိုးကြီး....ခု ခင်ဗျား သောက်လိုက်တာ အဆိပ်နဲ့ ရောထားတဲ့ အရက်တွေပဲ၊ သူများကို မသောက်နဲ့ တားမြစ်ပြီးတော့ ခင်ဗျားကျတော့ ရဲရဲဝံ့ဝံ့ သောက်ရဲတာကို ကျုပ် ချီးကျူးပါတယ်၊ ဟား....ဟား....ဟား'

အဘိုးအိုသည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ သူ့ပါးစပ်ကို ဟားခနဲ ဟလိုက်ရင်းက သူ့ အာခေါင်အတွင်း၌ ငုံရှိုးသာ ငုံထားသော အရက်များကို အမှတ်ခြောက်၏ မျက်နှာပေါ်သို့ ဖူးခနဲ မှုတ်ထုတ်လိုက်သည်၊

'အား....'

အမှတ်ခြောက်၏ ကျယ်လောင်စူးရှစွာ အော်သံတစ်ချက်ကို ကြားလိုက်ရပြီး သူ့ခန္ဓာကိုယ်ကြီးသည် နောက်သို့ ပက်လက် လန်ကျသွားသည်။

သူ့မျက်နှာပေါ်မှ အဆိပ်ရည်များသည် နှာခေါင်းဝမှ တစ်ဆင့် ဝမ်းထဲသို့ ကျသွားသည်။

အမှတ်ခြောက်၏ ကိုယ်လုံးကြီးသည် အဆိပ်ဒဏ်ကို မခံနိုင်ဘဲ ကြမ်းပြင်ပေါ်တွင် ခဏမျှ လူးလှိမ့်ကာ ငြိမ်ကျသွားသည်။

ခဏအကြာတွင် သူ့ပါးစပ်နှင့်နှာခေါင်းမှ သွေးစများ ယိုစီးထွက်လာသည်။



ဝမ်ယုသည် အမှတ်ခြောက်၏လက်ကောက်ဝတ်ကိုသေ့ ပြီး စမ်းကြည့်လိုက်ပြီး စိတ်မသက်မသာဖြင့် ခေါင်းခါပြလိုက်သည်။

အမှတ်ခြောက် အသက်မရှိတော့ပြီ။

သူရှူးဟန် ပေါက်နေသောအဘိုးအိုသည် အမှတ်ခြောက်၏ အလောင်းကို ငေးစိုက်ကြည့်လိုက်ပြီး ပြောသည်။

'မင်းဟာ သူများတကာတွေကို မင်းရဲ့ ပြင်းထန်တဲ့ ပန်းကစ်ထောင် အဆိပ်နဲ့ သတ်ဖြတ်လာခဲ့တာ၊ ခုတော့ မင်းဝဋ်လည်ပြီ မဟုတ်လား၊ ဟား....ဟား....ဟား'

ထိုစဉ်မှာပင် သခင်မလေး ဆိုသူသည် သူရှူးဟန် ပေါက်နေသော အဘိုးအိုထံသို့ လှစ်ခနဲ ခုန်ဝင်ကာ လက်ဝါးဖြင့် ကျောပ်ဘတ်ကို တွအားလွှဲရိုက်ချလိုက်သည်။

သူရှူးအဘိုးအိုသည် အမှတ်ခြောက်ကိုသာအာရုံစိုက်နေသဖြင့် သခင်မလေး၏ လှုပ်ရှားမှုကို ဂရုမပြုမိဘဲ ရှိနေသည်။

ထို့ကြောင့် သူ့အနေဖြင့် လုံးဝ ရှောင်တိမ်းခြင်း မပြုနိုင်လိုက်ဘဲ ရပ်နေသောနေရာမှ လေးငါးတောင်ခန့် အကွာသို့ လွင့်စဉ်ကျသွားသည်။

ယန်းစုကျုံးသည် သခင်မလေး၏ လက်ဝါးရိုက်ချက်ကို မျက်မြင်ဒိဋ္ဌ တွေ့လိုက်ရသောအခါ မျက်လုံးအစုံ ပြူးကျယ်သွားရသည်။

လွန်စွာ နုံနယ်လှပသော မိန်းကလေးသည် မိမိထက် ကြပ်အား အဆပေါင်းများစွာ မြင့်သော အဘိုးအိုကို လက်

www.burmeseclassic.com

www.burmeseclassic.com



ဝါး ရိုက်ချက် တစ်ချက်တည်းဖြင့် လွင့်စဉ်သွားအောင်ပို ချလိုက်နိုင်သောကြောင့် သခင်မလေး၏ သိုင်းပညာ လှန်စွာ ထိတ်လန့်ကြောက်ရွံ့ ားမိရလေသည်။

ယန်းစုကျုံးသည် ဤသို့ တွေဝေရင်း ကြာရှည်စွာ မနေပါ။

သူ့အသက်ကို ကယ်တင်ခဲ့သည့် အဘိုးအိုအား ပြ ေးမသည်။

သူ မမေးမခင်မှာပင် အဘိုးအိုက ခုန်ထလာ၏၊

'ဟင်...ဘဘ၊ ဘာမှမဖြစ်ဘူးလား'

အဘိုးအိုသည် မည်သည့်စကားမျှ မပြောဘဲ သူ့ တောက်ဝတ်ကို ဖမ်းဆွဲကာ လေးညှို့မှ လွှတ်သော ၏ကဲ့သို့ ဆိုင်ထဲမှ တင်းဟုန်ထိုး ပြေးထွက်သွား၏။

အဘိုးအို၏ ကိုယ်ဖော့ပညာမှာလည်း အံ့မခန်းလေ အောင် အဆင့်မြင့်မားလှသည်။

သူ့ခြေထောက်များမှာ မြေကြီးကို တစ်ချက် နှစ်ချ သာ ထောက်ပေးရသည်။

ကျန်အပိုင်းမှာ အဘိုးအိုက တစ်ရှိန်ထိုး ဆွဲခေါ် အသင့်လိုက်သွားရုံသာ သွားပေးရသည်။

ဝါးတစ်ချက်ခေါက် အချိန်လောက် မရပ်မနား ပြ တော့မှ အဘိုးအိုက ရပ်တန့်လိုက်သည်။

ယန်းစုကျုံးမှာ ကိုယ်တိုင်ပြေးရခြင်းမဟုတ်သော် ပြ ပေါပန်းနေသည်။



ဘိုးအိုကို ကြည့်လိုက်သောအခါတွင်မူ သူ အလွန် ပ်း အံ့ဩသွားရသည်။

ကြောင်းဆိုသော် ဤ ဘိုးအိုသည် ဝါးတစ်ချက်ခေါက် မျှလောက် ပြေးလွှားခဲ့ပြီး ဖြစ်သော်လည်း ချွေးစက် ား တစ်ပေါက်မျှပင် ထွက်မလာသောကြောင့် ဖြစ် ။

ဖွယ်အဘိုးအိုပင်တည်း။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

### မိစ္ဆာသိုင်းကျမ်း ရာဇဝင်

အဘိုးအိုသည် သူ၏ အသက်သခင် ကျေးဇူးရှင် ဖြစ်ပ
သူ့အသက်ကို နှစ်ကြိမ်ကယ်ခဲ့သူ ဖြစ်သည်။

ပထမတစ်ကြိမ် ပန်းတစ်ထောင် အဆိပ် သောက်လ
အချိန်တွင် အချိန်မီ တား မြစ်ပြီး အသက်ကယ်ခဲ့၏။

ဒုတိယ သူ့ကိုဖွဲ့ခေါ်ကာ ရန်သူများအကြားမှ ထ
ထွက်ခဲ့၏။

ယခုအချိန်အထိ သူတို့နောက်သို့ မည်သည့်ရန်သူမျ လိ
မှလာသေးပေ။

လိုက်လာလျှင်လည်း သခင်မလေးမှအပ အခြား မည်
မျှ အမီလိုက်နိုင်မည် မထင်ပေ။

အဘိုးအိုကမူ ယန်းစုကျုံးကို ခြေဆုံးခေါင်းဆုံး ကြည့်
ခပ်အေးအေး မေးလိုက်လေ၏။



'မင်းနာမည် ဘယ်လိုခေါ်လဲကွ'

'ကျွန်တော့်နာမည် ယန်းစုကျုံးလို့ ခေါ်ပါတယ် ဘဘ'

'မင်း သိုင်းပညာ သင်ဖူးသလား'

'ကျွန်တော့် အဖေ ရှိစဉ်တုန်းကတော့ နည်းနည်း ပါး ပါး လောက် သင်ဖူးပါတယ်'

ယန်းစုကျုံးက ထိုသို့အစချီကာ သူ့ဘဝဇာတ်ကြောင်း ကို ပြောလိုက်သည်။

ပြီးမှ သူက အဘိုးအိုကို ခါးညွတ် အရိုအသေပေးလိုက် သည်။

'ဘဘကို ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဘဘသာ စင်မကယ်ခဲ့ရင် ကျွန်တော့်ကို သူတို့ သတ်ပစ်ကြမှာ အမှန်ပါပဲ'

'မလိုပါဘူးကွယ်၊ ကျုပ်က လဲ မင်းကို စိတ်ဝင်စားသွား လို့ ဝင်ကယ်တာပါ'

'ခင်ဗျာ... ကျွန်တော့်ကို စိတ်ဝင်စားသွားလို့ ဝင်ကယ် တာ...ဟုတ်လား၊ ကျွန်တော့်မှာ စိတ်ဝင်စားစရာဘာတွေ များ ရှိနေလို့လဲခင်ဗျာ'

'မင်းတို့ စားသောက်ဆိုင်မှာ စားသောက်နေကြတုန်း က မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်းစာ ပျောက်ဆုံးသွားတယ်လို့မင်း ပြောတယ် မဟုတ်လား၊ အဲဒါက တကယ်ပဲလား မောင်ရ'

ယန်းစုကျုံးက ထင်ချက်မျှ ရယ်မောပြီး ပြန်ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး ဘဘ၊ ကျွန်တော် ပျောက်ဆုံးသွားတာ တခြားပစ္စည်း တစ်ခုပါ'

အဘိုးအို၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

'ဟော...မင်းပြောတာ ငါနားမလည်တော့ဘူး၊ ရှင်းပြပါဦးကွ'

'ဒီလိုပါ....ကျွန်တော် ပျောက်သွားတာက ကြေးနီသက်ဖွဲ့လေးပါ၊ ဒါပေမယ့် ကြေးနီသက်ဖွဲ့ ထည့်ထားတဲ့ ရွှေကြိုး ဟာ အဖိုးအနဂ္ဃထိုက်တန်နေတော့ သူတို့အာရုံ ပြောင်း သွားအောင် တမင် တခြားပစ္စည်းတစ်ခုကို အစားထိုးပြီး လိမ်လည်ပြောလိုက်တာပါ'

အဘိုးအိုက နားမလည်နိုင်ဟန်ဖြင့် မေးလိုက်ပြန်လေ သည်။

'ဒါဖြင့်ရင် မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်းစာဆိုတာ မင်းဆီ မှာ တကယ်မရှိဘူးပေါ့၊ ဒါဆိုရင် ဒီနေ့မှုကို မင်းဘယ်က ကြားသလဲ'

ယန်းစုကျုံးသည် အဘိုးအို အနီးရှိ ကမူသေးတစ်ခုပေါ် တွင် ဝင်ထိုင်လိုက်ရင်းမှ ပြောပြလိုက်သည်။

'မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်းစာဟာ ကျွန်တော် ကြားဖူး တာ မဟုတ်ပါဘူး၊ ကျွန်တော့်ဆီမှာ အခုထိ ရှိနေပါ တယ်'

'ဟော...ဟုတ်လား၊ မင်းဟာ အင်မတန် ကံကောင်းတဲ့ လူတစ်ယောက်ပဲ၊ မိစ္ဆာဂိုဏ်းဆိုတာ စင်တောင်မြို့မှာရှိတယ် ကွ၊ ဒုစရိုက်လုပ်ငန်း မှန်သမျှ အကုန်လုပ်တဲ့ ဂိုဏ်းပေါ့၊



ဒါပေမယ့် သူတို့ဂိုဏ်းက တတ်ကျွမ်းတဲ့ သိုင်းပညာတွေ ကတော့ ကို အဆင့်မြင့်နေတယ်၊ တော်ရုံတန်ရုံ ထိပ်သီး ... အမားတွေတောင် သူတို့နဲ့ မယှဉ်နိုင်ကြဘူး၊ မင်းဆီမှာ ... ဒီသိုင်းကျမ်းကို ကြည့်ခွင့်ရှိရင် ကြည့်ပါရစေလား၊ ... မင်းဆီက သိုင်းကျမ်းဟာ အစစ်ဟုတ်မဟုတ် ဆိုတာ ...ပ် ခွဲလို့ရမယ်'

ယန်းစုကျုံးက ခဏမျှ စဉ်းစားလိုက်သည်။

ပြီးလျှင် အဘိုးအိုကို ထပ်ချက်မျှအကဲခတ်ကြည့်ရှုလိုက် ပြီး

အဘိုးအိုမှာ ဘည်ကြည့်ရိုးသားပုံရသည်။

...ကာလ၌ ခရီးသွားသည့်တိုင်အောင် သူ့ကိုဖသတွင်းမှ ...မှအင်ကလေး ထယ်တင်လာခဲ့သူဖြစ်သည်။

...ယောက်၌ အဘိုးအိုသည် အပေါက်ကြံ၍သိုင်းကျမ်းကို ...ပြူးသည့်တိုင်အောင် သူ့အတွက်ထိုသိုင်းကျမ်းမှာ ဘာမှ မတန်သော အရာသာ ဖြစ်သည်။ သူ့အတွက် အရေး ...ာမှာ ရွှေကြိုးအတွင်းမှ ကြေးနီသက်ဖွဲ့ကလေးသာ ...သည်။

ထို့ကြောင့် သူက သူ့ရင်ဖုံးအင်္ကျီအိတ်ထဲတွင် သိုဝှက် ...သော မိစ္ဆာဂိုဏ်း၏ သိုင်းကျမ်းစာရေးသားထားသော ...ူးဘားရေလိပ်ကို ထုတ်ယူကာ အဘိုးအိုကို ကမ်းပေး ...်သည်။

'...ဘ ကြည့်ချင်တယ် ဆိုရင် ကျွန်တော် ပြပါမယ်၊ ...းရေချပ်ကို အားတိုင်း ကြည့်နေလို့ အထဲမှာ ပါတာ

www.burmeseclassic.com

www.burmeseclassic.com



စာသားတွေကို ကျွန်တော် အလွတ်ရသလောက် ဖြစ်နေ ပါပြီ'

အဘိုးအိုသည် ရှဉ့်မွေးသားရေကို တွေ့လိုက်ရကတည်းက သူ့မျက်လုံးများ အရောင်တဖိတ်ဖိတ် တောက်လာလေသည်။

သိုင်းကျမ်းကို သူ့လက်နှစ်ဖက်နှင့် တရိုတသေ လှမ်းယူလိုက်သည်။

လှမ်းယူသော လက်ချောင်းကလေးများက တုန်တုန်ယင်ယင် ဖြစ်နေသည်။

အဘိုးအို၏ ဣန္ဒြေမဆည်နိုင်ပုံကို တွေ့မြင်လိုက်ရသောအခါ ယန်းစုကျုံး အံ့အားတသင့် ဖြစ်သွားရသည်။

ဤသိုင်းကျမ်းက ဤမျှ သိုင်းပညာ အဆင့်မြင့်သော အဘိုးအိုကို တုန်လှုပ်စေသဖြင့် သာမန်သိုင်းကျမ်း မဟုတ်နိုင် ဟု တွေးမိလာသည်။

စားသောက်ဆိုင် အတွင်းတွင် မိစ္ဆာဂိုဏ်း၏ သိုင်းကျမ်းစာ အကြောင်း ပြောပြစဉ်က သခင်မလေး အပေါ်အာ သူ့လူများ အထိတ်တလန့် ဖြစ်ကုန်ခဲ့ရပုံကိုလည်း ပြန်လည် သတိရလာလေသည်။

အဘိုးအိုက သိုင်းကျမ်းလိပ်ကိုဖြေချလိုက်သည်။ အတွင်း ရှိ စာသားများကို တွေ့လိုက်ရသောအခါ စိတ်ပျက်အား ငယ်ကာ ခေါင်းကိုတွင်တွင်ခါယမ်းလိုက်သည်။



ယန်းစုကျုံးက အဘိုးအို၏ ချက်ချင်း ပြောင်းလဲသွားသော အမူအရာကို နားမလည်နိုင်သလို တစ်ချက် အကဲခတ်ကြည့်ပြီး မေးလိုက်သည်။

'ဘယ်လိုလဲ ဘဘ၊ ဒီသိုင်းကျမ်းက အတုကြီး ဖြစ်နေလို့လား'

'မဟုတ်ပါဘူးကွာ၊ ဒီသိုင်းကျမ်းစာ ပါတဲ့ ရှဉ့်မွေးသားရေက အစစ်ပါပဲ၊ ဟောဒီမှာကြည့်....ကျမ်းစာရဲ့ထိပ်ဆုံးမှာ လူလက်ဖျံရိုး နှစ်ချောင်းကို ကန့်လန့်ဖြတ် ထောင်ထားတယ်၊ ကန့်လန့်ဖြတ်ရဲ့ အပေါ်မှာ ခေါင်းခွံတစ်ခု တွေ့တယ် မဟုတ်လား၊ ပြီးတော့ လူခေါင်းခွံကို သရဖူဆောင်းပေးထားသေးတယ်၊ ဒါဟာ မိစ္ဆာဂိုဏ်းရဲ့ အထိမ်းအမှတ် တံဆိပ်ပဲကွ၊ ဒီကျမ်းဟာ မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်းစာ အစစ်ဆိုတာ မြေကြီး လက်ခတီမလွဲ သေချာနေပါတယ်'

'ဒါဆိုရင် သိုင်းကျမ်းထဲက စာတွေကို ကြည့်ပြီး ဘာကြောင့် စိတ်ပျက်တဲ့အမူအရာ ဖြစ်သွားရတာလဲ'

အဘိုးအို၏ မျက်နှာတစ်ခုလုံး နီမြန်းသွားသည်။ ပြီးမှ သူက မပွင့်တပွင့် ပြန်ပြောလိုက်သည်။

'ဘဘ စိတ်ပျက်တာ တခြားကြောင့် မဟုတ်ပါဘူးကွယ်၊ ဒါလောက် အဖိုးတန်တဲ့သိုင်းကျမ်းတစ်စောင်ကိုတွေ့လိုက်ရပြီး သိုင်းကျမ်းထဲမှာ ဘာတွေ ရေးထားတယ်ဆိုတာ မဖတ်တတ်လို့ပါ'

ယန်းစုကျုံး စိတ်မကောင်း ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘဘက စာမတတ်ဘူးလား'

'ဟုတ်တယ်...ဘဘက စာမဖတ်တတ်ဘူး'

'ဟာ... ဒီအတွက်တော့ စိတ်မပူပါနဲ့ဗျာ၊ ကျွန်တော် စာကို သွက်သွက်လက်လက်ကြီး မဖတ်တတ်ပေမယ့် ဖြည်းဖြည်းတော့ ဖတ်တတ်ပါတယ်၊ အဲဒီလို ဖြည်းဖြည်းဖတ်ရင်း ဒီသားရေချပ်ပေါ်က စာသားတွေကို ကျွန်တော်အလွတ်ရနေတာပဲ ဘဘရယ်'

အဘိုးအိုက ခေါင်းကို ခါယမ်းလျက် ပြန်ပြောလိုက်သည်။

'ရှိပါစေတော့ကွာ၊ ရော့....ရော့......ဒီသိုင်းကျမ်းကို မင်း သေသေချာချာ ပြန်သိမ်းထား၊ ဒီသိုင်းကျမ်းဟာ အတွင်းအားနဲ့ [illegible]တ်ဘက်လို ပြိုင်စံရှားတဲ့လေ့ကျင့်နည်းတွေ ပါတယ်လို့ ဘဘ သိသားပါတယ်၊ တစ်ခုတော့ ရှိတယ်၊ မင်းလက်ထဲမှာ ဒီသိုင်းကျမ်း ရှိနေတယ်ဆိုတာ မင်းနဲ့ငါက လွဲပြီး ဘယ်သူမှ မသိစေနဲ့၊ တစ်ယောက်ယောက်သာ သိသွားရင် မင်းကို သူတို့က အသက်အန္တရာယ် ပြုကြလိမ့်မယ်'

သူသည် အဘိုးအို ပြန်ပေးသော ရှဉ့်ခမ္မသားရေဖြင့် ရေးထားသော သိုင်းကျမ်းကို တရိုတသေ ပြန်လိပ်လိုက်ပြီး ရင်ဖုံးအင်္ကျီ အိတ်တွင်းသို့ ထိုးသွင်းရင်း မေးလိုက်သည်။

'အခု သိုင်းလောကမှာ ဒီကျမ်းထဲမှာ ပါတဲ့ အတွင်းအား တတ်မြောက်ထားတဲ့သူများ ရှိနေပြီလား ဘဘ'

'ဟာ....သိပ်ရှိတာပေါ့ကွ'



'ဘယ်သူတွေများလဲ ဘဘ'

အဘိုးအိုက သူ့မေးခွန်းကို မဖြေသေးဘဲ ပြန်မေးလိုက်သည်။

'သိုင်းလောကထဲက အရှေ့ပင်လယ် သိုင်းသမား တုန်လင်းနဲ့ မြောက်ပိုင်းသိုင်းဝိဇ္ဇာ ဝှားထင် ဆိုတာ မင်းကြားဖူးသလား'

'ဟုတ်ကဲ့....သူတို့အကြောင်း တစ်စွန်းတစ်စ ကြားဖူးထားပါတယ်'

'အေး....အရှေ့ပင်လယ် သိုင်းသမားကြီး တုန်လင်းဆိုတာက စစ်တောင်မြို့မှာနေတယ်ကွ၊ တိတိကျကျပြောရရင်တော့ စစ်တောင်မြို့ရဲ့ အရှေ့ဘက် အင်းတန်ရှုခင်းကောင်းတဲ့ မလာဆန်ဆိုတဲ့ တောင်မှာ နေတယ်၊ သူက သူ့သိုင်းဂိုဏ်းကို မိစ္ဆာဂိုဏ်းလို့ အမည်ပေးထားတယ်၊ သူ့ မိစ္ဆာဂိုဏ်းရဲ့ မူပိုင်သိုင်းကျမ်းပညာကို ကျမ်းတစ်စောင် ပြုစုပြီးတော့ မိစ္ဆာသိုင်းကျမ်းလို့ အမည်ပေးထားတယ်ကွယ့်၊ ဒီတော့ ဒီသိုင်းကျမ်းမှာ ပါတဲ့ သိုင်းပညာ အတွင်းအားကို မိစ္ဆာဂိုဏ်းက လူတွေအားလုံး တတ်ကျွမ်းကြတာပေါ့'

သန်းစုကျုံးမှာ သိုင်းလောက၏ အတွေ့အကြုံဗဟုသုတများကို စိတ်ဝင်တစားနားထောင်နေရင်းမှ မေးလိုက်ပြန်သည်။

'မြောက်ပိုင်းသိုင်းဝိဇ္ဇာ ဝှားထင် ဆိုတာကကော ဘဘ'

'အေး... ဟုတ်တယ်၊ အရှေ့ပင်လယ် သိုင်းသမား အကြောင်းပြောရင် မြောက်ပိုင်းသိုင်းဝိဇ္ဇာ အကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပါ ပြောမှ ပိုပြီးပြည့်စုံတယ်ကွယ့်၊ ဘာကြောင့်လဲ ဆိုတော့ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် ကမ္ဘာ့ရန်သူ ဖြစ်ခဲ့ကြလို့ပဲ၊ သူတို့နှစ်ယောက်ဟာ အမြဲတမ်း သိုင်းပညာကို စိန်ခေါ် ယှဉ်ပြိုင်ခဲ့ကြတဲ့ အကြိမ်ပေါင်း မနည်းတော့ဘူးကွ၊ ဒါပေမယ့် နောက်ဆုံးအကြိမ်အထိ ဘယ်သူမှ အနိုင်မရခဲ့ကြဘူး၊ အင်း....သူတို့ယှဉ်ပြိုင်ပွဲအကြောင်း မကြားရတာ သုံးနှစ်တောင်ရှိပြီ ထင်ပါတယ်ကွယ်'

အဘိုးအိုက ထိုသို့ ရှည်လျားစွာရှင်းပြပြီးမှ သူက ခဏနားနေလိုက်သည်။

ယန်းစုကျုံးမှာ သိုင်းလောကဇာတ်လမ်းများကို ဤကဲ့သို့ ကြားနာရခြင်းမရှိသဖြင့် လွန်စွာ စိတ်ပါဝင်စားနေလေသည်။

☆

## အခန်း (၁၅)

### တေးကဗျာ သိုင်းသမား

အဘိုးအိုက ဆက်လက်ရှင်းပြပြန်သည်။

'အင်း....လွန်ခဲ့တဲ့ငါးနှစ်လောက်ကစပြီး မြောက်မိုင်းသိုင်းဝိဇ္ဇာဝှားကျင်နဲ့ သူ့တပည့်ကြီး ချန်စုဟိုတို့ဟာ သိုင်းလောကအတွင်းက ပျောက်ခြင်းမလှပျောက်သွားကြတယ်၊ အဲဒီနောက်ပိုင်းမှာ အရှေ့ပင်လယ်သိုင်းသမားကြီး တွန်လင်းတို့ရဲ့ သတင်းဟာလဲ သိုင်းလောကမှာ သိပ်ပြီးမကြားရတော့ဘူး'

အဘိုးအိုက မြိန်ရှာသိုင်းကျမ်းနှင့်ပတ်သက်၍ စကားကို အဆုံးသတ်လိုက်ပြီးနောက် မေးလိုက်သည်။

'ကဲ....အခု သူတို့လက်ထဲက မြင်းလွှတ်မြောက်လာခဲ့ပြီ၊ ဒီတော့ ဘာလုပ်မယ်၊ ဘယ်ဆက်သွားမယ်လို့ စိတ်ကူးထားလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်ကတော့ ရွှေကြုတ်ထဲမှာပါသွားတဲ့ ကြေ
လက်ဖွဲ့နောက်ကို လိုက်ရဦးမယ်'

'မင်းပစ္စည်းကလဲကွာ ရအောင်ပြန်ရဖို့ဆိုတာ ဂေ
တော်ကို ကြိုးစားရမှာပဲ၊ တစ်ယောက်ယောက်ဆီ
ရောက်နေရင်လဲကောင်းသား၊ ခုတော့ မင်းပစ္စည်း
လူမနိုးသိုင်းသမား ဟူကျိုးကခိုးတယ်၊ သူ့ဆီက သခ
လေးရဲ့ ကိုယ်ရံတော်တပ်ကအမှတ်လေးက လုယူပြန်တ
အခု အမှတ်လေးသေပြန်ပြီဆိုတော့ မင်းဘယ်ကိုလိုက်
မှာလဲ'

ယန်းစုကျုံးကအလေးအနက်စဉ်းစားပြီး ပြန်ပြော
သည်။

'ကျွန်တော် စဉ်းစားလို့ရတဲ့ သဲလွန်စတစ်ခုတော
တယ်'

'ပြောစမ်းပါဦး၊ ဘယ်လိုသဲလွန်စလဲ'

'ကျွန်တော်စဉ်းစားမိတာတစ်ခုရှိတယ်၊ အဲဒီ အမှ
လေးနဲ့ အမြဲတမ်းတွဲနိုင်တဲ့လူဟာအမှတ်သုံးနဲ့အမှတ်ခြော
ဖြစ်ပါတယ်၊ သူတို့နှစ်ယောက်ဆီက သဲလွန်စရနိုင်တယ်
ကျွန်တော်တွက်ဆခဲ့ပါတယ်၊ အခုတော့ အမှတ်ခြော
ဟာ ကိုယ့်ရှူးကိုယ်ပတ်ပြီး ကိုယ့်အဆိပ်နဲ့ကိုယ်သေသွာ
အမှတ်သုံးတစ်ယောက်ပဲ ကျန်တော့တယ်၊ အမှတ်သုံ
စုံစမ်းရင် ရွှေကြုတ်အကြောင်းသိနိုင်မယ်လို့ ထင်တာပါ'

'အင်း....မင်း တွေးသလိုဖြစ်နိုင်ပါတယ်၊ ဒါပေမ
မင်းရဲ့သိုင်းပညာက အဆင့်နိမ့်လွန်းနေတော့ အမှတ်သုံ



မင်းဘယ်လိုလုပ်ယှဉ်မလဲ၊ ပြီးတော့ အမှတ်သုံးဟာ သခင်မ
လေးရဲ့ ကိုယ်ရံတော်တပ်သားဆိုတော့ သူ့မှာ အမြဲတမ်း
အသင်းအဖွဲ့ရှိနေတယ် မဟုတ်လား'

ယန်းစုကျုံးက စိတ်ပျက်လက်လျှော့ခြင်းမပြုဘဲ ပြန်
ပြောပြန်သည်။

'ဟုတ်ပါတယ်ဘာ၊ သူတို့ကို ကျွန်တော့်အနေနဲ့ သိုင်း
ပညာ ဘယ်လိုမှယှဉ်လို့မရမှန်းသိပါတယ်၊ ဒါပေမယ့် သူတို့
ခိုးသွားတဲ့ပစ္စည်းဟာ ကျွန်တော့်ပစ္စည်း မဟုတ်ဘူး၊
ကျောက်ဆစ်တောင်ကိုပို့ပေးရမယ့်ပစ္စည်းဆိုတော့မရရတဲ့
နည်းနဲ့ ပြန်ပို့ပေးရမယ်'

အဘိုးအိုက တစ်ချက်မျှ ငေးငိုင်စဉ်းစား လိုက်လေ
သည်။

ပြီးမှ....

အဘိုးအိုက....

'ဒီမှာ ယန်းစုကျုံး၊ အလုပ်ဆိုတာ ပါးစပ်နဲ့ပြော
သလောက် မလွယ်ဘူးကွ၊ ဒီတော့ မင်း ထင်ထားသလို
အောင်မြင်ဖို့ဆိုတာ သိပ်လွယ်လှမယ်မထင်ဘူး၊ ဒါပေမယ့်
မင်းကို အကြံတစ်ခုပေးလိုက်မယ်'

'ပြောပါဘာ၊ ကောင်းတဲ့အကြံဆို ကျွန်တော်လိုက်နာ
ပါမယ်'

'မင်းကို ဒီရွှေကြုတ်ကို ပို့ပေးပါလို့ လွှဲအပ်ခဲ့တဲ့
လူက ဒီရွှေကြုတ်ကို ဘယ်နေ့အရောက် ပို့ပေးရမယ်လို့
ကန့်သတ်ချက်ပြောခဲ့သေးသလား'

www.burmeseclassic.com

www.burmeseclassic.com



'ရက်အကန့်အသတ်တော့ ထည့်မပြောခဲ့ပါဘူး'

'အေး....ငါ့အကြံကတော့ တခြားမဟုတ်ဘူး၊ မင်းအနေနဲ့ သိုင်းဆရာကောင်းတစ်ယောက်ကိုရှာ၊ သိုင်းပညာ လှူးချွန်အောင်သင်၊ ပြီးတော့မှ မင်းကိစ္စကိုဆောင်ရွက်ရင် ပိုပြီးအောင်မြင်လိမ့်မယ်လို့ ငါထင်တယ်'

ယန်းစုကျုံးက ညည်းညည်းညူညူ ပြန်ပြောလိုက်သည်။

'ဒါလဲ ဘဘ ပြောသလိုပဲ၊ တကယ်တော့ မလွယ်ပါဘူးဗျာ၊ သိုင်းပညာဆိုတာ တစ်နေ့တည်း တစ်ရက်တည်း သင်လို့ တတ်မြောက်တာမှ မဟုတ်ဘဲ၊ ကျွန်တော် သိုင်းပညာ ထူးချွန်မှဆိုရင် အမှတ်သုံး ဆိုတဲ့လူဟာ ရှိချင်မှလဲ ရှိတော့မှာ၊ ဒီတော့ ကျွန်တော် အရင်သေရင် သေပါစေတော့၊ ဒီပစ္စည်းကိုတော့ မရရတဲ့နည်းနဲ့ ပြန်ယူရမှာပဲ'

အဘိုးအိုသည် ယန်းစုကျုံးကို ကျေနပ်သော အပြုံးဖြင့် တစ်ချက်မျှ ကြည့်လိုက်ပါသည်။

သူ့စိတ်ထဲတွင် ယန်းစုကျုံး၏ ပြတ်သားသော ဆုံးဖြတ်ချက်၊ ရဲရင့်သော စိတ်ဓာတ်၊ စောင့်သိဘတ်သော ကတိသစ္စာကို စိတ်ထဲမှ ကျိတ်၍ ချီးကျူးလိုက်မိသည်။

ယန်းစုကျုံးလို စိတ်သား မြင့်မြတ်၍ သွက်လက် ဖျတ်လတ်သောလူရွယ်တစ်ယောက်သည် သူ့ထံ၌ တပည့်ခံယူမည် ဆိုလျှင် မည်မျှကောင်းလိုက်လေမည်နည်း ဟူ၍လည်း တွေးလိုက်မိ၏။

သူက ယန်းစုကျုံးကို ပြောလိုက်သည်။



'ဒီမှာ မောင်ရင်၊ မင်းမှာ ဒါလောက်တောင် စိတ်အား ထက်သန်နေတယ် ဆိုရင် မင်းပစ္စည်းပြန်ရဖို့အတွက် ကျုပ်ကလဲ တတ်အားသလောက် ကူညီပါ့မယ်'

'ဟာ....ကျေးဇူးတင်လိုက်တာ ဘဘရယ်၊ ဘဘဟာ ကျွန်တော့် အသက်ကိုလဲ လက်မတင်ကလေး ကယ်ခဲ့ပြီး ပြီ၊ အခု ကျွန်တော့် ကိစ္စကိုပါဆက်ပြီးကူညီဦးမယ်ဆိုတော့ ကျေးဇူးတင်စကား ဘယ်လိုပြောရမှန်းတောင် မသိတော့ ပါဘူး'

ယန်းစုကျုံးသည် အလွန်အမင်း ဝမ်းသာသွားကာ အဘိုးအိုအား ဝမ်းသာ ကျေးဇူးတင်စကား ပြောလိုက် သည်။

ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့် မေးလိုက်လေ သည်။

'ဪ....ဘဘကို ကျွန်တော် မေးရဦးမယ်၊ ကျွန်တော့် အသက်ကိုလဲ ကယ်ခဲ့ပြီးပြီ၊ ခု ကျွန်တော့် ကိုယ်ရေးကိုယ်တာ ကိစ္စကိုလဲ ထပ်ကူဦးမယ် ဆိုတော့ ဘဘဟာ တကယ့်ကို ကျေးဇူးရှင်ကြီးတစ်ယောက်ဖြစ်နေပါပြီ၊ ဒီတော့ ဘဘရဲ့ နာမည်လေး တစ်ဆိတ်လောက် သိပါရစေလားဗျာ'

အဘိုးအိုသည် အတန်ကြာအောင် ငေးငိုင်ပြီးမှ လေသံ အေးအေးဖြင့် ပြန်ပြောလိုက်သည်။

'သိရပါတယ်ကွယ်၊ သိရပါတယ်၊ ဒါပေမယ့် ငါ့ကို လူ တွေမေ့မှာ နာမည်မခေါ်ပါနဲ့ကွယ်၊ ဘဘဆိုရင်ပဲလုံလောက် ပါပြီ၊ ဘာဖြစ်လို့လဲဆိုတော့ ငါဟာ သိုင်းလောကထဲက

www.burmeseclassic.com

www.burmeseclassic.com



အနှစ် နှစ်ဆယ်လောက် တိမ်မြုပ် ပျောက်ကွယ်သွားခဲ့ပြီး ပြီကွယ့်၊ ဒီလို ပျောက်ကွယ်သွားအောင်လဲ ငါ တမင်လုပ်ခဲ့တာပဲ၊ ဒါကြောင့် ဟိုးအနှစ်နှစ်ဆယ်က နာမည်ကို ပြန်ပြောဖို့ရာ ဝန်လေးနေမိတယ်၊ ဒါပေမယ့် ငါ့တူကိုတော့ အမှန်အတိုင်းပဲ ပြောပါ့မယ်၊ ငါ့ကို သိုင်းလောကထဲက လူတွေက တေးကဗျာ သိုင်းသမား လိရိရှန်လို့ ခေါ်ကြတယ်ကွယ့်'

'တေးကဗျာ သိုင်းသမား လိရိရှန်တဲ့လား၊ စိတ်ချပါ ခင်ဗျာ....လူကြားသူကြားထဲမှာ ဒီနာမည်ကို ဘယ်တော့မှ မခေါ်ဝေါ်ပါဘူး'

ယန်းစုကျုံးကအဘိုးအို၏အမည်ကိုမှတ်မိအောင်ရေရွတ်ရင်း ပြန်ပြောလိုက်သည်။

'ကဲ....ကျုပ်တို့ သွားရအောင်'

'ဘယ်ကိုလဲ ဘဘ'

'မင်း ပျောက်သွားတဲ့ ပစ္စည်းကို လိုက်ရှာမယ်လေ'

'ဟာ... မြန်လှချည်လား ဘဘရယ်၊ ဘဘ နားပါဦး'

'ခအေး....ငါကတော့ စိတ်မြန် ကိုယ်မြန်ပဲ၊ အလုပ်ကိုအနားမယူတတ်ဘူး၊ လာ....သွားမယ်၊ ငါ့တူ မြဲမြဲမှတ်ထားကွယ့်၊ ရွှေ့ဆိုင်းလို့မရတဲ့ အလုပ်တစ်ခုကို ဘယ်တော့မှ အချိန်စောင့်မနေနဲ့တော့'

လိရိရှန်သည် ပြောပြောဆိုဆိုပင် ယန်းစုကျုံး၏ လက်မောင်းကို ဖတ်ခနဲလှမ်းကိုင်ကာ ထိုနေရာမှ ပြေးထွက်သွားလေတော့သည်။



လိရိရှန်၏ ကိုယ်ဖော့ပညာမှာ ထိပ်တန်းအဆင့်သို့ရောက်ရှိနေသဖြင့် ယန်းစုကျုံးကို တွဲခေါ်သွားရသော်လည်း တုံ့နှေးသွားခြင်း မရှိဘဲ သူ့ကို ရွှေ့ရှပ်လှာ စားသောက်ဆိုင်မှ ထွက်လာသကဲ့သို့ပင် လျင်မြန်နေလေသည်။

ယန်းစုကျုံးမှာမူ အဘိုးအို တေးကဗျာ သိုင်းသမား လိရိရှန်၏ ကိုယ်ဖော့ပညာကို စိတ်ထဲမှ ကျိတ်၍ ချီးမွမ်းရင်း လိုက်ပါသွားလေတော့သတည်း။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

### သဲလွန်စ

ညမှောင်ရိပ်ပျိုးစ အချိန်လောက်တွင် သူတို့နှစ်ယောက်သည် ယန်ထိုင်မြို့တွင်းသို့ ပြန်လည် ရောက်ရှိလာလေသည်။

မြို့တွင်းလမ်းမကြီးပေါ်တွင် မီးပုံးတိုင်များ စိုက်ထူထားသဖြင့် လမ်းမကြီးမှာ အလင်းရောင်မှိန်ပျပျလင်းလျက် ရှိနေသည်။

လီရိရှန်သည် ယန်းစုကျုံး၏ လက်ကို ဆွဲကာ မြို့တွင်းလမ်းမကြီးအတိုင်း ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာခဲ့လေသည်။

ယန်းစုကျုံးက လီရိရှန်ကို မေးလိုက်သည်။

'ဘုလိုက ကျွန်တော့်စိတ်ကူး မမှားဘူးဆိုရင် ပန်းမြို့တော် တည်းခိုခန်းမှာ တည်းကြလိမ့်မယ်ထင်တယ်'



'အေးလေ...မင်း တွက်ထားတဲ့အတိုင်း ငါလဲ ထွက်မိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပန်းမြို့တော်တည်းခိုခန်းဟာ အင်မတန် ငွေကြေးချမ်းသာတဲ့ လူတွေမှ တည်းခိုနိုင်တဲ့ အထက်တန်းစား တည်းခိုခန်း ဖြစ်လို့ပဲ'

လီရိရှန်သည် ကောင်းကင်ကြီးကို တစ်ချက် မော့ကြည့်သည်။

'ငါလဲ ထမင်းမစားရသေးဘူး၊ လုပ်ငန်း စဖို့ အချိန် လိုသေးတယ်၊ ဒီတော့ ထမင်းဆိုင်တစ်ဆိုင်ဆိုင်ကို ရှာကြစို့'

ယန်းစုကျုံးမှာမူ ဝမ်ယုတို့နှင့် အတူ အစားကောင်း အသောက်ကောင်းများကို စားသောက်ခဲ့ပြီး ဖြစ်၍ သိပ်မဆာလှတော့ပေ။

သို့သော် အဘိုးအို ဆာလောင်နေသည်ကို ရိပ်မိသဖြင့် သူလည်း အဘိုးအို၏ အဆိုကို ချက်ချင်းပင် ထောက်ခံလိုက်သည်။

လီရိရှန်သည် ပြောပြောဆိုဆိုပင် လမ်းဘေး တစ်ဖက် တစ်ချက်သို့ ကြည့်လျက် ထမင်းဆိုင်ကို ရှာဖွေတော့သည်။

လမ်းချိုး နှစ်ချိုးကို ဖြတ်ကျော်မိလျှင် စားသောက်ဆိုင် တစ်ဆိုင်ကို တွေ့လိုက်ရသည်။

ညစာစားချိန် ကျော်လွန်နေပြီ ဖြစ်သဖြင့် ဆိုင်အတွင်း၌ စားသောက်သူ အနည်းအကျဉ်းမျှလောက်သာ ရှိသည်။

လီရိရှန်က ထိုထမင်းဆိုင်ကို ဝင်ရန် ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့် သူကယန်းစုကျုံး၏ လက်ကိုဆွဲကာ ထမင်းဆိုင်အတွင်းသို့ ချိုးဝင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်အတွင်းမှ လူတစ်ယောက် ရုတ်တရက်ထွက်လာသဖြင့် ရင်ဆိုင်တိုက်မိမည့်ကဲ့သို့ ဖြစ်သွားသည်။

ထိုလူမှာ အသက်ငါးဆယ် အရွယ်ခန့်ရှိပြီး အဝတ်အထည်များ စုတ်ပြတ်နေသည်။

သူ့ခေါင်းပေါ်တွင် လက်သီးဆုပ်ခန့်လောက်ရှိသော ဆံထုံးကို နဖူးပေါ်တွင် တင်လျက်ထုံးသဖြင့် အရုပ်ဆိုးလှသော သူ့မျက်နှာမှာ ပို၍ပင် အကြည့်ရ ဆိုးသွားသည်။

ထိုသူ၏ ပခုံးနှစ်ဖက်ပေါ်တွင် သေးငယ်သော မျောက်နှစ်ကောင် တစ်ဖက်တစ်ကောင်စီ ထိုင်နေသည်။

မျောက်နှစ်ကောင်နှင့်လူသည် လီရိရှန်ကိုမြင်သောအခါ အထိတ်တလန့်ဖြစ်တာ လမ်းဘေးသို့ ရှောင်လိုက်သည်။

လီရိရှန်ကမူ ထိုသူကို လုံးဝဂရုမစိုက်ဘဲ ထမင်းဆိုင်ထဲသို့ တန်းဝင်သွားလေသည်။

ယန်းစုကျုံးကမူ ထိုလူကို သတိထားလိုက်မိသည်။

ထမင်းဆိုင်အတွင်းသို့ ရောက်သောအခါ စားပွဲဆိုးအားသင့်တင့်သော ဟင်းလျာများကို မှာယူလိုက်သည်။

ယန်းစုကျုံးမှာ အရက်လုံးဝ မသောက်တတ်သော်လည်း လီရိရှန်မှာသော အစားအသောက်များထဲတွင်အရက်ပါလာသဖြင့် သူလည်း အနည်းငယ် သောက်မိသည်။

ခဏအကြာတွင် သူတို့မှာထားသော ထမင်းနှင့်ဟင်းလျာများ ရောက်ရှိလာသဖြင့် နှစ်ယောက်သား ဆာလောင်သောဗိုက်ကို ဖြည့်တင်းလိုက်ကြသည်။



စားသောက်ပြီးသောအခါ ကုန်ကျစရိတ်ကို ရှင်းခဲ့ပြီးနောက် ထမင်းဆိုင်မှ ပြန်ထွက်လာကာ လမ်းမကြီးအတိုင်း မြို့စွန်ဘက်သို့ လျှောက်လာခဲ့သည်။

*  *  *

နေမင်းကြီး စိုးစိုးမြုပ်သွားပြီဖြစ်၍လမင်းကြီးပင် ထွက်ပြူနေပေပြီ။

ယန်းစုကျုံးက လီရိရှန်ကို သတိပေးသည်။

'အဘ…သူတို့က လူတော်တော်များတယ်နော်၊ အားလုံး သခင်မလေးအပါအဝင် ဆယ်ယောက်လောက် ရှိတယ်၊ ကစေအရာရာ သတိထားမှ ဖြစ်မယ်'

လီရိရှန်ကမူ မည်သို့မျှ ဂရုမစိုက်ဟန်ဖြင့် ပြန်ပြောလိုက်သည်။

'စိတ်မပူစမ်းပါနဲ့ကွာ၊ သူတို့အထဲမှာ သခင်မလေးဆိုတဲ့ ကောင်မလေးတစ်ယောက်ပဲ သိုင်းပညာ ကောင်းတယ်၊ ကျန်တဲ့လူတွေကို ငါက လုံးဝဂရုမစိုက်ဘူး၊ သူတို့ကိုအရှုံးပေးသင်စာယ်၊ ဟော…ပြောရင်းဆိုရင်း ဟိုရှေ့က မြင်ရတာ သူတို့တည်းခိုမယ့် တည်းခိုဆောင်နဲ့တူတယ်

www.burmeseclassic.com



'ဟုတ်တယ်....ဘာဘ'

ခြံဝင်းမှာ ခြံဝင်းကျယ်ကြီးဖြစ်ပြီး လူတစ်ရပ်ကျော်မြင့်သော အုတ်နံရံများဖြင့် ကာရံထားသည်။

ခြံစည်းရိုးဝတွင်မူ ပန်းမြိုတော်ဟူသော ဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထားသည်။

ခြံစည်းရိုးဝင်းတံခါးကို သံတိုင်များဖြင့် ကာရံထားသောကြောင့် အတွင်းသို့ ကောင်းစွာ လှမ်းမြင်နေရလေသည်။

ယန်းစုကျုံး တွေးထင်ထားသည့်အတိုင်းပင် သခင်မလေးဆိုသူနှင့် ဝမ်ယုတို့သည် ထိုဘည့်ခန်း၌ တည်းခိုကြကြောင်း ကောင်းစွာ သိလိုက်ရလေသည်။

အကြောင်းမူ ခြံကျယ်ကြီး ရှေ့မြေကွက်လပ်တွင် နေ့လယ်က သခင်မလေး စီးနင်းလာသော မြင်းလေးကောင်ကသည့် မြင်းရထားနှင့် ကိုယ်ရံတော် တပ်သားများစီးနင်း လာ သော မြင်း ရှစ် ကောင် ကို မြင်းဇောင်းတွင် ချည်နှောင်ထားသည်ကို တွေ့လိုက်ရသောကြောင့်တည်း။

သူတို့အထဲတွင် ခေါင်းဆောင်ဖြစ်သူ ဝမ်ယုအား မြင်းနက်ကြီးမှာ မြင်းလေးကောင်ကသောမြင်းလှည်းအနီးတွင် ချည်နှောင်ထားသည်။

လီရိုရှန်က ယန်းစုကျုံးကိုလသံအုပ်အုပ်ဖြင့် ပြောလိုက်သည်။



'ဒသချာပြီ မောင်ရင်၊ မင်းကြုံထင်ခဲ့တဲ့အတိုင်း သူတို့ ဒီဧည့်ခန်းမှာ တည်းကြတယ်၊ ဒီတော့ မင်း ဒီမှာနေခဲ့၊ ငါအထဲကိုဝင်မယ်'

'ကောင်းပါပြီ၊ ကျွန်တော် ဒီကပဲ စောင့်ပါ့မယ်'

လီရိုရှန်သည် ယန်းစုကျုံးအား အပြင်မှာ ထားခဲ့ပါက ခြားနားသည့်များ ထပ်ထက်လာမည်ကို စိုးရိမ်မိပြန်သည်။

'ဟဲ...လာပါကွား မထူးပါဘူး၊ အထဲရောက်မှ သင့်တော်မယ့် နေရာတစ်နေရာမှာ နေခဲ့ပါ'

ထိုသို့ ပြောဆိုလျက် လီရိုရှန်သည် လူတစ်ရပ်စာမြင့်သော အုတ်နံရံ ကို ယန်စုကျုံးအားသက်တွဲလျက် လှမ်းခုန်တက်လိုက်သည်။

ယန်းစုကျုံးသည်း လီရိုရှန်နှင့်အတူ မြောက်ပါသွားကာ အုတ်ရိုးပေါ်သို့ ရောက်ရှိသွားသည်။

အုတ်ရိုးပေါ်မှတစ်ဆင့် အောက်သို့ ခုန်ဆင်းလိုက်ကြသည်။

လသည် မှုန်ဝိုးမှုန်ဝါး သာနေသဖြင့် အရာအားလုံးကို ပယ်မကွဲ တွေ့မြင်နေရသည်။

လီရိုရှန်သည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် ယန်းစုကျုံးအားပြောလိုက်သည်။

'မောင်ရင် မင်း တစ်နေ့လုံးလဲ နားရတယ်သိပ်မရှိလှဘူး၊ ဒီတော့ ဟိုရှေ့က ပန်းရုံထဲဝင်ပြီး ဘာရေးတာမှ မလာက် အိပ်နေလိုက်၊ ငါပြန်လာမှ မင်းကိုဝင်ခေါ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ပြောဆိုကာ ယန်းစုကျုံးကို လူဘစ်ရုပ်စ ၁မြ
သော ပန်းရုံကြီးတစ်ခုအောက်သို့ ခေါ်သွားသည်။

ပန်းရုံအောက်သို့ ရောက်လျှင် ယန်းစုကျုံး၏အိပ်ပျေ
သော အကြောကို လက်ညှိုးနှင့် ခေါက်လိုက်သည်။

ယန်းစုကျုံးသည် မြေပေါ်သို့လဲလျောင်းလိုက်ခဲ့မှာ ချ
မျက်လုံး လေးလံလာပြီး နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ
တော့သည်။

☆

အခန်း(၁၇)

ကျိုးပေါ်တက်သော မိန်းကလေး

လီရှိဝှန်သည် အတန်ကြာစောင့် စဉ်းစားပြီးမှ ယန်းစု
ကျုံး၏ ရှင်ဖုံး အင်္ကျီအိတ်ထဲတွင် ရှိနေသော မိစ္ဆာဂိုဏ်း၏
ဖိုးကျမ်းစာများ ပါရှိသည့် ရှဉ့်ခမွေး သားရေကို ထုတ်ယူ
လိုက်သည်။

ပြီးမှ သူက ရှဉ့်ခမွေးသားရေကို သူ့ရင်ဖုံး အင်္ကျီအိတ်
ထဲသို့ ထိုးသွင်းကာ ထိုနေရာမှ ထွက်ခွာသွားလေတော့
သည်။

သူသည် သစ်ပင် ပန်းပင်များကို အကာအကွယ်ယူကာ
အိုးအိမ်ရှိရာသို့ ပြေးထွက်သွားသည်။

လီရှိရှန်နှင့် ယန်းစုကျုံးတို့၏ လှုပ်ရှားမှုကိုစောင့်ကြည့်
နေသော လူရိပ်တစ်ခုသည် လီရှိရှန် မညီဘည်နေရာသို့ ပြေး
သွားသည်ကို အသာအယာ နောက်ယောင်ခံလိုက်လာ
သည်။

www.burmeseclassic.com

www.burmeseclassic.com



လိရိုရှန်မှာ သူ၏လှုပ်ရှားမှုများကို မည်သူမျှ မတွေ့မြင်ပဲ ယူဆကာ တည်းခိုဆောင်အခန်းများအတွင်းသို့ဝင်ရန် ဖျော့သိုသာ တိုးသွားနေ၏။

ထိုလူရိပ်သည် တဖြည်းဖြည်း နောက်ဆုတ်လာသည်။

စောစောက လိရိုရှန်ထွက်လာသည့် ပန်းရုံအနီးသို့ ချဉ်းကပ်သည်။

ထိုလူရိပ်မှာ ယောက်ျားတစ်ယောက် မဟုတ်ပေ။ အမျိုးသမီးတစ်ယောက် ဖြစ်သည်။

သူမမှာ ပန်းရုံထဲတိုးဝင်လာပြီး ငမ်းသပ် စစ်ဆေးလိုက်သည်။

ခန္ဓာကိုယ်တစ်ခုကို စမ်းသပ်မိသဖြင့် ပန်းရုံအပြင်သို့ ထုတ်လိုက်သည်။

လရောင်သည် မလင်းလှသော်လည်း ရှပ်ရည်သွင်ပြင် ခွဲခြားနိုင်ရန်မှု ကောင်းစွာလုံလောက်သည်။

သူမ မြင်တွေ့ခဲ့ဖူးသည့် ယန်းစုကျုံဖြစ်နေသဖြင့် စမ်းသပ် စစ်ဆေးကြည့်သည်။

အိပ်ပျော်စေသော အကြောကို အထိုးခံထားရသည်။ အိပ်မောကျနေကြောင်းသိရှိသောအခါ အကြောကိုပြန်လည်ဖွင့်ပေးလိုက်သည်။

ယန်းစုကျုံးသည် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ လူးလှုပ်ရှားလာသည်။



သူ့လက်မောင်းက သူ့အားမှ နူးညံ့ အိစက်သော မသားစိုင်တစ်ခုကို ထိခိုက်မိသွားသဖြင့် ချက်တရက်လန့်ဖျပ်သွားကာ သေသံတိုးတိုးဖြင့် မေးလိုက်သည်။

* * *

'ဘယ်သူလဲ'

တစ်ဘက်မှ အသံက ခပ်လွင်လွင်ကလေး ပြန်ပြောလေသည်။

'ဒါလောက်တောင်ပဲ အအိပ်ကြီးရသလား၊ ဘယ်သူလဲ ဆိုတာ သိချင်ရင် ကြည့်ပါလား'

ယန်းစုကျုံးသည် ထိုအသံကိုကြားလိုက်ရသည်နှင့် သစ်ခေါက်ဆိုးဝတ်စုံနှင့် မိန်းကလေးဖြစ်ကြောင်း ကောင်းစွာ သိလိုက်သည်။

သူသည် ကမျာကယာ လူးလဲထလိုက်ပြီး မေးသည်။

'မင်းဒီနေရာကို ဘယ်လိုလုပ်ရောက်နေတာလဲ၊ ကျုပ်ဒီမှာ ရှိတာ မင်း ဘယ်လိုလုပ်သိသလဲ'

'ရှင်ဟာလေ တော်တော် အလိုက်ကန်းဆိုးမသိတဲ့ လူပဲ၊ တွေ့လိုက်တာနဲ့ မေးခွန်းတွေ ထပ်ပြီးတခေါင်းမေးဖို့လောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲတွေးနေသလား၊ ကျွန်မ ရှင်တို့ မရောက်ခင်ကတည်းက ဒီတည်းခိုဆောင်ကို ရှင်တို့လာမယ်ဆိုတာသိလို့ ကြိုစောင့်နေ ကာ၊ သိပြီလား'

'ဘာလုပ်ဖို့ လာစောင့်နေတာလဲ'

'တွေ့ချင်လို့'

'ဘာလုပ်ဖို့တွေ့ချင်တာလဲ'

'မမြင်ရရင် မနေနိုင်လို့၊ ကဲ...ဘာမေးဦးမလဲ'

ယန်းစုကျုံးက မိန်းကလေး ဘောက်ဆတ်ဆတ်ပြန်ပြောတော့မှ သူ့မေးခွန်းများကို ရပ်ဘန့်ပစ်လိုက်သည်။

သူက ချက်ချင်းပင် သူ့ရင်ဖုံးအင်္ကျီအိတ်တွင်း၌ သိမ်းဆည်းထားသော မိစ္ဆာဂိုဏ်း၏ သိုင်းကျမ်းစာကို သွားသတိရသည်။

ထို့ကြောင့် သူ့ရင်ဘတ်ကို ကပျာကယာ စမ်းသပ်ကြည့်သည်။

'ဟိုက်....'

သူ့တစ်ကိုယ်လုံး တောင့်တင်းသွားရပြီး အထိတ်တလန့်လည်း ဖြစ်သွားရသည်။

'မိစ္ဆာသိုင်းကျမ်း' ကို ဤမိန်းကလေးပင် ယူရမည်ဟု တစ်ထစ်ချ တွေးမိလိုက်၏။

'ငါ့ပစ္စည်း ပြန်ပေးစမ်း'

မိန်းကလေးမှာ သူ့ကတ္တီပါအိတ်ရှုံ့ကလေးကိုပြန်တောင်းသည် တင်သဖြင့် ခပ်လွယ်လွယ်ပင် ပြန်ပြောလိုက်သည်။



'ရှင့်ပစ္စည်းက ဘယ်လောက်များ အဖိုးတန်လို့လဲ၊ ကျွန်မ ဆော့စေ်လိုက်လို့ ပြကုန်ပြီ၊ မရှိတော့ဘူး'

ယန်းစုကျုံးမှာ ရှဉ်မွေးသားရေ ပြေ့တ်သွားသည် ထင်ပြတ်ကာ အလွန့်အမင်း ဒေါသထွက်သွားရသည်။

သူ့ကို အမျိုးမျိုး ဒုက္ခပေးသော မိန်းကလေးကိုလည်း စိတ်မရှည်နိုင်တော့ဘဲ မိန်းကလေး၏ရင်ဘတ်ကို လက်ဝါးဖြင့် တအား ရိုက်ချလိုက်သည်။

မိန်းကလေးက လုံးဝ ရှောင်တိမ်းခြင်းမပြုဘဲသူ့ရင်ဘတ်ပေါ်သို့ ကျရောက်လာသော ယန်းစုကျုံး၏ တံတောင်ဆစ်ကို ဖမ်းကိုင်ကာ သူ့လက်ဖြင့် သူ့ပါးကို ရိုက်လိုက်သည်။

ဖြန်းခနဲ အသံနှင့်အတူယန်းစုကျုံး၏လက်ဝါးကသူ့ပါးကို သူ ပြန်ရိုက်မိသွားသည်။

ယန်းစုကျုံးသည် ရှက်လည်းရှက်၊ အလွန်အမင်းလည်း ဒေါသထွက်လာသဖြင့် သူ့ဖခင် သင်ကြားပေးသော လက်သီးဖြင့် မိန်းကလေး၏ရင်ဝကို တအား ထိုးထည့်လိုက်တော့သည်။

မိန်းကလေး၏ လှုပ်ရှားမှုက လျင်မြန်လွန်းလှသည်။

သူ့လက်သီးက မိန်းကလေးရင်ဝနှင့် လက်လေးလုံးမျှ အလိုတွင် မိန်းကလေးက ကျောပွတ်ရိုးနှင့်ဆတ်ခနဲရိုက်ချလိုက်သည်။

သူမ၏ ရိုက်ချက်မှာ လွန်စွာညင်သာသည်ဟု ထင်မှတ်ရသော်လည်း ယန်းစုကျုံး၏ကိုယ်တစ်ခုလုံး ထုံကျဉ်ကာ ချွေးများပင် ယောင်ယုံ၍တက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'အား....'

'ကောင်းတယ်၊ အဲဒါ သူများကို လာပြီးတို့ကိချင်ဦး'

ထိုစဉ်မှာပင်ခြံဝင်းစောင့်သူ၏အောင်ယာစ်မေးသံ ကိုကြားလိုက်ရသည်။

'မှော့က ဘယ်သူ့ အသံတွေလဲကွ'

ဘစ်ခေါက်ဆိုးနှင့် မိန်းကလေးသည်ယန်းစုကျုံး၏လက်ကို ဖမ်းဆွဲပြီး ခြံဝင်းကို ခုန်ကျော်ကာ ပြေးထွက်လေတော့သည်။

'ဟော့....ဟော့....မှင်း....မင်း....'

'စကားကြောာ မရှည်နဲ့၊ လိုက်မှာသာ ကောင်းကောင်း လိုက်ခဲ့'

ယန်းစုကျုံးသည် တည်းခိုဆောင်အတွင်း၌ သူ့ကျေးဖူးရှင် ကျန်ခဲ့ကြောင်း ရှင်းပြရန် စကားစလိုက်ခြင်း ဖြစ်လေသည်။

မိန်းကလေးက အတင်းအဓမ္မဆွဲခေါ်နေသဖြင့် သူလည်း ဆက်မပြောသာတော့ပေ။

တည်းခိုဆောင်နှင့် အတော်ဝေးဝေးရောက်နေသည့်တိုင် မိန်းကလေးသည် ပြေးနေဆဲ ရှိသေး၏။

လမ်းတစ်ကွေ့ချိုးပြီး အိမ်ကလေးတစ်လုံးရှေ့ ရောက်သောအခါမှ အပြေးရပ်သွားလေသည်။

☆

အခန်း(၁၈)

ဆယ်နှစ်

မိန်းကလေးသည် ယန်စုကျုံး၏လက်ကိုလွှတ်ပြီးကြင်နာ (လာ လေသံဖြင့် မေးလိုက်သည်။

'မှန်း....ရှင့်လက် တော်တော်လေး နာသွားလားဟင်၊ ျပင်က အရမ်းကာရော ဇွတ်တိုက်ချင်တာကိုး'

ယန်းစုကျုံးမှာ နှုတ်ခမ်းကို ရှုံ့မဲ့လိုက်ပြီး ပြန်ပြော ပိုက်သည်။

'ဘာလဲ....ကျုပ်ကမင်းကို ကြောက်မယ်များ ထင်နေ (လား'

'ဒါဆိုရင် ရှင်ဟာ ကျွန်မကို ဆက်တိုက်ချင် သေးတယ် ပေါ့....'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ် ကျုပ်ပစ္စည်း ပြန်မရမချင်းတော့ မင်းဂါ(ကို) တိုက်ခိုက်ရဦးမှာပဲ'

'ဒါလောက်တောင် တိုက်ခိုက်ချင် နေရင် ဒီနေရာ(မှာ) အသွားအလာတွေများတယ်၊ လာ....အေးအေးဆေးဆေး သတ်ချင်ယင် ဟိုခေါင်မိုးပေါ်တက်မယ်'

ယန်စုကျိုးသည် အလွန်အမင်း အံ့အားသင့် သွား(ရ)သည်။

ခေါင်မိုးမှာ ဆယ့်ငါးတောင်မျှအမြင့် ရှိနေသည်။

သူ့အနေဖြင့် ထိုခေါင်မိုး အမြင့်ကို မပြောနှင့် ဆယ်(ငါး)တောင်အမြင့်ကိုပင် မခုန်နိုင်ပေ။

တွယ်ဇက် တက်လျှင်ပင် မနည်းကြိုး တက်ယူရမည် ဖြစ်သည်။

သူထိုသို့စဉ်းစားနေစဉ်မှာပင် သစ်ခေါက်ဆိုးဝတ်စုံ(နှင့်) မိန်းကလေးက သူ့လက်ကို ဖမ်းဆွဲလိုက်သည်။

ပြီးလျှင် ခြေဖျားတစ်ဘက်ကိုထောက်ကာ သူ့ကိုယ်(ကို) လှုပ်သည်။

သူ့ကိုယ်လုံးကလေး စွေ့ခနဲ လေထဲသို့ မြောက်တ(က်) သွားသည်။

သူနှင့်အတူ ယန်စုကျိုးလည်း မြောက်ပါသွားသည်။

သူတို့နှစ်ယောက် တံခါးများ ပိတ်ထားသော နေအိ(မ်) ကြီးတစ်လုံး၏ ဝရန်တာပေါ်သို့ ရောက်သွားကြသည်။

ထိုမှတစ်ဆင့် ပန်းဆွဲဆီသို့ လှမ်းတက်လိုက်သည်။

ပြီးမှ အမိုးပေါ်သို့ ခုန်တက်သည်။



ယန်းစုကျိုးလည်း သူမနှင့်အတူ အမိုးပေါ်သို့ခုန်တက် (သ)ွားသည်။

သစ်ခေါက်ဆိုး ဝတ်စုံနှင့် မိန်းကလေးသည် အသက် (ငယ်)ရွယ်ငယ်ရွယ် နုနယ်လှသော်လည်း သူမ၏ အတွင်းအားနှင့် (ကို)ယ်ဖော့ပညာမှာ ကိုယ်တိုင်မတွေ့မြင်ရပါက မယုံကြည် (နိုင်)ပ်လောက်အောင်ပင် အဆင့်မြင့်လှသည်။

'ဒီလို အဆင့်ဆင့် ခုန်တက်တော့လဲ လွယ်လွယ်ကလေး (ပါ)လား'

မိန်းကလေးသည် ပိဿာချိန် သုံးဆယ်ကျော်လေးသော (ယ)န်းစုကျိုး၏ကိုယ်လုံးကို အမိုးပေါ် ရောက်အောင်အဆင့် (ဆ)င့် တွဲခေါ်နိုင်သည့် အတွင်းအားမှာ အံ့ဩ၍ မကုန်နိုင် (အေ)ာင်ပင် ရှိနေရသည်။

အိမ်ခေါင်မိုးပေါ်သို့ ရောက်ရှိသောအခါမှမိန်းကလေး (က) ယန်းစုကျိုး၏ လက်ကို လွှတ်ပေးသည်။

သူမသည် ရေညှိများ တက်နေသော အုတ်ကြွပ် အမိုး (ပေ)ါ်တွင်ကိုယ်ကို မတ်မတ်ရင်ကာဟိုလျှောက်သည်လျှောက် (လိ)ုက်သည်။

သူမ၏ လှုပ်ရှားမှုမှာ မြေပြင်တွင် လမ်းလျှောက်နေ (သ)ကဲ့သို့ ပေါ့ပါးသွက်လက်နေသည်။

ယန်းစုကျိုးမှာမူ ကိုယ်ကို မတ်မတ် မဟန်နိုင် ဟိုယိမ်း (ဒီ)ယိုင်ဖြင့်အမိုးပေါ်မှ လိမ့်ကျမသွားအောင် မနည်းကြိုး (စား)နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် သူ့အနီးသို့ ပြန်လျှောက် [illegible] လက်တစ်ဘက်ကို နောက်ပစ်ကာ လက်တစ်ဘက်ကို ရှေ့ [illegible] ဆန့်ထုတ်ယင်း ပြောလိုက်သည်။

'ကဲ....ရှင်သိပ်တိုက်ချင်နေတယ်ဆိုရင်လဲ ပွဲမြန်မြန်စလို [illegible] ရအောင်၊ ရှင့်ကိုသက်ညှာတဲ့ အနေနဲ့ ကျွန်မက လက်တ [illegible] ဘက်ထည်းပဲ သုံးပါ့မယ်'

ယန်းစုကျုံးသည်ဒေါသထွက်လာသည်။ ဤမိန်းကလေ [illegible] သည်သိုင်းပညာအားကိုးဖြင့်သူ့အားသရော်လှောင်ပြော [illegible] နေသည် မဟုတ်ပါလော။

* * *

သူက မိန်းကလေးကို ခြေဖျားဖြင့် လှမ်းခတီသည်။

'ဝုန်း....'

ထောက်ထားသော ခြေထောက်မှာ ကိုယ်ကို မတ် [illegible] အောင် ဟန်မထားနိုင်သဖြင့် လဲကျသွားသည်။

သူ့ကိုယ်လုံးက အမိုးပေါ်မှ အောက်သို့လျှောကျသွ [illegible] သည်။



သူ့ထက်နှစ်ဘက်ကဆွဲမိဆွဲရာလှမ်းဆွဲလိုက်ရာမိန်းကလေး၏ ခြေကျင်းဝတ်ကို ဆွဲမိသွားသည်။

မိန်းကလေး၏ခြေထောက်များမှာ မူမြေစိုက်သံတိုင်များကဲ့သို့ ခိုင်မြဲလှချေ၏။

မိန်းကလေးက တခစ်ခစ်ရယ်မောရင်းပြောသည်။

'ရှင်ဟာသိုင်းကိုဒေါသကြီးတဲ့ လူတစ်ယောက်ပဲ၊ ဒေါသကြီးတဲ့လူတွေဟာ နောက်ဆုံးမှာ သူများ ခြေထောက်ကို ကိုင်ရတတ်တယ်ဆိုတာ ရှင်လက်တွေ့ တွေ့ပြီ မဟုတ်လား၊ ဒါဟာ ရှင့်အတွက်သင်ခန်းစာပဲ'

ယန်းစုကျုံးမှာ ရှက်လည်းရှက်၊ ဒေါသလည်း ထွက်နေ၏။

မည်မျှဒေါသထွက်စေကာမူ သူ့လက်နှစ်ဘက်ကို မိန်းကလေး၏ ခြေထောက်မှ လွှတ်မပစ်ရဲပေ။

သူသည် မိန်းကလေး၏ခြေထောက်ကိုခိုင်ခိုင်မြဲမြဲဆွဲရင်း သူ့ခန္ဓာကိုယ်ကို ခေါင်မိုးပေါ်သို့ ပြန်လည် ဆွဲတင်လိုက်ရသည်။

သူသည် ဒေါသထွက်လွန်းသဖြင့် မည်သည့်နေရာကစ၍ စကားပြောရမှန်းမသိဘဲ ဖြစ်နေသည်။

အတန်ကြာမှ....

'အေး....တနေ့ကျတော့ မင်းတွေ့မယ်'

'ကြည့်....ရှင်က ကျွန်မကို စိန်ခေါ်တယ်ပေါ့၊ [illegible]...ဒါဆို တစ်နေ့ဆိုတာကို ကျွန်မ သည်းခံပြီး စောင့်မ[illegible]နိုင်တဲ့ရှင်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်နေ့ဆိုတဲ့အချိန်ကို ကာသလေးကန့်သတ်လိုက်ရင်တော့ ကောင်းမယ်၊ ဘယ်လောက် စောင့်ရမလဲပြော’

ယန်းစုကျုံးသည် ခဏမျှ ငေးငိုင်သွားသည်။

သူကမိန်းကလေး၏ အဆင့်အတန်းကိုမိရန် အနည်းဆုံး ဆယ်နှစ်လောက် အပြင်းအထန် လေ့ကျင့် သင်ကြားရလိမ့်မည်ဟု ထင်နေသည်။

ထို့ကြောင့် လွတ်ခနဲ ပြောပစ်လိုက်သည်။

‘ဆယ်နှစ်’

မိန်းကလေးက သူ့စကားကို ကြားလိုက်ရသောအခါ ငိုအားထက် ရယ်အားသန်သွားရသည်။

ထို့နောက် အားပါးတရ ရယ်မောလိုက်ပြီးနောက် ပြောလိုက်သည်။

‘ဆယ်နှစ်တောင်....ဟုတ်လား၊ ဟား....ဟား....ဟား.... ရှင့်ကို ဆယ်နှစ်တောင် သိုင်းလေ့ကျင့်ဖို့ စောင့်ရလောက်အောင် ကျွန်မ သိုင်းပညာအဆင့်က မြင့်နေသလား’

မိန်းကလေးသည် ထိုသို့ပြောပြီး သူ့ကျောပွတ်ဖြင့် ယန်းစုကျုံး၏ လက်ပြင်နောက်ရှိ အကြောတစ်ခုကို လှမ်းရိုက်လိုက်ပါသည်။

ယန်းစုကျုံး ဆစ်ခနဲ နာကျင်သောဝေဒနာကို ခံစားရပြီး သူ့တစ်ကိုယ်လုံး ထုံကျဉ်တောင့်တင်းသွားသည်။

လက်ခြေများ ကို လှုပ်ရှားကြည့်သည်။

မရ။

စကားပြောကြည့်သည်။



အသံမထွက်။

သူ အကြောပိတ်ခံလိုက်ရမှန်း ကောင်းစွာသိလိုက်သည်။ မိန်းကလေးထံမှ စကားသံထွက်လာသည်။

‘ကျွန်မကို စိတ်မဆိုးပါနဲ့နော်၊ ရှင် လှုပ်ရှားနိုင်လို့ စိတ်လိုက်မာန်ပါ လှုပ်ရှားနေရင် မကြာခင် အောက်ကိုလိမ့်ကျပြီး ရှင့်ဘဝ ဇာတ်သိမ်းသွားလိမ့်မယ်၊ ဒါကြောင့် အခုလို ရှင့်ကိုအကြောပိတ်ထားလိုက်ရတာပဲ’

မိန်းကလေးသည် ထိုသို့ပြောပြီး သူတို့ နင်းထားသည့် တ်ကြွပ်ပြားတစ်ချပ်ကို လှန်လိုက်သည်။ ပြီးမှသူမက ခပ်တိုးတိုးပြော၏။

‘ဒီအိမ်ကြီးဟာ ဟိုပန်းမြို့တော်တည်းခိုခန်းပိုင်ရှင်ရဲ့အိမ်ကြီးပဲ၊ ခုနေတော့ အိမ်ထဲမှာ ဘယ်သူမှ မရှိကြဘူး၊ နောက်တစ်နာရီလောက်ကြာရင် အကြောင်းထူးလာလိမ့်မယ်၊ ဘယ်လိုထူးလာမယ်ဆိုတာကတော့ ဒီအပေါက်ကနေ ရှင်ကိုယ်တိုင်ကြည့်ကျန်ရစ်ခဲ့ပေတော့၊ ကဲ....ကျွန်မ ကိစ္စလေးတွေရှိသေးတယ်၊ သွားလိုက်ဦးမယ်’

မိန်းကလေးသည် ပြောပြောဆိုဆိုပင် ထိုနေရာမှခေါင်မိုးတစ်ခု ကျော်ဖြတ်ကာ ပျောက်ကွယ်သွားပါလေတော့သည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

### သံယောဇဉ် တစ်မျှင်နှောင်ကြိုး

လိုရိုရှန်သည် စကြာလမ်းအတိုင်း မှောင်ရိပ်ခိုကာတစ်ခန်း ပြီး တစ်ခန်း ကျော်ဖြတ်လာခဲ့သည်။

ညှိခန်းဆောင်ရှေ့သို့ရောက်လျှင်သခင်မလေးနှင့် ဝမ် တို့ လူစုသည် ညှိခန်းဆောင်တွင် သီးသန့်စားပွဲတွင် ည စားသောက်နေသည်ကို တွေ့လိုက်ရသည်။

အစားအသောက်များ စားသောက် ပြီးစီးသည့်တိုင် အောင် စောင့်ဆိုင်းနေခဲ့သော်လည်း သူတို့လူစုမှာ တော တော်နှင့်မထွက်နိုင်ကြဘဲ ရေနွေးကြမ်းသောက်ကာ စကား စမြည် ပြောဆိုနေကြပြန်၏။



နောက်ထပ် တစ်နာရီခန့်ကြာသောအခါ ပြီမှသခင်မလေး ဆိုသူက လူစုခွဲအိပ်စက်ရန်အမိန့်ပေးသဖြင့်ကိုယ်ရံတော်များ ထည် အလျှိုလျှို ခွဲထွက်သွားကြတော့သည်။

သခင်မလေးနှင့် ရှောင်ဖုန်းသည်အိပ်ခန်းတစ်ခန်း ဆီသို့ ဝင်သွား၏။

ကျန်လူများမှာ နှစ်ယောက်တစ်တွဲ အိပ်ခန်းတစ်ခန်းဆီ သို့ ဝင်ကုန်ကြသည်။

ဝမ်ယုမှာ ဒေးလွတ်တစ်ချောင်း ကိုင်ဆော သခင်မလေး နှင့် ရှောင်ဖုန်းတို့ ဝင်သွားသော အိပ်ခန်းရှေ့တွင် ဟိုး လျှောက် သည်လျှောက်ဖြင့် အိပ်ဖန်စောင့်နေသည်ကိုတွေ့ ရသည်။

လိုရိုရှန်မှာ အလျော့မပေးသေးဘဲ ပတ်ဝန်းကျင် အခြေ အနေကို အကဲခတ်ကြည့်ရှုသည်။

ပြီးလျှင် နှစ်ယောက်တစ်တွဲ အိပ်နေသော အိပ်ခန်းများ ကို သေချာစွာ မှတ်သားကာ အမှတ်သုံးနှင့်အခြားကိုယ်ရံ တော်တစ်ဦး ပူးတွဲအိပ်စက်သည့်အခန်းသို့ အမိုးမှ ဖောက် ဝင်ရန် စိတ်ကူးမိသည်။

ထို့ကြောင့် စကြာမှောင်ရိပ် တစ်နေရာမှ အမိုးပေါ်သို့ ကွယ်တက်ကာ ခြေကိုဖော့နင်းပြီး အမှတ်သုံး၏အိပ်ခန်းရှိရာ နေရာသို့ လျှောက်လာခဲ့သည်။

ထိုအချိန်မှာပင် သခင်မလေး၏ အိပ်ခန်းဆောင်ဆီမှ ပြတင်းတံခါးဖွင့်သံ ကြားလိုက်ရသဖြင့် ကိုယ်ကို အမိုးတွင်

www.burmeseclassic.com

www.burmeseclassic.com



ပြားနေအောင် ဝတ်ကာ အခြေအနေကို စောင့်ကြည့်နေမိသည်။

ဝတ်စုံနက်များ ဝတ်ဆင်ထားသော လူရိပ်သုံးရိပ်သည် ပြတင်းပေါက်မှ လွှားခနဲ....လွှားခနဲ ခုန်ချကာ တည်းခိုဆောင်နောက်ဘက်ရှိ ဥယျာဉ်များဆီသို့ ပြေးဝင် ပျောက်ကွယ်သွားခဲ့ကြသည်။

မိမိထက် ဦးသူများသည် သခင်မလေးဆိုသူ၏ အခန်းဖဲသို့ ကြိုတင်ရောက်နေရာမှ အခွင့်မသာဘဲ ထွက်ပြေးသွားကြရပါပြီကော။

လီရိရှန်သည် ယနေ့ညအဖို့တွင် အခြေအနေအခွင့်မသာတော့သည်ကို ရိပ်စားမိသဖြင့် ခေါင်မိုးပေါ်မှခုန်ဆင်းကာ ယန်းစုကျုံးကိုအိပ်စက်စေရန်ထားရစ်ခဲ့သော ပန်းချုံကွယ်သို့ ပြန်လာခဲ့တော့၏။

ပန်းချုံနောက်တွင် ယန်းစုကျုံးကို ရှာဖွေမတွေ့ရသဖြင့် အလွန်အမင်း စိုးရိမ်ပူပန်သွားမိသည်။

ဤ ရိုးသားသော လူငယ်ကလေးကို သူသည်အလွန် သံယောဇဉ် ဖြစ်မိခဲ့သည်။

အနီးအနားတွင် လိုက်လံရှာဖွေသော်လည်း လုံးဝမတွေ့သဖြင့် လက်လျှော့ကာ မြို့ဝင်းအပြင်ဘက်သို့ ထွက်လာခဲ့သည်။

သူသည် သိုင်းလောက အတွေ့အကြုံများလှသူဖြစ်၍အိမ်ကြီးပေါ်သို့ ရုတ်တရက်မတက်သေးဘဲ ဘေးမှအကဲခတ်လိုက်သေးသည်။



သူ့ အယူအဆ မှန်သွားသည်။

လမ်းမကြီးပေါ်၌ အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသူများ အလျှိုလျှိုပေါ်လာပြီး ချက်ချင်း ပျောက်ကွယ်သွားကြသည်ကို တွေ့လိုက်ရသောအခါ လီရိရှန်သည် သက်ပြင်းတစ်ချက် ချမိလေသည်။

'အင်း....လမ်းပေါ်ကသွားရင်တော့ ပြဿနာ တစ်ခုခုနဲ့ ကြုံတွေ့ရမှာ သေချာတယ်၊ ဒီတော့ အိမ်ခေါင်မိုးတွေပေါ် သွားပြီး ယန်းစုကျုံးကို စနည်းနာရမယ်'

လီရိရှန်သည် အိမ်ခေါင်မိုးတစ်ခုပေါ်သို့ ခုန်တက်ပြီး တစ်အိမ်မှတစ်အိမ်သို့ လွှားခနဲ ခုန်ကျော်သွားကာ လမ်းမကြီးဆီသို့ အကဲခတ်ကြည့်ရှုသည်။

လူခြည် တစ်စုံတစ်ရာမတွေ့ရသဖြင့် ရှေ့သို့ဆက်လျှောက်လာရာ ကြီးမားသော အိမ်ကြီးတစ်ဆောင်သို့ ရောက်လာသည်။

အခြားအိမ်များထက် မြင့်၏။

ယန်းစုကျုံးရှိနေသော အိမ်ကြီးပေတည်း။

သည်အိမ်ကြီး၏ အမိုးပေါ်သို့ ခုန်တက်လိုက်ပြန်သည်။

ခေါင်မိုး၏ အစွန်းတစ်ဖက်တွင် ဝမ်းလျားမှောက်နေသော လူရိပ်သဏ္ဌာန်တစ်ခုကို တွေ့လိုက်ရသဖြင့် သူ့ခြေလှမ်းများ ရုတ်တရက် တုံ့ဆိုင်းသွားရသည်။

'ဘယ်လိုလဲ၊ ခေါင်မိုးပေါ်မှာ လာအိပ်နေတာမရိုးသားဘူး'

www.burmeseclassic.com

www.burmeseclassic.com



လိရိရှန်သည် အတန်ကြာ ငြိမ်သက်စွာ စောင့်ကြည့်သည့် တိုင် လုံးဝမလှုပ်ရှားသဖြင့် သတိကြီးစွာထားထား တဖြည်း ဖြည်း ရှေ့တိုးလာတော့၏။

* * *

'ဟာ….ယန်းစုကျုံး'

လိရိရှန်မှာ ဖော်မပြနိုင်သောက်အောင် ဝမ်းသာသွား သည်။

အဘယ်ကြောင့် ဤမျှ ငြိမ်သက်နေရသနည်းဟု စူးစမ်း သောအခါမှ အကြောပိတ် ခံထားရကြောင်း သိလိုက်ရ တော့သည်။

ယန်းစုကျုံး၏ ပိတ်နေသော အကြောကို ခပ်မြန်မြန်ဖွင့် ပေးလိုက်ရသည်။

ပြီးမှ သူက ယန်းစုကျုံးကို စူးစမ်းဟန်ဖြင့် လေသံတိုးတိုး ဖြင့် မေးမြန်း၏။

'ယန်းစုံကျုံး….မင်းကို ဘယ်သူက ဒီခေါင်မိုးပေါ် တင် ပြီး အကြောပိတ်ပစ်ခဲ့ရတာလဲ'



ယန်းစုကျုံးသည် သူ၏ ခြေနှင့်လက်များ သွေးလျှောက် စေရန်အတွက် ကြွေးချည်ဆန့်ချည် လုပ်နေရာမှ စိတ်ဆိုး ဟန်ဆိုးဖြင့် ပြန်ပြောလိုက်သည်။

'ဘယ်သူရှိဦးရမှာလဲဗျာ၊ ကျွန်တော်နဲ့တစ်ခါကတွေ့ ဖူးတဲ့ သစ်ခေါက်ဆိုးဝတ်စုံနဲ့ အစေခံမလေးပေါ့၊ သူနဲ့ကျွန် တော် ဘာရန်ငြိုးရန်စ ရှိတာမှမဟုတ်ဘဲ၊ ကျွန်တော့်ကို အမြဲလိုက်နှောင့်ယှက်နေတယ်'

'သူ အခု ဘယ်ဘက်ကို ထွက်သွားသလဲ'

'ဟောဒီဘက်ကို ထွက်သွားတယ်'

ယန်းစုကျုံး သစ်ခေါက်ဆိုးနှင့် မိန်းကလေးထွက်သွား ရာဘက်ကို လက်ညှိုးညွှန်ပြလိုက်ရာ လိရိရှန်သည်မိန်းကလေး ထွက်သွားသည့်နောက်သို့ ပြေးလိုက်သွားလေတော့သည်။

ခေါင်မိုးပေါ်၌ ယန်းစုကျုံး တစ်ဦးတည်းသာ ကျန် ရစ်ခဲ့တော့သည်။

လိရိရှန် သူ့အနီးမှ ထွက်ခွာသွားသောအချိန်တွင် ညဉ့် ယန်းခေါင်ယံ တိုင်နေလေပြီ။

အေးစက်သောနှင်းစက်နှင်းပေါက်များကကိုယ်ပေါ်သို့ တဖြောက်ဖြောက် ကျဆင်းနေသဖြင့် သူ့ဝတ်စုံမှာ စိုထိုင်း ထိုင်း ဖြစ်လာပြီး အေးစိမ့်လာသလို ခံစားလာရသည်။

သူ့အနေဖြင့် ခေါင်မိုးပေါ်မှ အောက်သို့ပြန်ဆင်းလို သော်လည်း ဆယ့်ငါးတောင်မျှ အမြင့်ရှိသော ခေါင်မိုး ပေါ်မှ မည်သို့မည်ပုံ ပြန်ဆင်းရမည်ကို မသိသည်က တစ် ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



လိရီရှန်သည် သစ်ခေါက်ဆိုးနှင့် မိန်းကလေးနောက်သို့ လိုက်သွားပြီး မိမိထံသို့ပြန်လာမည်ဟု တင်ထစ်ချယုံကြည်သည်က တစ်ကြောင်း၊

ထို့ကြောင့် အေးစိမ့်နေသည့်ကြားမှပင် ခေါင်မိုးပေါ်မှ မထဘဲ ဝမ်းလျားမှောက် နေလိုက်တော့သည်။

သူသည် ဝမ်းလျားမှောက်နေရင်းမှ သစ်ခေါက်ဆိုးနှင့် မိန်းကလေးအကြောင်း၊ လိရီရှန်အကြောင်း၊ မိစ္ဆာဂိုဏ်း၏ သိုင်းကျမ်းအကြောင်းနှင့် ရွှေကြုတ် အကြောင်းတို့ကို ပြန်လည် တွေးတော စဉ်းစားရင်း သက်ပြင်းတစ်ချက်ရှိုက် လိုက်မိသည်။

သစ်ခေါက်ဆိုး ဝတ်စုံဝတ်ဆင်သည့် မိန်းကလေးက တစ်နာရီခန့်ကြာလျှင် ဤအိမ်ကြီး၌ ထူးခြားလိမ့်မည်ဟု ဆိုခဲ့သော်လည်း ယခု တစ်နာရီမျှ ကြာမြင့်နေသည့်တိုင် မည်သို့မျှ မထူးခြားသေးသော အောက်မှအခန်းများဆီသို့ စိတ်မပါလက်မပါ ချောင်းကြည့်လိုက်မိသည်။

မှောင်နှင့်မည်းမည်း ဖြစ်နေသဖြင့် ဤအခန်းများ၌ ရှိသူ နေမှနေပါ၏လောဟုပင် တွေးလိုက်မိသည်။

သူ ထိုသို့ တွေးတောနေစဉ်မှာပင် အုတ်ကြွပ်ပေါက်မှ သို့ မီးရောင်တစ်ခု ဖြာတက်လာသဖြင့် အောက်သို့ ကပျာကယာ ငုံ့ကြည့်လိုက်သည်။

ဝင်လာသူများ ကိုင်ဆောင်လာသည့် မီးအိမ်ကလေးမှာ သေးငယ်သဖြင့် ရုတ်တရက် မည်သူမှန်း ခွဲခြား၍ မရ ပေ။



အနက်ရောင် ဝတ်စုံများကြောင့်လည်း ရုတ်ခြည်းခွဲခြား၍ ခက်နေ၏။

သို့သော် ယန်းစုကျုံးသည် ဝင်လာသူနှစ်ယောက်ဖြစ်ကြောင်းနှင့် ထိုသူများ မည်သူဖြစ်သည်ကို မကြာမြင့်မီမှာပင် သိလိုက်တော့သည်။

တစ်ယောက်မှာ သခင်မလေးဖြစ်ပြီး နောက် တစ်ယောက်မှာ သခင်မလေး၏ အစေအပါး ရွှောင်ဖုန်းဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

သူ့ခေါင်းထဲသို့ အတွေးတစ်ခုကလည်း ချက်ချင်း ဝင်ရောက်လာသည်။

သခင်မလေးတို့လူစုသည် ပန်းမြို့တော် တည်းခိုရိပ်သာတွင် တည်းခိုကြကြောင်းကို ညဦးပိုင်းကပင် သူနှင့်လိရီရှန်တို့ ကိုယ်တိုင်တွေ့မြင်ခဲ့ရသေးသည်။

ယခု သူတို့နှစ်ယောက် ဤအိမ်ကြီးပေါ်သို့ အဘယ်ကြောင့် ရောက်ရှိလာရလေသနည်း။

ယန်းစုကျုံး ဦးနှောက်ခြောက်သွားသည်။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

### ဥပါယ်တံချဉ်

ရှောင်ဖုန်းသည် နံရံတွင် ချိတ်ဆွဲထားသော ပိုးမီးအိမ်များ လုံးဝမကျန် မီးလိုက်ထွန်းလိုက်သဖြင့် ထိုအခန်းတစ်ခုလုံးမှာနေ့အခါနှင့်မခြားလင်းလင်းကျင်းကျင်းရှိသွားသည်။

ထိုအခါကျမှ ယန်စုကျုံး သေချာကွဲပြားစွာ တွေ့တော့သည်။

ရှောင်ဖုန်းသည် သခင်မလေးအနီးသို့ လျှောက်သွားပြီးလျှင် စားပွဲပေါ်တွင်အသင့်ရှိနေသော ရေနွေးကြမ်းတစ်ခွက်ကိုငှဲ၍ သခင်မလေးကို ရိုရိုသေသေပေးရင်း မေးလိုက်သည်။



သူတို့ရောသံမှာ အေးအေးဆေးဆေး ရှိလှသဖြင့် ကျ...ပန်းသည် သူတို့ အကျွမ်းတဝင်ရှိပြီးသည့် အခန်းဖြစ်ကြောင်း ယန်းစုကျုံး ခန့်မှန်းနိုင်လိုက်သည်။

'သခင်မလေး... မနက်က ကျွန်မ ဈေးသွားတုန်းက ...စ်ခေါက်ဆိုးဝတ်ရုံ ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက် ...တွေ့ခဲ့ရတယ်၊ သူ့ခါးမှာလဲ ကျာပွတ်တစ်ချောင်းပတ်ထား ...ယ်၊ သူ့ကြည့်ရတာ သိုင်းပညာ အတော်အဆင့်မြင့်မြင့် ...တ်မြောက်ထားပုံပဲ၊ သခင်မလေး သူ့ကိုသိသလား'

သခင်မလေးသည် စဉ်းစားတွေးတောဟန်ဖြင့် နံရံဆီ ...ကြည့်နေသည်။

အတန်ကြာ စဉ်းစားပြီးမှ ရှောင်ဖုန်းဘက်သို့လှည့်ပြော ...ည်။

'အင်း...သိတယ် သိတယ်၊ သူဟာ အရှေ့ပင်လယ် ...ပ်းပေါ်မှာရှိတဲ့ ငါးကြင်းမြီးရွာက လုကျုံးထိုက်ရဲ့မြေး ...လေးပဲ'

ရှောင်ဖုန်းက အံ့အားသင့်သွားဟန်ဖြင့် ပြန်၍မေးလိုက် ...ည်။

'သူက လုကျုံးထိုက်ရဲ့ မြေးမ ဟုတ်သလား သခင်မလေး'

'အေး...ဟုတ်တယ်၊ ဒီကလေးမလေးဟာ သူ ငယ်ငယ် ...ည်းက သူ့မိဘနှစ်ပါး ဆုံးသွားတော့ ဘိုးအေကြီးနဲ့ ...နေနေတယ်လေ၊ သူ့ဘိုးအေကြီးကလဲ သိုင်းလောကမှာ ...ကျော်ကြားတဲ့ သိုင်းသမားကြီး တစ်ယောက်ဆိုတော့ သူ့ ...ကို သူများစော်ကားတာ မခံရအောင် ငယ်စဉ်

www.burmeseclassic.com

www.burmeseclassic.com



ဏတည်းက သိုင်းပညာ သင်ပေးခဲ့တယ်၊ ပြီးတော့ အလို အရမ်းလိုက်တယ်၊ ဒီမိန်းကလေးက သူ့အဘိုးနဲ့လဲ အတ ဟကျနေတာ မဟုတ်ဘူး၊ ဒီလိုပဲ လျှောက်သွားနေတာပဲ ဘာဖြစ်လို့ မေးတာလဲ ရှောင်ဖိုန်း'

'ဘာကြောင့်မှတော့ မဟုတ်ပါဘူး သခင်မလေး၊ မိန်း ကလေး တစ်ယောက်တည်း သိုင်းလောကထဲမှာ ရဲရဲတင် ဘင်း လျှောက်သွားနေတာကို အံ့သြလို့ပါ'

'အင်း....ဒီကလေးမနဲ့ သခင်မ တစ်ကြိမ်ပဲဆုံဖူးလိုက်ပ တယ်၊ သခင်မကိုတောင် သူက အရှိအသေ ပေးရမှန်း တာမဟုတ်ဘူး၊ ပထမတော့ သခင်မလဲ သူ့စရိုက်ကို မ နတော့ ယှဉ်တိုက်ဖို့တောင် စိတ်ပိုင်းလိုက်မိသေးတယ်၊ ပေမယ့် သူဟာ ကလေးတစ်ယောက် ဆိုတာ သိလိုက်ရ သခင်မကပဲ လျှော့ပေးလိုက်ပါတယ်'

ရှောင်ဖုန်းက မဲ့ကာရွဲ့ကာ ပြန်ပြောသည်။

'သခင်မလေးကသာ သူ့ကို ကလေးစိတ် မပျော သေးဘူးပြောနေတယ်၊ သူ့အသက်က ဆယ့်ရှစ်နှစ်လော ဖြစ်နေပြီ၊ အပျိုကြီးဖားဖား ဖြစ်နေပါပြီ'

'ဟေးလေ၊ ဒါပေမယ့် သူ့အဘိုးက သိပ်အလိုလို ထားတော့ သူ့ကိုယ်သူ ကလေးလိုပဲ သဘောထားနေတေ တာပေါ့'

သခင်မလေး ထိုသို့ ပြောလိုက်ပြီး လက်ထဲမှ ရေ ကြမ်းကို မှုတ်ကာသောက်ချလိုက်သည်။ ပြီးမှ သူက ရှော ဖုန်းကို ပြောလိုက်သည်။



'ကဲ—ရှောင်ဖုန်း၊ မင်းလဲ တစ်နေ့လုံး ပင်ပန်းလာပြီ၊ ပ်တော့'

ရှောင်ဖုန်းကမူ သခင်မလေးမျက်နှာကို စိုးရိမ်ပူပန်ဟန် ဖြင့် ပြန်ကြည့်လိုက်သည်။

ပြီးမှ သူက လေသံပျော့ပျော့ဖြင့် ပြန်ပြောသည်။

'သခင်မလေးလဲ အိပ်တော့လေ။ သိပ် အိပ်ရေးပျက် စားပျက်ခံနေရင် မနေထိုင်မကောင်း ဖြစ်နေပါ့မယ်'

'အေး အေး....'

သခင်မလေးသည် ကိုယ်ကျပ်ဝတ်စုံနက်ကိုချွတ်၍ ညဝတ် ကျိုရှည်ကို လဲလှယ်ဝတ်ဆင်လိုက်သည်။

ပြီးလျှင် ခုတင်ပေါ်သို့တက်ကာ လဲလျောင်းလိုက်လေ သည်။

ရှောင်ဖုန်းက သခင်မလေးကိုယ်ပေါ်သို့ ဂွမ်းကပ်တစ်ခု ကို လွှမ်းခြုံပေးလိုက်ပြီးနောက် ဇာခြင်ထောင်ချပေးလိုက် သည်။

ရှောင်ဖုန်းသည် ဆောင်ရွက်စရာရှိသည်များကို ဆောင် ရွက်ပြီးနောက် အခန်းထောင့်တွင် အသင့် ခင်းကျင်းထား သော ခုတင်ပေါ်တွင်တက်၍ လဲလျောင်းလိုက်သည်။

အခန်း တစ်ခုလုံးသည် စောစောကလိုပင် ပြန်လည် တိတ်ဆိတ် ငြိမ်သက်သွားသည်။

ငကာအကြာတွင် သခင်မလေးထံမှ လေသံ တရှူးရှူး ပေါ်ထွက်လာသည်။

နှစ်ခြိုက်စွာ အိပ်ပျော်သွားဟန်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းနေသောမီးရောင်အောက်တွင် သခင်မလေး၏ မျက်နှာမှာ ပကတိ အပြစ်ကင်းစင်လျက် ကြည်လင်ဝင်း နေသည်။

* * *

ယန်းစုကျုံးသည် နှစ်ခြိုက်စွာ အိပ်မောကျနေပြီ သော သခင်မလေး၏ ကြည်လင်ဝင်းပသောမျက်နှာလေ ကြည့်ကာ တွေးတောစဉ်းစားနေမိသည်။

ယခုကဲ့သို့ အိပ်စက်နားနေသောအခါတွင် သူ့မျက် ကလေးက ကြည်လင်ဝင်းပနေသလောက် လှုပ်ရှား လာနေသည့်အခါတွင် အဘယ်ကြောင့် ခက်ထန်ကြမ်း နေရလေသနည်း။

သူမထံတွင် တစ်စုံတရာ ခံစားချက် ရှိနေလေသလေ

မည်သည့်အရာကိုမကျေနပ်၍ ဤမျှခက်ထန် ကြမ်းကြု နေရလေသနည်း။

သူနှင့် ဘာမှ ပတ်သက်စပ်ဆိုင်ခြင်း မရှိပါဘဲလျက် အကြောင်းကို တွေးနေမိသည်။

တကယ်ဆိုလျှင် သခင်မလေးဆိုသူသည် နေ့လယ် အချိန်က သူ့ကိုလုပ်ကြံသတ်ဖြတ်ရန် ကြံစည်ခဲ့ဖူးသည်။



ထို့ကြောင့် ဤသခင်မလေးဆိုသူအကြောင်းကို ခေါင်း ထဲထည့်ထားရန် မလိုပေ။

သို့သော် သူသည် ဤသခင်မလေးအကြောင်းသာ တဝဲဝဲ တလည်လည် တွေးနေမိပေသည်။

သခင်မလေး၏ နောက်လိုက်အားလုံးက သခင်မလေးကို လေးစားချစ်ခင်ပုံ ရသည်။

ကြောက်ရွံ့ရိုသေပုံရသည်။

သူမသည် အမှန်ပင် မင်းမျိုးမင်းနွယ်ထဲကပင်လော။

နောက်ဆုံးတွင် သူမ အကြောင်းကို မတွေးသည်က ကောင်းမည်ဟု ဆုံးဖြတ်ကာ အတွေးမျှင်များကို ဖြတ်တောက်ပြီး လီရိရှန် ပြေးထွက်သွားသော နေရာသို့ လှမ်းကြည့်လိုက်မိသည်။

ခပ်လှမ်းလှမ်းဆီတွင် သူ့ထံသို့ တစ်အိမ်ပြီး တစ်အိမ် ခုန်ကျော်လျက် ပြေးလာနေသော လီရိရှန်ကို တွေ့လိုက်ရသည်။

ကိုယ်ဖော့ပညာ အလွန်ကောင်းသူဖြစ်၍ ယန်းစုကျုံးကပင် သတိပေးရန် မလိုအောင် ခြေသံလုံးဝ မကြားရစေဘဲ သူ့အနီးသို့ ရောက်ရှိလာလေ၏။

ယန်းစုကျုံးက လေသံတိုးတိုးဖြင့် မေးလိုက်သည်။

'တွေ့ခဲ့ရဲ့လား ဘဘ'

လီရိရှန်က ခေါင်းကိုခါယမ်းလျက် ပြန်ဖြေသည်။

'မတွေ့တော့ပါဘူးကွာ၊ ကျုပ်လိုက်သွားတဲ့ အချိန်မှာ နောက်ကျနေတာကိုး'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါမှ ဒုက္ခပဲ'

လိရိချွန်က ယန်းစုကျုံးစကားကြောင့် အသန့်အကြား ဖြစ်သွားသည်။

'ဟေ...ဘာဖြစ်လို့လဲကွ'

'ကျွန်တော့် ရင်ဖုံးအင်္ကျီ အိတ်ထဲက မိစ္ဆာ ဂိုဏ်းရဲ့ ကျမ်းစာ ပါသွားတယ်'

ယခုမှ လိချွန် ပို၍ အခက်ကြုံသွားသည်။

သိုင်းကျမ်းစာပါသော ရှဥ့်မွှေးသားရေ ပျောက်ဆုံး မည် စိုးသဖြင့် ယန်းစုကျုံးထံမှ သူယူသွားခဲ့သည်။

ဤသည်ကို ယန်းစုကျုံး လုံးဝမသိ။

အကယ်၍သာ သူယူသွားသည်ဆိုလျှင် တစ်မျိုးသာ စိမ်ည် ထင်ကောင်း ထင်သွားနိုင်သည်။

ထို့ကြောင့် ဥပါယ်တံ ဂျဉ်ဖြင့်ပြောလျှက် ရှဥ့်မွှေးသား ရေကို ပြန်ပေးလိုက်သည်။

'မပူပါနဲ့ကွာ...၊ မင်းကောင်မလေးက ရှဥ့်မွှေးသားရေ ကို ယူသွားပါဘူး၊ အိမ်ခေါင်မိုး တစ်ခုပေါ်မှာ ချထား ခဲ့လို့ ငါကောက်လာခဲ့ရတယ်၊ ရော့ဒီမှာ...နောက်ဒီလို မဖြစ်အောင် သေသေချာချာ သိမ်းထား'

ယန်းစုကျုံးအလွန်အမင်း ဝမ်းသာသွားသည်။

လိရိချွန်က ယန်းစုကျုံးကို ဆက်ပြောသည်။

'သက်ာမကင်း ဖြစ်နေတဲ့ အမှတ်သုံးရဲ့ အခန်းကို ဝါ ခုနက အခြေအနေ မပေးလို့ ပြန်လာခဲ့တာ၊ ခုသပ်သွား ရအောင်'



'ဟုတ်လားဘာ၊ ကျွန်တော်လိုက်လို့ ဖြစ်ပါ့မလား'

'လာပါကွာ၊ ဖြစ်ပါတယ်'

ပြောပြောဆိုဆိုပင် သူက ယန်းစုကျုံး၏ လက်ကိုဆွဲကာ ...ပ်ခေါင်မိုး အစွန်းဆီသို့ လျှောက်သွား လိုက်သည်။

ယန်းစုကျုံးသည် မိမိတို့ ရောက်ရှိနေသော အိမ်ကြီး ...တွင် သခမ်မလေးနှင့် ရှောင်ဖုန်းတို့ ရှိနေသည်ကိုလိရိချွန် ...း ဖွင့်မပြောဘဲ လိရိချွန်နောက်မှ လိုက်ပါသွားသည်။

ဖွင့်ပြောရန် မလိုအပ် ဟုလည်း ထင်သော ကြောင့် ...ဖစ်သည်။

လိရိချွန်သည် ခေါင်မိုး အနိမ့်ကလေးများဆီသို့အဆင့် ...င့်ခုန်ဆင်းလာသောကြောင့် မြေပြင်နှင့် တဖြည်းဖြည်း ...လာသည်။

နောက်ဆုံး အိမ်ကား အနိမ့်ဆုံးဖြစ်၍ ယန်းစုကျုံး၏ ...က်ကိုဆွဲကာ အလွယ်တကူပင်ခုန်ဆင်းနိုင်ခဲ့သည်။

သို့တိုင် ယန်းစုကျုံး ရင်ထဲတွင် အေးခနဲ ခံစားလိုက်ရ ...သေး၏။

★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

## အမှတ်လုံး၏နိဂုံး

လမ်းမကြီးပေါ်တွင် သူတို့နှစ်ယောက်သာ လျှပ်ရှားနေ ကြသည်။

ပတ်ဝန်းကျင် တစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက် နေသည်။

ပန်းမြို့တော် တည်းခိုခန်းသို့ ပြန်လည် ရောက်ရှိလာ သည်။

စောစောပိုင်းက သူတို့ဝင်ခဲ့သော ခြံစည်းရိုးကို ဒုံ တက်ကာ တည်းခိုခန်း၏ နောက်ဘေးဆောင် ဘက်၊ မှောင်ရိပ်ခိုပြီး လျှောက်သွားကြသည်။



တည်းခိုခန်းတံခါးကို အသာ တွန်းကြည့်လိုက်ရာအသဖို့ ပွင့်သွားသည်ကိုတွေ့ရသဖြင့်လီရိရှန်အံ့အားသင့်သွားသည်။

သို့သော် သူက ယန်းစုကျုံး၏ လက်တစ်ဘက်ကိုဆွဲကာ သတိဖြင့် ဆက်လျှောက်လာခဲ့သည်။

စင်္ကြံလမ်းအတိုင်း ခြေကိုဖော့နင်း၍တစ်ခန်းပြီးတစ်ခန်း ကျော်ဖြတ်လာခဲ့သည်။

သူမှတ်သားထားသော အခန်း ရှေ့သို့ အရောက်တွင် လီရိရှန်၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားသည်။

သူက အခန်းတံခါးကိုတွန်းဖွင့်ကြည့်လိုက်သည်။

တံခါးမှာ စေ့ရုံသာ စေ့ထားသဖြင့်ကျွိခနဲမြည်ကာ ပွင့်သွားလေတော့သည်။

အခန်းထဲ၌ ခုတင်နှစ်လုံးရှိရာ တစ်လုံးမှာအလွတ်ဖြစ်ပြီး ကျန်တစ်လုံးပေါ်တွင်လူတစ်ယောက်အိပ်စက်နေ၏။

အိပ်နေသူကား အမှတ်သုံးပေတည်း။

* * *

သူတို့နှစ်ယောက် ထိုသူအနီးသို့ ရောက်သောအခါ ယန်း စုကျုံး လန့်ပြီး မအော်မိအောင် မနည်း သတိထားလိုက် ရသည်။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှုကား ခုတင်ပေါ်တွင် ပက်လက် အနေအထားဖြင့် လဲလျောင်းနေသော အမှတ်သုံး၏ ရင်ဝတွင် သွေးများ အိုင်ထွန်းအောင်စိုရွှဲနေသောကြောင့်ပေတည်း။

အမှတ်သုံးသည် မျက်လုံးအပြူးသားနှင့် လူ့လောကကြီးကို အချိန်ကြာမြင့်စွာကပင် စွန့်ခွာခဲ့ပြီး ဖြစ်ကြောင်း ခြောက်သွေ့နေသော သွေးများက သက်သေခံလျက် ရှိသည်။

လီရိုရှန်သည် ယန်းစုကျုံး၏ လက်ကို လွှတ်၍ အမှတ်သုံး၏ ခန္ဓာကိုယ်ပေါ်တွင် ရွှေကြုတ်ရှိမရှိရှာဖွေခိုင်းလိုက်သည်။

သူကိုယ်တိုင်ကမူ အခန်း ပေါက်ဝ၌ သွားစောင့်နေသည်။

အခြား ကိုယ်ရံတော်များ ဝင်လာပါက အချိန်မီသိရှိနိုင်ရန် ဖြစ်ပေသည်။

ယန်းစုကျုံး မနေ့သာတော့ဘဲ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် အမှတ်သုံး၏ ကိုယ်ပေါ်၌ ရွှေကြုတ်ရှိမရှိရှာဖွေရတော့သည်။

အတန်ကြာအောင် ရှာဖွေကြည့်သော်လည်း မည်သည့်အရာမျှ မတွေ့ရသဖြင့် သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

ထိုစဉ်မှာပင် အပြင်ဘက်ဆီမှ ခြေသံတစ်ခု ကြားလိုက်ရပြီး ကျယ်လောင်စွာ အော်ဟစ် မေးမြန်းသော အသံတစ်သံလည်း ပေါ်ထွက်လာသည်။



'အမှတ်သုံး အခန်းထဲက ဘယ်သူလဲဟေ့'

လီရိုရှန်သည် အသံကြားလိုက်ရသည်နှင့် အခန်းတွင်းမှ မီးကို ငြိမ်းသတ်လိုက်၏။

ယန်းစုကျုံးအား သူ့နောက်မှလိုက်ခဲ့ရန် အချက်ပေးပြီး အခန်းဝသို့ ခုန်ထွက်လိုက်သည်။ယန်းစုကျုံးလည်း သူ့နောက်မှ ခုန်ထွက်လိုက်သည်။

အမှောင်ထဲတွင် လူရိပ်တစ်ရိပ်က လီရိုရှန်ကို ဓားရှည်ဖြင့် ခုတ်ပိုင်းချလိုက်သည်။

'ရှဲ....'

လီရိုရှန်က ဘေးသို့ ခြေလှမ်းတစ်ဝက်စာမျှ ကပ်ရှောင်ကာ ဓားကိုင်လက်ကို လက်ဝါးစောင်းဖြင့် ခုတ်ချလိုက်လေသည်။

သူ့လက်ဝါးစောင်းက ဓားကိုင်လက်ကို ထိထိမိမိကြီး ရိုက်ခတ်မိသွားသည်။

ရန်သူ၏ဓားသည် ချွမ်းခနဲမြည်ပြီး ကြမ်းပြင်ပေါ်သို့ လွင့်ထိုးကျသွားလေသည်။

ထိုလူသည် လီရိုရှန်ကို နောက်ထပ် ဆက်မတိုက်ရဲတော့ဘဲ နောက်သို့ ပြေးထွက်သွားသည်။

လီရိုရှန်သည်လည်း ကြာရှည် မစဉ်းစားတော့ဘဲ ယန်းစုကျုံး၏ လက်ကိုဆွဲကာ ခြံစည်းရိုးဆီသို့ ထွက်ပြေးတော့သည်။

ရန်သူ၏ အသိုက်အမြုံအတွင်း ယှဉ်ပြိုင် တိုက်ခိုက်ပါက တိုက်ခိုက်သူသာ ဒုက္ခရောက်နိုင်သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



လိရိရှန်တို့ ပြေးထွက်သော လမ်းရှေ့တွင် လူရိပ်တစ်ရိပ်က သူတို့ထံသို့ လျှင်မြန်စွာ ပြေးလာနေသည်ကို တွေ့လိုက်ရသည်။

လိရိရှန်က ထိုသူကို ရန်မဆိုင်တော့ဘဲ လမ်းလွှဲလိုက်ပြီး အုတ်နံရံကို ကျော်တက်လိုက်သည်။

သူတို့နောက်မှ အသံများ ဆူညံစွာ ပေါ်ထွက်လာလေသည်။

* * *

'သူခိုး....သူခိုး'

မြို့စည်းရိုးပေါ်တွင် ရုတ်တရက် လူရိပ်တစ်ရိပ်ကို တွေ့လိုက်ရပြန်သည်။

လရောင်အောက်တွင် ထိုလူရိပ်မှာ ဆံပင်များ ဖွေးဖွေးလှုပ် ဖြူဆွတ်နေပြီး ခါးကုန်းကုန်းနှင့် တောင်ဝှေး တစ်ချောင်း ကိုင်ထားသည်ကို တွေ့လိုက်ရသည်။

လိရိရှန်သည် လူရိပ်အနီးသို့ ရောက်လာသည်။

တောင်ဝှေးကိုင် လူရိပ်မှာ အဘွားအိုတစ်ယောက် ဖြစ်ကြောင်း သိလိုက်ရသောအခါ လိရိရှန်မှာ ရုတ်တရက်ထိတ်လန့်သွားလေတော့၏။

သို့သော် လိရိရှန် သတိမလစ်ပေ။

ရုတ်တရက်....



ရှေ့သို့ ခြေတစ်လှမ်းတိုးကာ အဘွားအို၏ ရင်ဘတ်ကို လက်ဝါးဖြင့် ရိုက်ချလိုက်သည်။

အဘွားအိုက ချက်ချင်းဆိုသလိုပင် နောက်သို့ ခြေတစ်လှမ်းဆုတ်ကာ လိရိရှန်၏လက်ဝါးရိုက်ချက်ကို လက်ဝါးဖြင့် ပြန်ခံလိုက်သည်။

'ဝုန်း'

လက်ဝါးနှစ်ခုထိတွေ့သံက ဝုန်းခနဲ ကျယ်လောင်စွာမြည်ဟည်းသွားသည်။

အတွင်းအား အပြည့်သုံး၍ရိုက်သော ရိုက်ချက်များဖြစ်၍ နှစ်ယောက်စလုံး နောက်သို့ ခြေတစ်လှမ်းဆီ ဆုတ်သွားရသည်။

လိရိရှန်သည် အဘွားအိုနှင့် ထိပ်တိုက် ယှဉ်ပြိုင်နေပါက ဘင်မလေး၏ ကိုယ်ရံတော်များ နောက်ကရောက်လာမည် စိုးရိမ်သောကြောင့် အဘွားအို နောက်ထပ် တိုက်ခိုက်ခြင်း မပြုနိုင်ခင်မှာပင် ယန်းစုကျုံး၏ လက်ကိုဆွဲကာ အုတ်နံရံအောက်သို့ ခုန်ဆင်းသွားလေတော့သည်။

အောက်သို့ ရောက်လျှင်ရောက်ချင်း လမ်းမကြီးပေါ်သို့ ပြေးထွက်သည်။

ပြီးလျှင် လမ်းကြို လမ်းကြားများသို့ ဟိုချိုးသည်ကွေ့ဖြင့် ပြေးထွက်လာခဲ့ရာအတော်လှမ်းလှမ်းသို့ရောက်မှနောက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် တစ်စုံတစ်ယောက်၏ အရိပ်အယောင်မျှ မမြင်ရတော့မှ သူတို့နှစ်ယောက် ပြေးနှုန်းကိုလျှော့ကာ ရိုး တံခါးဆီသို့ ဆက်လျှောက်လာခဲ့သည်။

နီရဲသော ရောင်ခြည်များကို အရှေ့အရပ်ဆီမှ တွေ့လိုက်ရသဖြင့် မကြာမီပင် အရုဏ်ကျင်း၍ အလင်းရောက်တော့မည်မှန်း သိလိုက်ကြပေသည်။

☆

အခန်း (၂၀)

တောင်ဖွိုလက် သီးသိုင်းကွက်

ဆောင်းရှိန့်ကုန်ဆောင်ပိုင်းမှ ထွက်ပြူလာသော အရုဏ်ဦး၏ လင်းရောင်ခြည်သည် အရှေ့ဘက် ကောင်းကင်ပြင်တစ်ခွင်လုံးကို နှင်းဆီရောင် သမ်းနေစေသည်။

အိပ်တန်းထသော ကျေးငှက်သာရကာများ၏ အော်မြည်သံမှာ တစာစာ ညံစီလျက်ရှိသည်။

ကြီးမားသော ထနောင်းပင်ကြီး တစ်ပင်အောက်တွင် လိုရိုရှိန်နှင့် ယန်းစုကျိုးထည် သစ်ကိုင်းခြောက်များကိုမီးဖိုကာ မီးလှုံရင်း ရှေ့ကြုံတွေ့အကြောင်းကို တိုင်ပင်ဆွေးနွေးနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'အမှတ်သုံး သေဆုံးရတဲ့ ကိစ္စဟာ ရွှေကြုတ်နဲ့များ စပ်ဆိုင်နေမလား ဘဘ'

ယန်းစုကျုံးက မေးသည်။

လိရိုရှန်ကလည်း သူ၏ ထင်မြင်ချက်ကို ပြန်လည်ပြောပြလေသည်။

'ငါကတော့ ဒီလိုမထင်ဘူး၊ သူတို့သူခိုးဟာ မင်းရဲ့ အဓိပ္ပာယ်မှန်းမသိတဲ့ ရွှေကြုတ်ကို စိတ်ဝင်စားကြပုံမပေါ်ဘူး၊ အော မီစ္စာဂိုဏ်းရဲ့ သိုင်းကျမ်းကိုတော့ သူတို့ စိတ်ဝင်စားကြမှာ အမှန်၊ မင်းက အမှတ်လေးဟာ မင်းဆီမှာရှိနေတဲ့ မီစ္စာဂိုဏ်းရဲ့ သိုင်းကျမ်းကို လုယူသွားတယ်လို့ပြောခဲ့တယ်မဟုတ်လား၊ ဒါကြောင့် ပထမ အမှတ်လေး လုပ်ကြံခံရတယ်၊ ဒုတိယ အမှတ်လေးနဲ့ယှက်နွယ်နေတဲ့ အမှတ်သုံးဟာ လုပ်ကြံခံရပြန်ပြီ'

'ဘဘ...ရွှေကြုတ်ထဲမှာရှိတဲ့ ပစ္စည်းဟာ သူတို့အတွက် ဘာမှအသုံးမကျပေမယ့် ရွှေကြုတ်ဟာ အဖိုးအနဂ္ဃ ထိုက်တန်တယ် ဆိုတာတော့ သည့်မှစဉ်းစားလို့ မဖြစ်ဘူး'

'ဒါကတော့ မှန်အသင်ပါ၊ ရွှေကြုတ်ဟာ အဖိုးအနဂ္ဃ ထိုက်တန်တယ်ဆိုတာ မင်းပဲသိတာပါ သူတို့အနေနဲ့ ဘယ်ရွှေဘယ်မျှ ထိုက်တယ်ဆိုတာ သိနိုင်မှာမဟုတ်ပါဘူး၊ ပြီးတော့ သူတို့ဟာ မင်းပစ္စည်းဘယ်လောက်တန်တန် မက်မောမော ရှိမယ့်ပုံ မပေါ်ပါဘူး'

'ဘာကြောင့် ဘဘက ဒီလိုပြောနိုင်တာလဲ'

လိရိုရှန်က တစ်ချက်မျှပြုံးလိုက်ပြီး ရှင်းပြသည်။



'ဒီလိုလေကွာ၊ မီစ္စာဂိုဏ်းရဲ့ သိုင်းပညာဟာ သိုင်းလောကမှာ အင်မတန် ကျော်ကြားတဲ့ သိုင်းပညာရပ်ပဲ၊ သိုင်းလောကသားတွေ ဒီသိုင်းကျမ်းကို အသေအလဲ သိချင်နေကြတယ်...။

'ဒါကြောင့်လဲ ဒီသိုင်းကျမ်းရဲ့ သတင်းအနံ့အသက်ကို လိုက်ခံနေကြတယ်၊ အခု မင်းဆီက သိုင်းကျမ်းဟာ သူတို့ အထဲက အမှတ်လေးဆီ ရောက်သွားတယ်ဆိုတော့ သူတို့ အချင်းချင်း ပြဿနာတက်ကြတာပေါ့...။

'မင်းကတော့ သိုင်းလောကမှာ အတွေ့အကြုံနည်းသေးတော့ ဒါတွေကိုသိနိုင်မယ် မဟုတ်သေးဘူး၊ သိုင်းသမားတွေဟာ ရွှေငွေရတနာထက် သိုင်းကျမ်းကို အလေးအနက်ထားတတ်ကြတယ်ကွ'

ယန်းစုကျုံးက မည်သို့မျှ သဘောမပေါက်ဟန်ဖြင့် လိရိုရှန်ကို မေးသည်။

'ဒါဆိုရင် အမှတ်သုံးကို ဘယ်သူသတ်သလဲ'

'ကျုပ်အနေနဲ့ သံသယဖြစ်မိတာကတော့ စန်းကွမ်လင်ဖြစ်နိုင်တယ်ထင်တာပဲ'

နာမည် အသစ်တစ်ခုကို ကြားလိုက်ရသဖြင့် ယန်းကျုံး မျက်လုံးပြူးသွားသည်။

သူက သိလိုဇောဖြင့် မေးလိုက်မိ၏။

'နေပါဦး၊ စန်းကွမ်လင်းဆိုတာ ဘယ်သူလဲ၊ ဒီနာမည်ကို သူတို့အဖွဲ့ထဲမှာ ကျွန်တော် တစ်ခါမှ မကြားမိ

www.burmeseclassic.com

www.burmeseclassic.com



လိရိရှန်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရှင်းပြ
သည်။

'အေး....ဒီနာမည်ကို မင်း ဘယ်ကြားဖူးပါမလဲ၊ ဂျ
အထဲမှာ ဒီနာမည်ကို ဘယ်သူမှ ထုတ်ဖော်ရဲကြတာမှမ
ဘဲ၊ စန်းကွမ်လင်းဆိုတဲ့ နာမည်ဟာ ဟိုကောင်မလေ
နာမည်ပေါ့ကွ'

ယန်းစုကျုံးသည် လိရိရှန်ကိုကြည့်ကာ နားမလည်
သလိုဖြစ်လာသည်။

ဤအဘိုးကြီးသည် ရူးသလိုလို နှမ်းသလိုလိုနေလို
အရာရာကို သိနေပါလား ဟုလည်း တွေးတောလို
သည်။

'ဒါဆိုရင် ဘဘအနေနဲ့ စန်းကွမ်လင်းဆိုတဲ့ သ
လေးအကြောင်း သိနေတယ်ပေါ့'

'သိလို့ ပြောနေတာပေါ့၊ မင်းတို့ သခင်မလေး
ထားတဲ့ စန်းကွမ်လင်းဟာ စန်းနန်မြို့စားကြီးရဲ့သမီး
'သူကမြို့စားကြီးရဲ့သမီးဟုတ်သား'

'ဟုတ်တယ်၊ သူဟာ စင်နန်မြို့စားကြီး စန်းယု
သမီးပဲ'

'ဘဘက ဘာကြောင့်အမှတ်သုံးသေရတာဟာ စန်း
လင်း ကြောင့်လို့ ပြောရတာလဲ၊ အမှတ်သုံးဟာ သူ့
အောက်ငယ်သား တစ်ယောက်ပဲ၊ တကယ်လို့ အပ
ဆီမှာ မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်း ရှိနေတယ်ဆိုရင် သူ
မရွေး တောင်းယူလို့ မရနိုင်ဘူးလား'



လိရိရှန်က အလေးအနက် စဉ်းစား ပြီးမှ ပြန်ပြော
ည်။

'မဟုတ်သေးဘူးကွ၊ မင်းပြောသလိုအတိအလင်းတောင်း
လိုက်ရင် အမှတ်သုံးအနေနဲ့ ကြောက်ကြောက်လန့်လန့်နဲ့
ချင် ပေးလိမ့်မယ်၊ ဒါပေမယ့် နောက်မိး မအေးနိုင်
၊ မတော် အမှတ်သုံးဟာ သူတို့ဆီက ထွက်ပြေးပြီး
ရှ ပင်လယ်သိုင်းသမားကြီးကို ဒီအကြောင်းသွားပြော
က်ရင် စင်နန်မြို့စားကြီးနဲ့ အရှေ့ပင်လယ် သိုင်းသမား
ဟာ ကမ္ဘာရန် ဖြစ်သွားမှာပေါ့'

ယန်းစုကျုံးသည် လိရိရှန် ရှင်းပြလိုက်တော့မှ ပို၍ပင်
းရှုပ်သွားတော့သည်။
ဂူသည် သိုင်းလောက၌ ကျော်ကြားသောသိုင်းသမား
များ၏ အတွင်းရေးကို သိမထားသဖြင့် ဤသို့နားရှုပ်
းရခြင်း ဖြစ်သည်။

ဟို့ကြောင့် အမှတ်သုံး သေဆုံးရသည့်ကိစ္စကိုဆက်လက်
း နွေးတော့ဘဲ ရွှေကြုတ် ရရှိရေးကိုသာ ဆွေးနွေး
တော့သည်။

'ကဲ....ဒါဆိုရင် ကျွန်တော့် ရွှေကြုတ် ပြန်ရဖို့ အတွက်
းကွမ်လင်းနောက်ကို လိုက်ရဦးမှာပေါ့'

လိရိရှန်က ခေါင်းတစ်ချက်ညိတ်ပြသည်။

'ပါပဲရှိတာပဲ၊ ကဲ....မင်းအခုဘာလုပ်မလဲ၊ မင်းစိတိက
ပြောပြစမ်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးသည် အတန်ကြာအောင် စကားမပြောဘဲ နေပြီးမှ ခပ်ပြုံးပြုံး ထရပ်သည်။

သူပြောလိုက်သည့် စကားမှာမူ လီရိုရှန် မေးခွန်းနှင့် တခြားစီ ဖြစ်နေသည်။

'ဘဘ....ကျွန်တော့် အဖေဆီကသင်ထားတဲ့ တောပ လက်သီးသိုင်းကွက်တွေကိုကျွန်တော်တစားပြမယ် ချွတ်ယွင်း မှု ရှိတာတွေကို ဘဘက ထောက်ပြပါလား'

လီရိုရှန်ပြုံးသွားမိသည်။

'ကောင်းတာပေါ့ ငါတူရယ်၊ ဒါမှလဲ မင်းရဲ့သိုင်းပညာ အခြေခံဘယ်လောက်ရှိတယ်ဆိုတာ ဦးသိရမှာပေါ့၊ ကဲ တုတ်စမ်းပါဦး၊ ငါကြည့်ပါရစေဦး'

ယန်းစုကျုံးသည် မိမိဖခင်ထံမှ သင်ယူခဲ့သော သိုင်း ပညာများကို တစ်ကွက်ပြီးတစ်ကွက် လေ့ကျင့် ကစား တော့သည်။

* * *

ယန်းစုကျုံး၏သိုင်းကွက်များမှာ ပညာသားထက် မာန်ကို အသုံးချ၍တစားရသော သိုင်းကွက်များ ဖြစ်သ



လီရိုရှန်သည် ယန်းစုကျုံး၏ သိုင်းကွက်များကို တွေ့မြင် လိုက်ရသောအခါ သူလေ့ကျင့်ပြသော သိုင်းကွက်ထက်သူ့ လှုပ်ရှားမှုကို ပိုမိုသဘောကျသွားမိသည်။

စနစ်တကျ လေ့ကျင့်သင်ကြားပေးလိုက်ရလျှင် မကြာ ခင် အတောအတွင်းမှာပင် ထူးချွန်သော သိုင်းပညာရှင် တစ်ယောက် ဖြစ်လာမည်မှန်း ကောင်းစွာ သိလိုက်ရသည်။

ထိုသို့ သိလိုက်ရသည်နှင့် လီရိုရှန်သည် ယန်းစုကျုံးကို တပည့်အဖြစ်လက်ခံ၍ သူတတ်ထားသော ကိုယ်ဖော့ပညာ နှင့် သိုင်းပညာများ သင်ကြားပေးလိုစိတ် တဖွားဖွားပေါ် ပေါက်လာရလေသည်။

ယန်းစုကျုံးသည် သိုင်းကွက်များ ကုန်ဆုံးသည် အထိ လေ့ကျင့်ပြီးသောအခါ အတန်ပင် မောပန်းနွမ်းနယ်သွား ရသည်။

သူတာ မီးပုံဘေးတွင်ပြန်ထိုင်ပြီး သူ့သိုင်းပညာကိုအကဲ ဖြတ်ခိုင်းသည့်အနေဖြင့် လီရိုရှန်ကို မေးလိုက်သည်။

'ကျွန်တော့် သိုင်းပညာအဆင့် ဘယ်လောက် ရှိတယ်ဖို့ ဘဘထင်သလဲ၊ ဘဘရဲ့ထင်မြင်ချက်ကိုသိပါရစေလား'

လီရိုရှန်သည် တစ်ချက်မျှပြုံးလိုက်ပြီး....။

'မင်းရဲ့ တောင်ဖို့လက်သီးပညာက မဆိုးပါဘူး၊ ဒါပေမယ့်....'

ယန်းစုကျုံးမှာ ဝမ်းသာရမလို ဖြစ်ပြီးမှ ဒါပေမယ့် ဟူသော စကားကြောင့် စိတ်ထဲ၌ မသက်မသာ ဖြစ်သွား ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် ဘာဖြစ်သလဲ ဘာဘချယ်'

'ဒါပေမယ့် လက်ရှိ သိုင်းလောကထဲက ထူးချွန်နေတဲ့ သိုင်းသမားတွေရဲ့ ပညာနဲ့ စာလိုက်ချင်ရင်တော့ မင်းပညာက မြင်းခြေရာခွက်နဲ့ မဟာသမုဒ္ဒရာလို ကွာခြားနေတယ်၊ မင်းပညာဟာ သာမန် အချပ်သူ အချပ်သား လူပြိန်းတစ်ယောက်ထက် နည်းနည်းကလေးပိုတတ်တာပဲရှိတယ်၊ သိုင်းလောက ထဲမှာတော့ မင်းဟာ သူငယ်နှပ်စားလေးပဲ ရှိသေးတယ်'

'ဒီလောက်တောင်ပဲလား ခင်ဗျာ'

လီရီရှန်က အဝေးသို့ ငေးမျှော်ကြည့်ပြီးမှ ကြင်နာစွာ ပြောလေသည်၊

'သိုင်းလောကထဲကို မင်းဘယ်အချိန်က ဝင်လာတယ် ဆိုတာတော့ ငါမသိပါဘူး၊ မင်းရဲ့ အတွေ့အကြုံကိုလဲ ငါမသိဘူး၊ မင်းပညာနဲ့ သိုင်းလောကထဲမှာ လူတစ်လုံး၊ သူတစ်လုံး လုပ်နိုင် မလုပ်နိုင် ဆိုတာတော့ မင်းဘာသာ သိမှာပဲ'

ယန်းစုကျုံး ခေါင်းငိုက်ကျသွားသည်။

သူသိုင်းလောကထဲသို့ ဝင်လာသည့်အချိန်မှစ၍ သူ့အား သူတကာက အနိုင်ကျင့်ခဲ့သည် မဟုတ်ပါလော။

ဤသည်မှာ သိုင်းပညာ ညံ့ဖျင်း၍သာ မဟုတ်ပါလော၊

ယန်းစုကျုံးသည် စိတ်ဓာတ် အကြီးအကျယ် ကျဆင်းသွားရလေတော့သည်။



သူကအတန်ကြာအောင် ငေးငိုင်ပြီးမှ တစ်စုံတစ်ရာကို လေးလေးအနက် စဉ်းစားပြီး ဆုံးဖြတ်ချက် တစ်ခုကို ခိုင်ခိုင်မာမာ ချလိုက်၏။

ပြီးလျှင် သူက လီရီရှန်ကို လက်သီးနှစ်ဖက်ဆုပ်၍ အရိုအသေ ပေးရင်း ပြောလိုက်သည်။

'ကျွန်တော်ဟာ ငယ်စဉ်ကတည်းက ဖခင် ကွယ်လွန်သွားတော့ ဖခင်ရဲ့သိုင်းပညာ အမွေအနှစ်ကို ကုန်အောင် မရလိုက်ပါဘူး၊ နောက်ပိုင်းမှာလဲ ကျွန်တော်ဟာ သာမန် ဆင်းရဲသားတစ်ယောက် ဖြစ်နေတော့ သိုင်းပညာသင်ကြားဖို့ ဆိုတာ စိတ်မကူးရဲပါဘူး၊ ကျွန်တော့် မျက်မြင်ကိုယ်တွေ့ရ ဆိုရင် ဘာဘရဲ့ သိုင်းပညာဟာ အင်မတန်ကိုအဆင့်မြင့်မားပါတယ်၊ ဒီတော့ကျွန်တော့်ကိုဘာဘစေတနာရှိသလောက် သိုင်းပညာ သင်ကြားပေးဖို့ တောင်းပန်ပါတယ် ခင်ဗျာ'

လီရီရှန်သည် ယန်းစုကျုံးအား မိမိတပည့်ခံရန်အတွက် ဖွင့်ဟ ပြောဆိုရန် အခက်အခဲ ရှိနေသည့် အချိန်တွင် သူကိုယ်တိုင်က ဖွင့်ဟ တောင်းခံလာသောအခါ အလွန်အမင်း ပေတော့ကျသွားသည်။

သို့သော် သူက ချက်ချင်း သဘောမတူသေးဘဲ ယန်းစုကျုံး ကိုယ်တိုင်က တပည့်အဖြစ်လက်ခံရန်တောင်းဆိုတော့မှ မိမိတတ်ကျွမ်းသော သိုင်းပညာကို ဆရာစားမချန်သင်ကြားပေးမည်ဟု စိတ်ကူးလိုက်သည်။ သူသည် ယန်းစုကျုံးကိုအား ယ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'သိုင်းပညာ သင်ယူတဲ့ နေရာမှာ အဓိက အရေးကြီးဆုံးကတော့ စနစ်တကျ သင်ကြားပေးနိုင်မယ့် ဆရာကောင်း သမားကောင်း တွေ့ဖို့ပဲကွယ့်၊ မင်းရဲ့ ကိုယ်လုံးကိုယ်ထည်နဲ့ ဉာဏ်ပညာ သွက်လက်ဖျတ်လတ်မှု၊ ရဲရင့်တည်ကြည်မှုနဲ့ဆိုရင် ဆရာကောင်းသာ တွေ့လိုက်ရလို့ကတော့ ချက်ချင်း ထိုးဖြောက်သလို တိုးတက်လာမှာပါကွာ၊ မင်းဟာ သိုင်းလောကမှာ အကျော်အမော်တစ်ယောက် ဖြစ်လာရမယ်လို့ ငါ အသေအချာ ပြောရဲပါတယ်'

လီရီရှန်သည် ထိုသို့ပြောဆိုလိုက်ပြီး သိုင်းပညာနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းပြလိုက်သည်။

သူ့ရှင်းလင်းချက်တွင် သိုင်းပညာ၏ လျှို့ဝှက်ချက်များ၊ ရန်သူနှင့် တိုက်ခိုက်သောအခါသားရမည့်စိတ်နေစိတ်ထား၊ သိုင်းသမားကောင်းတို့ ကျင့်ကြံလိုက်နာရမည့် စည်းကမ်းနည်းလမ်းများကို အကျယ်တဝင့် ရှင်းလင်း ပြောပြလိုက်သည်။

ယန်းစုကျုံးသည် သူ တစ်ကြိမ်တစ်ခါမျှ ကြားဖူးနားဝ မရှိသော သိုင်းပညာ၏ အဆီအနှစ်များ၊ လျှို့ဝှက်ချက်များ၊ စည်းကမ်း နည်းလမ်းများကို ကြားလိုက်ရသောအခါ သူကိုယ်တိုင် အဆင့်မြင့်သိုင်းပညာရှင် တစ်ယောက်ဖြစ်သိုစိတ်များ ပြင်းပြလာလေတော့သည်။

☆

အခန်း (၂၃)

## သိုင်းတပည့်၏ အရည်အချင်း

'ဒါတွေဟာ သိုင်းပညာရဲ့ သဘောတရားနဲ့ စည်းကမ်းနည်းလမ်းတွေပဲ ရှိသေးတယ်၊ တကယ် လက်တွေ့သင်ကြားတဲ့ အခါမှာ အင်မတန်ခက်ခဲတယ်၊ စိတ်ရှည်မှုမရှိရင် သိုင်းပညာ တတ်ကျွမ်းဖို့ မလွယ်ဘူး'

လီရီရှန် ရှင်းလင်းပြောပြပြီးသည့်နောက်ပိုင်းတွင် ယန်းစုံကျုံးသည် သူ့နေအိမ်မှ ထွက်ခွာလာခဲ့ရသည့် ရည်ရွယ်ချက်ကို ပြန်လည်စဉ်းစားမိသည်။

သူသည် စန်းကုန်းပြည်နယ်တွင် သိုင်းဆရာကြီး တစ်ယောက်က တပည့်တစ်ယောက် အလိုရှိသည်ဟု သတင်း

www.burmeseclassic.com

www.burmeseclassic.com



စကားကြားသိရသောကြောင့် သိုင်းပညာ သင်ကြားရန် ထွက်လာခဲ့ခြင်း ဖြစ်သည်။

အမှတ်မထင် အပ်ချုပ်သမား အဘိုးအိုကျန်ရှုနှင့်တွေ့ဆုံပြီး ရွှေကြုတ်ကို ကျောက်ဆစ်တောင် တရုတ်ဘုန်းတော်ကြီးထံ ပေးရန် တာဝန်ယူခဲ့မိရာမှ မိမိ၏ မူလရည်မှန်းချက်များ ပျောက်ကွယ်ခဲ့ရသည်။

ယခုကုသိုလ်ကံထောက်မစွာ တွေ့ကြုံနေရသော တေးကဗျာ သိုင်းသမားကြီး လိရိရှန့်သည် အပြင်ပန်းအားဖြင့် ကြည့်မည်ဆိုပါက သူရူးကြီးတစ်ယောက်နှင့် တူနေသော်လည်း လက်ပွန်းတတီး ပေါင်းသင်း ဆက်ဆံကြည့်မိသောအခါ သိုင်းပညာတွင် ထိပ်တန်းအဆင့်သို့ ရောက်ရှိနေသူတစ်ယောက်ဖြစ်ကြောင်း သိရပြီး မိမိအပေါ်လည်း၊လွန်စွာစေတနာထားကြောင်း တွေ့ရှိရသည်။

ထိုသို့သော ပုဂ္ဂိုလ်မျိုးကို တရင်းတနှီး ပေါင်းသင်းမိသည့် အချိန်မျိုးတွင် သိုင်းပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းခွင့် မရတော့ပါက နောင် ဤလိုအခွင့်အရေးမျိုးရရန်မလွယ်ဟုလည်း တွေးမိသည်။

လိရိရှန့်သည် ယခု သူလောလောဆယ်ရင်ဆိုင်နေရသော ပြဿနာများတွင် တစ်စွန်းတစ်စမျှ သက်ဆိုင်ခြင်း မရှိပါဘဲ လျက် ဝင်ရောက်ကူညီနေသူ ဖြစ်သည်။ မိမိနှင့် ယခုကဲ့သို့ တပူးတွဲတွဲရှိနေသည့် အချိန်မျိုးတွင် လိရိရှန့်၏တပည့်အဖြစ် သိုင်းပညာများ သင်ကြားရလျှင် ကောင်းလေစွဟုစဉ်းစားမိ၏။



သို့စေကာမူ လိရိရှန့်သည် သူ့ကို တပည့်အဖြစ်လက်ခံနိုင်ပါမည်လားဟူသော ဤ ချက်ကိုလည်းထည့်သွင်းစဉ်းစားရပြန်သည်။

နောက်ဆုံးတွင် ထိုသို့ စဉ်းစားနေခြင်းထက် ပွင့်ပွင့်လင်းလင်း တပည့်ခံရလျှင် ကောင်းမည်ဟု ဆုံးဖြတ်ကာ သူက လိရိရှန့်ကို သွေးတိုးစမ်းသည့် အနေဖြင့် မေးကြည့်လိုက်သည်။

'ဘဘအနေနဲ့ ခုချိန်အထိတပည့်ဘယ်နှစ်ယောက်လောက်မွေးပြီးပြီလဲ ခင်ဗျာ၊ သိခွင့်ရှိရင် သိပါရစေ'

လိရိရှန့် ပြုံးလိုက်သည်။

ယန်းစုကျုံး ဤသို့မေးလာခြင်းမှာ မိမိထံတွင် တပည့်ခံရန်အတွက် သွေးတိုးစမ်း မေးခြင်းဖြစ်ကြောင်း ရိပ်မိ၏။

ထို့ကြောင့် သူက အမှန်အတိုင်းပင်ပြန်လည်ဖြေကြားလိုက်သည်။

'ကနေ့ထိ ဘဘမှာ တပည့်တစ်ယောက်မှ မရှိသေးပါဘူးကွယ်၊ ဘဘအနေနဲ့ တပည့်ကို လိုက်ရှာခြင်း မရှိသေးသလို ဘဘဆီမှာ တပည့်ခံတဲ့လူလဲ ကနေ့ထိ တစ်ယောက်မှ မရှိသေးပါဘူး'

သူက ပြောပြောဆိုဆို ထိုင်ရာမှ မတ်တတ်ရပ်လိုက်သေးသည်။

ပြီးလျှင် လက်နှစ်ဖက် နောက်ပစ်ကာ ဟိုမှသည်မှ လမ်းလျှောက်ရင်း စကားကို ဆက်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ တပည့်မွေးတယ်၊ ဆရာမွေးတယ်ဆိုတာ မလွယ်ပါဘူးကွယ်၊ အထူးသဖြင့် သိုင်းပညာသင်တဲ့နေရာမှာ ပိုပြီးရွေးချယ်ရတယ်၊ ဘဘအနေနဲ့ သိုင်းပညာ သင်ယူမယ့် တပည့်တစ်ယောက်ဆီမှာ အချက်လေးချက် ရှိနေရမယ်လို့ ယူဆတယ်'

'အဲဒီ အချက်လေးချက်ကို သိပါရစေ ဘဘ'

'သိရပါတယ်၊ ပထမ အချက်ကတော့ စိတ်ဓာတ်ပဲ၊ စိတ်ဓာတ် ကောင်းရမယ်၊ ငါအလိုချင်ဆုံးကတော့ သူ့ရဲ့ကောင်း စိတ်ဓာတ်ပဲပေါ့ကွယ်'

'ဒုတိယအချက်ကကော ဘဘရယ်'

'ဒုတိယအချက်က ဉာဏ်ကောင်းရမယ်၊ သိုင်းပညာဟာ အဆင့်အတန်းမြင့်လေ ခက်ခဲနက်နဲလေ ရှုပ်ထွေးလေပဲ၊ ဉာဏ်မကောင်းတဲ့လူ သင်ရင် မတတ်ဘူးလား ဆိုရင်တော့ မဟုတ်ဘူးလို့ ဖြေရမှာပဲ၊ ဒါပေမယ့် တစ်ခေတ်တစ်ယောက် သိုင်းသမားတော့ မဖြစ်နိုင်ဘူး၊ အနည်းဆုံး ထိပ်သီးသိုင်းသမား မှ မဖြစ်နိုင်ဘူး၊ သိုင်းကွက်တွေ အပြောင်းအလဲတွေ အတားအဆီး အပိတ်အဖုံးတွေကို ဉာဏ်မကောင်းရင် ဘယ်လိုမှ ထွင်းဖောက်မမြင်နိုင်ဘူး၊ တပည့်လုပ်တဲ့လူက ဆရာ့ထက် ဉာဏ်ရည်သာလေ ကောင်းလေပဲ'

'ဪ...သိုင်းပညာဟာ ဒီလောက်တောင် ခက်ခဲနက်နဲတာပဲကိုး'



'ဘယ့်နှယ် ပြောလိုက်ပါလိမ့်ကွယ်၊ မနက်နဲဘူး မခက်ခဲဘူးဆိုရင် တရုတ်ပြည်သားတိုင်း သိုင်းသမားတွေ ဖြစ်ကုန်မှာပေါ့'

'တတိယအချက်ကို သိပါရစေ ဘဘ'

'အေး...တတိယအချက်ကတော့ ဇွဲ၊ လုံ့လ၊ ဝီရိယပါပဲ၊ အပင်ပန်းခံနိုင်ရမယ်၊ အပတ်တကုတ်ကြိုးစားနိုင်ရမယ်၊ မဖြစ်မနေ လုပ်မယ်ဆိုတဲ့ ဇွဲမျိုးရှိရမယ်၊ နောက်ဆုံး စတုတ္ထအချက်ကတော့ ခန္ဓာကိုယ်တည်ဆောက်မှု အနေအထားပါပဲ၊ အဲဒီစတုတ္ထအချက်ဟာ သာမန်အားဖြင့် အရေးမကြီးဘူးလို့ ထင်ရပေမယ့် ဒီအချက်ကို နံပါတ်တစ်အချက်ထားရလောက်အောင် အရေးကြီးတယ်'

'ခင်ဗျာ'

ယန်းစုကျုံး အလွန်အံ့ဩသွားသည်။

လိရှိရှန် ခေါင်းညိတ်ပြီး ဆက်ပြော၏။

'ဟုတ်တယ်လေ၊ ပထမ၊ ဒုတိယ၊ တတိယအချက်တွေဟာ ဒေါင်ဒေါင်မြည် အချက်တွေ ဖြစ်တယ်၊ အဲဒီသုံးချက်နဲ့ ကောင်းကောင်းကြီး ညီပါတယ်။ ဒါပေမယ့် ခန္ဓာကိုယ်တည်ဆောက်ပုံ အချိုးအစား မကျနဘူးဆိုရင် အဲဒီလူ အနေနဲ့ သိုင်းပညာမသင်တာ အကောင်းဆုံးပဲ၊ သူဟာ ဘယ်တော့မှ တစ်ခေတ်တစ်ယောက် သိုင်းသမားမဖြစ်နိုင်တော့ဘူး'

လိရှိရှန်သည် သူ့တပည့်အဖြစ် ခံယူရသည့်သူ၏ အရည်အချင်းများကို တစ်ချက်ချင်း ရှင်းလင်း ပြောပြ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးသည် ထိုတပည့်အဖြစ်လက်ခံလိုက်သောစာရ တွင် မိမိပါမှပါနိုင်ပါ၏လောဟု သံသယဝင်သွားမိသည်။

ထို့ကြောင့် သူက လိရိရှန်ကို အရဲစွန့်၍ မေးလိုက်သည်။

'ဘဘ သတ်မှတ်ထားတဲ့ အရည်အချင်းတွေ ကျ တော့်မှာ ရှိပါရဲ့လား ခင်ဗျား'

လိရိရှန်သည် သူ့ကို တစ်ချက်ကြည့်ပြီး အားပါးတ ရယ်မောလိုက်သည်။

ပြီးမှ သူက ပွင့်ပွင့်လင်းလင်း ပြောသည်။

'ဟား...ဟား...ဟား...ဟား...ဘယ့်နှယ် မေးလိုက် လဲ ငါ့တူရယ်၊ မင်းကို ဘယ်လိုဆရာမျိုးကဖြစ်ဖြစ် တပ အဖြစ် လက်ခံချင်ကြမှာပါ၊မင်းဟာငါခုနကပြောတဲ့အချ လေးချက်စလုံးနဲ့ ကိုက်ညီတဲ့ လူငယ်တစ်ယောက်ပဲ'

ယန်းစုကျုံးမှာထခုန်မတတ် ဝမ်းမြောက်ဝမ်းသာ သွားသည်။

သူ့တွင် တပည့်ကောင်းဖြစ်နိုင်သော အချက်လေးချ သို့မဟုတ် သိုင်းပညာ ထူးချွန်သူဖြစ်နိုင်သော အချက်လေ ချက်နှင့် ပြည့်စုံနေသည်ဟု တေးကဗျာ သိုင်းသမား က သတ်မှတ်ပေးခဲ့ပြီး မဟုတ်ပါလား။

လိရိရှန်သည် ယန်းစုကျုံး ဝမ်းမြောက်ဝမ်းသာ သွားသည်ကိုကြည့်၍ သူလည်း ပီတိဖြစ်နေလေသည်။

သို့သော် ယန်းစုကျုံးတစ်ယောက် ချက်ချင်း ညှိုး သွားသည်ကို မြင်လိုက်ရသဖြင့် အံ့သြသွားသည်။



'ဘာဖြစ်သွားတာလဲ မောင်ရင်၊ အခက်အခဲရှိရင် ငါ့ကို ဖွင့်ပြောမှပေါ့'

ယန်းစုကျုံးက ဆို့နင့်စွာ ပြော၏။

'ဪ...ကျွန်တော့်ဘဝကိုတွေးမိပြီး စိတ်ထိခိုက်သွား လို့ပါ ဘဘရယ်၊ ကျွန်တော် သိုင်းလောကထဲ ဝင်လာက တည်းက အစော်ကားခံခဲ့ရပါတယ်၊ဒါပေမယ့် ကျွန်တော် တတ်နိုင်သမျှ သည်းခံခဲ့ပါတယ်'

လိရိရှန်က ကမန်းကတန်း ပြောသည်။

'မင်းကို စော်ကားမော်ကား၊ လုပ်တဲ့လူတွေထဲမှာ ငါ ပါ ပါသလားကွယ့်'

ယန်းစုကျုံးက ခေါင်းခါ၏။

'သည်းခံပါ ဘဘခင်ဗျာ၊ ကျွန်တော်ကဒီသဘောပြော တာ မဟုတ်ပါဘူး၊ ဘဘဟာ ကျွန်တော့်အသက်ကို ကယ် ရုံတင်မကဘူး၊ ကျွန်တော့်အခက်အခဲကိုပါ ကူညီနေတဲ့ ကျေးဇူးရှင်ကြီးပါ'

ထိုအခါမှ လိရိရှန်က ကျေနပ်သွားသည်။

'အေးလေ....မင်းကိုယ်တိုင် မင်းအပေါ် အထင်အမြင် သေးပြီးစော်ကားမော်ကားလုပ်တဲ့လူတွေထဲမှာ ငါမပါဘူး လို့ ဝန်ခံရင် ငါ ကျေနပ်ပါတယ်၊ မင်း စိတ်အားမငယ်ပါ နဲ့ကွာ၊ မင်းအနေနဲ့ တစ်နေ့နေ့မှာဆရာကောင်းတစ်ယောက် တော့ တွေ့မှာပ၊ အဲဒီအခါမျိုးမှာသာ ကြိုးစားသင်ယူ ပမေ့ပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးသည် စကားလမ်းကြောင်း ပြောင်းသွားမည်ကို စိုးရိမ်သဖြင့် ကပျာကယာ တောင်းပန်လိုက်ရလေသည်။

'ဘဘ....ခင်ဗျား၊ ဘဘ အနေနဲ့ လက်ခံနိုင်မယ်ဆိုရင် ဘဘဆီမှာ ကျွန်တော် တပည့်အဖြစ် ခံယူပါရစေ'

လီရီရှန်သည် ယန်းစုကျုံးထံမှ မိမိ မျှော်သင့်နေသော စကားကို ကြားလိုက်ရသောအခါ သူ့မျက်နှာ တစ်ပြင်လုံးတွင် အပြုံးပန်းများ ဖြေးသွားသည်။

သို့သော် ယန်းစုကျုံးက သူ့အပေါ် မြင်ထားသည့် အသေးစိတ် အမြင်များကိုသိလိုသဖြင့် ချက်ချင်းပြန်မေးမြန်သည်။

'နေပါဦး ယန်းစုကျုံးရဲ့၊ မင်းကသာ ငါ့ဆီမှာတပည့်ခံချင်တယ်လို့ ခွင့်တောင်းနေတယ်၊ ငါက မင်းလိုချင်တဲ့ဆရာအဆင့်မျိုးကော ရှိလို့လား၊ တကယ်တော့ ငါတတ်ထားတဲ့ သိုင်းပညာဟာ သိုင်းလောကကြီးတစ်ခုလုံးနဲ့ စာလိုက်ရင် ဘာမှ မပြောပလောက်သေးပါဘူး၊ ပိုဆိုးတာ က စာနပမှာ ဆိုရင် ငါဟာ မင်းလောက်တောင် အရည်အချင်းရှိတဲ့လူမျိုး မဟုတ်ဘူး၊ မင်းအနေနဲ့ ငါ့ကို ဆရာတင်တယ်ဆိုတော့ မင်းမှာ သိပ်ပြီး နစ်နာနေလိမ့်မယ်လို့ ငါယူဆတယ်၊ မင်း ပြန်စဉ်းစားစမ်းပါဦး'

ယန်းစုကျုံးသည် မြေပြင်၌ ဒူးထောက်ထိုင်ချကာ တေးကဗျာ သိုင်းသမားကြီးအား အသနားခံ တောင်းပန်နေလေ၏။



'ဘဘ ခင်ဗျာ၊ ကျွန်တော်လို အဘက်ဘက်ကချို့တဲ့တဲ့ ...စ်ယောက်ကို တပည့်အဖြစ် လက်ခံဖို့ တောင်းပန်ပါ...၊ ကျွန်တော့်ကိုဆက်ပြီး ငြင်းပယ်လိမ့်မယ်လို့ကျွန်တော် ...င်ပါဘူး ခင်ဗျာ'

...ီရီရှန်သည် သူ့မုတ်ဆိတ်မွေးများကို လက်ဖြင့် အကြိမ်...ပ် ဆွဲသပ်ရင်း ပြောလိုက်၏။

'အေးလေ....မင်းအနေနဲ့ ဒီလောက်တောင် စိတ်ခတ် ...ကြွနေတယ်ဆိုရင်တော့ငါ့အနေနဲ့ငြင်းပယ်ဖို့အကြောင်း ...တော့ပါဘူး၊ ဒါပေမယ့် မင်း စဉ်းစားဖို့ တစ်ချက်တော့ ...ယ်ကွယ့်၊ လူတစ်ယောက်ကို ဆရာတင်လိုက်ပြီဆိုရင်ဆရာ့ ...ုံးကမ်း, ဆရာ့အြဲ့ဒါကို တစ်သေမှတိမ်း လိုက်နာဖို့ ...ော့ လိုလိမ့်မယ်ကွ'

ယန်းစုကျုံးကလည်း ပြတ်သားသော လေသံဖြင့် ပြန် ...သည်။

'ကျွန်တော် အားလုံး စဉ်းစားပြီးပါပြီ၊ ကျွန်တော်ဟာ ...လ့်အနေနဲ့ ဘဘဆီက ပညာကိုသင်တော့မယ်ဆိုရင် ဘဘ ...ဖြဲ့ဒါကို နာခံရမယ်ဆိုတာ အစကတည်းက ကြိုတွက် ...းပြီးသားပါ ခင်ဗျာ'

'ဟား....ဟား....ဟား....ကောင်းပြီ၊ မင်း စိတ်ခတ်ကို ...ိုက်သွားပြီ၊ ကနေ့က စ,ပြီး မင်းကို ငါ့တပည့်အဖြစ် ...ခံလိုက်ပြီ၊ မင်း စိတ်ချမ်းသာပေတော့'

ယန်းစုကျုံးသည် အလွန်အမင်း ဝမ်းသာအားရဖြစ်ကာ ...ယှက်ထားသော လက်ဆယ်ချောင်းကို ဦးခေါင်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



သို့ မြှောက်တင်ပြီး လိရိုရှန်ကို ရှိခိုးကန်တော့ရန်ဟန်ပြင်လိုက်သည်။

ထိုသို့ရှိနေစဉ်....

'ဟော....သူငယ်၊ မင်းသူ့ဆီမှာ တပည့်ခံလို့မဖြစ်ဘူး၊ သူ့ကို မကန်တော့နဲ့'

ရုတ်တရက် စူးရှကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာလေ၏။

☆

BURMESE CLASSIC .com

## အခန်း (၂၄)

## သိုင်းညီအစ်ကို တိုက်ပွဲ

လိရိုရှန်သည် ထိုအသံကိုကြားလိုက်ရသောကြောင့် သူ့ရင်တွင်းသို့မြားတစ်စင်း စိုက်ဝင်သွားသည့်နှယ် စူးရှနာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။ ဒေါသလည်းထွက်သွားမိသည်။

ထို့ကြောင့် သူသည် အသံလာရာဘက်ဆီသို့လှည့်၍ကျယ်လောင်စွာ အော်ဟစ်မေးမြန်းလိုက်သည်။

'သူများကိစ္စကို ဝင်ရှုပ်တာ ဘယ်ကောင်လဲကွ'

'မိတ်ကောင်းဆွေကောင်း တစ်ယောက်ပါ'

အသံတစ်သံက သူတို့ရှိနေရာ ဘယ်ဘက်ချုံဖုတ်ဆီမှပေါ်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အသံနှင့် မရှေးမနှောင်းမှာပင် ချုံဖုတ်နောက်ကွယ်မှ လူတစ်ယောက် ထွက်ပေါ်လာသည်။

ယန်းစုကျုံးသည် ထိုအသံကို ကြားလိုက်ရသဖြင့် ကျ တော့မည့်ဟန် ပြင်နေရင်းမှ ထိုအသံရှင်ကို လှည့်ကြည့်လိုက် သည်။

မျက်နှာပြားပြား၊ မုတ်ဆိတ်မွေးထူလပျစ်နှင့် တစ်ကိုယ် လုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ဦး တွေ့လိုက်ရသည်။

ထိုလူ၏ ဦးခေါင်းမှ ဆံပင်များမှာ နီကြင့်ကြင့် အရော ပေါက်နေကာ နောက်ကျောထိ ဖွာကျနေသည်။

လိရိရှန်သည် ထိုလူကို တွေ့မြင်လိုက်ရသောအခါ မျက် တစ်ချက် ပျက်သွားပြီး ယန်းစုကျုံးကို လေသံ တိုးတိုး လှမ်းပြောလိုက်သည်။

'ဒီမှာ မှောင်ရင်၊ မောင်ရင့်ဆီမှာရှိနေတဲ့ မိစ္ဆာဂိုဏ်း ကျမ်းစာကို ဦးကိုပေးထားပါ၊ ဒီလူ့ကိုကြည့်ရတာသိပ် ဘူး'

သူသည် တစ်စုံတစ်ရာ တွေးတောစဉ်းစားခြင်း ဖြင့် သူ့ရင်ဘတ်အင်္ကျီအိတ်ထဲမှ ရှဉ့်မွေးသားရေပေါ်တွင် မှင်ဖြင့် ရေးသားထားသော မိစ္ဆာသိုင်းကျမ်းကို ထုတ် လိရိရှန်ကို လှမ်းပေးလိုက်သည်။

ဝတ်စုံနက်နှင့် အဘိုးအိုက ယန်းစုကျုံးကို အရေး လှမ်း၍ ဟန့်တားလိုက်သည်။



'ဟေ့...ဘူငယ်၊ အဲဒီပစ္စည်းကို သူ့ကို အရမ်းမပေးလိုက် နဲ့...'

ဝတ်စုံနက် အဘိုးအို၏ တားမြစ်သံကြောင့်ယန်းစုကျုံး ၏ ကမ်းပေးနေသောလက်များ ရုတ်တရက် တုံ့ဆိုင်းသွား သည်။

* * *

BURMESE CLASSIC .com

သူက ဝတ်စုံနက်နှင့်လူကို လှမ်းကြည့်လိုက်စဉ်မှာပင် ဝတ် စုံနက်အဘိုးအိုသည် သူ့အနီးသို့ လေကဲ့သို့ လျင်မြန်စွာ လွင့်ခနဲ ရောက်ရှိလာသည်။

လိရိရှန်သည် ဝတ်စုံနက်နှင့်လူကို ကောင်းစွာ သိသည်။

ဝတ်စုံနက် အဘိုးအိုသည် သိုင်းလောကတွင် ကိုယ်ဖော့ ပညာ အဆင့်မြင့်သူ တစ်ယောက် ဖြစ်သည်။

သူသည် ခိုတုံဂိုဏ်းဝင်တစ်ယောက် ဖြစ်ပြီး မိမိနှင့်ဆိုလျှင် ဂိုဏ်းတူညီအစ်ကိုပင် ဖြစ်သည်။

သို့သော် ဝတ်စုံနက်နှင့်လူသည် သူနှင့်စာလျှင် ဂိုဏ်းတူ အဆင့်မြင့် ဂိုဏ်းဝင်တစ်ယောက် ဖြစ်သည်။

ဂိုဏ်းချုပ်ကြီးအောက်၌ နာယကအဖွဲ့ဝင်သုံးယောက် ရှိ သည့်အနက် အဖွဲ့ဝင်တစ်ယောက်လည်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သိုင်းလောကသားများက အရိပ်မဲ့နဂါး ချန်ယိမင်ဟု လူသိများကြသည်။

ချန်ယိမင်သည် သူနှင့်ဟန်းစုကျုံးတို့အရာတပည့်ဆက်ဆံရေးကိုလာရောက်ဖျက်ဆီးပေးတော့မည်ဟု လိရှိရှန်နားလည်သဘောပေါက်သွားသည်။

သူက ချန်ယိမင်ကိုကြည့်ကာ ပြောလိုက်သည်။

'ကျုပ်က ဘယ်သူများလဲလို့ အောက်မေ့နေတာ၊ အဖွဲ့ဝင် ချန်ယိမင် ဖြစ်နေတာကိုး၊ နေပါဦးဗျာ ကျုပ်ဒီမှာ ရှိနေတယ်လို့ ခင်ဗျားကို ဘယ်သူ လက်ထောက်ချလိုက်သလဲ'

အရိပ်မဲ့နဂါး ချန်ယိမင်က တဟားဟားရယ်မောရင်း....

'လိရှိရှန်ရယ်၊ ကမ္ဘာမြေကြီးက ကျဉ်းကျဉ်းလေးပါ၊ အနှစ်နှစ်ဆယ်လောက် ဂိုဏ်းက ပျောက်သွားမယ့် မင်း ဘယ်မှာရှိနေတယ်ဆိုတာ ငါသိပါတယ်ကွ၊ မင်းကို တို့လိုက်စုံစမ်းနေခဲ့တာ တေ့လွဲ တေ့လွဲ ကလေးတွေ လွဲသွားခဲ့တယ်၊ မနေ့ကတော့ မင်းတို့အမင်းဆိုင်အဝင်မှာ မျောက်နှစ်ကောင် ပခုံးပေါ်မှာထမ်းလာတဲ့ ငါ့တပည့်တစ်ယောက်က မင်းတို့ ယင်တိုင်မှာရှိနေတယ်ဆိုတာ သတင်းလာပို့လို့ ငါဒီကိုလိုက်လာခဲ့တာပဲ'

လိရှိရှန်က....

'ကျုပ်ဘာသာကျုပ် ဂိုဏ်းထဲမှာမနေချင်တော့လို့ ထွက်သွားတာကို ခင်ဗျားတို့က ဘာလုပ် လိုက်ရှာနေတာလဲ'

'ဟား ဟား ဟား....၊ မင်းဒီလိုပြောလို့ ဘယ်ရမလဲကွ၊ မင်း ဂိုဏ်းဝင်အဖြစ် မနေတော့လို့ ဘယ်ရမလဲ၊ တို့ဂိုဏ်း



ာ ဒုစရိုက်အလုပ်ကိုသာ လုပ်တယ်၊ မတရားမှုမှန်သမျှ ိုက်ပြီးဖြေရှင်းပေးတယ်၊ ပြီးတော့ ဂိုဏ်းရဲ့ လျှို့ဝှက်ကိစ္စ တွက်ကိုး ဂိုဏ်းသားတွေကို ထိမ်ဝှက်အသိပေးထားတယ်၊ မင်း နေနဲ့ ဂိုဏ်းကဒီအတိုင်းထွက်သွားတော့ ဂိုဏ်းရဲ့လျှို့ဝှက် ျက်တွေကို ဘေးမှာ လျှောက်မပြောပါဘူးလို့ ဘယ်သူက ာမခံမှာလဲ'

လိရှိရှန်က ဒေါသတကြီး ပြန်ပြောလိုက်သည်။

'ကျုပ် ဂိုဏ်းအပေါ်မှာ ကနေ့အထိ သစ္စာမဖောက်ဘူး တာ ကျိန်ပြီးပြောရဲတယ်၊ ကျုပ်နောက်ကို ခင်ဗျားတို့ ိုက်နေတယ်ဆိုရင် ကျုပ်ဘာအလုပ်တွေ လုပ်နေသလဲ ဆို ာ ခင်ဗျားသိဖို့ကောင်းတယ်'

အရိပ်မဲ့နဂါး ချန်ယိမင်သည် တစ်ချက်မျှ စဉ်းစားပြီး န်ပြောလိုက်သည်။

'ဒါတွေထားလိုက်ပါ လိရှိရှန်၊ အခု မင်းက တပည့် တွေ ဘာတွေတောင် မွေးတော့မလို့ ကြံစည်နေတယ်ပေါ့ လေ'

လိရှိရှန်သည် ဘေးပတ်ဝန်းကျင်ကို တစ်ချက်မျှ မျက်စိ ဝေ့ကြည့်လိုက်သည်။

ချန်ယိမင်နောက်တွင် အခြားဂိုဏ်းတူ ညီအစ်ကို တစ်ဦး စ်ယောက်မျှပါမလာသဖြင့် အနည်းငယ်စိတ်သက်သာရာ ရသွားသည်။

ထို့ကြောင့် သူ လေသံအေးစက်စက်ဖြင့် ပြန်ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'တပည့်မမွေးတဲ့ကိစ္စဟာ ပုဂ္ဂိုလ်ရေးနဲ့ သက်ဆိုင်တဲ့ ကိ
ပါ၊ ခင်ဗျားဝင်ရှုပ်စရာ မလိုပါဘူး'

'အေး....မင်းပြောတာမှန်တယ်၊ မင်းဟာ ခုံတုံဂိုဏ်းဝ
တစ်ယောက် ဖြစ်နေသေးတယ်ဆိုတာ မင်း မေ့နေပြီလား၊
ဂိုဏ်းဝင်တစ်ယောက်ရဲ့လုပ်ဆောင်ချက်ဟာ ဂိုဏ်းကိုမကျေ
လွန်ရဘူး ဆိုတာတော့ မင်းသိမှာပေါ့'

'ကျုပ်တပည့်မွေးတာဟာ ဂိုဏ်းစည်းကမ်း ဖောက်ဖျ
တာမှ မဟုတ်ဘဲ၊ ဂိုဏ်းစည်းကမ်းထဲမှာ တပည့်မမွေးရဘူ
ဆိုတဲ့ စည်းကမ်းချက်မှ မရှိတာ'

'ဒါတော့ ဟုတ်တာပေါ့ကွ'

'ဟုတ်ရင် ခင်ဗျားဘာကြောင့် ဒီကိစ္စထဲ ဝင်ရှုပ်ရတ
လဲ....'

'ဒါပေမယ့် မင်းဟာ ဂိုဏ်းကနေ ထွက်ပြေးနေတဲ့
ဂိုဏ်းရဲ့ဩဝါဒကို ချိုးဖောက်တဲ့လူ၊ ဂိုဏ်းရဲ့ စည်းကမ်း
မလိုက်နာသူ တစ်ယောက်ပဲ'

လီရိရှန်သည် စကားကြောရှည်နေသော ချန်ယိမင်
ဒေါသတကြီး ပြန်မေးလိုက်သည်။

'ဒီမှာ ခင်ဗျား စကားမကုန်သေးဘူးလား'

ချန်ယိမင်သည် တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်းမပြု
လီရိရှန်ကို စိုက်ကြည့်လိုက်သည်။

လီရိရှန်က သူ့အနီးသို့ ခြေနှစ်လှမ်းစာမျှ တိုးကပ်သွ
သည်။



လီရိရှန်သည် ခုံတုံဂိုဏ်းသားများထဲတွင်အလွန်သဘော
ကောင်းသလောက် ဒေါသကြီးလျှပ်လည်း သူ့ကိုမီသူမရှိ
ကြောင်း သူကောင်းစွာ သိရှိထားပြီးဖြစ်သည်။

* * *

အရိပ်မဲ့နဂါး ချန်ယိမင်က လီရိရှန်ကို စေ့စေ့ကြည့်ပြီး
ပြောလိုက်ပြန်သည်။

'ဒီမှာ လီရိရှန်၊ မင်းအကြောင်းကို ပြောရမယ်ဆိုရင်
ခုနစ်ရက် ခုနစ်လီတောင် ပြောလို့ကုန်မှာ မဟုတ်ဘူး၊ မင်း
ဟာ ခုံတုံဂိုဏ်းကို သိက္ခာကျစေတဲ့ အလုပ်တွေကို လုပ်နေ
တယ် ဆိုတာ ကျုပ်တို့ စုံစမ်းသိရပြီ၊ ခိုးပြတိုက်တယ်၊
လူသတ်တယ်၊ အဖွဲ့သား အချင်းချင်းကိုလဲ စော်ကားတယ်၊
ပြီးတော့....'

သူ့စကားမဆုံးခင်မှာပင် လီရိရှန်သည် ဒေါသတကြီး
ဖြစ်ကာ ရှေ့သို့ ခြေတစ်လှမ်း တိုးတက်လိုက်သည်။

ပြီးလျှင် သူ့ညာလက်ကိုရှေ့သို့ ဆန့်ထုတ်လိုက်ပြီး ခက်
ချောင်း ငါးချောင်းကို စွန့်ကုတ်သဏ္ဍာန် ကွေးထားလိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချန်ယိမင်၏ငယ်ထိပ်ကို စွန်ကုတ်လက်ချောင်းများဖြင့် တအားကုတ်ချလိုက်သည်။

ချန်ယိမင်သည် လီရိရှန် အနီးသို့တိုးတက်လာကတည်းက သတိရှိနေသူ ဖြစ်သည်။

လီရိရှန် စတင်တိုက်ခိုက်လိုက်သည်နှင့် တစ်ပြိုင်နက်သူက ညာလက်ဝါးကို အထက်သို့ပင့်လှန်၍ သူ့ငယ်ထိပ်သို့ အရှိန်ပြင်းစွာ ကျရောက်လာသော စွန်ကုတ်လက်သည်း ကုတ်ချက်ကို ကာကွယ်လိုက်သည်။

လက်ဝါးနှစ်ခု အရှိန်ပြင်းစွာ ထိခတ်သံမှာ ဝုန်းခနဲမြည်ဟည်းသွားသည်။

တစ်ဆက်တည်းမှာပင် ချန်ယိမင်သည် လွတ်နေသော လီရိရှန်၏ ညာဘက်နံစောင်းကို ဘယ်လက်ဝါးစောင်းဖြင့် တအား ခုတ်ချလိုက်သည်။

လီရိရှန်သည် သိုင်းလောကတွင် တိုက်ပွဲပေါင်း မြောက်မြားစွာကို ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ရသဖြင့် အတွေ့အကြုံရင့်ကျက်နေသူ ဖြစ်သည်။

သူက သူ့ညာဘက် နံစောင်းသို့ ကျရောက်လာသော ချန်ယိမင်၏ လက်စောင်းရိုက်ချက်ကို စွန်ကုတ်လက်သည်းဖြင့် အရှိန်ပြင်းစွာ ခတ်ထုတ်ပစ်လိုက်သည်။

သူတို့နှစ်ယောက်သည် ထိပ်တန်းအဆင့်မြင့်သိုင်းသမားများ ဖြစ်ပြီး အတွင်းအားချင်းလည်း ညီမျှကြသူများဖြစ်သည်။



တိုက်ခိုက်လိုက်သော တိုက်ကွက်တိုင်းတွင် အတွင်းအား အပြည့်ပါသည်။

ထို့ကြောင့် တိုက်ကွက်တိုင်းသည် အရှိန်အဟုန်ပြင်းထန်လှသည်။

တိုက်ကွက် တစ်ကွက်သာ ထိထိမိမိ ခံလိုက်ရမည် ဆိုပါက မသေတောင် အနည်းဆုံး အတွင်းဒဏ်ကို ရရှိသွားနိုင်သည်။

ချန်ယိမင်၏ လက်ဝါးစောင်း ရိုက်ချက်ကို စွန်ကုတ်လက်သည်းလက်ဖြင့် ခတ်ထုတ်လိုက်သည့် အရှိန်မှာ ပြင်းထန်လှသောကြောင့်ချန်ယိမင်သည် နောက်သို့ခြေလှမ်းသုံးလှမ်းခန့်မျှ လွင့်ထွက်သွားသည်။

လီရိရှန်၏ ကိုယ်ခန္ဓာလည်း ခြေသုံးလှမ်းစာမျှနောက်သို့ ယိမ်းယိုင်သွားသည်။

လီရိရှန်သည် ချက်ချင်းပင် ဟန်ချက်ကို ပြန်ထိန်းလိုက်ပြီး တစ်ဖက်ရန်သူကို အနားမနားတော့ဘဲ တရကြမ်း ဖိတိုက်သည်။

သူက ခြေဖျားတစ်ဖက်ကို မြေပြင် ထောက်လျက် ချန်ယိမင်၏ မျက်နှာကို ခြေဖျားနှင့် လှမ်းခတ်လိုက်သည်။

ချန်ယိမင်သည်လည်း သိုင်းပညာ ထိပ်တန်းအဆင့်မြင့် တစ်ယောက် ဖြစ်သည်။

သိုင်းလောကတွင်နှစ်ပေါင်းနှစ်ဆယ်ကျော် အရှုံးအနား မရှိ ကျင်လည်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ပါးစောင်းရိုက်ချက်ကြောင့် မြေပေါ်သို့ လဲကျသွားစဉ် လိရိရှန် နောက်ထပ်တိုက်ခိုက်လာမည်ကို ကောင်းစွာ သိရှိထားပြီးဖြစ်သည်။

ထို့ကြောင့် သူက လဲကျနေသော နေရာတွင် ရပ်တန့်မနေဘဲ ကိုယ်ခန္ဓာကို မြေပေါ်တွင်လှိမ့်၍ လိရိရှန်၏ခြေဖျားတိုက်ကွက်ကို လွှဲအောင် ရှောင်သည်။

လိရိရှန်ကလည်း ရှေ့သို့ခြေတစ်လှမ်းတိုး၍တိုး၍ အရိပ်မဲ့နဂါး ချန်ယိမင်ကို ခြေဖျားတွင် အားအင်းအား စုစည်းပြီးကန်သည်။ သို့သော် တစ်ချက်ကလေးမျှပင် မထိဘဲဖြစ်နေရသည်။

ချန်ယိမင်က မြေတွင်လူးလှိမ့်နေရာမှ အခွင့်အရေးရသည်နှင့် ခုန်ထလိုက်လေ၏။

သူ မတ်တတ်ရပ်လိုက်သည်နှင့် သူ့လက်ထဲတွင် အစားအသောက်များ ညှပ်ယူစားသောက်သော တူနှစ်ချောင်းကိုင်လျက်သား ဖြစ်သွားသည်။

လူးလှိမ့်နေရင်းမှ သူ၏လက်နက်အဖြစ် ကိုင်ဆောင်ထားသော တူနှစ်ချောင်းကို ဆွဲထုတ်လိုက်ခြင်း ဖြစ်သည်။

ချန်ယိမင် လက်ထဲတွင် တူနှစ်ချောင်းကို တွေ့လိုက်ရသောအခါ လိရိရှန်က တဟားဟားရယ်မောကာ ပြောလိုက်သည်။

'ဟား....ဟား....ဟား....ဟား....ချန်ယိမင်က ဘယ်ခေလို့လဲ၊ လက်နက်တွေ ဘာတွေတောင် ထုတ်သုံးနေပြီပဲ'

မှန်သည်။



ခုံဖုံဂိုဏ်းသားများသည် ခေးလှ လက်နက်များ ကိုင်ဆောင်သော အလေ့အထ မရှိကြပေ။

သူတို့အနေဖြင့် ခေးလှ ကဲ့သို့ ထင်ပေါ်နေသော လက်နက်များကို ကိုင်ဆောင်သည်ကို ရှက်ဖွယ်ကောင်းသည်ဟု ယူမှတ်ထားကြသည်။

ထို့ကြောင့် ထမင်းစားသော တူများ၊ ခွေးရိုက်တုတ်များ၊ သံမဏိဇွန်းများ၊ ယပ်တောင်များ၊ ထီးများကိုသာ လက်နက်အဖြစ် ကိုင်ဆောင်လေ့ရှိကြသည်။

လိရိရှန် ကိုင်ဆောင်လေ့ရှိသော ရေတခေကောင်းကလေးသည်ပင် လိရိရှန်၏ တစ်ခုတည်းသော လက်နက်ပစ္စည်းပင် ဖြစ်သည်။

ချန်ယိမင်သည် လက်ထဲမှ တူနှစ်ချောင်းကို အစားအသောက် တစ်ခုခုကို ညှပ်ယူစားသောက်တော့မည့်အလား ကိုင်ဆောင်ထားလိုက်သည်။

သူ ကိုင်ဆောင်ထားသော တူနှစ်ချောင်း၏ အဖျားမှာ ထက်ထက်တုန်ခါနေသဖြင့် ရှိသမျှ အတွင်းအားကို တူပေါ်တွင် စုစည်းထားကြောင်း သိလိုက်ရသည်။

လိရိရှန်သည် မိမိ လက်ဝါးစောင်း ရိုက်ချက်ကိုခံလိုက်ရသည့်တိုင်အောင် သူ့လက်မှာ မိမိကို ပြန်လည်တိုက်ခိုက်နိုင်သော အစွမ်း ရှိနေသေးသည်ကို သူ့စိတ်ထဲတွင် ကျိတ်၍ ချီးကျူးမိလိုက်သည်။

တော်ရုံတန်ရုံအဆင့် သိုင်းသမားတစ်ယောက် ဆိုပါက လက်ဝါးစောင်းချပ်း ယှဉ်၍ ရိုက်မိသော ဒဏ်ရာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လက်ဝါးစောင်းချင်း ပြိုင်၍ရိုက်သောလက်မှာ လုံးဝ ဂ
ရှား၍ မရတော့သည်ကို သူနှင့် ယှဉ်ပြိုင် တိုက်ခဲ့ဖူးသော
ရန်သူများ၏ အတွေ့အကြုံအရ သူသိရှိခဲ့ရသည်။

လိရိရှန်သည် ချန်ယ ိမင်၏ တိုက်ကွက်ကို ခုခံရန်နှင့်
လည် တိုက်စစ်ဆင်နိုင်ရန်အတွက် သိုင်းကွက်တစ်ကွက်
ပြင်ဆင်လိုက်သည်။

ပြီးလျှင် အရိုပ်မဲ့နဂါး၏ ဘယ်ဘက်နံခစောင်းကို လ
ဝါးစောင်းဖြင့် တစ်ချက်ဝင်ခုတ်လိုက်သည်။

အရိပ်မဲ့နဂါးသည် နောက်သို့ ခြေလှမ်းနှစ်လှမ်းစ
ခုန်ရှောင်လိုက်ပြီး သူ့လက်ထဲတွင် ကိုင်ထားသော တူ
ချောင်းအနက်မှ တစ်ချောင်းကို မြားတစ်ချောင်း
မစ်လွှတ်လိုက်သည်။

တူသည် လေကိုခွင်းလျက် ရှီးခနဲ မြည်ဟည်းသံနှင့်
မြားတစ်စင်းကဲ့သို့ အရှိန်အဟုန် ပြင်းစွာ ပြေးထွက်
သည်။

လိရိရှန်၏ ဘယ်ဘက်ရှိ တတိယ နံရိုးနှင့် စတုတ္ထ
အကြားရှိ ချီပင် အကြောဆီသို့ ပြေးဝင်သွားသည်။

လိရိရှန်၏ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားရသည်။

သို့သော် သူကသတိကြီးစွာထား၍ ညာဘက်သို့
တစ်ပြက်ခုန်ရှောင်ကာ သူ့ထံသို့ ပြေးဝင်လာသော
ဘယ်လက်ဖြင့် လှမ်းဆုပ်လိုက်သည်။



တူကို ဘယ်လက်ထဲတွင် သေသေသင်သပ် ဖမ်းမိသွား
သည်။ သူက တူကို လက်ညှိုးနှင့် လက်မကြားတွင် ညှပ်၍
ချိုးပစ်လိုက်၏။

အရိပ်မဲ့နဂါးသည် တုံ့ဆိုင်းခြင်း မရှိဘဲ လက်ထဲတွင်
ကျန်ရှိနေသော တူတစ်ချောင်းဖြင့် လိရိရှန်၏ ဘယ်ဘက်
ျက်လုံးကို ထိုးဖောက်လိုက်သည်။

လိရိရှန်က ရုတ်တရက် ကိုယ်ကို အောက်သို့ တစ်ဝက်မျှ
ယိုင်ချလိုက်ရာ အရိပ်မဲ့နဂါး၏တူမှာ ဝှီးခနဲမြည်ကာခေါင်း
ပေါ်မှ ဖြတ်ကျော်သွားသည်။

အရိပ်မဲ့နဂါးသည် သူ၏တိုက်ကွက်အရာမထင်ကြောင်း
တွေ့လိုက်ရသည့်အခါ နောက်သို့ ခြေတစ်လှမ်း ပြန်ဆုတ်
ကာ လိရိရှန်၏ ဇာဓိက သွေးကြောများ စုစည်းထားသည့်
နေရာများသို့ အချက်နှစ်ဆယ်မျှ ဆက်တိုက် ထိုးနှက်တိုက်
ိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုအရှိန်အဟုန်မှာ မြန်ဆန်လှသောကြောင့်
ကိုင်သောလက်ကို တရိပ်ရိပ်မျှသာမြင်ရပြီး သဲကွဲအောင်
မြင်ရဘဲ ရှိနေသည်။

တူကလေးတစ်ချောင်း၏ လေတိုးသံမှာလည်း မုန်တိုင်း
စ်ခုကျလာသလားဟု ထင်ရလောက် အောင်ပင် တဝုန်း
း မြည်ဟည်း နေသည်။

လိရိရှန်သည် တူဖြင့် ထိုးနှက် တိုက်ခိုက်ချက်ကို သိသိ
လေး လွှတ်ရုံမျှသာ ရှောင်တိမ်း နေပြီး တိုက်စစ်ပြန်
င်နိုင်ဘဲ ဖြစ်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ တစ်ဆုတ်တည်း ဆုတ်ခဲ့နေရသည်။

သူ့အနေဖြင့် ချန်ယိမင်၏ တိုက်ခိုက်မှုကို လက်နက်မဲ့ဖြင့် ပြန်လည်ခုခံကာကွယ်နေရပါက သူသာ နစ်နာတော့မည် ဖြစ်ကြောင်း သိလိုက်ရသည်။

ထို့ကြောင့် သူက ခါးတွင် ချိတ်ဆွဲထားသော ရေတကောင်းဘူးလေးကို ဖြုတ်ယူပြီး ပြန်လည် တိုက်စစ်ဆင်နိုင်ရန် ကြိုးပမ်းလိုက်သည်။

သူက ချန်ယိမင်၏တူနှင့်တိုက်ခိုက်မှုကိုရေတကောင်းဘူးဖြင့် ခုခံကာကွယ်လိုက်သည်။

ချက်ချင်းပင် သူ့အခြေအနေက ချန်ယိမင်နှင့်လက်ရည်တူ ပြန်ဖြစ်သွားရသည်။

သူတို့နှစ်ယောက်သည်သိုင်းကွက်ပေါင်း ငါးဆယ်ကျော် ယှဉ်ပြိုင် တိုက်ခိုက်ပြီး သော်လည်း လက်ရည်တူနေသဖြင့် အရှုံးအနိုင် မပေါ်နိုင်ဘဲ ဖြစ်နေရသည်။

ယန်းစုကျုံးမှာမူ လီရှန်နှင့် ချန်ယိမင်တို့၏ အဖြင့် အထန် သူတကိုယ်တေ ယှဉ်ပြိုင်တိုက်ခိုက်မှုကို စိတ်ဝင်စားစွာဖြင့် ငေးမော ကြည့်ရှုနေသည်။

သူ၏စိတ်ထဲတွင်သည်း အရိုပ်မဲ့နဂါးချန်ယိမင်နှင့် ကောကျော်သိုင်းသမား လီရှန်တို့သည် ဂိုဏ်းတူ ညီအစ်ကိုချင်းချင်း ဖြစ်နေပါလျက် အဘယ်ကြောင့် အသက်လုနွှဲ တိုက်ခိုက်နေရလေသနည်းဟူ၍လည်း တွေးတော စဉ်းစားနေပါသည်။



သူထိုသို့ တွေးတော စဉ်းစား နေစဉ်မှာပင် လီရှန်တို့နှစ်ယောက်သည် သိုင်းကွက်ပေါင်း တစ်ရာကျော်မျှ ယှဉ်ပြိုင်ပြီး ဖြစ်နေသည်။

ချန်ယိမင်သည် ယှဉ်ပြိုင်တိုက်ခိုက်နေရင်းမှ စောစောကလီရှန်လက်ငါးစောင်းချက်မိသွားသော သူ့ညာလက်မှာ ဖြည်းဖြည်း ထုံကျဉ်ကိုက်ခဲလာသည်။

သူ့တိုက်ကွက်များ တဖြည်းဖြည်း အားပျော့ လေးလံလာသည်။

လီရှန်သည် ချန်ယိမင်၏ အခြေအနေကို ကောင်းစွာ ရိပ်စားမိလိုက်ပြီဖြစ်သဖြင့် အားပျော့ လေးလံ လာသော ချန်ယိမင်ကို ပို၍ပြင်းထန်သော တိုက်ကွက်များဖြင့် ဖိ၍ တိုက်လေသည်။

တစ်ကြိမ်တွင် ချန်ယိမင်သည် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ရာကိုယ်ကိုမဟန်နိုင်ဘဲ တစ်ချက်မျှ ယိမ်းယိုင်ကာ ဟန်ချက်ပျက်သွားသည်။

လီရှန်သည် အခွင့်ကောင်းကို လက်လွတ် မခံတော့ဘဲ ဘယ်စွန်ကုတ်လက်သည်း သိုင်း တိုက်ကွက်ကို ရုတ်တရက် ထုတ်သုံးလိုက်သည်။

သူက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်ပြီး လူချင်းပူး လိုက်သည်။

သူ့ညာဘက်လက်မှ စွန်ကုတ် လက်သည်းက ချန်ယိမင်၏ပခုံးကို ကုတ်ဖဲ့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ယ°မင်သည် ကိုယ်ကို မူတ်မတ် မဟန့်နိုင် တော့ တောအား သို့ တစောင်း လဲကျသွားသည်။

သူ့ညာဘက်ပခုံးမှာ စွန့်ကုတ် လက်သည်း သိုင်းကျ ကြောင့် ပခုံးရိုး ပြုတ်ကျသွားကာ လုံးဝ မလှုပ်ရှားနိုင် တော့တဲ့ ဖြစ်သွားရသည်။

လိရိရှန်သည်တစ်ဆက်တည်းပင် လဲကျနေသောချန်ယ မင်ဆီသို့ ခုန်လွှားရောက်ရှိလာပြီး သူ့စွန့်ကုတ်လက်သည်း ဖြင့် ချန်ယ°မင်၏ ငယ်ထိပ် တည့်တည့်ကို ကုတ်ဆွဲ လိုက် သည်။

ချန်ယ°မင်လည်း မည်သို့မျှ ပြန်လည်ခုခံနိုင်စွမ်း မ ရှိ တော့သဖြင့် သည်တစ်ကြိမ်တွင် အသက် ဆုံးရှုံးရပေ တော့ ဟူသော ခံယူချက်ဖြင့် မျက်စိကိုမှိတ်ကာအံကြိတ်ပြီး တ လိုက်တော့သည်။

လိရိရှန်၏ စွန့်ကုတ်လက်သည်းတိုက်ကွက်သည် ချန် မင်၏ ငယ်ထိပ်ပေါ်သို့ ကျရောက်ရန်တစ်ထွာခန့် အလို နောက်မှစူးရှကျယ်လောင်စွာ အော်ဟစ်တားမြစ်လိုက်သ အသံကို ကြားလိုက်ရလေသည်။

အခန်း (၂၅)

တွေ့ဆုံကြုံကြဲ ဖြစ်မြဲခမ္မတာ

'သူ့ကိုမသတ်ပါနဲ့'

လိရိရှန်သည်ချန်ယ°မင်၏ ငယ်ထိပ်ပေါ်သို့ကျရောက်လု ဖြစ်သော စွန့်ကုတ် လက်သည်းကို ဆတ်ခနဲ တုံ့ရပ် သည်။

ပြီးမှ အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

အော်ဟစ်တားမြစ်သူကား ယန်းစုကျုံးတည်း။

'ဘာဖြစ်လို့ မသတ်ရမှာလဲကွ'

ထိုသို့လှမ်းမေးလိုက်စဉ်မှာပင် ယန်းစုကျုံးသူ့အနီး ရောက်ရှိ လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီအဘိုးအိုဟာ ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိနေပါ ဘဘရယ်၊ သူ့အနေနဲ့ ဘဘကို ဘယ်လိုမှပြန်ပြီးတိုက်ခိုက် နိုင်တဲ့ အနေအထား မရှိတော့ပါဘူး၊ ကိုယ့်ကို ပြန်မ နိုင်တဲ့ လူတစ်ဦးကို ဘာဖြစ်လို့ သတ်ရတော့မှာလဲ၊ ဘ နိုင်သွားပြီပဲ'

လီရှိရှန်သည် ယန်းစုကျုံး၏စကားကြောင့် ချန်ယ ၏ ငယ်ထိပ်ပေါ်တွင် အုပ်မိုးထားသော သူ့လက်ကို ရုပ်လိုက်သည်။

ပြီးမှ သူကပြန်ပြောလိုက်သည်။

'ဒီမှာငါ့တူ ငါဟာ သဘောကောင်းရင် သူများထ ကောင်းတယ်၊ သဘောဆိုးရင် သူများထက် ဆိုးတ စောစောက ငါ့ကို မဟုတ်မတရား စွပ်စွဲလိုက်တာ မင်းမကြားဘူးလား၊ ငါ့ကို မဟုတ်မတရား စွပ်စွဲတဲ့ ငါမသတ်သင့်ဘူးလား'

ယန်းစုကျုံးက ခေါင်းကို ခါယမ်းကာ တည်ငြိမ် လေသံဖြင့် ပြန်ပြောသည်။

'ခွင့်လွှတ်လိုက်ပါ ဘဘရယ်၊ ဘဘနဲ့ကျွန်တော် က တည်းက ဘဘဟာ စိတ်သဘောထား ကောင်းတ ကူညီတတ်တယ်ဆိုတာ တွေ့မြင်ပါပြီ၊ လူတစ်ယောက် တိုင်း ဖြစ်ရတော့မှာလား၊ သူလဲ ဒဏ်ရာအနာတရ တော့ မသတ်ရင် ကိုယ်သဘောထားကြီးကြောင်းသက် ပြရာရောက်တာပေါ့'

မှန်ပေသည်။



အကျင့်စရိုက်နှင့်အပြုအမူသည်သာ လူကောင်းနှင့်လူဆိုး ကို ခွဲခြားသောအရာဖြစ်၏။

နှိုင်းတည်ဆောင်သူကြောင့် နံရံသည် တဖြည်းဖြည်းမြင့် တက်သွားသကဲ့သို့ တစ်စုံတစ်ယောက်၏ အပြုအမူကြောင့် တဖြည်း ဖြည်း မြေကြီးနှင့်ရှိုင်းသွားသကဲ့သို့ပင်တည်း။

လီရှိရှန်က ယန်းစုကျုံးကို တစ်ချက်မျှ ပြုံးကြည့်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ မင်းထင်မြင်ချက်ဟာ တရားနည်းလမ်းကျ ပါတယ်၊ ငါ သူ့ကို မသတ်တော့ဘူး၊ လာ…သွားကြစို့'

လီရှိရှန်သည် ယန်းစုကျုံး၏ လက်တစ်ဖက်ကိုဆွဲကာ ထို နေရာမှ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

'ဒီမှာသူငယ်…ခဏနေပါဦး'

မြေပြင်ပေါ်တွင် ဒဏ်ရာဖြင့် လဲကျနေသော အရိုပ်မဲ့ နဂါးသည် ကိုယ်ကို အထတ်နိုင်ဆုံး ထူထောင်လိုက်ပြီး ယန်းစုကျုံးကို လှမ်းတားလိုက်သည်။

ယန်းစုကျုံးက နောက်သို့လှည့်ကြည့်ရင်း ပြန်မေးလိုက် သည်။

'ဘာကိစ္စရှိလို့လဲ ဆရာကြီး'

အရိပ်မဲ့နဂါးက လှမ်းမေးသည်။

'သူက ခင်းကို့တပည့်မှုမလို့ ခေါ်သွားတာလား'

ယန်းစုကျုံးက ခေါင်းကိုခါယမ်းလျက် ပြန်ပြောလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီး မှားနေပါပြီ၊ ကျွန်တော်က သူ့ထံမှာ တပည့်ခံတာပါ'

အရိပ်မဲ့နဂါးသည် နှာခေါင်းကိုရှုံ့ကာ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်းမှ ညည်းညည်းညူညူ ပြောလိုက်သည်။

'အင်း....သိုင်းလောကမှာ လူဆိုးလေးတစ်ယောက်တိုး လာတော့မှာပါလား'

* * *

ယန်းစုကျုံးသည် ချန်ယံမင်၏ စကားကြောင့် နားရှုပ်သွားရသည်။

သူ ဘာကိုရည်ရွယ်ပြီး ပြောလိုက်သည်ကိုသည်း သိချင်စိတ်များ ပေါ်လာသည်။

'နေစမ်းပါဦး၊ ဆရာကြီးက ဒီစကားကို ဘာသဘောနဲ့ ဒီလိုပြောလိုက်တာလဲ'

'ဒီမှာသူငယ်၊ လူ့လောကကြီးမှာ လူကောင်း တစ်ယောက် တိုးလာရင် လူသားအားလုံးအတွက် တစ်နည်း နည်းနဲ့ အကျိုးရှိနိုင်သလို လူဆိုးတစ်ယောက် တိုးလာတယ်



ကိုရင်တော့ လူသားတွေမှာ ပိုပြီး ဒုက္ခရောက်နိုင်တယ်ကွ၊ ပေးသာ လိုရှိရှန်ဆီမှာ တပည့်ခံလိုက်မယ်ဆိုရင် လူ့လော ကကြီးမှာ လူဆိုးတစ်ယောက် တိုးလာတာနဲ့ဘာခြားဦးမှာ လဲ၊ ဒါကြောင့်....'

ချန်ယံမင် စကားမဆုံးခင်မှာပင် လိုရှိရှန်သည် ဒေါသ ကို မထိန်းနိုင်တော့ဘဲ ချန်ယံမင်ထံသို့ လှစ်ခနဲခုန်ဝင်ကာ သူ့လက်ဝါးတွင် အတွင်းအားစုစည်း၍ ပါးပြင်ကိုတအား ရိုက်ချလိုက်သည်။

'ကဲ....ငါ့ကို ထပ်စော်ကားဦးကွာ'

ဖြန်းခနဲ တစ်ချက်မြည်သံနှင့်အတူ ချန်ယံမင်၏ ထိုယ် လုံးကြီး ဘေးသို့ သုံးလေးပတ် လှိမ့်စဉ်ကျသွားသည်။

သူ့ပါးစပ်ထဲမှ သွေးများ မြင်မကောင်းလောက် အောင် စီးကျလာသည်။

ထို မြင်ကွင်းသည် ယန်းစုကျုံး၏ အဆုံးအဖြတ်ကို ပြောင်းအလဲ ဖြစ်သွားစေခဲ့လေသည်။

လိုရှိရှန်သည် ယန်းစုကျုံးထံသို့ ပြန်လျှောက်လာပြီး ယန်းစုကျုံး၏လက်ကို ဖမ်းဆွဲလိုက်သည်။

ပြီးမှ သူက ပြောလိုက်သည်။

'လာ....ငါတို့ တို့သွားကြစို့'

'ကျွန်တော် မလိုက်တော့ဘူး ဘဘ'

လိုရှိရှန်သည် ချက်ချင်းစိတ်ပြောင်းသွားသော ယန်းစု ကျုံးကို နားမလည်စွာဖြင့် စိုက်ကြည့်ရင်း ပြန်မေးလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း ဘယ်လို ဖြစ်သွားရပြန်တာလဲ'

ယန်းစုကျုံးသည် သူ့စိတ်ထဲတွင် ခံယူထားသည့်ခံယူချက်ကို ရှင်းပြလိုက်သည်။

'ဘာဘာ…ကျွန်တော်ဟာ ကိုယ့်ကို ဘာမှဒုက္ခမပေးနိုင်ရဲ့လူတစ်ယောက်ကို ဘယ်တော့မှမသတ်ဘူး၊ ဒါဒီအချက်ကပဲ ဘာဘနဲ့ကျွန်တော့်အကြားမှာ ကြီးမားတဲ့ ကွဲကွာခြားနားချက်ကြီး ဖြစ်သွားပါပြီ၊ ဒါကြောင့် ကျွန်တော်ဟာဘာဘာဆီမှာ တပည့်မခံတော့ပါဘူး၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ'

လီရှိရှန်သည် ယန်းစုကျုံး၏ ဖြတ်သားသော ဆုံးဖြတ်ချက်ကို သိလိုက်ရသောအခါ အလွန်အမင်း စိတ်ထိခိုက်သွားရသည်။

သို့သော် သူက ဣန္ဒြေဆည်ကာ ယန်းစုကျုံးကို ပြောလိုက်သည်။

'မှင်းတစ်ယောက်တည်း ဖြစ်ပါ့မလားကွာ'

'ကံအကြောင်းတရားပဲ ထားရတော့မှာပေါ့ဘာဘရယ်'

'မင်းဆုံးဖြတ်ချက်ကို သေသေချာချာ ပြန်စဉ်းစားကြည့်ပါဦး၊ မင်းဟာ သိုင်းပညာအခြေခံ အင်မတန်နိမ့်ကျသေးတယ်၊ ဒီလောက် သိုင်းပညာလေးနဲ့ မင်းပြန်လိုချင်တဲ့ ရွှေကြုတ်နဲ့ ကြေးနီလက်ဖွဲ့လေးကို ဘယ်လိုလုပ် ပြန်ရနိုင်မှာလဲ'

ယန်းစုကျုံးက အံကိုတင်းတင်းကြိတ်ကာ လက်သီးကိုကျစ်ကျစ်ပါအောင်ဆုပ်လျက် ပြန်ပြောလိုက်သည်။



'ကျွန်တော် အသက်ရှင်နေသမျှ ကာလပတ်လုံး ဒီပစ္စည်းကို မရရအောင် ယူမှာပဲဘာဘ'

ယန်းစုကျုံးသည် ထိုသို့ပြောလိုက်ပြီး လီရှိရှန်ရှေ့တွင် ဒူးတုပ်ကာ လက်အုပ်ချီလိုက်သည်။

သူ့မျက်လုံးအစုံမှ မျက်ရည်ကြောင်းများ စီးကျလာသည်။

သူက တုန်ယင်သောအသံဖြင့် လီရှိရှန်ကို ပြောလိုက်သည်။

'ဘာဘရဲ့ကျေးဇူးဟာ ကျွန်တော့်အပေါ်မှာ ဆပ်လို့မကုန်နိုင်လောက်အောင် ကြီးမားလှပါတယ်'

ထိုသို့ပြောပြီး ယန်းစုကျုံးသည် လီရှိရှန်ကို ဦးသုံးကြိမ် ချလိုက်သည်။

လီရှိရှန်သည်လည်း အလွန်တရာ ဝမ်းနည်းသွားရသည်။

မိမိသည် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်မှစ၍ ကျရာအလုပ်ကိုလုပ်ကိုင်ရင်း လမ်းပေါ်မှာနေ လမ်းပေါ်မှာအိပ်တတ်ဖြင့် ကျင်လည်ခဲ့ရသည်။

အသက်နှစ်ဆယ်အရွယ်တွင် ခိုပုံဂိုဏ်းသို့ဝင်ရောက်ခဲ့ရပြီး ခိုတုံဂိုဏ်းချုပ်သည် မိမိ၏ဘဝအခြေအနေကို ကောင်းစွာသိရသောအခါ သနားကြင်နာစွာဖြင့် ကောက်ယူမွေးစားခဲ့သည်။

သူ့အနေဖြင့် ခိုတုံဂိုဏ်းချုပ်မွေးစားဖခင်ကြီး ရှိစဉ်က ဂိုဏ်းချုပ်ကြီးအပေါ်တွင် ကျေးဇူးသစ္စာ စောင့်သိတာတတ်အားသမျှ ကျေးဇူးဆပ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သောအနှစ်နှစ်ဆယ် သူက အသက်သုံးဆယ်အရွယ်တွင် ခုံတုံဂိုဏ်းချုပ်ကြီး ကွယ်လွန်အနိစ္စ ရောက်ခဲ့လေသည်။

ထိုအချိန်မှစ၍ ဂိုဏ်းမှ မိမိအလိုအလျောက် နုတ်ထွက်ကာ ခြေသလုံးအိမ်တိုင် သိုင်းလောကအတွင်း ကျွင်လည်ကျက်စားခဲ့ရသည်။

သူ့တစ်သက်တာတွင် မည်သူ့အပေါ်တွင်မျှ သံယောဇဉ်မတွယ်တာဘဲ နေလာခဲ့သည်။

ယခု....

ယန်းစုကျုံးနှင့်တွေ့လိုက်ရသောအခါမှ သူ တစ်ခါမျှမဖြစ်ဖူးသော သံယောဇဉ်မျိုးဖြစ်မိသည်။

ယန်းစုကျုံး၏ဘဝသည် သူ့ဘဝလိုပင် ဖြစ်သည်။ ခိုကိုးရာမဲ့ ခြေသလုံးအိမ်တိုင်ဖြစ်သည်။

ယန်းစုကျုံး၏အဖြစ်ကို သူ့အဖြစ်နှင့် ယှဉ်ကြည့်ကာ ကိုယ်ချင်းစာနာမိရာမှ ယန်းစုကျုံးကိုတူလိုသားလို သံယောဇဉ် ဖြစ်ခဲ့ရသည်။

သို့သော်....

ယန်းစုကျုံးနှင့်သူသည် မမျှော်လင့်ဘဲဆုံတွေ့ရပြီး မထင်မှတ်ဘဲ ခွဲခွာသွားရပေတော့မည်။

သူ့အလွန်တစ်ရာ ဝမ်းနည်းကြေကွဲမိသည်။

သို့စေကာမူ....

သူသည် စိတ်ထားဖြောင့်မတ်သော ယန်းစုကျုံးအပေါ်တွင် သံယောဇဉ်ပြတ်မသွားပေ။



စေတနာပျက်မသွားပေ။

ထို့ကြောင့်....

ယန်းစုကျုံးစိတ်မပါဘဲလုပ်ရမည့်အလုပ်မျိုးကို အတင်းအကျပ် မလုပ်ခိုင်းလိုတော့၊ သူ သွားလိုရာသွားပါစေတော့ဟု တွေးနေမိသည်။

သူက ယန်းစုကျုံးကိုကြင်နာစွာကြည့်ပြီး....

'ကဲ....ထထ ငါ့တူ၊ ငါ့တူစိတ်တိုင်းကျ ဖြစ်စေရပါမယ်ကွယ်၊ မင်းသွားချင်တဲ့နေရာကို ကိုယ်လွတ်စိတ်လွတ် သွားပေတော့'

ယန်းစုကျုံးသည် ဒူးထောက်ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။

ပြီးလျှင်....

လိရိရှန်ကို မျက်ရည်များပြည့်လျှမ်းနေသော မျက်လုံးအစုံဖြင့်စိုက်ကြည့်လိုက်ပြီး ရုတ်တရက် နောက်သို့လှည့်ကာ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်လိုက်သည်။

သူ ခြေလေးငါးလှမ်းမျှ လှမ်းမိသောအခါ လိရိရှန်အသံ ပေါ်ထွက်လာသည်။

'ယန်းစုကျုံး....ခဏနေဦး'

ယန်းစုကျုံးသည် သူ့လှမ်းလက်စခြေလှမ်းများကို တုံ့၍ ရပ်လိုက်ပြီး လိရိရှန်ဘက်သို့ပြန်လှည့်လိုက်သည်။

လိရိရှန်သည် သူ့ရင်ဖုံးအင်္ကျီအိတ်ထဲမှ တစ်လက်မခြောက်ပုံ၍ လက်ညှိုးခန့်ရှည်လျားသော ရွှေချောင်းတစ်ချောင်းကို ထုတ်ပေးလိုက်သည်။

www.burmeseclassic.com

‘ရော့….ဒါ မင်းလမ်းမှာ သုံးစွဲဖို့ယူသွား’

ယန်းစုကျုံးသည် သူ့အပေါ်တွင် အစစအရာရာ ကောင်းနိုင်လွန်းသော လီရိရှန့်ကို အားတုံ့အားနာ တစ်ချက်ကြည့်လိုက်ပြီး လီရိရှန်နှင့်ခွဲသွားရန်ကိုပင် ချီတုံချတုံဖြစ်သွားပါသည်။

‘ယူပါ….ငါ့တူ၊ ငါ့အနေနဲ့ ဘယ်လိုပဲနေနေ စားဖို့သောက်ဖို့ နေဖို့ထိုင်ဖို့ဆိုတာ မခဲယဉ်းပါဘူး၊ မင်းက အခုသိုင်းလောကထဲမှာ ဘယ်သူမှ အသိအကျွမ်း မရှိတော့ နေရေးထိုင်ရေး၊ သွားရေးလာရေးခက်မယ်၊ ငါက စေတနာနဲ့ပေးတာပါ၊ ယူလိုက်ပါ’

ယန်းစုကျုံးသည် လီရိရှန်က တကယ့်စေတနာနှင့် ပေးကမ်းနေခြင်းဖြစ်သဖြင့် လှမ်းယူလိုက်သည်။

ပြီးမှ….

သူက ရင်ဖုံးအင်္ကျီအိတ်ထဲမှ ရှဉ့်ခမွှားသားရေဖြင့် ရေးသားထားသော မိစ္ဆာဂိုဏ်း၏သိုင်းကျမ်းစာကို လီရိရှန်သို့ ကမ်းပေးလိုက်သည်။

‘ဒီသိုင်းကျမ်းကို ဘဘပဲ သိမ်းထားပေးပါ ခင်ဗျား၊ နောက်ခြောက်လကြာရင် ဘဘနဲ့ကျွန်တော် စင်နန်မြို့မှာ ပြန်ဆုံကြတာပေါ့’

‘ငါ့တူ….ဒီသားရေလိပ်ဟာ အင်မတန် တန်ဖိုးကြီးတယ်နော်၊ အထဲမှာပါတဲ့….’

ယန်းစုကျုံးက ဖြတ်၍ပြော၏။



‘အထဲမှာပါတဲ့သိုင်းကွက်တွေ၊ အတွင်းအားကျင့်စဉ်တွေကို ကျွန်တော်မလေ့ကျင့်တတ်ပေမယ့် အကုန်လုံး အလွတ်ရနေပါပြီ၊ တကယ်လို့ ဘဘ လာပြီးမပေးဘူးဆိုရင်တောင် ကျွန်တော့်ဘာသာ တခြား သားရေတစ်ချပ်ပေါ်မှာ ရေးလို့ရနေပါပြီ’

သူသည် လီရိရှန်အား နောက်ထပ် တစ်စုံတစ်ရာ ပြောဆိုခွင့်မပေးတော့ဘဲ တောလမ်းအတိုင်း ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာလာခဲ့လေတော့သတည်း။

www.burmeseclassic.com

## အခန်း (၂၆)

## လျှို့ဝှက်သောမြို့စားကြီး

စင်နန်မြို့သည် စန်းတုန်ပြည်နယ်၏ အလယ်ဗဟိုမှဆိုလျှ အနောက်ယွန်းယွန်းတွင်တည်ရှိသော မြို့တစ်မြို့ ဖြစ်ပေ သည်။

သဘာဝစမ်းရေပေါက်ရာဒေသဖြစ်သဖြင့် စမ်းရေ မြို့တော်ဟူ၍ လူသိများသည်။

စန်းတုန်ပြည်နယ်တွင် အကြီးဆုံးမြို့ ဖြစ်သောကြော လည်း လမ်းပန်းဆက်သွယ်ရေးမှအစ အရောင်းအဝယ် စည်ကားသိုက်မြိုက်သော မြို့ဖြစ်သည်။



လမ်းမကြီး၏ ဘေးဘီဝဲယာတစ်လျှောက်တွင် ကြီးမား ခန့်ထည်သော အဆောက်အဦးကြီးများ၊ ပွဲရုံများ၊ တည်းခို ခန်းများတွင်လည်း နေ့စဉ်နှင့်အမျှ လူတိုးမပေါက်အောင် ကြက်ပျံမကျ စည်ကားလှသည်။

မြို့အရှေ့ဘက်တွင် ကေနွစ်ဆယ်မျှကျယ်ဝန်းသော ခြံ ကျယ်ကြီးအတွင်း၌မူ စင်နန်မြို့စားကြီး စန်းယုဟန်၏ စံအိမ်တော်သည် အခြားအခြားသော အဆောက်အဦး များနှင့်မတူဘဲ တစ်မျိုးတစ်ဘာသာ ထူးခြားနေလေ သည်။

ခြံစည်းရိုးတစ်လျှောက်တွင် ရဲရဲနီနေသော အုတ်နံရံ များဖြင့် ဝင်းစည်းရိုးခတ်ထားသည်။

ခြံဝင်းအတွင်း၌ မြို့စားကြီး၏အမှုထမ်းအရာသမ်းများ အစေအပါးများအတွက် အဆောက်အဦး များကိုလည်း သူ့နေရာနှင့်သူ သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားလေ သည်။

ထိုဂင်းခြံအတွင်းရှိ အဆောက်အဦးများမှာ မြို့တွင်းရှိ အဆောက်အဦးများနှင့်မတူဘဲ သီးခြား ကမ္ဘာကလေး တစ်ခုကဲ့သို့ တည်ရှိနေသည်။

စင်နန်မြို့စားကြီးစန်းယုဟန်သည်အုပ်ချုပ်ရေးအာဏာ ကို ရရှိသည့်အပြင် ထိပ်တန်း သိုင်းအကျော်အမော် တစ်ယောက်ဖြစ်သောကြောင့်လည်း သိုင်းလောကသား တိုင်းက သူ့ကို ကြောက်ရွံ့ရိုကျိုးလျက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တော် ရှုလူဆိုးလူမိုက်များ၊ အသင်းအဖွဲ့ဖြင့် ဒုစရိုက်ကျူးလွန်နေကြသူများသည် စင်နန်မြို့စား စန်းယူဟာန်၏အသံကို ကြားရုံမျှဖြင့်ပိမ့်ပိမ့်တုန်အောင် ကြောက်ရွံ့ကြသည်။

အဘယ်ကြောင့်ဆိုသော် စန်းယူဟာန် ဘိုးဘေးစဉ်ဆက်ကတည်းက တီထွင်အသုံးပြုခဲ့သော 'တိမ်တောက်လက်ညှိုး' သိုင်းကွက်သည် သိုင်းလောကတွင် အထူးကျော်ကြားလှသောကြောင့်တည်း။

မြို့စားကြီး ဘိုးဘွားပိုင် တိမ်တောက်လက်ညှိုး သိုင်းပညာသည် ဓားလှံ လက်နက်များကို လုံးဝ အသုံးမပြုဘဲ လက်နက်မဲ့ တိုက်ခိုက်ရသော သိုင်းပညာ ဖြစ်သည်။

မြို့စားကြီးတွင် မင်းမှုထမ်း အများအပြား ရှိသော်လည်း တိမ်တောက်လက်ညှိုး သိုင်းပညာကို မည်သည့်တပည့်စာပန်းချားကိုမျှ သင်ကြားပေးခြင်း မရှိဘဲ သူ၏ တစ်ဦးတည်းသော သမီး စန်းကွမ်လင်းကိုသာ သင်ကြားပေးထားသည်။

သို့သော် မြို့စားကြီး စန်းယူဟာန်ကိုမူ မြင်ဖူးသူ လွန်စွာရှားပါးလှသည်။

သူ၏ သိုင်းပညာမှာ အဆင့်မြင့်မား ကျော်ကြားလှသော်လည်း မည်မျှအထိ အဆင့်မြင့်မားသည်ဆိုမူ မည်သူမျှ မခန့်မှန်းနိုင်ကြပေ။

ဤသို့ဆိုပါလျှင် မြို့စားကြီးသည် အဘယ်ကြောင့် သိုင်းလောကတွင် ဤမျှ ကျော်ကြားနေရလေသနည်း။ ဒုစရိုက်



သမားများက အဘယ်ကြောင့် သူ့ကို မမြင်ဖူးပါဘဲ ဤမျှ ကြောက်ရွံ့လေးစားနေရလေသနည်း။ အကြောင်းမှာ ဤသို့ ဖြစ်သည်။

* * *

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်ကဆိုလျှင် စန်တုန်ပြည်နယ်၏ သိုင်းလောကတစ်ခွင်လုံးကို အရှေ့ပင်လယ် သိုင်းသမားကြီး တုန်လင်းနှင့် မြောက်ပိုင်းသိုင်းဝိဇ္ဇာ ဝူဘားထင်တို့က ကြီးစိုးလွှမ်းမိုးထားခဲ့သည်။

မြောက်ပိုင်းသိုင်းဝိဇ္ဇာ ဝူဘားထင်မှာ တရားမျှတမှုကို လိုလားချ လူသားအားလုံး၏အကျိုးကို ရှေးရှုသူတစ်ယောက် ဖြစ်သည်။

ထို့ကြောင့် ဒုစရိုက်သမားတို့သည် သူ့ကိုလွန်စွာ ရွံ့ရှာမုန်းတီးကြသည်။

ဒုစရိုက်သမားများသည် မြောက်ပိုင်းသိုင်းဝိဇ္ဇာ ဝူဘားထင်နှင့် မတွေ့အောင်ပင် တမင် ရှောင်ကွင်းနေထိုင်ခဲ့ကြရသည်။

အရှေ့ပင်လယ် သိုင်းသမားကြီး တုန်လင်းကမူ ဝူဘားထင်နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံ့ဆိုးသူခိုးများ မွေးကာ မြည်နယ်တွင်း ခေးပြမှု၊ လူသတ်မှုများကို အမြဲတစေ ကျူးလွန်ထတ်သည်။

မင်းပြစ်မင်းဒဏ် သင့်သော ရာဇဝတ်သားများကိုလည်း သူ့ထံတွင် ခိုလှုံခွင့်ပေးကာ ၎င်းသူအလိုရှိသည့်အခါ လိုသလို အသုံးချတတ်သည်။

နောက်ဆုံးတွင်မြောက်ပိုင်းသိုင်းဝိဇ္ဇာနှင့်အရှေ့ပင်လယ် သိုင်းသမားကြီးတို့သည် ထိပ်တိုက် တွေ့ဆုံကာ တစ်ဦးနှင့်တစ်ဦး စိန်ခေါ်၍ သိုင်းပညာများ အကြိမ်ကြိမ် ယှဉ်ပြိုင်ခဲ့ကြသည်။

သူတို့အချင်းချင်း အမြဲတမ်း စိန်ခေါ်တိုက်ပွဲများကို မကြာခဏ ပြုလုပ်နေရသဖြင့် ဒုစရိုက် သိုင်းသမားများသည် သိုင်းလောကတွင် ကျင်လည် ကျက်စားမှု နည်းပါးလာသည်။

သူတို့ဆရာ အရှေ့ပင်လယ် သိုင်းသမားကြီး တုန်လင်းအနေဖြင့် မြောက်ပိုင်းသိုင်းဝိဇ္ဇာ ဝှားထင်နှင့် သိုင်းပညာယှဉ်ပြိုင်တိုင်း နောက်မှ လိုက်ပါနေကြရသဖြင့် မကောင်းမှုများ လုပ်ရန် အချိန်ပင် မရနိုင်ဘဲ ရှိနေကြသည်။

တုန်လင်းသည် ဝှားထင်နှင့် မတွေ့ခင်က သိုင်းလောကတွင် ကျော်ကြားသော မြို့စားကြီး စန်းယုဟာန်၏ သိုင်းပညာ အဆင့်အတန်းကို ကြားသိရသည်နှင့် စိန်ခေါ်ယှဉ်ပြိုင်ရန် စိတ်ကူးခဲ့သော်လည်း ဝှားထင်နှင့် ထိပ်တိုက်တွေ့ရသော အခါတွင် မြို့စားကြီးဘက်သို့ မလှည့်နိုင်ဘဲ ရှိနေသည်။



ထိပ်သီးသိုင်းသမား အချင်းချင်း ယှဉ်ပြိုင် တိုက်ခိုက်နေကြသည့် အချိန်တွင် မြို့စားကြီးသည် မိမိ၏ ရိုးရာစဉ်လာ သိုင်းပညာဖြင့် ဒုစရိုက်သိုင်းသမားများကို လိုက်လံနှိမ်နင်းသည်။

မည်သူတစ်ဦးတစ်ယောက်မျှ ပြန်လည် ယှဉ်ပြိုင်နိုင်ခြင်း မရှိသဖြင့် မြို့စားကြီး၏ အမည်သတင်းမှာ တစ်နေ့ထက်တစ်နေ့ ကျော်ကြားလာရတော့သည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်က စ၍ မြို့စားကြီး စန်းယုဟာန်သည် နေအိမ်ခြံဝင်းအတွင်းမှ အပြင်သို့ လုံးဝထွက်သည်ကို မတွေ့ရတော့ပေ။

ထို့ကြောင့် မြို့စားကြီးကို ဆယ်နှစ်ကာလအတွင်း မည်သူမျှ ထပ်မံမတွေ့ရှိကြတော့ပေ။

အပြင်လူများ မဆိုထားနှင့်၊ မြို့စားကြီး၏ အမှုထမ်းများသည်ပင်လျှင် မြို့စားကြီးကို မတွေ့မြင်ရသဖြင့် အလွန်လျှို့ဝှက်စွာ နေထိုင်လျက်ရှိသော မြို့စားကြီးကို မည်သူမျှ နားမလည်နိုင်အောင် ဖြစ်ကြရလေသည်။

လူတိုင်း ကျော်ကြား ထင်ရှားမှုကို နှစ်သက်ကြသည် မဟုတ်ပါလော။

မြို့စားကြီး စန်းယုဟာန်သည် ထူးထူးခြားခြား ကျော်ကြားမှုကို ရှောင်ရှားမှုန်းတီးသွားခဲ့လေပြီလော။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

### တွေ့အောင်ရှာသူ

တစ်ခုသောနံနက်ခင်း။

လုလင်ပျိုတစ်ယောက်သည် စဝ်နန့်မြို့၏မြို့တံခါးမှမြို့တွင်းသို့ ဝင်ရောက်လာသည်။

သူ့တစ်ကိုယ်လုံးတွင် ဖုန်အလိမ်းလိမ်း ကပ်ငြိနေပြီး လွန်စွာ ညစ်ပတ်ပေရေနေသည်။

သူ၏ ဖျင်ကြမ်းအင်္ကျီသည် ကြေးအထပ်ထပ်ဖြင့်လွန်စွာပင် ရှုံ့ရှာဖွယ်ရာ တောင်းနေသည်။

ထိုလုလင်ပျိုကား တေးကဗျာ သိုင်းသမားကြီး လျှို့ရှန်ကို စွန့်ခွာလာခဲ့သည့် ယန်းစုကျုံးပင် ဖြစ်တော့သည်။



သူသည် မြို့တွင်းသို့ ရောက်ရှိသည်နှင့် ဆာလောင်လှသော ကြောင့် ထမင်းဆိုင်ကြီး တစ်ဆိုင်တွင် ဆာလောင်နေသော ဝမ်းပိုက်ကို ဝင်ဖြည့်လိုက်သည်။

စားသောက်ပြီးသည်နှင့် သူက ကျသင့်ငွေများကို ပေးချေကာ စဝ်နန့်မြို့စားကြီး၏ စံအိမ်တော်နှင့် ပတ်သက်၍ အရောင်းစာရေးထံတွင် စုံစမ်းမေးမြန်းသည်။

အရောင်းစာရေးသည် ဤမျှ ညစ်ပတ်ပေရေနေသော ကျေးတောသားတစ်ယောက်က မြို့စားကြီး၏ စံအိမ်တော်ကို မေးမြန်းနေသဖြင့် အလွန်အမင်း အံ့သြနေမိသည်။

သို့စေကာမူ ယန်းစုကျုံး၏ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံ ပြောဆိုမှုကြောင့် မြို့စားကြီး၏စံအိမ်ကိုလမ်းညွှန်ပြလိုက်သည်။

သူသည် ကောင်တာစာရေး ညွှန်ပြလာသည့် အတိုင်း မြို့အရှေ့ဇက်သို့ လျှောက်လာခဲ့ရာ ကျယ်ဝန်းသော မြုံကြီး တစ်ခုကို တွေ့လိုက်ရပြီး မြို့စားကြီး၏စံအိမ်ကိုလည်းလှမ်းမြင် လိုက်သည်။

သူက ခရီးသွားဟန်လွဲ အဖော်မျိုးဖြင့် မြို့စားကြီး၏ မြုံဝင်းကို သေချာစွာ အကဲခတ် ကြည့်ရှုလိုက်သည်။

မြုံဝင်းအလယ်တွင် ဝင်းတံခါးပေါက် တစ်ခုကို တွေ့ရလေသည်။

မြုံဝင်းပေါက်ကို ခြောက်လက်မခန့် ထုရှိသော သစ်သား တံခါးမှကြီး နှစ်ချပ်ဖြင့် ပိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းရထားနှစ်စီး ချောင်ချောင် ရှောင်တိမ်းနိုင်သော အပေါက်ဖြစ်သည်။

ထိုဝင်းတံခါးမကြီး ဘေးတွင် မြင်းစီးသမား တစ်ဦး မြင်းကို အပြင်းဒုန်းစိုင်း၍ ပြေးဝင်နိုင်လောက်သော တံခါးပေါက်တစ်ပေါက်ကို တွေ့ရသည်။ ထိုအပေါက်ကို သံတိုင်တံခါးဖြင့် ပိတ်ထားသည်။

ထိုသံတိုင်တံခါးတွင်ခွန်အားဗလဖြင့် ပြည့်စုံသောလူသန်ကြီး နှစ်ယောက်ကလှံ ကိုယ်စီထမ်းလျက်လမ်းလျှောက်ရင်း စောင့်ကြပ်နေသည်။

ထိုစဉ် သူ့ရှေ့လမ်းမကြီးပေါ်၌ မြင်းစီးသမားငါးဦး မြင်းကို ဒုန်းစိုင်းစီးလာကြောင်း တွေ့လိုက်ရသည်။

* * *

ဝင်းစောင့် တစ်ယောက်က မြင်းခွာသံများကို ကြား လိုက်ရသည်နှင့် သံတိုင်တံခါးကြီးကို အသင့် ဖွင့်ပေးလိုက်လေသည်။

မြင်းငါးဦးသည် ဖွင့်ထားသော တံခါးပေါက်မှ ခြံဝင်း ကြီး အတွင်းသို့ ဒုန်းစိုင်းဝင်ရောက်သွားကြသည်။



မြင်းများ ပျောက်ကွယ်သွားသောအခါ ယန်းစုကျုံး ည် လမ်းမကြီးအတိုင်း ရှေ့သို့ဆက်လျှောက်လာခဲ့သည်။

ခြံဝင်းအဆုံး ခြံထောင့်နေရာသို့ အရောက်တွင် ခြံဝင်း ပတ်၌ လေ့လာလိုသောကြောင့် ထောင့်ချိုးအတိုင်း ိုးကွေ့လိုက်သည်။

အုတ်နံရံ ဘေးပတ်ပတ်လည်တွင် လူသွားလမ်းကလေး ဖို ားသည်ကို တွေ့ရသည်။

သူက သစ်ပတ်သည်နီးပါးမျှ ခြံဝင်းကို ပတ်ကြည့်လိုက် သောအခါ အုတ်နံရံတစ်ဖက်စီတွင် ဝင်းတံခါးပေါက်တစ်ခု ကို တွေ့ရသည်။

ထိုခံစကားမူ ဘေးနှစ်ဖက်နှင့် နောက်ဘက်မှ ဝင်းတံခါး ားသည် အိမ်ရှေ့အလယ်ပေါက်မဝင်သောတံခါးလောက် ကျယ်ဝန်းခြင်း မရှိဘဲလူနှစ်ယောက်စာတွဲ၍ဝင်နိုင်ရုံလောက် ာ ရှိသည်။

သူက ခြံဝင်းကြီး၏နောက်ဘက် နံရံသို့ပြန်လည်ရောက်ရှိ သောအခါ ကြီးမားသော ထင်းရှူးပင်ကြီးတစ်ပင်ကို တွေ့ ရာဖြင့် ဖက်တက်ကာအုတ်နံရံဝင်း အခြေအနေကိုအကဲခတ် ကြည့်ရှုလိုက်ပြန်သည်။

ခြံဝင်း၏ ပတ်ပတ်လည်တွင် အဆောက်အဦးပေါင်း သုံး လေးဆယ်ကို တွေ့ရသည်။

အနောက်ဘက်ခြံဝင်းနှင့် ကပ်လျက်နေရာတွင် ပန်းမျိုးစုံ ိုက်ပျိုးထားသော ဥယျာဉ်ကြီးတစ်ခုကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲတွင် သခင်မလေး စန်းကွမ်လင်းသည် မည်သည့်အဆောင်တွင် စံမြန်းနေထိုင်မည်ကိုလည်း ခန့်မှန်းတွေးဆကြည့်နေမိသည်။

အင်းရှူးပင်ပေါ်မှ အတန်ကြာ မြဲ၀င်းအခြေအနေကို လေ့လာမှု ယနေ့အဖို့ တော်လောက်ပေပြီဟု ဆုံးဖြတ်ကာ သစ်ပင်ပေါ်မှ ပြန်ဆင်းလာ၏။

စင်စစ် ယန်းစုကျုံးအနေဖြင့် ဤမျှ စိတ်လွတ်ကိုယ်လွတ် လေ့လာနိုင်ခြင်းမှာ စံအိမ်တော်၏ အစောင့်များထမင်းစားချိန်နှင့် တိုက်ဆိုင်နေသောကြောင့် ဖြစ်သည်။

သို့မဟုတ်လျှင် သူသည် အနည်းဆုံး ကြိမ်းမောင်းငေါက်ငမ်းခြင်း ခံရပေလိမ့်မည်။

ထို့နောက် လမ်းမကြီးအတိုင်း စိတ်ကူးပေါက်ရာ ဖျ ဆီသို့ ဆက်လျှောက်လာခဲ့ရာ နှစ်နာရီခန့်အကြာတွင် တရုတ် ဘုံကျောင်းတစ်ခုသို့ ရောက်ရှိလာသည်။

ထို တရုတ်ဘုံကျောင်းမှာ မြို့မြောက်ပိုင်းတွင်ရှိပြီး ကျောင်းကို လာရောက်သူများနှင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

သူသည် ဘုံကျောင်းအတွင်းရှိ အရိပ်အာဝါသကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် ထိုင်ကာ အမောအပန်းဖြေမိသည်။

ထိုသို့ အမောအပန်းဖြေနေရင်း သူ စန်းတုန်ဖြည်း စထင်ဝင်ရောက်လာစဉ်က တာ့ပင်ရေအိုင်အနီးတွင် တွေ့



သော အပ်ချုပ်သမား အဘိုးအို ကျွန်ုပ်ကို ပြန်၍လည် သတိရလာသည်။

သူသည် မျက်လုံးအစုံမှိတ်၍စဉ်းစားတွေးတောနေမိလေသည်။

အဘိုးအိုသည် ယခုအခါ မည်သည့်အရပ်ဒေသသို့ရောက်ရှိနေပြီနည်း။

ဆောဂါဝေဒနာကြောင့် သေဆုံးသွားပြီလော။

သို့တည်းမဟုတ်....

အသက်ရှင်လျက် တစ်နေရာရာတွင် ရှိနေသေးသလော။

ထိုစဉ် သူ့ဆီသို့ လျှောက်လာသော ခြေသံ တစ်သံကို ကြားရသည်။

သူက မျက်လုံးဖွင့်မကြည့်ဘဲ မသိလိုက်မသိဘာသာပင်နေလိုက်သည်။

ခြေသံသည် သူ့ထံသို့လျှောက်နေရာမှ အနီးသို့အရောက်တွင် သူ့နောက်ဘက်ဆီသို့ လျှောက်သွားသည်ကိုကြားလိုက်ရပြန်သည်။

ခဏ အကြာတွင် ခြေလှမ်းများ ရပ်တန့်သွားပြီး မိန်းမလေးတစ်ယောက်၏ ချိုလွင်သော အသံကလေးတစ်သံကို ကြားလိုက်ရသည်။

"ဒီမှာ မောင်ဆရာကြီး၊ ကျွန်မ ဗေဒင်မေးချင်တယ်၊ မှန်ရပ် ရှင် တောင်းသလောက်ကြေးကို ပေးပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးမှာ ထိုအသံကို ကြားဖူးပါတယ် ဟူသော သယဖြင့် သစ်ပင်ကြီး၏နောက်ဘက်ဆီသို့ တစေ့တစော အဘဲခတ် ကြည့်ရှုလိုက်သည်။

* * *

'ဟာ....'

သူ အလွန်အမင်း အံ့သြသွားရသည်။

အဘယ်ကြောင့်ဆိုသော် သူမှီသားသော သစ်ပင် အနောက်ဘက်တွင် စားပွဲကလေးတစ်လုံးနှင့် ဗေဒင် ကြီးတစ်ယောက်ကို တွေ့လိုက်ရပြီး ဗေဒင်ဆရာကြီး၏ တွင် သစ်ခေါက်ဆိုးဝတ်စုံနှင့် မိန်းကလေး မတ်တတ်ရပ် သည်ကို တွေ့လိုက်ရသောကြောင့်တည်း။

သူသည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး သစ်ခေါက် ဝတ်စုံနှင့်မိန်းကလေး မမြင်စေရန် သူ့ခန္ဓာကိုယ်ကို ပ နှင့်ကွယ်၍ ထိုင်လိုက်ရလေ၏။

ဗေဒင်ဆရာကြီး၏အသံ ပေါ်ထွက်လာသည်။

'ကလေးမက ဗေဒင်မေးချင်လို့လား၊ ထိုင်လေ၊ ဗေဒင်ဟာ ဒီစင်နန်တစ်မြို့လုံးမှာ မှန်လွန်းလို့တစ်နေ့ တန်းစီပြီး စောင့်ရတယ်၊ လာပါ....ဘာမေးချင်သလဲ'



မိန်းကလေးက ဗေဒင်ဆရာကြီးရှေ့တွင် ချထားသော ဖျာကလေးပေါ်တွင် ဝင်ထိုင်ရင်း ပြောလိုက်သည်။

'ကျွန်မ များများ မမေးချင်ပါဘူး၊ တစ်ခွန်းပဲ မေး ၊ ဒါပေမယ့် မှန်မှ ဉာဏ်ပူဇော်ခကို ပေးနိုင်မယ်'

ဗေဒင်ဆရာကြီး မျက်လုံးပြူးသွားသည်။

'ကလေးမရယ်၊ မှန်မှပေးမယ်ဆိုတော့ မှန်တယ်မမှန်ဘူး က ကျုပ်ကိုပြောမှာလား၊ ကျုပ်က ဉာဏ်ပူဇော်ခကို ယ်မှာလိုက်တောင်းရမှာလဲ'

မိန်းကလေးက တခစ်ခစ်ရယ်မောရင်း ပြန်ပြောလိုက် ည်။

'ဆရာကြီး ကျွန်မကို လိုက်ရှာဖို့မလိုပါဘူး၊ ဆရာကြီး ာပယ့် ဟောချက်က ဒီကျောင်းဝင်းအတွင်းမှာပဲမှန်မယ် ဘူးဆိုတာ အဖြေပေါ်မှာပါ၊ ဘယ့်နှယ်လဲ....ကျွန်မ ြောတာ လက်ခံရဲလား'

ဗေဒင်ဆရာကြီးမှာ ထိုကဲ့သို့ ဗေဒင်မေးသူမျိုးကို တစ် ပ်တစ်ခါမျှ မတွေ့ခဲ့ရဖူးသဖြင့် အလွန်အမင်း အံ့သြနေ ည်။

သူက အတန်ငယ် တွေးတောစဉ်းစားပြီးမှ မိန်းကလေး ားကျမခံ ပြန်ပြောလိုက်သည်။

'ပါမှာ မိန်းကလေး၊ ကျုပ် ဗေဒင်ဟောစားလာတာ ပါင်း လေးဆယ်ရှိသွားပြီ၊ ကျုပ်ဟောလို့ မှားတယ် ဆိုတာ တစ်ခါမှ မရှိသေးဘူး၊ ဒီတော့ မိန်းကလေး ချင်တဲ့မေးခွန်းကိုမေး၊ ကျုပ်ဟောမယ်၊ မင်းအနေနဲ့

www.burmeseclassic.com

www.burmeseclassic.com



မှန်မှပေး၊ မမှန်ရင်မပေးနဲ့၊ ဒါပေမယ့် မင်းဟာ ကျုပ်ဟော ပြီးမှ ပေးတာဆိုတော့ တကယ်လို့ ကျုပ်ဟောချက်မှန်တယ် ဆိုရင် မင်းအနေနဲ့ ဟောခနှစ်ဆပေးရမယ်၊ ဘယ့်နှယ်လဲ သဘောတူရဲ့လား'

'ကောင်းပြီလေ၊ ဆရာကြီးပြောတာကို ကျွန်မ လက်ခံ ပါတယ်၊ မှန်အောင်ဟောနိုင်ရင် ဗေဒင်ဟောခ နှစ်ဆပေး ပါ့မယ်'

ယန်းစုကျုံးသည် ဗေဒင်ဆရာနှင့် သစ်ခေါက်ဆိုးဝတ် ဝတ် မိန်းကလေးတို့ ပြောဆိုသောစကားများကို စိတ်ဝင် စားသွားမိသည်။

သူ့တစ်သက်တွင် ဟောချက်မှန်မှ ညာက်ပူဇော်ခ ပေး မည်ဆိုသော ဗေဒင်ဆရာမျိုး မတွေ့ဖူးသကဲ့သို့ ဟောချက် မှန်တန်သဖြင့် ညာက်ပူဇော်ခ နှစ်ဆပေးသော ဗေဒင်မေး သူမျိုးကိုလည်း တစကြိမ်တစ်ခါမျှ မတွေ့ရဖူးသေးပေ။

ထို့ပြင် မိန်းကလေး ဘာမေးမည်ကိုလည်း သိချင် သဖြင့် သူက ထပ်၍နားစွင့်နေလိုက်ပြန်သည်။

ဗေဒင်ဆရာ၏အသံ ထွက်ပေါ်လာပြန်သည်။

'အဲ....မိန်းကလေး မင်းဘာမေးမလဲ မေး'

'ကျွန်မ လူတစ်ယောက်ကို ပျောက်လို့လိုက်ရှာနေ တယ်၊ အဲဒါ သူ ဘယ်အရပ်မှာ ရှိတယ်ဆိုတာ သိချင် တယ်'

'ပျောက်တာ ဘယ်နှစ်နှစ်လောက် ရှိပြီလဲ'



မိန်းကလေးက အတန်ငယ် စဉ်းစားဟန်ပြုပြီးပြန်ပြော လိုက်သည်။

'ဒီနေ့ပါနဲ့ဆိုရင် တစ်ပတ်လောက် ရှိနေပါပြီ'

'ယောကျ်ားလား၊ မိန်းမလား'

'ယောကျ်ားပါ'

ဗေဒင်ဆရာကြီးသည် ပါးစပ်မှပွစိပွစိ ရေရွတ်ကာ ဖျာ ပျက်တစ်ရွက်ပေါ်တွင် ကညစ်ကို ဟိုခြစ်သည်ခြစ် ခြစ်လိုက် သည်။

ပြီးမှ သူက မိန်းကလေးကိုကြည့်ကာ ချောင်းတစ်ချက် ဟန့်လျက် ဟောချက်ထုတ်လိုက်သည်။

'အင်း....မင်းလာမေးတဲ့အချိန်ဟာ တောဘိရဇ္ဇာန်ဖြစ် ကဲ့ သမင်တွေမြူးတူးတဲ့အချိန်ဖြစ်တယ်၊ ဒီကနေ့ကဘာနေ့လဲ ဆိုတော့ အင်း....ဒီနေ့ဟာ ကျားနေ့ဖြစ်တယ်၊ သမင်ဟာ ကျားရဲ့အစာ ဖြစ်တယ်ဆိုတော့....'

ဗေဒင်ဆရာကြီးသည် ခေတ္တမျှ မေးစေ့ကို လက်နှင့် ပွတ်လျက် စဉ်းစားလိုက်ပြီးမှ ဆက်ပြောလိုက်သည်။

'မိန်းကလေး....မင်းကို ဒီဟောချက်ဟောရမှာ သိပ်ပြီး ကျုပ် စိတ်မကောင်း ဖြစ်သွားမိတယ်၊ မင်းလိုက်ရှာနေတဲ့ လူဟာ ဘယ်တော့မှ မတွေ့နိုင်တော့ဘူးကွယ့်'

မိန်းကလေးသည် စိုးရိမ်ထိတ်လန့်သွားဟန်ဖြင့် ရင်ဘတ် ပေါ်သို့ လက်ကလေးနှစ်ဖက်ဖိကာ ပြန်မေးလိုက်သည်။

'ဆရာကြီးရယ်....သေသေချာချာ ပြန်တွက်ကြည့်စမ်းပါ ဦး၊ ကျွန်မလေ သူ့ကို သိပ်သံယောဇဉ်ရှိနေမိတာ၊ သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မတွေ့တွေ့အောင် လိုက်ရှာရမှာဆိုတော့ သေခ
ချာချာ ပြန်တွက်ကြည့်ပါဦးရှင်'

ဗေဒင်ဆရာကြီးသည် စိတ်ထဲတွင် ဇဝေဇဝါဖြစ်ဂ
ပေရွက်ပေါ်တွင် ကညစ်ကို ဟိုခြစ်သည်ခြစ် ထပ်ခြစ်
သည်။

ပြီးမှ သူက ခေါင်းကို လေးလေးတွဲ့တွဲ့ ခါယမ်းရင်း
ပြောလိုက်သည်။

'ကျုပ် အတွက်မမှားပါဘူး မိန်းကလေး၊ ကျုပ်
တာ မယုံရင် မင်းသူ့ကိုလိုက်ရှာကြည့်ပါ၊ မိန်းကလေ
ရှာနေတဲ့လူဟာ ဒီကျောင်းဝင်းထဲမှာတင် ရှိမယ်လို့
တယ်မဟုတ်လား၊ သူ မရှိပါဘူးကွယ်'

မိန်းကလေး ဝမ်းနည်းသွားသဖြင့် မျက်နှာကလေး
သွားသည်။

ပြီးမှ သူမက နောက်မေးခွန်းတစ်ခုကို ထပ်မေး
မြန်းသည်။

'ဒါဆိုရင် သူအခု ဘယ်ရောက်သွားသလဲဟင်၊ သေ
ချာချာ ကြည့်စမ်းပါဆရာကြီးရယ်၊ ကျွန်မ ရင်တွေ
လှန်းလို့ပါ'

ဗေဒင်ဆရာကြီးသည် မိန်းကလေးကို ကရုဏာသ
တစ်ချက်ကြည့်ပြီး ပါးစပ်မှ ပွစိပွစိ ရေရွတ်လိုက်ပြ
ထို့နောက် ဟောချက်ထုတ်ပြန်သည်။

'သူဘယ်တော့မှပြန်မတွေ့နိုင်တဲ့ ဟိုအဝေးကြီးကို
နေတယ်ကွယ့်'



'ရှင်းရှင်း ပြောစမ်းပါ ဆရာကြီးရယ်၊ ဟိုအဝေးကြီး
ဆိုတာ ဘယ်လောက်ဝေးသလဲ'

မိန်းကလေးမှာ ဗေဒင်ဆရာကြီးကို ခင်ငေါက်ငေါက်
ပြောလိုက်သဖြင့် ဗေဒင်ဆရာကြီးမှာ စိတ်မရှည် တော့ဘဲ
အောင်ပြောလိုက်သည်။

'သူမရှိတော့ဘူး၊ သေပြီ...သေပြီ'

'ဟား ဟား ဟား....'

'ဟား ဟား ဟား....'

ဗေဒင်ဆရာကြီး၏ မျက်လုံးအစုံ ပြူးကျယ်သွားသည်။
သည်မိန်းကလေး ရူးများ သွားလေပြီလား ဟူ၍လည်း
စိုးရိမ်ပူပန်သွားသည်။

မိန်းကလေးသည်အားရအောင်ရယ်မောပြီးမှရုတ်တရက်
ထိုင်ရာမှ ထလိုက်သည်။

ပြီးလျှင် ဗေဒင်ဆရာကြီးကို ခလသံမာမာနှင့်ပြောလိုက်
သည်။

'အလကား ဗေဒင်ဆရာ၊ လူတွေကို မဟုတ်က ဟုတ်က
လျှောက်ပြောပြီး ပိုက်ဆံညာယူနေတာ၊ ကျွန်မရှာနေတဲ့လူ
တွေ့ပြီရှင့်၊ ရှင့်ကိုကျွန်မအခု လက်တွေ့ပြမယ်'

သူမက ထိုသို့ပြောပြီး သစ်ပင်နောက်တွင် ပဗ်စည်ကိုမှီ၍
ထိုင်နေသော ယန်းစုကျုံးထံသို့ လျှောက်သွားလိုက်သည်။

ပြီးမှ သူမက ယန်းစုကျုံးရှေ့တွင် ခါးကိုလက်နှစ်ဘက်
ထောက်ပြီး ရပ်လိုက်သည်။

'ဒီမှာရှင့်....ဒီမှာ'

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံသည်ပိတ်ထားသော မျက်လုံးအစုံကိုဆတ်ခနဲ ဖွင့်ကြည့်လိုက်သည်။

'ရှင့်ကိုရှာလိုက်ရတာအမောပဲ၊ ကဲ...ကံကောင်းလို့ဗေဒင်ဆရာအလိမ်နဲ့တွေ့ပြီး ပိုက်ဆံကုန်တော့မလို'

မိန်းကလေးသည် ထိုမျှသာ ပြောပြီး ယန်းစုကျုံး၏ လက်ကို ဖတ်ခနဲ လှမ်းဆွဲလိုက်သည်။

ယန်းစုကျုံးသည် မတ်တတ်ရပ်ရန် ကြိုးစားလိုက်ရာတဲ ထ,ရပ်ပြီးသား ဖြစ်သွားသည်။

သူမက ယန်းစုကျုံးကို ဗေဒင်ဆရာ ရှေ့သို့ ဆွဲခေါ်သွားသည်။

ထို့နောက်သူမက ပြောလိုက်သည်။

'ကဲ... ဗေဒင်ဆရာလိမ်ကြီး၊ ဒီမှာ ကျွန်မ ရှာနေတဲ့လူ တွေ့ပြီ၊ သွားလိုက်ပါဦးမယ်'

သူမက ပြောပြော ဆိုဆိုပင် ယန်းစုကျုံးကို ဆွဲခေါ်သွားသည်။

ယန်းစုကျုံးသည်ပထမအဘင်းရှုန်းကန်လိုက်သော်လည်း မိန်းကလေး၏ အလှင်းအားကို မည်သို့မျှ ယှဉ်၍ ရပုံမပေါ်ဟု တွက်မှန်း သိလိုက်သောကြောင့် ကန့်လန့်ကန့်လန့် မိန်းကလေးနောက်သို့ လိုက်ပါသွားရလေတော့သည်။

☆

အခန်း (၈)

လူချွန်ဟွာ၏သံဒယာဇဉ်

ယန်းစုကျုံးသည် သစ်ခေါက်ဆိုးနှင့်မိန်းကလေး ခေါ်ဆောင်ရာနောက်သို့လိုက်ခဲ့ရာ ဘုရားဘုံကျောင်း၏ အုတ်တံတိုင်းသို့ ရောက်ရှိလာသည်။

ထိုအခါ...

သူမက ဘုံကျောင်းခြံစည်းရိုးနံရံကိုမှီလျက် ထိုင်ချလိုက်သည်။

ယန်းစုကျုံးကိုလည်း သူမနှင့်ဘေးချင်းယှဉ်လျက်ထိုင်စေလိုက်သည်။

'ရှင်....ဘယ်တုန်းက ဒီကိုရောက်နေတာလဲ၊ ရှင့်ကိုကယ်သွားတဲ့လူကြီးနဲ့ ရှင် ဘယ်မှာလမ်းခွဲခဲ့သလဲ'

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးမှာ မိန်းကလေးကိုမကျေမနပ် တစ်ချက် ပြန်ကြည့်လိုက်သည်။

သစ်ခေါက်ဆိုးဝတ်စုံနှင့်မိန်းကလေးသည် ယန်းစုကျုံး ထံမှ မည်သည့်အဖြေမှ ပြန်လည်ဖြေကြားခြင်း မရှိ၍ အခါ စိတ်တိုလာဟန်ဖြင့် ထပ်မံ မေးလိုက်ပြန် သည်။

'ကျွန်မမေးနေတာ ရှင်မကြားဘူးလား၊ ရှင်နားပင်း နေသလား'

သည့်တစ်ကြိမ်တွင် ယန်းစုကျုံးကသူမ၏အမေးကို ... သူမကိုပြန်လည်မေးမြန်းလိုက်သည်။

'မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'ရှင် ဘာဖြစ်လို့မေးတာလဲ'

'သိချင်လို့ပေါ့'

'ကျွန်မအသက်ဆယ့်ရှစ်နှစ်၊ ကဲ...သိတော့ ဘာ မလို့လဲ'

'အေး...ကျုပ်အသက်ကနှစ်ဆယ်ရှိပြီ၊ မင်းထက် ... တောင် ကြီးတယ်'

'ဩော်...ဟုတ်တာပေါ့'

မိန်းကလေးက သူ့ကိုကပြက်ကချော် ပြန်ပြော သည်။

ထို့ကြောင့် ယန်းစုကျုံးက သူ့ကိုလေသံပ... ပြောလိုက်သည်။



'မင်း...ကျုပ်ကိုကပြက်ကချော်မလုပ်ပါနဲ့၊ ကိုယ့်ထက် ...ကြီးတဲ့လူနဲ့ ဆက်ဆံတဲ့နေရာမှာ ရှိသေရမယ်ဆိုတာ ...သိဘူးလား၊ မင်းမေးတိုင်း ကျုပ်က ပြန်မဖြေ ...'

...အခါကျမှ မိန်းကလေးကဘာခစ်ခစ်ရယ်မောရင်း ပြန် ...သည်။

...က ရှင့်ဘက်က အမြင်ကို ပြောနေတာပေါ့...ဟုတ် ... ကျွန်မဘက်က ပြန်ကြည့်ရင် ကျွန်မဟာ ဝတ်ကြောင် ...းတဲ့ မိန်းကလေး မဟုတ်ဘူး၊ သူတော်ကောင်း ...ကောင်းတွေသာ ဝတ်ဆင်လေ့ရှိတဲ့ သစ်ခေါက်ဆိုး ...ို ဝတ်ထားတာ၊ ရှင့်ကို မရှိသေလို့ ငရဲ မကြီးပါ

...တ်စမ်းပါ၊ မင်းဟာ ဘယ်ကလာ သူတော်ကောင်း ...ကောင်းရမှာလဲ၊ မင်းအကြောင်း ကျုပ်မသိရင် ခက်

...ပြောစမ်းပါဦး၊ ရှင်က ဘာတွေသိထားလို့လဲ'

...ကာပေါ့၊ မင်းနာမည်က လူချန်ဟွာလို့ ခေါ်တယ်၊ ...အသိုးဖြစ်သူ လူကျင်းထိုက်နဲ့ နေတယ်၊ နေတယ် ... မင်း အဘိုးနဲ့ အတူတူနေတာ နည်းပါတယ်၊ ...ရပ်အမျိုးမျိုးဖျက်ပြီး ဒီလိုပဲ သိုင်းလောကထဲမှာ ...သွားနေတယ်၊ ကျော် ပြောတာ ဟုတ်တယ် မဟုတ်

...'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ယန်းစုံကျုံးကို ကြည့်ကာ အလွန် အံ့ဩသွားသည်။

သိုင်းလောကအတွင်းမှ လူအတော်များများသည် ဇာတိ၊ ဇာစ်မြစ်နှင့် အမည်ကို မသိကြပေ။

ဤလူရွယ်သည် မိမိနှင့် သိရှိသည်မှာ ရက်ပိုင်းမျှသာ ရှိသေးသည်။

အဘယ်သို့သော နည်းဖြင့် မိမိအကြောင်းကို လောက် သိထားရလေသနည်း။ စဉ်းစားမရအောင် သွားသည်။

'ရှင်....ရှင်....ဒါတွေကို ဘယ်ကသိနေသလဲဟင်'

'ကျုပ် စင်နန်မြို့စားကြီးရဲ့သမီး စန်းကွမ်လင်းဆီ တာပေါ့'

မိန်းကလေး၏မျက်နှာ ချက်ချင်း အိုကျသွားသည်။ သူမက ခနဲ့တဲ့တဲ့လေသံဖြင့် ပြန်မေးလိုက်သည်။

'ဪ....ရှင်က စန်းကွမ်လင်းနဲ့ အတော် ရင်းနှီးမှုကိုး'

ယန်းစုံကျုံးက ချက်ချင်း ပြန်ရှင်းပြလိုက်သည်။

'အို....မင်းကို သူနဲ့ကျုပ် ရင်းနှီးတယ်လို့ ဘယ်သူ ပြောတာလဲ'

'ရှင်ပဲ ခုပြောပြီးပြီ မဟုတ်လား'

'ကျုပ် စန်းကွမ်လင်းနဲ့ ရင်းနှီးတယ်လို့ တစ်ခွန်း ပြောဖူးပါလား'



'ခုနကပဲ ကျွန်မအကြောင်းကို စန်းကွမ်လင်းဆီက ကြားခဲ့တယ်ဆို'

'ဟုတ်တယ်လေ၊ သူက ကျုပ်ကို တမင်ပြောလို့ကြားတာ မဟုတ်ပါဘူး၊ သူ့အစေအပါးမလေး ရှောင်လင်ကို မင်းအကြောင်း ပြောနေတုန်း ကျုပ် ချောင်းပြီးနားထောင်ရင်း ကြားခဲ့တာပါ'

လူချန်ဟွာအကြောင်း ဤသို့ သိခဲ့ရခြင်းမှာ လူချန်ဟွာ ကိုယ်တိုင်က သူ့အား အဆောက်အဦး ခေါင်မိုးပေါ်၌ အကြောပိတ် စောင့်ကြည့် ခိုင်းထားသောကြောင့် ဖြစ်သည်။

လူချင်ဟွာ ထင်ထားသလို မည်သည့် ထူးဆန်းသော အခြင်းအရာမျှ ဖြစ်ပေါ်မလာဘဲ လူချန်ဟွာ၏ ဇာတိဇာစ်မြစ်ကိုသာ ယန်းစုကျုံး ရရှိခဲ့ရပေသည်။

လူချန်ဟွာသည် ယန်းစုကျုံးက ထိုသို့ပြောလိုက်တော့မှ သူ့မျက်နှာလေး ပြန်လည်ရွှင်ပျလာသည်။

သူက ရှက်ပြုံးကလေး တစ်ချက်ပြုံးကာ ယန်းစုံကျုံးကို မေးမြန်းသည်။

'ဪ....ဒါကြောင့်ကိုး၊ ဒါထက် ရှင့်ရွှေကြုတ်ကလေး ပြန်ရပြီလား'

ယန်းစုကျုံးက စိတ်ပျက်လက်ပျက် ပြန်ပြောလိုက်လေသည်။

'မရသေးပါဘူးဗျာ၊ ဒါကြောင့် ကျုပ် ဒီစင်နန်မြို့ကို ရောက်လာရပြန်တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



လူချန်ဟွာသည် စိုးရိမ်တကြီး သူ့ကိုမေးသည်။

'ရှင် မြို့စားကြီးအိမ်ကို သွားမလို့လား'

ယန်းစုကျုံးက ခေါင်းညိတ်ပြီး ပြန်ပြောသည်။

'ဟုတ်တယ်၊ အခုဆိုရင် ရွှေကြုတ်ဟာ မြို့စားကြီးရဲ့သမီး စန်းကွမ်လင်းဆီမှာ ရောက်နေတယ်လို့ ထင်တာပဲ၊ ကျုပ် မသွားရင် ဒီပစ္စည်းကို ဘယ်လိုလုပ်ပြန်ရမလဲ'

'ကျွန်မ သဘောကတော့ ရှင့်ကို မသွားစေချင်ဘူး'

'ဘာဖြစ်လို့လဲ'

'စင်နန်မြို့စားကြီးရဲ့ ခဂဟာကို ဘယ်သူမှ သွားပြီး ဒုက္ခ မပေးရဲကြဘူး'

'မတတ်နိုင်ဘူးလေ၊ ဒီပစ္စည်းဟာ ကျုပ်ပစ္စည်း ဆိုရင် တော့ ဒီလောက် ဒုက္ခခံပြီး ပြန်ရဖို့ မကြိုးစားတော့ပါဘူး၊ ဒါပေမယ့် ဒီပစ္စည်းဟာ ကျုပ်ပစ္စည်း မဟုတ်ဘူး၊ သူများ အပ်ထားတဲ့ပစ္စည်း၊ ဒီတော့ မြို့စားကြီးအိမ်ကိုကျုပ်သွား ရင် အန္တရာယ်များတယ်ဆိုတာ ကျုပ် သိပါတယ်၊ ဒါပေမယ့် မသွားလို့မှ မဖြစ်တော့ သွားရတော့မှာပေါ့'

လူချန်ဟွာသည် သူ့ကိုကြည့်ကာ သက်ပြင်းတစ်ချက်ချ လိုက်သည်။

ပြီးမှ တစ်ခုခုကို သတိရသွားဟန်ဖြင့် သူ့အား ပြောလိုက် သည်။

'ကျွန်မတို့ ဒါတွေ ခဏမေ့ထားလိုက်ကြမယ်နော်၊ လာ.... မြို့ထဲ လျှောက်လည်ကြမယ်'



ယန်းစုကျုံးသည် တစ်စုံတစ်ရာ ပြန်လည်ငြင်းပယ်ခြင်း မပြုနိုင်ခင်မှာပင် လူချန်ဟွာက သူ့လက်ကိုဆွဲကာ ဘုံကျောင်း တွင်းမှ ထွက်လာခဲ့သည်။

ယန်းစုကျုံးလည်း ငြင်းဆန်မနေ၍ ရမည်မဟုတ်မှန်း သိ သောကြောင့် မည်သို့မျှ ငြင်းဆန်ခြင်းမပြုတော့ဘဲ မြို့ထဲတွင် ချင်းယှဉ်ကာ လျှောက်လာခဲ့သည်။

သူတို့နှစ်ယောက်သည် သည်တစ်ကြိမ် ထပ်မံတွေ့ရှိလိုက်ရ သောအခါ ယခင်ကလို စိမ်းမနေကြတော့ပေ။

လူချန်ဟွာသည် ယခင်က ယန်းစုကျုံးအား ဒုက္ခပေးခဲ့ သည် မှန်သော်လည်း ယန်းစုကျုံးအား အကြီးအကျယ် ပျက်စီးလောက်အောင် ဒုက္ခပေးခဲ့ခြင်း မဟုတ်ပေ။

ယန်းစုကျုံးအား တကယ်တမ်း ဒုက္ခပေးသွားသူမှာ လူ ထူခိုး ဟူကျူးသာ ဖြစ်၏။

ယန်းစုကျုံးသည် ဤမိန်းကလေးအား ဒေါသ ထွက် ာင် မလုပ်ပါက သူ့အတွက် အကူအညီပင်ရနိုင်သည် ဟု ယူးမိလာသဖြင့် ချေချောင်ငံပင် ဆက်ဆံတော့သည်။

ထို့ကြောင့် ယခင်အကြိမ်များထက် ပိုမိုရင်းနှီးသလိုဖြစ် လာကြ၏။

မြို့တွင်း လမ်းမကြီးတစ်ခုသို့ လျှောက်မိသောအခါ အပ် ချုပ်ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရသဖြင့် လူချန်ဟွာသည် ယန်း ကျုံးကိုတစ်စုံတစ်ရာပြောဆိုခြင်းမပြုဘဲ အပ်ချုပ်ဆိုင်တွင်း ဆွဲခေါ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဝင်လိုက်ကြသော အပ်ချုပ်ဆိုင်မှာ အတော်အတ
အဆင့်မြင့်သော ဆိုင်ကြီးတစ်ဆိုင် ဖြစ်သည်။

ငှင်းဆိုင်တွင် အသင့်ဝယ်ယူ ဝတ်ဆင်နိုင်သော ချုပ်ပြီ
သား ဝတ်စုံများလည်း ရှိနေသည်။

လူချန်ဟွာသည် ရောင်းရန် ချိတ်ဆွဲထားသော ဝတ်
များထဲမှ သူမနှင့်လိုက်ဖက်မည်ဟု ထင်မှတ်နေသော ဝတ်
တစ်စုံကို ရွေးယူလိုက်သည်။

ပြီးလျှင် အဝတ်အစား လဲလှယ်သော အခန်းထဲသို့ ဝ
သွားသည်။

သူမ ပြန်ထွက်လာသောအခါ ယန်းစုကျုံးအလွန်အ
အံ့ဩသွားရလေသည်။

☆

## အခန်း(၂၉)

## အသွင်ပြောင်းသူ

စောစောက သစ်ခေါက်ဆိုးဝတ်စုံကို ကပိုကရိုဝတ်ထား
သော လူချန်ဟွာသည် သပ်ရပ်လှပသော ပိုးဝတ်စုံ အဝါ
ရောင်ကို လဲလှယ်ဝတ်ဆင်လိုက်သောအခါ ပို၍ နုပျိုလှပသွား
သည်ဟု ထင်လိုက်ရသည်။

လူချန်ဟွာသည် သူ့အနီးသို့ လျှောက်လာပြီး ကိုယ်ကို
တစ်ပတ်လှည့်ကာ ကလေးဆန်ဆန် မေးမြန်းလိုက်သည်။

'အစ်ကို....ကျွန်မ လှရဲ့လားဟင်'

သူမသည် ယန်းစုကျုံးအပေါ်တွင် အခေါ်အဝေါ်ကို
အစ ချက်ချင်း ပြောင်းလဲသွားသည်ကို ယန်းစုကျုံး သတိ
ထားမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူက လူချွန်ဟွာကို အသေအချာကြည့်လိုက်ပြီးမှ ပြောလိုက်သည်။

'သိပ်လှတာပေါ့ ညီမရယ်၊ မပြုမပြင်ဘဲနဲ့တောင်လှနေတဲ့ ငါ့ညီမဟာ ခုလိုအဝတ်အစားနဲ့ဆိုတော့ ပိုပြီး လှသွားတာပေါ့'

ယန်းစုကျုံးသည် လူချွန်ဟွာနည်းတူ အခေါ်အဝေါ်ကို ပါပြောင်း၍ လှပကြောင်း ချီးမွမ်းလိုက်သောအခါ လူချွန်ဟွာသည် အလွန်အမင်း ကျေနပ်သွားရပြီး သူ့ကို ရှက်ပြုံးလေးတစ်ချက် ပြုံးပြလိုက်သည်။

ပြီးမှ သူမက ယန်းစုကျုံးအနီး တိုးကပ်သွားကာ မေးလိုက်သည်။

'ညီမနဲ့ စန်းကွမ်သင်း ဘယ်သူက ပိုလှသလဲဟင်'

ယန်းစုကျုံး အဖြေရကျပ်သွားသည်။

စန်းကွမ်လင်းသည် သူ မြင်ဖူးထားသော မိန်းကလေးများထဲတွင် နတ်မိမယ်ကမျှ လှပသော အလှပဂေးမလေးဖြစ်သည်။

သူမ၏မျက်နှာမှာ ကြမ်းကြုတ်ခက်ထန်မနေဘဲ မနေ့ညက ယန်ထိုးမြို့တွင် မြင်ခဲ့ရသည့် ပုံစံမျိုးဖြင့် ကြည်ကြည်လင်လင်လေးဆိုပါက သူ့အလှကို ဘယ်သူမှယှဉ်၍ မမီနိုင်လောက်အောင်ပင် လှပသည်။

လူချွန်ဟွာမှာမူ စန်းကွမ်လင်းလို လှသော အလှမျိုး မဟုတ်ပေ။



သူမ၏မျက်နှာမှာ ရိုးသားခြင်း၊ ပွင့်လင်းခြင်းတို့က အထင်းသား ပေါ်လွင်သဖြင့် လေးစားခင်မင်ဖွယ် ကောင်းသော အလှမျိုးသာ ဖြစ်သည်။

သူ့အလှက စန်းကွမ်လင်းကို မမီသည်မှာတော့အမှန်ပင် ဖြစ်သည်။

သို့သော် ယန်းစုကျုံးသည် ဤမိန်းကလေး စိတ်ဆိုးလောက်အောင် မိုက်မိုက်မဲမဲပြောမည့်သူ မဟုတ်ပါ။

'သူနဲ့ သွားမနှိုင်းစမ်းပါနဲ့ ညီမရယ်၊ သူ့ရုပ်ရည်က သနားကမားရှိသလောက် သူ့မျက်နှာထားက ရက်စက်ကြမ်းကြုတ်နေတာ ဘယ်ကလာ ညီမအလှကို မီနိုင်တော့မှာလဲ'

လူချွန်ဟွာသည် တကယ်ပင် ကလေးဆန်သူ ဖြစ်လေသည်။

ယန်းစုကျုံးက သူမကို စန်းကွမ်လင်းထက်ပို၍ လှသည်ဟု ချီးမွမ်းပြောဆိုလာသောအခါ သူမအလွန်တရာသဘောခွေ့သွားသည်။

ထို့နောက် သူမက ဘယ်လိုအဓိပ္ပာယ် ကောက်ယူရမှန်းမသိသော စကားလုံးတစ်လုံးကို ယန်းစုကျုံးအား လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

'ဘယ်သူတွေက ညီမကို အရုပ်ဆိုးတယ် ပြောပြော မမှုပါဘူး၊ အစ်ကိုက လှတယ်ပြောရင် ညီမ သိပ်ကျေနပ်တယ် သိလား'

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ယန်းစုကျုံး၏ကိုယ်ကိုတစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ပြီးမှ သူမက....

'အစ်ကိုရယ်....အစ်ကို့ အဝတ်အစားတွေကလဲ ညစ်ပတ်ပေရေနေတာပဲ၊ အစ်ကိုနဲ့ လိုက်မယ့် အဝတ်အစားတစ်စုံ ညီမ ရွေးပေးမယ်နော်၊ နောက်ခန်းမှာ ရေသွားချိုးလိုက်ဦး'

ယန်းစုကျုံးက လက်ကာ၍ ဟန့်တားလိုက်သည်။

'အို....ကိစ္စမရှိပါဘူးကွာ၊ အစ်ကိုက ယောကျ်ားပဲ၊ ဘယ်လိုနေနေ ရပါတယ်၊ ပြီးတော့ အစ်ကို့မှာ ဒီလောက်အဖိုးတန်အဝတ်အစားတွေဝယ်ဝတ်ဖို့ ငွေကြေးမပြည့်စုံဘူး ညီမ'

'အပိုတွေ ပြောမနေစမ်းပါနဲ့၊ ဒီဝတ်စုံဖိုးအတွက်အစ်ကို့ မပေးရပါဘူး၊ သွားပါ၊ ရေချိုးမှာသာ ချိုးစမ်းပါ'

လူချန်ဟွာက အဘင်းအကျပ်ခံစရာဖြစ်နေသဖြင့် ယန်းစုကျုံးမှာ မငြင်းသာတော့ဘဲ နောက်ဖေးဘက်သို့ ဝင်ကာ ရေချိုးခန်းတွင် ရေချိုးလိုက်သည်။

ပြီးလျှင် သူ့အတွက် လူချန်ဟွာ ရွေးချယ်ပေးသော အဝါနုရောင် ပိုးသားဝတ်စုံတစ်စုံကိုလဲလှယ်ဝတ်လိုက်သည်။

ယန်းစုကျုံးမှာ လူချောလူလှတစ်ယောက် မဟုတ်သော်လည်း ယခုကဲ့သို့ အဝတ်အစား သားသားနားနားဝတ်ဆင်လိုက်သောအခါ သားနားသောရုပ်ရည် ထွက်ပေါ်လာကြောင်း လူချန်ဟွာ မှတ်ချက်ချလိုက်သည်။



ကျယ်ပြန့်သောနဖူး၊ ဝန်းဝိုင်းသော မျက်လုံးအိမ်၊ သွယ်ကန်းသောနှာတံ၊ ထူထဲသော နှုတ်ခမ်း၊ လေးထောင့်ကျသောမျက်နှာမှာ ယောကျ်ားပီသ ခန့်ညားမှုကို ပြသနေလေသည်။

သူမက ယန်းစုကျုံးအတွက် အဝတ်ဖိနပ်တစ်ရံနှင့် ခြေအိတ် တစ်စုံကို တစ်ဖက်ဆိုင်မှာ သွားဝယ်ပြီး ဝတ်ဆင်စေလိုက်သည်။

ချက်ချင်းပင် ယန်းစုကျုံးမှာ လူကုံထံ အသိုင်းအဝိုင်းမှ လုလင်ပျိုတစ်ယောက်သဖွယ် ဖြစ်သွားတော့သည်။

လူချန်ဟွာက ယန်းစုကျုံးကို ငေးစိုက်ကြည့်ရင်းမှ ပြောလိုက်သည်။

'အဲဒါပေါ့...အစ်ကိုရဲ့၊ လူမှာအဝတ် တောင်းမှာအကွပ်တဲ့၊ ခုကြည့်....အစ်ကို့ကို တခြားလူတွေသာ တွေ့သွားရင် လူကုံထံအသိုင်းအဝိုင်းက မဟုတ်ဘူးလို့ ဘယ်သူပြောရဲမလဲ၊ ဂုဏ်အတိုင်းသာ မြို့စားကြီးအိမ်ထဲဝင်သွားရင် ယောကျ်ားပီသတဲ့ အစ်ကို့ကို သမက်လောင်းဖမ်းထားမှာတောင်စိုးရသေးတယ်'

၆

ယန်းစုကျုံးမှာ လူချန်ဟွာကိုတစ်စုံတစ်ရာပြန်လည်ပြောဆိုခြင်း မပြုတော့ဘဲ ပြုံးရုံသာ ပြုံးပြလိုက်သည်။

သူတို့နှစ်ယောက် အပ်ချုပ်ဆိုင်မှ ထွက်လာပြီးနောက် ဖိုင်နန်မြို့တွင် နာမည်ကြီးပေ့ဆိုသော ထမင်းဆိုင်ကြီး တစ်ဆိုင်တွင် နံနက်စာ စားသောက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူတို့သည် တစ်နေ့ခင်းလုံး စင်နန်မြို့၏ မည်ကြီးနေရာများကို လျှောက်၍ လည်ပတ်လိုက်ကြလေသည်။

သူတို့စုံတွဲကို တွေ့မြင်ကြရသော လမ်းသွားလမ်းလာများက မကြာ....မကြာ တွတ်ထိုးဝေဖန်ကြသည်။ ယန်းစုကျုံး မနေတတ်မထိုင်တတ် ဖြစ်ရသလို လူချန်ဟွာသည်လည်း ရှက်ကိုး ရှက်ကန်း ဖြစ်သွားခဲ့ရသည်။

ညနေစောင်းအချိန်လောက်သို့ ရောက်ရှိသောအခါ တို့နှစ်ယောက် လမ်းခွဲရန် ပြင်ဆင်လိုက်ကြ၏။ လူချန်ဟွာက မေးလိုက်သည်။

'အစ်ကို... မြို့စားကြီးအိမ်ကို မသွားလို့ မရဘူးလား ဟင်'

'ညီမ အသိဆုံးပါကွာ၊ ဘာကြောင့် အစ်ကို ဒီလောက် အန္တရာယ်ကြားထဲကို ဇွတ်အတင်း ဝင်ရတယ်ဆိုတာ ညီမ အသိဆုံးပါ၊ ရွှေကြုတ်ဟာ အစ်ကို့ ပစ္စည်းဆိုရင် အဆုံး လိုက်တာ ကြာပါပြီ၊ ခုတော့....'

လူချန်ဟွာက ယန်းစုကျုံးကို စိုးရိမ်ပူပန်သော မျက်နှာကလေးနှင့် တစ်ချက်ကြည့်လိုက်ပြီး ပြောလိုက်သည်။

'မသွားလို့မဖြစ်ရင်တော့ သွားပေါ့အစ်ကို၊ မနက်ဖြန် မနက်စာ စားချိန်မှာ ကျွန်မတို့ မနက်က ထမင်းဆိုင်မှာ ပြန်ဆုံကြမယ်နော်'

ယန်းစုကျုံး ခေါင်းညိတ်ပြလိုက်သည်။



လူချန်ဟွာသည် တစ်စုံတစ်ရာ ထပ်မံပြောဆိုခြင်းမပြုတော့ဘဲ ယန်းစုကျုံးအနီးမှ ထွက်ခွာသွားသည်။

ယန်းစုကျုံးသည် လူချန်ဟွာ၏ နောက်ကျောပြင်ကို ကြည့်ကာ သက်ပြင်းရှည်ကြီးတစ်ချက် မှုတ်ထုတ်လိုက်လေတော့သတည်း။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

### ခုတင်ပေါ်က လူ

ယန်းစုကျုံးသည် စဝ်နန်မြို့စားစံအိမ်ဘော်၏အခန်းဝက် ခြံစည်းရိုးတွင် မှောင်ရိပ်ခိုလျက် ညဉ့်နက်လာသည်အထိ စောင့်ဆိုင်းနေလိုက်သည်။

မြို့စားကြီး၏ ခြံဝင်းအတွင်းရှိ အဆောင်တော်တော်များများမှာ မီးပုံးများ ငြိမ်းသတ်လိုက်တော့မှ သူက ခြံစည်းရိုးဝင်းတွင်ကပ်လျက်ပေါက်နေသော သစ်ပင်ကြီးတစ်ပင်ကို တွယ်တက်လိုက်သည်။

ထိုသစ်ပင်ပေါ်မှတစ်ဆင့် ခြံစည်းရိုးအုတ်နံရံပေါ်သို့ တက်ကာ ခြံဝင်းအတွင်းသို့ ခုန်ချလိုက်သည်။



သူတာ မြေပေါ်သို့ရောက်သည်နှင့် အခန်းတစ်ခုအတွင်း၌ မီးလင်းနေသော မြို့စားကြီး၏သမီးဟု ယူဆရသည့် အဆောင်ဘက်သို့ မှောင်ရိပ်ခိုကာ ထွက်လာခဲ့သည်။

မြို့စားကြီး၏ သမီးအခန်းဟု ထင်ရသောအခန်းသို့ မရောက်မီ မီးများလုံးစထွန်းညှိထားခြင်း မရှိသော တန်းလျား အဆောက်အအုံ တစ်ခုဆီသို့ ရောက်လာ၏။

သူသည် အခြေအနေကို အကဲခတ်ကြည့်ရှုကာ အခန်းတံခါးကို အသာအယာ တွန်းဖွင့်ကြည့်လိုက်သည်။

တံခါးမှာ အတွင်းမှ မင်းတုပ်ထိုးထားသဖြင့် နောက်တစ်ခန်းသို့ကူးကာ တွန်းဖွင့်ကြည့်ပြန်သည်။

ထိုအခန်းမှာလည်း မင်းတုပ်ထိုးထားသည်ကို တွေ့ရပြန်သည်။

သူ့အနေဖြင့် မီးလင်းနေသော အဆောင်မှာ စန်းကွေ့ယင်း၏ အဆောင်ဖြစ်မည်ဟုထင်မိသော်လည်း ထိုအဆောင်သို့ တိုက်ရိုက်သွားပါက အန္တရာယ်သည် အနေးနှင့်အမြန် ကျရောက်လာနိုင်သည်ကိုတွက်ဆမိလိုက်သဖြင့် ထိုအဆောင်နှင့် အနီးဆုံး အဆောင်များမှ ခိုကပ်သွားရောက်ရန် စိတ်ကူးမိခြင်း ဖြစ်လေသည်။

သူက တန်းလျားပေါ်တွင် ခြေဖော့နင်းပြီး ဆက်လျှောက်လာသည်။

တန်းလျား၏အစွန်ဆုံးအခန်းသို့အရောက်တွင် အစောင့်တစ်ယောက်သည် လက်ဆွဲမီးပုံး တစ်လုံးကိုကိုင်ကာ ကင်းလှည့်လာသည်ကို တွေ့လိုက်ရသောကြောင့်အစွန်ဆုံးအခန်း

www.burmeseclassic.com

www.burmeseclassic.com



၏ နံရံကို ကျောဖြင့်ကပ်လျက် အခန်းတံခါးကို အသာအယာ တွန်းကြည့်လိုက်သည်။

အခန်းတံခါးမှာ မင်းတုပ်ထိုးမထားသဖြင့် အလိုက်သင့်ပင် ပွင့်ထွက်သွားသည်။

ယန်းစုကျုံး၏စိတ်များ လှုပ်လှုပ်ရှားရှား ဖြစ်သွားမိတော့၏။

သူက အသင့်ပွင့်သွားသော တံခါးဝမှ အတွင်းသို့ လှမ်းခနဲခုန်ဝင်ကာ အခန်းတံခါးကို ပြန်စေ့ထားလိုက်သည်။

အခန်းတစ်ခုလုံး မီးရောင်မရှိသဖြင့် မှောင်မည်းနေသည်။

သူက အတန်ကြာအောင် ငြိမ်သက်စွာ ရပ်နေလိုက်ပြီး အမှောင်ထဲသို့ စူးစိုက်ကြည့်လိုက်သည်။

ခဏမျှအကြာတွင် မျက်စိကျင့်သားရသွားသည်က တစ်ကြောင်း၊ အဆောင်၏ ပိတ်နေရာတွင် လေဝင်ပေါက်မှ အလင်းရောင်မှိန်မှိန် ကျရောက်နေသည်က တစ်ကြောင်းတို့ကြောင့် အခန်းတွင်းကို ကောင်းစွာ မြင်လိုက်ရသည်။

အခန်းအလယ်ကောင်တွင် ကွပ်ပျစ်တစ်ခုရှိပြီး ထိုကွပ်ပျစ်ပေါ်တွင် လူတစ်ယောက် နှစ်ခြိုက်စွာအိပ်မောကျနေသည်ကိုလည်း တွေ့လိုက်ရသည်။

သူက အသင့်ပါလာသော မီးခတ်ကို ခတ်ကာ နံရံတွင် ရှိနေသော မီးပုံးကို တွန်းညှိလိုက်သည်။

မီးပုံးမှ မီးရောင်က အခန်းတွင်း၌ မှိန်ပျပျ လင်းသွားသည်။



သူသည် ဟိုဟိုသည်သည် မျက်စိတစ်ချက် ကစားလိုက်ရာ အခန်းနံရံတွင်ထိုးထားသော ဓားမြှောင်တစ်ချောင်းကို တွေ့လိုက်ရသဖြင့် ထိုဓားမြှောင်ကို နံရံမှ ချွတ်ယူလိုက်သည်။

ခဏကြာအောင် တစ်စုံတစ်ရာ လှုပ်ရှားမှု မပြုသေးဘဲ တခေါခေါနှင့်ဟောက်၍ အိပ်စက်နေသောလူကို ငေးစိုက်ကြည့်ကာ စဉ်းစားနေလိုက်သည်။

ပြီးမှ အကြံတစ်ခု ရလာသဖြင့် အိပ်စက်နေသူအနီးသို့ တိုးကပ်သွားကာ ဓားမြှောင်ဖြင့် လည်ချောင်းကို ထောက်ထားလိုက်သည်။

အိပ်မောကျနေသူသည် သူ့လည်ချောင်းကို ချွန်ထက်သော ဓားမြှောင်ဖြင့် အထောက်ခံလိုက်ရသဖြင့် လန့်နိုးသွားသည်။

သူ့မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်ရာ ယန်းစုကျုံးကိုမြင်တွေ့သွားသဖြင့် ထိတ်လန့်တကြားဖြစ်ကာ အော်ဟစ်ရန် ဟန်ပြင်လိုက်သည်။

ယန်းစုကျုံးသည် ထိုလူ၏ ပါးစပ်ကို လက်ဝါးဖြင့် ကပျာကယာ လှမ်းအုပ်သိုက်ရင်းမှ လေသံတိုးတိုးဖြင့်ပြောလိုက်သည်။

'မသေချင်ရင် လုံးဝအသံမထွက်နဲ့၊ တိတ်တိတ်နေ'

သူက ထိုသို့ပြောရင်းမှလည်း ဓားမြှောင်ကို ခပ်ထောက်ထောက်ကလေး စိုက်ထားလိုက်ပြီး ထိုလူ၏ပါးစပ်တွင် အုပ်ထားသော လက်ကို လွှတ်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက သူ့ကို ထိတ်လန့်တကြား ကြည့်ကာ တိုးညင်းသော လေသံဖြင့် ပြန်မေးသည်။

'အသက်ကို ချမ်းသာပေးပါဗျာ၊ ကျုပ်ဆီက ဘာလိုချင်လဲ....ပြောပါ'

'မင်းဆီက ကျုပ် ဘာမှမလိုချင်ဘူး၊ သိချင်တာ တစ်ခုရှိလို့ မေးမလို့၊ မင်း မှန်မှန်ပြောပါ'

'ဟုတ်....ဟုတ်ကဲ့၊ ဘာသိချင်သလဲ၊ မေးပါ....ကျုပ် သိ သလောက် ဖြေပါ့မယ်'

'မင်း ဒီဂေဟာမှာ ဘာတာဝန်ယူရသလဲ'

'ကျွန်တော် ထမင်းချက်ပါခင်ဗျာ'

ယန်းစုံကျုံးသည် ထိုလူမှာ ထမင်းချက်ဟုသိလိုက်ရသ နှင့် သိုင်းပညာ တတ်မြောက်လိမ့်မည်မဟုတ်ဟု တွေးမိကာ စိတ်သက်သာရာ ရသွားသည်။

ယန်းစုံကျုံးသည် ထိုလူကို လေသံမာမာဖြင့် မေးလို လေသည်။

'မင်းတို့သခင်မလေး စန်းကွမ်လင်းရဲ့အဆောင်က ဘ လောက်မှာလဲ'

ထိုလူသည် ယန်းစုံကျုံးကို အံ့အားတသင့် ပြန်ကြ လိုက်သည်။

ဤမျှ အစောင့်အကြပ် ပေါများလှသော ခြံဝင်းအတွ သို့ တိတ်တဆိတ် ဝင်ရောက်လာနိုင်ပြီး သခင်မလေ အဆောင်ကို မေးမြန်းဝံ့သူသည် သိုင်းပညာ ထိပ်တ



တတ်မြောက်ထားသူသာ ဖြစ်ရမည်ဟု တွေးလိုက်မိဟန် သည်။

ထို့ကြောင့် သူက ယန်းစုံကျုံးကို ကလန်ကဆန် မလုပ်ရဲ တော့ဘဲ ပြန်ပြောလိုက်သည်။

'သခင်မလေး အခန်းက ဒီတန်းလျားရဲ့ ဟိုဘက်က အဆောင်ပါ၊ ဒီလောက်အချိန်ဆိုရင် မီးတွေတောင် ငြိမ်းမှာ မဟုတ်သေးပါဘူး'

'ကောင်းပြီ၊ အဲဒီအဆောင်မှာအစောင့်ဘယ်နှစ်ယောက် ရှိသလဲ'

'အနည်းဆုံး ထိပ်တန်းသိုင်းသမား ဆယ်ယောက်တော့ ရှိနိုင်ပါတယ်'

ယန်းစုံကျုံး ကျောတစ်ချက် တွန့်သွားသည်။

'ဆယ်ယောက်စလုံး တစ်ညလုံး စောင့်သလား'

'မဟုတ်ပါဘူးခင်ဗျာ၊ အဆောင်တံခါးမကြီးကို ခေါင်းလွှတ်ကိုင် အစောင့် နှစ်ယောက်စီက ဝါးနှစ်ချက်ခေါက် တစ်ကြိမ်စီ အလှည့်ကျ စောင့်ကြပ်ပါတယ်'

'မင်းပြောတာ အမှန်တွေပဲနော်'

'ကျွန်တော် လိမ်မပြောရဲပါဘူးခင်ဗျာ'

'ကောင်းပြီ၊ ဒါဆိုရင် မင်း မသေချင်ရင် ဆက်ပြီးငြိမ်ငြိမ် နေ၊ ကြားလား'

'ဟုတ်....ဟုတ်ကဲ့၊ ကျွန်တော် ဆရာ့စကား နားထောင်ပါ့မယ် ခင်ဗျာ၊ ဒါမှ ဆရာမယုံဘူးဆိုရင် ကျွန်တော့် မျက်လုံး ကြောတွေကို ပိတ်ထားပါ'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

### ကံကောင်းသော လူကလေး

ယန်းစုကျုံးသည် မထင်မှတ်ဘဲ ထိုသူ၏စတင်တိုက်ခိုက်မှုကို ခံလိုက်ရသဖြင့် ရုတ်တရက် ကြောင်ငေး နေစဉ်မှာပင် ထိုလူက သူ့ကိုယ်ပေါ်ခုန်အုပ်လိုက်ပြီး ပါးစပ်မှလည်း 'သူခိုးဗျို့သူခိုး' ဟု သံကုန် ဟစ်အော်လိုက်သည်။

ယန်းစုကျုံးလည်း ထိုအခါမှ သတိဝင်လာကာထိုလူ၏ ရင်ဘတ်ကို ရုတ်တရက် လက်သီးဖြင့် တစ်ချက် ထိုးသွင်းလိုက်သည်။

ထိုလူသည် အမှတ်မထင် ယန်းစုကျုံး၏ တန်ပြန်တိုက်ခိုက်ခြင်းကို ခံလိုက်ရသဖြင့် တစ်စုံတစ်ရာ ပြန်လည်မပြုနိုင်လိုက်ဘဲ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားသည်။



ယန်းစုကျုံးသည် ကြာရှည်စွာတွေးတောမနေတော့ဘဲ အခန်းတံခါးကိုဖွင့်ကာ အနောက်ဘက် ဥယျာဉ်ကြီးဆီသို့ တစ်ရှိန်ထိုး ပြေးထွက်သွားလေတော့သည်။

ပန်းခြံတစ်ခုအောက်သို့ အရောက်တွင် ချုံကွယ်မှ 'ခစ်' ခနဲ ရယ်သံတစ်သံကြားလိုက်ရပြီး နူးညံ့ပျော့ပျောင်းသော လက်တစ်ဘက်က သူ့ညာဘက်လက်ကို လှမ်းဆွဲလိုက်သည်။

ရုတ်တရက်မှု သူအထိတ်တလန့် ဖြစ်သွားရသည်။

ပြီးမှ သူ့လက်ဆွဲသူကိုကြည့်လိုက်ရာ လူချန်ဟွာ ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် အလွန်တရာ အားတက်သွားသည်။

ထိုစဉ်မှာပင် ထမင်းချက်ဆိုသူ၏ အော်သံကို ကြားရသောကြောင့် ခြံဝင်းအတွင်းမှ လူများသည် ဆူညံစွာ အော်ဟစ်လျက် စောစောက သူဝင်ခဲ့သော တန်းလျားဆီသို့ အပြေးအလွှား ရောက်လာကြသည်။

ထိုလူစုကြီး ပန်းချုံအောက်သို့ ရောက်မလာမီ မှာပင် လူချန်ဟွာသည် တစ်စုံတစ်ရာ ပြောဆိုခြင်း မပြု တော့ဘဲ ယန်းစုကျုံး၏လက်ကိုဆွဲကာ ဥယျာဉ်အတွင်းရှိ မှောင်ရိပ်ကျသောနေရာသို့ ဆွဲပြေးလေတော့၏။

ချုံဖုတ်ကောင်းကောင်း တစ်နေရာသို့ အရောက်တွင် လူချန်ဟွာက ယန်းစုကျုံကို ပြောလိုက်သည်။

'ရှင်...ဒီချုံဖုတ်ထဲမှာ ဝင်ပုန်းနေ၊ သူတို့ကို ကျွန်မပြန်တိုက်မယ်၊ ပြီးမှ ရှင့်ကိုလာခေါ်မယ်၊ တကယ်လို့ ကျွန်မ-

www.burmeseclassic.com

www.burmeseclassic.com



ပြန်မခေါ်နိုင်ခဲ့ရင်လဲ့ အခြေအနေအေးတော့မှ ရှင်ဒီခြံဝင်း ထဲက ပြန်ထွက်လာခဲ့တော့'

သူမသည် ထိုသို့ပြောလိုက်ပြီး ယန်းစုကျုံး၏ ကိုယ်လုံးကို ပန်းချုံဖုတ်ကြားထဲသို့ ထိုးသွင်းလိုက်၏။

ပန်းချုံထဲသို့အရောက်တွင် ယန်းစုကျုံးသည် ပန်းကိုင်း များအကြားမှ လူချန်ဟွာကို စိုးရိမ်တကြီး လှမ်းကြည့် လိုက်သည်။

လူချန်ဟွာသည် လူသံသူသံများကြားရာဆီသို့ ပြန်လည် ပြေးထွက်သွားလိုက်သည်။

ဆယ်ယောက်မျှရှိသော လူအုပ်ကြီးနှင့် သူမ ပက်ပင်း သွားတိုးသည်။

သူမ၏လှုပ်ရှားမှုကမြန်သည်။

လက်ထဲမှကျာပွတ်ကို တစ်ရှမ်းရှမ်း ရိုက်ခတ်လိုက်သည်။

သူနှင့်ပက်ပင်းတိုးနေသော လူဆယ်ယောက်ခန့်မှာ ကျ လောင် ရှုးရှစ္စာအော်ရင်း တစ်ယောက်ပြီး တစ်ယောက် မြေပေါ် ပြိုလဲကျသွားသည်။

ယန်းစုကျုံးမှာ လူချန်ဟွာ၏ အံ့မခန်း ကျာပွတ် ပညာကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ နေရသဖြင့် စိတ်ထဲ ကျိတ်၍ ချီးကျူးမိလိုက်သည်။

ပထမတွေ့လိုက်ရသော လူဆယ်ယောက် မြေပေါ် လဲကျသွားသည်နှင့် နောက်ထပ် လူအုပ်ကြီးတစ်အုပ် ပေါ် ထွက်လာပြန်သည်။



သည်တစ်ကြိမ်တွင် လူချန်ဟွာသည် လုံးဝခုခံတိုက်ခိုက် ခြင်းမပြုတော့ဘဲ ယန်းစုကျုံး ပုန်းအောင်းနေရာ ပန်းချုံ ကို ဝေးကွာသောနေရာသို့ ကိုယ်ဖော့ပညာကို အသုံးပြု၍ ပြေးထွက် သွားသည်။

ကျာပွတ်သိုင်းသာ အဆင့်မြင့်သည်မဟုတ်။ သူမ၏ကိုယ် ဖော့ပညာမှာလည်း အဆင့်မြင့်လွန်းလှသည်။

သူမပြေးလွှားနေသည်ကို လူရိပ်သဏ္ဍာန်မျှသာ မြင်လိုက်ရသည်။

တစ်ခဏအတွင်းမှာပင် ခြံဝင်းနံရံဆီသို့ ရောက်ရှိသွား ပြီး ယင်းနံရံကို လွှားခနဲခုန်ကျော်၍ ခြံဝင်းအပြင်ဘက် သို့ ရောက်ရှိသွားလေတော့၏။

* * *

နောက်ကမှ ပြေးလိုက်သွားသော လူအုပ်ကြီးသည် တိုက် ...းလှံ့များကိုကိုင်ကာ မကျေမနပ်ဖြင့် ဆဲဆို ကျိန်ရစ်ခဲ့ ကြသည်။

လူအုပ်ထဲမှ တစ်ယောက်၏အသံ ပေါ်ထွက်လာသည်။

'ဟော...ခုနကကျုပ်မြင်လိုက်တာနှစ်ယောက်ကွ၊ ခုတစ် ယောက်ပဲလွတ်ထွက်သွားတယ်ဆိုတော့ ကျန်တဲ့တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ပန်းခြံထဲမှာပဲရှိရမယ်၊ ကဲ…တို့လူအုပ် ပန်းခြံထဲကို ပိုက်စိတ်တိုက်ပြီး ရှာကြစမ်း'

ထိုလူ၏ အသံဆုံးသည်နှင့် လူအုပ်ကြီးမှာ ဟိုတစ်စုသည်တစ်စု ခွဲလိုက်ကြကာ ဥယျာဉ်အတွင်းရှိ ချုံဖုတ်များတွင် လိုက်လံ ရှာဖွေကြလေတော့သည်။

လူတစ်စုသည် သူရှိနေသော ချုံဖုတ်ဆီသို့ လျှောက်လာကြသည်ကို တွေ့လိုက်ရသဖြင့် ယန်းစုကျုံးသည် တုတ်တုတ်မျှ မလှုပ်ရဲဘဲ အလွန်တရာ ထိတ်လန့်သွားသည်။

ထိုလူစုသည် ချုံဖုတ်တစ်ခုပြီးတစ်ခု ဓားဖြင့် ထိုးလျက် ရှာဖွေနေလေရာ ယန်းစုကျုံးမှာအသက်ပင် မရှူရဲလောက်အောင် ရှိနေရ၏။

ထိုလူစုသည် တဖြည်းဖြည်းနှင့် သူပုန်းခိုနေသောချုံဖုတ်ဆီသို့ ရောက်ရှိလာသည်။

ထိုစဉ်မှာပင် ဥယျာဉ်တစ်ခုလုံး ဟိန်း၍ ထွက်ပေါ်လာသောအသံကို ကြားလိုက်ရသည်။

'ဟော့ကောင်တွေ မင်းတို့အပင်ပန်းခံပြီး ဒါလောက်တောင် လိုက်ရှာ မနေကြနဲ့တော့၊ မှူင်းအဘဒီမှာရှိတယ် ဒီကိုလာခဲ့ကြ'

ထိုအသံနှင့်အတူ လူရိပ်တစ်ရိပ်သည် သူပုန်းခိုနေသော ပန်းချုံနှင့် ဝါးတစ်ရိုက်ခန့် အကွာတွင် မတ်တတ် ထရပ်လိုက်သည်။



ယန်းစုကျုံးသည် ထိုအသံရှင်ကို ချောင်းကြည့်လိုက်ရာ သူ့စိတ်ထဲတွင် မဖော်ပြနိုင်လောက်သောဝမ်းသာမှုတစ်ရပ် ဖြစ်ပေါ်သွားရသည်။

အကြောင်းမှာထိုလူသည် မိမိ၏နေ့ကမှ လမ်းခွဲထွက်ခွာလာခဲ့သော ခတ္တးကဗျာ သိုင်းသမားကြီး လိရိရှန့်ဖြစ်နေသောကြောင့်တည်း။

ဩော်… လိရိရှန့်သည် မိမိအား စိတ်မချဘဲ နောက်မှ တကောက်ကောက်လိုက်လံ စောင့်ရှောက် နေချေတကားဟု တွေးမိရာ မျက်ရည်လည်လာမိသည်။

လိရိရှန့်သည် လက်တစ်ဘက်တွင် ရေတကောင်းကို ကိုင်လျက် မြေကြီးပေါ်သို့ ခြေမကျဘဲ ပန်းချုံတစ်ခုမှ တစ်ခုသို့ ခုန်ကျော်ထွက်သွားသည်။

ပန်းချုံများမရှိတော့မှ မြေပေါ်တွင် ဆက်၍ လျှောက်သွားသည်။

သူ့ကိုကြည့်ရသည်မှာ ရန်သူနှင့်ကြုံနေရသူ တစ်ယောက်နှင့် မတူဘဲ ဥယျာဉ်ထဲတွင် အေးအေးသက်သာ အပန်းဖြေကာ နားယူနေသူနှင့် တူနေသည်။

သူ့ထံသို့ ပြေးလာသော လူအုပ်ကြီးသည် ပန်းချုံများပေါ်တွင် ခြေဖျားထောက်၍ ခုန်ကူးသွားသည်ကို တွေ့မြင်ကြရသောအခါ သူ့ကိုယ်ဖော့ပညာကို အလွန်တရာအံ့ဩနေပါကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် လှုအုပ်ကြီး၏ နောက်ဘက် အဆောက်အဦး တစ်ခု၏ အမိုးပေါ်မှ စူးရှကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာသည်။

'ဘယ်အရပ်က သိုင်းသမားကြီးပါလိမ့်၊ ကျေးဇူးပြုပြီး ခေါ်လောက်ရပ်လိုက်ပါဦး'

ယန်းစုကျုံးသည် အသံလာရာဆီသို့ လှမ်းကြည့်လိုက်ရ ခေါင်မိုးပေါ်၌ တစ်ခေါင်းလုံး ဆံပင်များ ဖွေးဖွေးလှု ဆောင် ဆွတ်ဆွတ်ဖြူနေသော အဘွားအိုတစ်ယောက် ဖြ နေသည်ကို ခပ်မှိန်မှိန် သာနေသော လရောင်အောက်တွ လှမ်းမြင်လိုက်ရသည်။

လီရိရှန်က ထိုအဘွားအိုအား ဂါရဝပြုလိုက်ပြီး....

'ဝမ်းနည်းပါတယ် မိုးတိမ်ဖြူမယ်တော်ကြီး ခင်ဗျာ ကျွန်တော် တေးတာဗျာသိုင်းသမား လီရိရှန်ပါ၊ မြို့စားကြီ ဂေဟာက သိုင်းသမား အကျော်အမော်တွေကို နိုင်မယ် မယုံကြည်တဲ့အတွက် သွားခွင့်ပြုပါဦး'

လီရိရှန့်သည် ပြောပြောဆိုဆိုနှင့် နောက်ကို လှည့် ပြေးထွက်သွားရာ လေးညို့မှ လွှတ်သော မြားကဲ့သို့ လေ တွင် တရိပ်ရိပ် လွင့်ထွက်သွားလေတော့သည်။

ခဏတာမျှ အတွင်းမှာပင် လီရိရှန်သည် ခြံဝင်းအုတ် ကို ကျော်တက်ကာ အပြင်သို့ ခုန်ချ ပျောက်ကွယ်သွား တော့သည်။

လူအုပ်ထဲမှ ဝမ်ယု၏အသံ ပေါ်ထွက်လာသည်။



'ဟာ... ဒီသိုင်းသမားကြီးရဲ့ ကိုယ်ဖော့ ပညာကတော့ တကယ့်ကို အံ့မခန်းနိုင်လောက်အောင်ပါပဲ၊ သူဘာကြောင့် ခြံဝင်းထဲကို ခိုးကြောင်ခိုးဝှက် ဝင်လာရတာကို မသိရတော့ ခက်တယ်၊ ကဲ...လာကြ...လာကြ၊ ရန်သူတွေ ယှက်ပြေးကုန်ပြီ'

သူက ထိုသို့ပြောပြီး လူအုပ်ကြီးကိုခေါ်ကာ အဆောင် များရှိရာဘက်ဆီသို့ ပြန်ထွက်သွားလေတော့သည်။ ထိုအခါ မှ....

ယန်းစုကျုံးလည်း အသက်အောင့်ထားရာမှ လေကို တဝ ကြီး ရှူပစ်လိုက်သည်။

ဥယျာဉ်အတွင်းရှိ အနံ့မျိုးစုံမွှေးထုံနေသော ပန်းရနံ့ တို့သည် မောဟိုက် နွမ်းနယ်နေသော သူ့ခန္ဓာကိုယ်ကို စိုပြည် လန်းဆန်းသွားစေတော့သည်။

ခဏအကြာတွင် ဥယျာဉ်အတွင်း၌ သူစိမ်းလူသား ဟူ၍ သူလူတစ်ယောက်သာ ကျန်ရှိပြီးမြို့စားကြီး၏ခြံဝင်းကြီးမှာ လည်း ပုံမှန်အနေအထားအတိုင်း ပြန်လည်တိတ်ဆိတ် ငြိမ် သက်သွားတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးသည် ပိုးပုရွစ်တို့ စီစီညံနေသည့် ပန်းဥယျာဉ် အတွင်း၌ငြိမ်သက်စွာထိုင်နေရင်း သူ့ လှုပ်ရှားမှုများမှန်ကန်မှု ရှိ၊ မရှိ ပြန်လည်ဆန်းစစ်တွေးတောကြည့်နေမိသည်။

'ဟင်....ဘယ်ဟာကိုမှ စိတ်ချဘိုင်း လုပ်လို့မရပါကလား'

ယန်းစုကျုံး ညည်းတွားလိုက်မိသည်။

ယခုပင်လျှင် လီရိရှန်နှင့်လူချန်ဟွာတို့သာ ရောက်ရှိမလာပါက သူ ကျိန်းသေအဖမ်းခံရတော့မည့် အခြေအနေတွင်ရှိပြီး အကယ်၍ အသတ်ခံခဲ့ရလျှင် အပ်ချုပ်သမားကြီးကျုန်၍၏ ရွှေကြုတ်မှာ ပိုင်ရှင်၏လက်ထဲသို့ မရောက်တော့ဘဲ လပ်၊ ခုသတ်၌ တစ်စခန်းသိမ်းသွားရပေတော့မည်။

ထို့ကြောင့် သူသည် သခင်မလေး စန်းကွမ်လင်း ရှိနေရာ အဆောင်သို့ သွားရောက်ရန် အကြံအစည်ကို လက်လျှော့လိုက်ရပြီး အန္တရာယ်များပြားလှသော ဤခြံဝင်းအတွင်းမှ အမြန်ဆုံး ပြန်လည်ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။

သူက ဥယျာဉ်အတွင်းမှ ပန်းချုံများကိုအကာအကွယ်ပြု၍ အနောက်ဘက်နံရံမှ ထွက်ခွာရန် စိတ်ကူးမိလိုက်သည်။ ထိုသို့ စိတ်ကူးမိသဖြင့် ပုန်းကွယ်နေရာ ပန်းချုံ အောက်မှ ပတ်ဝန်းကျင်ကို တစ်ချက်မျှ အကဲခတ်ကြည့်ရှုမိလိုက်တော့သည်။

အန္တရာယ်၏ အရိပ်အယောင်ကို တစ်စုံတစ်ရာမျှ မတွေ့ရတော့မှ ပန်းချုံအတွင်းမှထွက်ကာ စောစောက စိတ်ကူးမိသည့်အတိုင်း ပန်းချုံများကို အကာအကွယ်ယူ၍ အနောက်ဘက် နံရံဆီသို့ ဦးတည်ထွက်ခွာလာခဲ့သည်။



ပန်းဥယျာဉ် ဆုံးသွားသောအခါ သစ်ပင်ကြီးများ ...ပေါက် မှောင်ရိပ်တစ်နေရာသို့ ရောက်ရှိလာသည်။

ထိုနေရာတွင် ဝင်းခြံကိုပတ်၍ သွားသော လူသွားလမ်း ...ပလေးကို တွေ့လိုက်ရသဖြင့် လူသွားလမ်းအတိုင်းသတိကြီး ...ထား၍ လျှောက်လာခဲ့သည်။

သူ ထိုသို့လျှောက်လာစဉ်မှာပင် သူ့ရှေ့မှ ခြေသံလိုလို ...ကြားရသဖြင့် သစ်ပင်ကြီးတစ်ပင်၏နောက်တွင် ဝင်ရောက် ...ပုန်းကွယ်လိုက်သည်။

ထိုစဉ်မှာပင်....

သစ်ပင်ရှေ့မှ လူနှစ်ယောက် ဖြတ်လျှောက်သွားသည် ...ကို တွေ့လိုက်ရ၏။

ထိုလူနှစ်ယောက်မှာ ခြံဝင်းအတွင်း ကင်းလှည့်သူများ ...ဖြစ်ကြောင်း သိလိုက်ရသည်။

'ဟော့....မင်းတို့ဒီနေရာတစ်ဝိုက်ကိုကောင်းကောင်းစောင့် ...ကြပ်ကြ၊ စောစောကလို မပေါ့ဆကြနဲ့'

ထိုအသံမှာ ကင်းသမားနှစ်ယောက်ထံမှ မဟုတ်သဖြင့် ...ယန်းစုကျုံး အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။

အဆောက်အဦး တစ်ခု၏ ခေါင်မိုးပေါ်တွင် လီရိရှန်က ...ပ်ဖြူမယ်တော်ဟု ခေါ်ဝေါ်သုံးစွဲသွားသောအဘွားအို ...ကို လှမ်းမြင်လိုက်ရသည်။

ကင်းသမား နှစ်ယောက်သည် တိမ်ဖြူမယ်တော် ဆိုသူ ...အဘွားအိုကို ဂါရဝပြုပြီး ပြန်ဖြေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့...ဘွားဘွား၊ ကျွန်တော်တို့ သေသေချာ
ကင်းလှည့်နေကြပါတယ်'

'အေး...မင်းတို့ ခုည သတိဝီရိယရှိပစေဟေ့၊ သ
လေး ရောဂါပြန်ထနေတယ်၊ ခြံထဲကို ဘယ်သူမှမဝင်
နားလည်ရဲ့လား'

'စိတ်ချပါ ဘွားဘွား'

ကင်းသမားနှစ်ယောက်သည် အဘွားအိုကို ဖြေကြ
နောက် ရှေ့သို့ဆက်သွားကြသည်။

တိမ်ဖြူမယ်တော်သည်လည်း ခေါင်မိုးပေါ်မှ ပျေ
ကွယ်သွားသည်။

ထိုအခါ ယန်းစုကျုံးလည်း သက်ပြင်းချကာ သ
ကွယ်မှ ထွက်လာရသည်။ ပတ်ဝန်းကျင်သည် တိတ်
တိတ်ဆိတ်နေသည်။

လသည် မှိန်ပျပျ သာမြသာနေသည်။

သစ်ပင်ကြီးများအောက်တွင် အမှောင်ရိပ်များ
လျက်။

☆

# အခန်း(၃၂)

## ကျေးတောသားနှင့် နတ်မိမယ်

ယန်းစုကျုံးသည် မှောင်မည်းသော လမ်းအတိုင်း စမ်း
ါးဝါးဖြင့် ဆက်လျှောက်လာသည်။

သူ လျှောက်သည့်လမ်း၌ သစ်ပင်ကြီးများ ရှိနေသဖြ
ပ်ရိပ်ခိုရန် အလွန်ကောင်းသည်။

သူသည် နံရံပတ်လမ်းအတိုင်း လျှောက်လာခဲ့ရာ နံရံကို
ျော်ထွက်ရန် နေရာကို မတွေ့ရှိဘဲ ဥယျာဉ်နှင့် ကပ်
က် ရှိသော အဆောင်များဘက်ဆီသို့ လမ်းမှားရောက်
သည်။

ယတော်ကလေး လျှောက်မိသောအခါ သူ့ရှေ့တွင်
ထောက်အဦးကြီး တစ်ခုကို တွေ့လိုက်ရသဖြင့် လှမ်းမှ

www.burmeseclassic.com

www.burmeseclassic.com



လာပြီ ဖြစ်ကြောင်း ချက်ချင်း သိလိုက်ရပြီး နှိုးရိမ်ထိတ်လ သွားမိသည်။

ထိုစဉ်တွင် အရှေ့ဘက်ဦး၏ နေရောင်ခြည်သည် တဖြည်းဖြည်း မြင့်တက်လာပြီဖြစ်ရာ ပတ်ဝန်းကျင် တစ်ခုလုံးကို သဲကွဲစွာ တွေ့မြင်လာရသည်။

ယန်းစုကျိုးသည် သူ လမ်းမှားရောက်လာသော ပတ်ဝန်းကျင် အခြေအနေကို အကဲခတ် ကြည့်ရှုလိုက်၏။

ထိုသို့ အကဲခတ်ကြည့်ရှုရင်းမှ ထွက်ပေါက်ဟုထင်ရသော လမ်းကလေးတစ်ခုကို တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ သွားသည်။

ထိုလမ်းကလေးအတိုင်း ရှေ့သို့ ဆက်လျှောက်လာ သည်။

အတန်ကြာအောင် လျှောက်မိလျှင် သူ့ခြေလှမ်းများ တန့်ခနဲ ရပ်တန့်သွားသည်။ သူ့ မျက်လုံးအစုံမှာလည်း ကျယ်၍ သွားရသည်။

သူ့မြင်ကွင်းတွင် ကြီးမားသော တရုတ်ဆီးပင်ကြီး ပင် အောက်တွင် လူရိပ်သဏ္ဍာန်တစ်ခုကို တွေ့လိုက်ရ ကြောင့် ဖြစ်သည်။

သူက အနီးရှိ သစ်ပင်တစ်ပင်၏အကွယ်သို့ လှစ်ခနဲ ရောက် ပုန်းကွယ်ကာ သူ့ရှေ့မှ လူရိပ်သဏ္ဍာန်တစ်ခုကို ချောင်းစွာ စိုက်၍ကြည့်ရှုလိုက်သည်။

ထိုအချိန်၌ နီရဲသော ရောင်ခြည်သည် သစ်ပင်များ သို့ မြင့်တက်လာပြီဖြစ်သဖြင့် အတော်လှမ်းလှမ်းဆီမှ



သဏ္ဍာန်လူ ဝတ်ဆင်ထားသော ဝတ်စုံ၏အသွေးအရောင်ကို ပါပီပြင်စွာ မြင်တွေ့နေရသည်။

အရိပ်သဏ္ဍာန်သည် လမ်းကလေးအတိုင်း ညင်သာစွာ ဖြင့် လျှောက်လှမ်းလာရာ တဖြည်းဖြည်း သူနှင့် နီးကပ် သော နေရာသို့ ရောက်ရှိလာသောခါ ထိုလူရိပ်သဏ္ဍာန် သည် တစ်ကိုယ်လုံး ပိုးပျော့အစိမ်းရောင်ဝတ်စုံကို ဝတ်ဆင် ထားသော မိန်းကလေးတစ်ယောက် ဖြစ်နေသည်ကို တွေ့ လိုက်ရသည်။

ထိုမိန်းကလေးသည် သူ တရုတ်ဆီးပင်နောက်တွင် ပုန်း ကွယ်နေသည်ကို သိရှိသည့်အလား တရုတ်ဆီးပင်ကိုငေးစိုက် ကြည့်နေသည်။

မိန်းကလေးသည် အစိမ်းရောင်ဝတ်စုံရှည်ကို သေသေ သပ်သပ် ကျကျနန ဝတ်ဆင်ထားသော်လည်း ခြေထောက် တွင် ဖိနပ်မပါသည်ကို တွေ့ရသည်။

သူမ၏ ဖြူဖွေးနူးညံ့သော ခြေထောက်အစုံမှာ မြေပြင် သားကြောင့် သွေးခြည်ဥသွားတော့မည်လောဟုပင်ထင်နေ ရလေသည်။

ခဏအကြာတွင် မိန်းကလေးနှင့် သူသည် ဝါးတစ်ရိုက်မျှ ပင် မကွာတော့လောက်အောင် နီးကပ်လာသည်။

ယန်းစုကျိုး အလွန်အမင်း ထိတ်လန့် တုန်လှုပ်သွား တော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



သူ တုန်လှုပ်မည် ဆိုကသည်း တုန်လှုပ်လောက်သည်။

သူ့ရှေ့တွင် သူ မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရသော မိန်းကလေးမှာ သူ အလွန်အမင်း တွေချင်နေသော စင်နန် မြို့စားကြီး၏သမီးသခင်မလေး စန်းကွမ်သင်း ဖြစ်နေသော ကြောင့်ပင်ဖြစ်လေသည်။

သို့သော် သူ သခင်မလေး စန်းကွမ်သင်းကို အနည်းဆုံး နှစ်ကြိမ်မျှလောက် နီးနီးကပ်ကပ် တွေ့မြင်ဖူးခဲ့သည်။

သူ တွေ့မြင်ခဲ့ရသမျှအကြိမ်တိုင်းစန်းကွမ်လင်း၏မျက်နှာ သွင်ပြင်မှာ ခက်ထန်တင်းမာခြင်းတို့နှင့်သာ အမြဲ မျက်နှာ ကျော မာသည်ဟု ဆိုရမည်။

ယခု သူ့ရှေ့တွင် တွေ့လိုက်ရသော မိန်းကလေးမှာမူ စန်းကွမ်လင်းနှင့် ရုပ်ချင်းခွဲ၍ရလောက်အောင် ချွတ်စွတ်တူ နေခဲ့သော်လည်း သူ၏မျက်နှာအနေအထားက စန်းကွမ် လင်းနှင့် ကွာချင်တိုင်း ကွာခြားနေသည်။

ဖြူဖွေး နုနယ်လှသော သူမ၏ မျက်နှာ သွင်ပြင်သည် စန်းကွမ်လင်းနှင့်မတူဘဲ ပြုံးရွှင်ချိုမြနေသည်။

သူမ၏ မကျဉ်းမကျယ်သော နဖူး၊ ထူထဲသော မျက်ခုံး မွေး၊ ကော့ရှည်သော မျက်တောင်အောက်တွင် ဝိုင်းစက်၍ အပြစ်ကင်းစင်သော မျက်ဝန်းအိမ်၊ ဖြောင့်စင်း၍ သွယ်လျသော နှာတံ၊ ပါးလွှာ၍ နီမြန်းသော နှုတ်ခမ်းအစုံ၊ မို့မို့ အိအိကလေး ရှိနေသော ပါးပြင်ကလေးတို့မှာ နုတ် ပန်းချီ ရေး၍ မမီလောက်အောင် ပြေပြစ်လှပနေသည်။ မမြင့်လွန်း မနိမ့်လွန်းသော အရပ်၊ မဆူလွန်း မပိန်လွန်း



သော ကိုယ်လုံး၊ မမို့လွန်း မမောက်လွန်းသော ရင်သား၊ ကျဉ်းလွန်း မသိမ်လွန်းသော ခါး၊ မစွင့်လွန်း မကားလွန်း သော တင်တို့ဖြင့် သူမ၏ ကိုယ်ခန္ဓာအချိုးအစား တည် လောက်ပုံသည် လက်ရာမြောက်သော ပန်းပုဆရာ၏ ကိန္နရီ ရုပ်ကဲ့သို့ ပျံ့ကြွနေသည်။

နတ်မိမယ်တမျှ လှပသော မိန်းကလေးတစ်ယောက်ပင် ဖြစ်ပေသည်။

ကြိုမျှ ရှုမငြီးအောင် လှပ၍ မျက်နှာသွင်ပြင်၌ ရက်စက် ကြမ်းကြုတ်မှု ကင်းစင်လျက် ကြည်လင်ရွှင်ပျနေသူကလေး ညီ မည်သည့်နည်းနှင့်မျှ စန်းကွမ်လင်း မဖြစ်နိုင် ဟူ၍ သည်း သူ့စိတ်ထဲတွင် မှတ်ချက်ချလိုက်မိသည်။

တဖြည်းဖြည်း မိန်းကလေးသည် သူနှင့် ခြေဆယ်လှမ်းမျှ ကွာသို့ ရောက်လာသည်။

သူမ့တံမှချိုလွင်စွာမေးမြန်းလိုက်သော စကားသံကလေး ပေါ်ထွက်လာပါသည်။

'ဆီးပင်နောက်ကလူ ရှေ့ကိုထွက်ခဲ့ပါရှင်၊ ရှင် ဘာ ကြောင့် ဒီလောက်ပုန်းကွယ်နေရတာလဲဟင်၊ ရှင်ဘယ်သူလဲ'

သူက တစ်စုံတစ်ရာ ပြန်လည်ပြောကြားခြင်း မပြုဘဲ ဆီးပင်နောက်ကွယ်မှထွက်ကာ နောက်သို့ ကမန်းကတန်း ဆုတ်လိုက်သည်။

'ရှင် ဘာကို ကြောက်နေတာလဲဟင်၊ ကျွန်မကိုတော့ မကြောက်ပါနဲ့ရှင်၊ ကျွန်မ လူတစ်ဖက်သားကို ဒုက္ခမပေး တတ်ပါဘူး၊ ရှင့်ကိုလဲ ဘာမှမလုပ်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး၏ စကားသံကို ကြားရသောအခါ စိတ်သက်သာရာ အနည်းငယ် ရသွားသည်။

သို့သော် မယုံရဲယုံရဲ ဖြစ်နေသေးသည်။ မိန်းကလေးက သူ့ကို ချိုမြစွာ ပြုံးပြလိုက်သည်။

ထိုစဉ်မှာပင် သူ့နောက်မှ ကြိမ်းဝါးသံတစ်သံကိုကြား လိုက်သည်။

'ဟေ့... မင်း ဒီအထဲကို ဘယ်ချင်လို့ ဝင်လာတာလား၊ ၇ ထွက်သွားစမ်း'

ထိုအသံနှင့်အတူ သူတို့အနီးသို့ လူရိပ်တစ်ရိပ် လွှား၍ ရောက်ရှိလာသည်။

ထိုလူရိပ်ကို တွေ့လိုက်ရသောအခါ ယန်းစုကျုံး ရင်ဂ တွပ် တုတ်ခနဲ ဖြစ်သွားရသည်။

နောက်သို့ ခြေလှမ်း သုံးလှမ်းစာမျှ ဆုတ်သွားမိသည်။

အဘယ်ကြောင့် ဆိုသော် ထိုလူရိပ်သည် သခင်မလေ ၏ ကိုယ်ရံတော်ခေါင်းဆောင်ဝမ်ယု ဖြစ်နေသောကြော တည်း။

ဝမ်ယုသည် အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးကို ၂ ရှေ့တွင် တွေ့မြင်လိုက်ရသောအခါ ကျားကို တွေ့သေ ယုန်သူငယ်ကဲ့သို့ ထိတ်လန့်တုန်လှုပ်သွားသည်။

ခြံဝင်းထဲသို့ ကျူးကျူးကျော်ကျော် ရောက်ရှိနေဝ ယန်းစုကျုံးကိုပင် သတိမရတော့ဘဲ လေ၏လျှင်မြန်ခြင်း ဖြင့် ပြေးထွက်သွားလေတော့သည်။ ယန်းစုကျုံးမှာ အတွေးရကျပ်သွားသည်။



ဝမ်ယုသည် သခင်မလေး စန်းကွမ်လင်း၏သစ္စာတော်ခံ ကိုယ်ရံတော်တပ် ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ ထို့ပြင် သိုင်းအကျော်အမော်တစ်ဦးလည်း ဖြစ်သည်။

သခင်မလေး စန်းကွမ်လင်းကို လွန်စွာရိုကျိုး ချစ်ခင်သူ လည်း ဖြစ်သည်။

သို့စေကာမူ....

ဝမ်ယုသည် စန်းကွမ်လင်းကို တွေ့လိုက်ရသောအခါ ယခင် သူတွေ့နေကျကဲ့သို့မဟုတ်ဘဲ ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် ထိုနေရာမှ လျှင်မြန်စွာ ပြေးကွက်သွားခဲ့လေ သည်။

အဘယ်သို့သောအကြောင်း ရှိလေသနည်း။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

### ထူးဆန်းသောမြင်းဖြူရှင်

သူလိုသို့ စဉ်းစားနေစဉ်မှာပင် မိန်းကလေးဆီမှ ဆည်းလည်းသံကလေးကို ကြားလိုက်ရပြန်သည်။

'ခုနကလူက ဘယ်ကာလဲဟင်၊ သူက ဘာကြောင့် ရှင့်ကို ဒါလောက်တောင် ဆူပူကြိမ်းမောင်းနေရတာလဲ'

'ဟင်'

မိန်းကလေး၏အမေးကြောင့် ယန်းစုကျုံးသည်ပို၍ပင် အံ့ဩသွားရလေသည်။

အာမေဋိတ်သံပင် လွှတ်ခနဲ ထွက်သွားရသည်။

မိန်းကလေးသည် စန်းကွမ်လင်းသာဖြစ်ခဲ့ပါလျှင် သူမ၏ သစ္စာတော်ခံဝမ်ယုကို အဘယ်ကြောင့် မသိရှိရမည်နည်း။



သူမ လိမ်လည်ပြောဆိုနေခြင်းပင် ဖြစ်လေသလောဟူ၍လည်း တွေးလိုက်မိသည်။

ထိုအတွေးကို ချက်ချင်း ပယ်ချလိုက်သည်။

အဘယ်ကြောင့်ဆိုသော် မိန်းကလေး၏ပြောပုံဆိုပုံမှာ လုံးဝ ဟန်ဆောင်မှုကင်းမဲ့ကာ ပကတိ တည်ငြိမ် နေလေသည်။

အထူးသဖြင့် မျက်လုံးများကတည်ငြိမ်နေသည်။

လိမ်သူ၏မျက်လုံးများသည် ယခုကဲ့သို့ ကြည်လင်ဝင်းတောက်နေမည် မဟုတ်ချေ။

သို့သော်....

သံသယတစ်ခုက ထပ်မံဝင်လာပြန်သည်။

အကယ်၍....

သူမသည် စန်းကွမ်လင်းမဟုတ်ခဲ့လျှင် အဘယ်ကြောင့် မြို့စားကြီးစန်းယုဟန်၏ဥယျာဉ်တွင်း၌ အေးဆေးသက်သာစွာ လမ်းလျှောက်နေရလေသနည်း။

ထစ်ခုတော့ရှိသည်။

သူမသည် စန်းကွမ်လင်းနှင့် ညီအစ်မတော်စပ်နေသလော။

ညီအစ်မဆိုပါကလည်း အကြီးအငယ် ပုံစံမျိုးမဖြစ်နိုင်။

အမြွှာညီအစ်မ ဖြစ်မှသာလျှင် တစ်ယောက်နှင့်တစ်ယောက် တူညီနိုင်ပေလိမ့်မည်။

မိန်းကလေးသည် ဥယျာဉ်အတွင်းသို့ မျက်လုံးကစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ပြုံးယောင်သမ်းနေသော မျက်သုံးကလေးဖြင့် တစ်စုံတစ်ရာကို တပ်မက်မောစွာ ကြည့်ရှုလိုက်လေတော့သည်။

ထို့နောက်....

ထိုနေရာသို့ လှုပ်လီလှုပ်လဲ့ လျှောက်သွား လေတော့သည်။

မိန်းကလေး၏လှုပ်ရှားမှုကို ယန်းစုကျုံးကမျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေမိသည်။

သူမသည် ကြီးမားသော နှင်းဆီပန်းကြီး တစ်ပင်သို့ အရောက်တွင် ရဲရဲနီစွာပွင့်အာနေသော နှင်းဆီပန်းကြီး တစ်ပွင့်ကိုချိုးယူလိုက်ပြီး နှာခေါင်းဝတွင်ဖော့ကာ အသာကလေး မွှေးကြူလိုက်သည်။

ပြီးမှ....

သူမက ယန်းစုကျုံးဘက်သို့လှည့်ကာ မေးလိုက်လေသည်။

'ဒီနှင်းဆီပန်းကလေး မလှဘူးလားဟင်'

ယန်းစုကျုံးက ရောရောယောင်ယောင်နှင့် ပြန်ပြောလိုက်သည်။

'လှပါတယ်....မိန်းကလေး....သိပ်ကိုလှတဲ့ ပန်းကလေး တစ်ပွင့်ပါ'

ယန်းစုကျုံးသည် မိန်းကလေးက သူ့ကိုအန္တရာယ်ပြုမည့်ပုံ တစ်စုံတစ်ရာမတွေ့ရသောအခါ ကြောက်ရွံ့ခြင်းမရှိတော့ဘဲ သူမအနီးသို့ ချဉ်းကပ်သွားသည်။



ဥယျာဉ်ထဲသို့ သူ မျက်စိတစ်ဆုံး လှမ်းကြည့်ရှုလိုက်သောအခါ လွန်စွာရှားပါးလှသော ပန်းအမျိုးပေါင်း စုံလင်စွာကို တွေ့လိုက်ရသည်။

နှင်းဆီပန်းမှာ အနီရောင်ပင်ဖြစ်သော်လည်း များပြားလှသော နှင်းဆီမျိုးများအနက် ရှားပါးလှသော နှင်းဆီမျိုးဖြစ်ကြောင်း တွေ့လိုက်ရသည်။

ယန်းစုကျုံးသည် နတ်မိမယ်တမျှလှပသော မိန်းကလေးကိုတစ်လှည့်၊ လက်ထဲတွင်ကိုင်ထားသော နှင်းဆီပန်းနီနီလှလှလေးကိုတစ်လှည့် ကြည့်ကာ အန္တရာယ်ပေါများလှသော စင်နန့်မြို့စားကြီး၏ဥယျာဉ်အတွင်းသို့ ရောက်ရှိနေသည်ကိုပင် သတိမေ့လျော့သွားရသည်။

ပန်းမျိုးစုံတို့၏ မွှေးရနံ့တို့သည် လေအဝှေ့တွင် ဥယျာဉ်တစ်ခုလုံး သင်းပျံ့မွှေးထုံနေသည်။

မိန်းကလေးကသတိမေ့မျောနေသူကို ပြောလိုက်သည်။

'ကျွန်မတို့ ပန်းခြံထဲ တစ်ပတ်လောက် လျှောက်ကြရအောင်နော်'

ယန်းစုကျုံး မငြင်းဖြစ်။ သူငြင်းပယ်ဖို့ စိတ်ထဲတွင်ကြံရွယ်ရှိသေးသည် ခေါင်းက ညိတ်ပြီးသား ဖြစ်သွားသည်။

သူသည် မိန်းကလေးနှင့်အတူ ပခုံးချင်းယှဉ်ကာ ဥယျာဉ်ကလေးကို တစ်ပတ်လှည့်ကာ လျှောက်လိုက်သည်။

ထိုသို့ လမ်းလျှောက်နေစဉ် မိန်းကလေးနှင့် စကားတစ်စုံ တစ်ရာ မပြောမိခဲ့သော်လည်း သူ့ရင်ထဲတွင် ကျေနပ်အားရကာ ပီတိလှိုင်းများက တလိမ့်လိမ့် ထနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ပန်းခြံထဲတွင် တစ်ပတ်မျှ လှည့်လျှောက်သွားပြီးနောက် အနီးရှိ အဖြူရောင် ပန်းကလေးတစ်ပွင့်ကို ခူးယူလိုက်ပြီး သူ့ကိုပေးလိုက်သည်။

'ဒီပန်းကလေးကော မလှဘူးလားဟင်'

'လှတာပေါ့၊ သူလဲလှတာပဲ'

'ဒီပန်းကို ဘာပန်းလို့ခေါ်လဲဟင်'

ယန်းစုကျုံး ပန်းပွင့်လေးကို သေချာစွာကြည့်လိုက်သည်။ ပန်းပင်ကိုလည်း ကြည့်လိုက်သည်၊ ဂန္ဓာမာပန်း သူထင်သည်။

သို့သော် မဟုတ်။

သူက ခေါင်းကိုယမ်းပြီး ပြန်ပြောလိုက်သည်။

'ကျွန်တော် ဒီပန်းကို မသိဘူး'

မိန်းကလေးက သဘောကျစွာ ရယ်မောလိုက်သည်။

'နေရာတစ်ခုမှာ ဒီလိုပန်းမျိုးတွေ အများကြီးရှိတယ်၊ လိုက်ကြည့်မလားဟင်'

ယန်းစုကျုံးအနေဖြင့် အမှန်အတိုင်း ခန့်ခံရမည်ဆိုလျှင် ဤလို မိန်းမချော မိန်းမလှလေးနှင့်သာ လျှောက်သွားရမည်ဆိုလျှင် ဘယ်နေရာကို သွားရသွားရ သူသွားချင်သည်။

ရေပြည်ကိုတောင် လိုက်ချင်ပါတယ်ကွယ်ဟု စိတ်ထဲက ပြောမိသည်။

သူက မိန်းကလေးကို ခေါင်းညိတ်ပြလိုက်သည်။



မိန်းကလေးက သဘောကျကျေနပ်သွားပုံရသည်။ ပုလဲပန်းကလေးလို စီစီရီရီ ရှိနေသောသွားတန်းကလေးများ ပေါ်သည် ဆိုရုံမျှ ပြုံးသည်။

'ဒါဆို သွားကြစို့'

သွားစို့ဆိုသည်နှင့် သူက အဆင်သင့်ဖြစ်နေသည်။

ယန်းစုကျုံးသည် ကိုယ့်ကိုယ်ကိုပင် အလွန်အံ့အားသင့်နေမိသည်။ ယခုအချိန်အထိ သူသည် မည်သည့်အကြောင်းကြောင့် မိန်းကလေး အဆိုတင်သမျှ လက်ခံနေရသနည်း။

သို့သော် အဖြေက မပေါ်။ မိန်းကလေး အလိုကို လိုက်လျောနေရခြင်းကိုပင် သူ ကျေနပ်နှစ်သိမ့်နေမိသည်။

သူတို့သည် နောက်ဘက် အုတ်နံရံဆီသို့ လျှောက်လာခဲ့ကြ၏။

တစ်ခု ထူးဆန်းသည်မှာ ငယ်ယားသည် ထိုမိန်းကလေးကိုလည်း တွေ့မြင်သွားခဲ့ပြီ၊ သူ့ကိုလည်း တွေ့မြင်သွားခဲ့ပြီ၊ အဘယ်ကြောင့် အစောင့်များကို မလှုံ့ဆော်သနည်း။

အစောင့်အကြပ်များ အဘယ်ကြောင့် ဤမျှ ပျောက်ကွယ်နေရသနည်း။

ဤ ပတ်ဝန်းကျင်၌ လွန်စွာအရေးကြီးသည်ဟု ပြောဆိုအမိန့်ပေးသွားသော ဆံပင်များဆွတ်ဆွတ်ဖြူနေသည့် မိုးတိမ်ဖြူ ငယ်တောင်ကြီးသည်လည်း မည်သည့်အရပ်သို့ရောက်နေလေသနည်း။

အုတ်နံရံဆီသို့ အရောက်တွင် မိန်းကလေး သူ့လက်ကို ယုံသာစွာ ဆုပ်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အုတ်ရိုးပေါ်သို့ လွှားခနဲ လှမ်းခုန်လိုက်သည်။

ယန်းစုကျုံးသည် အလွန်အမင်း အံ့သြသွား၏။ မိန်းကလေးကိုလည်း ထိတ်လန့်တကြား ကြည့်လိုက်မိသည်။

ဤမျှ သိမ်မွေ့နူးညံ့လှသော မိန်းကလေးသည် ဤမျှ အဆင့်မြင့်သော ကိုယ်ဖော့ပညာကို မည်သို့တတ်ကျွမ်းထားရသနည်း။

စန်းကွမ်သင်းသည် မိမိအား လုပ်ကြံရန်အတွက် ဥပါယ်တံမျဉ် အကွက်ဆင်နေလေသလောဟုပင် စဉ်းစားလိုက်မိသည်။

ထိုသို့လည်း မဖြစ်နိုင်။ သူမက လုပ်ကြံလိုလျှင် ယခုမျက်စိတစ်မှိတ်အတွင်းမှာပင် မိမိ သေသွားနိုင်သည်။

ထိုသို့ စဉ်းစားနေစဉ်မှာပင် မိန်းကလေးသည် သူ့လက်ကိုဆွဲကာ အုတ်ရိုးပေါ်မှ အောက်သို့ ခုန်ဆင်းလိုက်ပြန်လေ၏။

မိန်းကလေးသည် ယန်းစုကျုံး၏ အံ့သြထိတ်လန့်မှုကို အရေးစိုက်ဟန်မတူဘဲ ရယ်ကာမောကာဖြင့် အုတ်ရိုးပတ်လမ်းအတိုင်း လျှောက်သွားခဲ့သည်။

အုတ်ရိုးပတ် လမ်းထိပ်သို့ ရောက်သောအခါ ကကြိုးတန်ဆာများ ပြည့်စုံစွာ တပ်ဆင်ထားသော မြင်းဖြူကြီးတစ်ကောင်ကို တွေ့လိုက်ရသည်။

မိန်းကလေးသည် ထိုမြင်းဖြူကြီးကို တွေ့လိုက်ရသောအခါ ဝမ်းသာအားရ ပြောရင်း လက်ခုပ်တီး၍ ခေါ်လိုက်သည်။



'ဖြောင်း....ဖြောင်း....ဖြောင်း'

'ဟိုရှေ့က မြင်းဖြူကြီးဟာ ကျွန်မရဲ့မြင်းဖြူကြီးပေါ့'

မြင်းဖြူကြီးသည် မိန်းကလေးနှင့် လွန်စွာရင်းနှီးကျွမ်းဝင်နေပုံရသည်။

မိန်းကလေး၏ လက်ခုပ်သံ ကြားလိုက်ရသောအခါ သူရပ်နေသော နေရာမှ မိန်းကလေးထံ ပြေးလာပြီး မိန်းကလေး၏ လက်မောင်းကို နှုတ်သီးဖြင့် ပွတ်သပ်နေလေသည်။

* * *

မိန်းကလေးသည် မြင်းဖြူကြီး၏ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ပွေ့ဖက်က ပြောလိုက်သည်။

'မြင်းဖြူကြီး.... ငါအိမ်ပြန်တော့မယ်၊ ငါ့ကိုလိုက်ပို့ဦးနော်'

မြင်းဖြူကြီးသည် မိန်းကလေးပြောသည့် စကားကို ကောင်းစွာ နားလည်သည့်အလား တစ်ချက်မျှ ဟီလိုက်သည်။

မိန်းကလေး၏ စကားကို နားမလည်သူမှာ မြင်းဖြူကြီးမဟုတ် ယန်းစုကျုံး ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက သူ့အိမ်ပြန်ဦးမည်ဟု ယခုဆိုလေသည်။ အဘယ်အိမ်သို့ ပြန်လေမည်နည်း။

သူ့အိမ်ဆိုသည်မှာ အဘယ်အရပ်တွင် ရှိလေသနည်း။ သူမသည် မိမိ၏ နေအိမ်ကို စွန့်ခွာလျက်အဘယ်အကြောင်းကြောင့် စင်နန်မြို့စားကြီး၏ ခြံဝင်းအတွင်းသို့ ရောက်ရှိနေရလေသနည်း။

မိန်းကလေးသည် ယန်းစုကျုံးကို တစ်ချက်မျှ ပြုံးပြလိုက်ပြီး မြင်းဖြူကြီးပေါ်သို့ လှသားခန့် ခုန်တက်လိုက်ပြီး ထင်ပျဉ်လှဲထိုင်လိုက်သည်။

နောက် သူမက ဖြူဖွေးနူးညံ့သော လက်ကလေး တစ်ဖက်ကို ယန်းစုကျုံးထံသို့ ကမ်းပေးလိုက်သည်။

ယန်းစုကျုံးသည် အတန်ကြာအောင် မိန်းမလှလေးကို ငေးစိုက် ကြည့်နေမိသည်။

ထိုသို့ ကြည့်နေရင်းမှလည်း ဤမျှ ချောမောလှပသော မိန်းကလေးနှင့် မြင်းတစ်ကောင်တည်းတွင် နှစ်ယောက်အတူစီး၍သွားရမည်ကို လိပ်ပြာမလုံဘဲ ဖြစ်နေမိသည်။

မိမိနှင့် တန်မှတန်ပါ၏လော။ မိမိက အညတြကျေးတောသား။ ဤမိန်းကလေးက နတ်မိမယ်တမျှ လှပနေသူ။

သူမက သူ့ကို တစ်ချက်မျှ ပြုံးပြပြီး ပြောလိုက်၏။

'အစ်ကို...ဘာတွေ ဒီလောက်တောင်ငေးကြည့်နေဘာလဲ၊ ကျွန်မနဲ့အတူတူ လိုက်မယ်ဆို ဘာလေ'



ယန်းစုကျုံးက မချင့်မရဲ ပြန်မေးလိုက်သည်။

'မင်းနဲ့ကျုပ် နှစ်ယောက်အတူစီးရမလား'

'ခစ်...ခစ်...ခစ်...အစ်ကိုဟာလေ ဘယ်လိုမှန်းမသိဘူး၊ အစတုန်းကတော့ လိုက်မယ်ပြောပြီး အခု မလိုက်ချင်ပြန်ဘူးလား'

'မ...မဟုတ်ပါဘူး၊ ကျုပ် မင်းနဲ့လိုက်မှာပေါ့'

'ဒါဆိုရင်လဲ လာလေ၊ ဒီက လက်ကမ်းထားရတဲ့လူကို အားနာပါဦး၊ ညောင်းလှပြီ'

ယန်းစုကျုံးသည် မထူးတော့ပြီဖြစ်သဖြင့် မိန်းကလေးကမ်းပေးသော လက်ကို ဆွဲကာ မြင်းပေါ်သို့ ခုန်တက်လိုက်သည်။

သူက ခြေထောက်နှစ်ဖက်ကို ခြေနင်းကွင်း၊နှစ်ခုပေါ်တွင် နင်းလျက် မြင်းဇက်ကြိုး လှမ်းကိုင်လိုက်သည်။

မိန်းကလေး၏ သင်းပျံ့မွှေးကြိုင်သောကိုယ်လုံးကလေးက သူ့ရင်ခွင်တွင်းသို့ ရောက်သွားသည်။

မိန်းကလေးကမူ မည်သို့ရှိသည်မသိ။

သူ့တစ်ကိုယ်လုံးမှာမူ ပူထူရှိန်းသွားသည်။

သို့သော် သာယာသလိုလို ကြည်နူးသလိုလို အတွေ့အကြုံကို ခံစားရသည်ကတော့ အမှန်။

www.burmeseclassic.com

www.burmeseclassic.com



သူက မြင်းဇက်ကြိုးကို ဆတ်ခနဲဆွဲကာ ပြန်လှည့်ထွ လိုက်သည်။

မြင်းဖြူကြီးသည် လေကိုခွင်းလျက် အရှိန်ပြင်းစွာ ဒေ သို့ ပြေးထွက်သွားသည်။

တစ်ခဏအတွင်းမှာပင် စင်နန်မြို့စားကြီး၏ စံအိမ်တေ ကြီးသည် သူတို့နောက် တော်တော်လှမ်းလှမ်းတွင် ကျ ရစ်ခဲ့လေတော့သတည်း။

☆

## အခန်း (၃၄)

## နာမည်မရှိသောမိန်းကလေး

မြင်းဖြူကြီးသည် လေကိုခွင်းလျက် မရပ်မနား ဒရိုးနှင် လာခဲ့သည်။

ကွင်းပြင်များ၊ သစ်တောအုပ်များ၊ တောင်ပူစာများ သည် မြင်းနောက်တွင် မျှားရဟတ်ကဲ့သို့ လည်ပတ်စွာ ကျန် ရစ်ခဲ့သည်။

မိန်းကလေးသည် ဘာကို သဘောကျနေသည် မသိ၊ တစ်လမ်းလုံး တခစ်ခစ် ရယ်မောကာ အူမြူးလာသည်။

ယန်းစုံကျူးသည် မိန်းကလေးကို အနည်းငယ် သံသယ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် မိန်းကလေး စတွေ့ခဲ့ရသောအချိန်မှာ တစ်နံနက်ခင်းမျှသာ ရှိသွားပြီဖြစ်၍ မိန်းကလေးအကြောင်း အတော်အသင့် တီးခေါက်ထားသင့်သည်ဟု ယူဆသည်။

'မိန်းကလေး မင်း နာမည်က စန်းကွမ်းသင်း မဟုတ်လား'

မိန်းကလေး၏ မျက်ခုံးနှစ်ဖက် အထက်သို့ မြင့်တက်သွားပြီး မရေမရာ ပြန်ဖြေသည်။

'သူတို့ကတော့ ကျွန်မကို ဒီလိုပဲခေါ်ကြတယ်၊ ဒါပေမယ့် သူတို့အားလုံး ကျွန်မကို လိမ်နေကြတယ်ဆိုတာ ကျွန်မ သိတယ်'

မိန်းကလေး၏ အဖြေကို ယန်းစုကျူး နားဝင်မကျ ဖြစ်သွားသည်။

'နေပါဦး၊ သူတို့ဆိုတာက ဘယ်သူတွေကိုပြောတာလဲ'

'ဟိုခြံထဲက လူတွေကိုပြောတာပေါ့'

'ဒါဖြင့် မင်းနာမည် ဘယ်လိုခေါ်သလဲဟင်'

မိန်းကလေးသည် မျက်ခုံးနှစ်ခုကို ကျုပ်ရှုပ်ခက်ပြီး စဉ်းစားသည်။ ပြီးမှ သူ့က ပြန်မေးသည်။

'ကျွန်မနာမည် ဟုတ်လား'

'ဟုတ်တယ်လေ၊ မင်းနာမည် ဘယ်လိုခေါ်သလဲ'

'ကျွန်မမှာ နာမည်မရှိပါဘူးရှင်'

ယန်းစုကျူး ပို၍ပင်အံ့ဩသွားရသည်။ သည်မိန်းကလေးကို သူ ဘယ်လို နားလည်ရမှန်း မသိရလောက်အောင်ပင် ဖြစ်သွားရသည်။



'နေပါဦး မိန်းကလေးရဲ့၊ လောကမှာ လူရယ်လို့ဖြစ်လာရင် နာမည်တစ်လုံးတော့ ရှိကြစမြဲပါ၊ မင်းမှာ နာမည်မရှိဘူးဆိုတာ ဟုတ်နိုင်ပါ့မလား၊ လိမ်သာချင်ရင်လဲ တခြားနာမည်တစ်ခုပြောပြီး လိမ်လို့ရပါတယ်'

မိန်းကလေးသည် အနည်းငယ်စိတ်လှုပ်ရှားသွားပုံရလေသည်။

'ခက်လိုက်တာရှင်၊ ကျွန်မမှာ နာမည်မရှိလို့ မရှိပါဘူးလို့ ပြောနေတာကို ရှင် မယုံဘူးလားဟင်'

ယန်းစုကျူး သက်ပြင်းတစ်ချက်ချလိုက်မိသည်။

သူ့နာမည်ကို မေးမရလျှင် တခြားတစ်ခုကိုပြောင်းမေးမည်ဟု စဉ်းစားမိသဖြင့် နောက်ထပ်မေးခွန်းတစ်ခုကိုမေးလိုက်ပြန်သည်။

'ဒါဆိုရင် စင်နန်မြို့စားကြီးကို မင်းသိသလား'

'စင်နန်မြို့စားကြီးဆိုတာ ဘယ်သူလဲ'

'ခုနက မင်း ရောက်နေတဲ့ ခြံဝင်းကြီးရဲ့ အရှင်သခင်ပဲပေါ့'

'ဟင့်အင်း....ကျွန်မ မသိဘူး'

'ဒါဆိုရင် မင်းက ဘာကြောင့် အဲဒီကို ရောက်နေရတာလဲ'

'အော်....ဒါလား၊ ကျွန်မ အိပ်ပျော်နေတုန်း သူတို့ ကျွန်မကို အတင်းခေါ်လာကြတာပါ၊ ကျွန်မ အဲဒီခြံဝင်းကြီးရဲ့ အရှင်သခင် မြို့စားကြီးဆိုတာကို မသိပါဘူးရှင်၊ ရှင်ကော သူ့ကို သိသလားဟင်'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်လဲ မသိပါဘူးကွာ'

'ဒါဖြင့် ရှင်ကော သူ့အိမ်ကို ဘာဖြစ်လို့ ရောက်နေရတာလဲဟင်၊ ကျွန်မကို ဖမ်းမိလာသလို ရှင့်ကိုကော သူတို့က ဖမ်းလာကြတာလား'

ယန်းစုကျုံး ဘယ်သို့ဘယ်ပုံပြန်လည်ဖြေဆိုရမည်ကို မသိအောင် ဖြစ်သွားသည်။

ညှိမိန်းကလေးသည် စိတ်နှံ့သော လူတစ်ယောက်မှ ဟုတ်ပါလေစဟူ၍လည်း တွေးမိလာသည်။

သို့သော်....

သူမသည် သူ မေးသမျှ မေးခွန်းများကို ဖြေကြားရာတွင် တစ်စုံတစ်ရာ မရှိုးသားသော အရိပ် လက္ခဏာကိုမျှ မတွေ့ရသောကြောင့်လည်း မိန်းကလေးကိုနားလည်ရန်ပို၍ ခက်ခဲသွားရပြန်သည်။

* * *

မိန်းကလေး၏ အသံကလေး ထွက်လာပြန်သည်။

'ရှင်က ရှင်မေးချင်တာတွေ လျှောက်မေးပြီး ကျွန်မ မေးတာကျတော့မဖြေဘူး၊ ဒါဆိုရင် ကျွန်မလဲ ရှင်မေးတာကို မဖြေတော့ဘူး'



ယန်းစုံကျုံးက ထိုအခါမှ သတိဝင်လာကာ ပြန်ပြောလိုက်သည်။

'ဖြေပါမယ်ကွာ၊ ကျုပ် အဲဒီခြံဝင်းထဲ ရောက်နေတာက သူတို့ဖမ်းလာတာ မဟုတ်ပါဘူး၊ ကျုပ်ဘာသာကျုပ် တိတ်တိတ် ခိုးဝင်ခဲ့တာပါ၊ မင်းကိုသူတို့ ဖမ်းခေါ်လာတာကော သေချာရဲ့လား'

မိန်းကလေး၏မျက်နှာ အနည်းငယ် အိုစသွားသည်ဟု ထင်လိုက်ရသည်။ သူမက ညည်းညည်းတွားတွားကလေး ပြန်ဖြေ၏။

'ကျွန်မပြောရင် ရှင် ယုံမှာမဟုတ်ပါဘူးရှင်၊ သူတို့ ဖမ်းလာတယ် ဆိုတာလဲ တကယ်တော့ ကျွန်မအထင်ကို ပြောပြတာပါ၊ တကယ်တော့ အဲဒီအိမ်ကြီးကို ကျွန်မ ဘယ်လိုလုပ် ရောက်သွားမှန်း ကျွန်မကိုယ်တိုင်လဲ မသိပါဘူးရှင်'

'မင်းလို အဖြစ်မျိုးကို ကျုပ် တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ကိုယ်ကိုယ်တိုင် ဒီအိမ်ကြီးကို ရောက်လာတာ ဘယ်ပုံဘယ်နည်း ရောက်လာမှန်း မသိတာတော့ တော်တော့်ကို အံ့ဩဖို့ကောင်းတာပဲ'

'ဟုတ်ပါတယ်လေ၊ ကျွန်မတောင် ကျွန်မကိုယ် ကျွန်မ မယုံကြည်နိုင်လောက်အောင် ထူးဆန်းနေပါတယ်၊ ကျွန်မ အိပ်ရာက နိုးတဲ့အခါကြည့်လိုက်တော့ ကျွန်မဟာ အဲဒီအိမ်ကြီးကို ရောက်နေတယ်၊ ဒါဟာ တစ်ကြိမ်လဲ မကတော့ဘူးရှင်'

ထိုစဉ်....

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို....အင်ကို ယန်းစုကျုံး၊ ခဏလောက် နေပါဦး။ ခဏလောက် နေပါဦး'

အသံသည် သူတို့၏ လက်ယာဘက်ဆီမှ လာခြင်း ဖြစ်သည်။

ယန်းစုကျုံးက အသံလာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ဝတ်စုံအဝါနုရောင် ဝတ်ဆင်ထားသော လူချန်ဟွာကို လှမ်းမြင်လိုက်ရသဖြင့် ရုတ်တရက် အံ့အားသင့်သွားသည်။ ယန်းစုကျုံးသည် ကပျာကယာ မြင်းဇက်ကြိုးကို တုံ့ ခနဲဆွဲလိုက်သည်။

မြင်းဖြူကြီးသည် ပတပ်ရပ်ကာ တစ်ချက်မျှဟီလျက် ရပ်တန့်သွားသည်။

မိန်းကလေးက ပြေးလာနေသော လူချန်ဟွာကို ကြည့်ပြီး.....'

'သူက ဘယ်သူလဲဟင် အစ်ကို'

'ကျုပ်မိတ်ဆွေ တစ်ယောက်ပါ'

မိန်းကလေးသည် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

ယန်းစုကျုံးလည်း နောက်မှ ခုန်ဆင်းလိုက်၏။

လူချန်ဟွာ သူတို့အနီးသို့ မောကြီးပန်းကြီးရောက်ရှိလာသည်။

လူချန်ဟွာသည် ယန်းစုကျုံးအား မကျေမနပ်ဖြင့်စူးရှ၊ စိုက်စိုက် ကြည့်ကာ ခနဲ့တဲ့တဲ့လေသံဖြင့် မေးလိုက်၏။

'ဩော်....အစ်ကိုက သခင်မလေးနဲ့ ရင်းနှီးနေမှုကိုး'



ယန်းစုကျုံးက ကပျာကယာ ရှင်းပြသည်။

'ညီမ အထင်လွဲတာပါကွယ်၊ အစ်ကို ဒီလို မဟုတ်ပါဘူး....'

လူချန်ဟွာက မဲ့ပြုံးကလေး ပြုံးလိုက်ပြီး စကားနာ ထိုးသည်။

'ဘာပြောတယ် အစ်ကို၊ ညီမက အစ်ကို့ကို အထင်လွဲနေတယ် ဟုတ်လား၊ ဆင်ကောင်ကြီး တွေ့နေတာတောင် ထင်ခြေရာ ဘယ်မှာလဲလို့ မေးချင်သေးလို့လား အစ်ကိုရဲ့'

မိန်းကလေးသည် မကျေမချမ်းဖြစ်နေသော လူချန်ဟွာကို ကြည့်ပြီး ချိုသာစွာပြောလိုက်သည်။

'ဟုတ်ပါတယ် ညီမရယ်၊ ညီမက အစ်ကို့ကို အထင်လွဲနေတာပါ၊ ပြီးတော့ မမဟာ မင်းပြောတဲ့ သခင်မလေး ဆိုတာလဲ မဟုတ်ပါဘူး'

လူချန်ဟွာသည် ဆတ်ဆတ်ခါဖြစ်သွား၏။ ယန်းစုကျုံးနှင့် သခင်မလေး စန်းကွမ်လင်းတို့သည် အတိုင်အဖောက် ညီနေသည် မဟုတ်ပါလော။

'ဩော်....ရှင်က သခင်မလေး မဟုတ်ဘူး....ဟုတ်လား၊ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်မ မျက်စိသကျည်း လွဲသွားလို့ လူမှားသွားတာပါ၊ သခင်မလေးမှ မဟုတ်ဘဲ၊ ရှင်ဟာ စင်နန်မြို့စားကြီးရဲ့သမီး စန်းကမ်လင်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံစိမ်းနှင့် မိန်းကလေးသည် စိတ်ဆိုးမာန်ဆိုး ပြန်လည် ရန်တွေ့နေသော လူချန့်ဟွာကို စိတ်ရှည်လက်ရှည်ရှင်းပြလိုက်သည်။

'မမဟာ ညီမလေး ပြောသလို သခင်မလေး မဟုတ်သလို စင်နန်မြို့စားကြီးရဲ့သမီး စန်းကွမ်လင်းဆိုတာလဲမဟုတ်ဘူးကွယ့်'

လူချန်ဟွာမှာ မိန်းကလေး၏ အပြောအဆိုအမူအရာမှာ မြို့စားကြီး၏ သမီး စန်းကွမ်လင်းနှင့် ကွာခြားနေသဖြင့် တစ်ချက်တွေသွားမိသည်။

ဤမိန်းကလေး၏ နူးညံ့မှုနှင့် စန်းကွမ်လင်း၏ မောက်မာမှုတို့မှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေ၍ စဉ်းစားစရာ ဖြစ်လာသည်။

ယန်းစုကျုံးကလည်း ကြားက ဝင်ရှင်းပြသည်။

'ဒီမှာ ညီမ၊ သူဟာ ညီမ ထင်တဲ့ သခင်မလေး စန်းကွမ်လင်း မဟုတ်ပါဘူး'

'ဒါဖြင့် သူက ဘယ်သူလဲ'

လူချန်ဟွာ၏အမေးကြောင့် ယန်းစုကျုံးမှာ ဘာပြန်ဖြေရမှန်း မသိအောင် အကျပ်ရိုက်သွားရသည်။

သူမ၏အမေးကို ယန်းစုံကျုံးက ပြန်လည်ဖြေကြားခြင်း မပြုဘဲ ဧေးကြောင်ကြောင်လုပ်နေသဖြင့် လူချန်ဟွာဒေါသထွက်သွားသည်။



'ပြောလေ....သူ ဘယ်သူလဲ၊ ဘာလဲ....အစ်ကိုက သူ့နာမည်ကို ဖော်မပြရဲလောက်အောင် ဘာဖြစ်လို့ ကြောက်နေရတာလဲ'

ယန်းစုံကျုံးမှာမူ မည်သို့မျှ ပြန်လည်ရှင်းမပြတတ်တော့သဖြင့် ဝတ်စုံစိမ်းနှင့် မိန်းကလေးကို လှမ်းကြည့်မိသည်။

ဝတ်စုံစိမ်းနှင့် မိန်းကလေးက ယန်းစုကျုံးနှင့်လူချန်ဟွာတို့ အချီအချ ပြောဆိုနေပုံကို ပြုံးပြုံးကလေး နားထောင်နေသည်။

သူမအား ယန်းစုကျုံးက လှမ်းကြည့်သောအခါမှ သူမက လှမ်းပြောသည်။

'ညီမ....မင်း သူ့ကို ဘာမှ မေးမနေနဲ့တော့၊ မမဟာ ညီမပြောတဲ့ စင်နန်မြို့စားကြီးရဲ့သမီး 'စန်းကွမ်လင်းပဲ'

ယန်းစုကျုံးသည် မိန်းကလေး၏စကားကြောင့် အလွန်တရာ အံ့အားသင့်သွား၏။ ဒေါသတကြီး အော်ဟစ်မေးမြန်းသည်။

'ဘာ....မင်းက စင်နန်မြို့စားကြီးရဲ့သမီး စန်းကွမ်လင်းဟုတ်လား၊ စောစောက စန်းကွမ်လင်း မဟုတ်ဘူးဆို'

မိန်းကလေးက ပါးစပ်ကို လက်ဝါးကလေးဖြင့် လှပအောင် ပိတ်၍ ရယ်မောလိုက်လေ၏။

ယန်းစုံကျုံး ကိုလည်း မျက်စိတစ်ဘက် မှိတ်ပြ လိုက်သည်။

သူမသည် လူချန်ဟွာကို တမင်လိမ်လည်ပြောလိုက်ခြင်းဖြစ်ကြောင်း ယန်းစုကျုံးနားလည်သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမက လူချွန်ဟွာယုံအောင် တမင်လိမ်ပြောလိုက်သည့်အခါ လူချွန်ဟွာက ဤမိန်းကလေးသည် စင်နန်မြို့စားဝါ သမီး စန်ကွမ်လင်း မဟုတ်လေတော့ဟု နားလည်သဘောပေါက်သွားသည်။

လူချွန်ဟွာချက်ချင်း ကောက်ချက်ချလိုက်သည်။

ဤမိန်းကလေးသည် စင်နန် မြို့စားကြီးသမီး စန်ကွမ်လင်းနှင့် ရုပ်ချင်းချွတ်စွပ်တူသော မိန်းကလေးတစ်ယောက်သာ ဖြစ်ရမည်ဟု တွေးဆလိုက်သည်။

ဤသို့ တွေးဆရန်သည်း သူမတွင် အကြောင်းခိုင်လုံစွာ ရှိသည်။

စန်ကွမ်လင်းသည် မာန်မာနရှိသည်။

ခက်ထန်မာကျောသည်။

အေးစက်တည်ငြိမ်ပြီး မပြုံးမရယ်သော မျက်နှာလည်း ရှိသည်။

စကားပြောရာတွင် လေသံမာသည်။

ဘယ်သောအခါမဆို တစ်ဘက်သားအပေါ်တွင်အဘယ်မကန်သလို ဆက်ဆံသည်။

ဤမိန်းကလေးမှာ ထိုသို့မဟုတ်။

မျက်နှာမှာ အစဉ်အမြဲပြုံးချိုနေသည်။

စကားပြောရာတွင် ယဉ်ကျေးသိမ်မွေ့သည်။



တစ်ဘက်သား အပေါ်တွင် အလေးတယူလေးလေးစားစား ဆက်ဆံတတ်သည်။

နောက်ဆုံး ဝတ်စားဆင်မှုမှအစ ကွာခြားသည်ကို သူမတွေ့ရသည်။

စရိုက်ချင်း ဖီလာဆန့်ကျင်နေသော ထိုမိန်းကလေးနှင့် စန်ကွမ်လင်းတို့သည် အဘယ်ကြောင့် ရုပ်ချင်း ခွဲမရအောင် တူညီနေရလေသနည်း။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

## စမ်းသပ်တိုက်ပွဲ

ထိုသို့စဉ်းစားမိသဖြင့် လူချွန်ဟွာက မေးလိုက်သည်။

'ရှင်နဲ့စန်းကွမ်လင်းဟာ အမြွာပူး ညီအစ်မပဲ ဖြစ်ရမယ်၊ ဟုတ်တယ်မဟုတ်လား'

မိန်းကလေးက လူချွန်ဟွာကိုတစ်ချက်မျှ ရယ်သွမ်းသွေး၍ ပြီး ပြန်ပြောလိုက်သည်။

'အင်း....အဲဒါဟုတ်နိုင်တယ်၊ ကြည့်စမ်း မမဒီအချက်ကို မေ့နေမိတာကိုး'

သူတို့အားလုံးငြိမ်သက်သွားကြသည်။

ဝတ်ရုံစိမ်းနှင့် မိန်းကလေးသည် အဘန်ကြာမျှ လေးနက်စွာ စဉ်းစားနေသည်။



ယန်းစုကျုံးက....

'ညီမ....ဘာတွေစဉ်းစားနေတာလဲ'

ထိုမိန်းကလေးက မချိပြုံးပြုံးပြီးလူချွန်ဟွာကို ညင်သာစွာ လှမ်းပြောသည်။

'ညီမလေး.... ညီမလေးစိတ် ကျေနပ်အောင် မမဟာ စန်းကွမ်လင်းပါလို့ ပထမအကြိမ် လိမ်ပြောခဲ့တယ်၊ ညီမလေးက အမြွာပူး ညီအစ်မ ဖြစ်မယ် ဆိုတော့လဲ ဟုတ်နိုင်တယ်လို့ လိမ်ခဲ့တယ်၊ တကယ်တမ်း အမှန်အတိုင်းပြောရမယ်ဆိုရင် မမဟာစန်းကွမ်လင်းလဲ မဟုတ်ဘူး၊ သူ့အမြွာပူး ညီအစ်မလဲမဟုတ်ဘူး၊ အဲဒါဟာ မမမှန်မှန်ကန်ကန်ပြောတဲ့ စကားပါပဲ'

လူချွန်ဟွာက အေးစက်စက်ကြည့်၍ ပြန်မေးလေ၏။

'ဒါဆိုရင်....ရှင်ဘယ်သူလဲ'

မိန်းကလေးက တစ်ချက်ပြုံးပြီး ပြန်ပြောသည်။

'မမဘယ်လိုပြောရမလဲ၊ အြော်....သိပြီ၊ မမဟာမမပဲ ပေါ့ကွယ်'

လူချွန်ဟွာက မဲ့ပြုံးပြုံးပြီး ပြန်ပြောလိုက်သည်။

'လူရယ်လို့ဖြစ်လာရင် နာမည်တော့ ရှိကောင်းပါတယ် ရှင်'

'ဟုတ်ပါတယ်ညီမ၊ မမကိုယ်မမ နာမည်ပေးဖို့ ရွေးနေပါတယ်၊ ဒါပေမယ့် မမကြိုက်တဲ့ နာမည် ခုထိမရသေးပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



ဤရှုးကြောင်ကြောင်စကားကြောင့် ယန်းစုံကျူး ရော လူချန်ဟွာပါ တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြသည်။

သူမသည် ထိုသို့ပြောရင်းမှ ယန်းစုံကျူးဘက်သို့လှည့်ကာ မေးလိုက်ပြန်သည်။

'အစ်ကို၊ ကျွန်မဟာ တကယ်ပဲ စန်းကွမ်လင်းနဲ့ တူရဲ့လားဟင်'

'ဟုတ်တယ်မိန်းကလေး၊ မင်းဟာစန်းကွမ်လင်းနဲ့ ရွှေမရအောင်ကို တူနေတယ်'

မိန်းကလေးက....

'တော်တော့်ကို ထူးဆန်းတာပဲနော်၊ နောက်တစ်ခါ စန်းကွမ်လင်းနဲ့တွေ့ရင် သူနဲ့ကျွန်မ ယှဉ်ကြည့်ချင် လိုက်တာ'

ယန်းစုံကျူးက လက်ကာပြလိုက်ပြီး ဟန့်တား လိုက်သည်။

'ဒီ....စန်းကွမ်လင်းဆိုတဲ့ မိန်းကလေးနဲ့သွားပြီး မယှဉ်ပါနဲ့ကွာ၊ စန်းကွမ်လင်းဟာ မောက်မာတဲ့မိန်းကလေး တစ်ယောက်ပဲ၊ သူ့ကို ဝေးဝေးကရှောင်နိုင်ရင်ပိုကောင်းပါတယ်'

အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးသည် လူချန်ဟွာကို တစ်ချက်ကြည့်ပြီး နှုတ်ဆက်စကားဆိုလိုက်သည်။

'ကဲ....ညီမလေး၊ မမတို့သွားဦးမယ်နော်၊ ဒီကညီမလေး ရဲ့ အစ်ကိုက မမအိမ်က ပန်းဥယျာဉ် ကြည့်ချင်တယ်



ဟု ကိုလဲ ခေါ်သွားလိုက်ဦးမယ်၊ အချိန်မရှိတော့လို့နောက် မှပဲ အေးအေးဆေးဆေး တွေ့ကြတာပေါ့'

သူမက ပြောပြောဆိုဆိုနှင့် မြင်းဖြူကြီးပေါ်သို့ တက် ရန် ဟန်ပြင်လိုက်သည်။

'နေဦး....'

လူချန်ဟွာက ကျယ်လောင်စွာ အော်ဟစ်တားမြစ်လိုက် သည်။

'ဘာကိစ္စရှိလို့လဲ ညီမလေး'

'ရှင်ဟာ စန်းကွမ်လင်း ဟုတ်မှဟုတ် ခွဲခြားနိုင်တဲ့နည်း တစ်နည်းကျွန်မမှာရှိတယ်'

'ဟုတ်လား....ညီမလေး၊ မင်းက ဘယ်လိုခွဲခြားမလဲ'

'စန်းကွမ်လင်းဟာ သိုင်းပညာသိပ်ပြီး ထူးချွန်တယ် ဆို ပေမယ့် သူ့ သိုင်းပညာဟာ စင်နန်မြို့စားကြီးရဲ့မူပိုင် သိုင်း ပညာဖြစ်တဲ့ တိမ်တောက်လက်ညှိုး သိုင်းကွက် တစ်ခုတည်းကို ပဲ တတ်တယ်၊ ဒီတော့ ရှင်နဲ့ကျွန်မ သိုင်းကွက်သုံးလေးကွက် လောက် ယှဉ်ပြိုင်ကြရအောင်လား'

မိန်းကလေးက ခေါင်းကို လေးတွဲ့စွာ ခါယမ်းပြီး ပြန် ပြောသည်။

'မမ သူများနဲ့ ရန်ဖြစ်တဲ့အလုပ်ကို ဝါသနာမပါဘူး ခွင့် လွှတ်ပါကွယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် ကျွန်မက လူတကာနဲ့ရန်ဖြစ်ဖို့ ဝါသနာပါတယ်လို့ ရှင်က ဆိုလိုတာလား'

လူချွန်ဟွာသည် ပြောပြောဆိုဆိုပင် ငစိမ်းရောင် ဝတ်စုံနှင့် မိန်းကလေးထံသို့ လှသွားခနဲခုန်ဝင်ကာ သူမ၏ ညာလက်ဝါးစောင်းဖြင့် အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေး၏ ရင်ဘတ်ကို ရိုက်ချလိုက်သည်။

လူချွန်ဟွာသည် စန်းကွမ်လင်းနှင့် သိုင်းပညာချင်း တစ်ကြိမ် ယှဉ်ပြိုင်ဖူးသည်။

စန်းကွမ်လင်း၏သိုင်းပညာမှာအဆင့်မြင့်မားလွန်းသဖြင့် ထိုစဉ်က သူ ရှုံးနိမ့်လုလု ဖြစ်ခဲ့ရသည်။

ယခု....

စန်းကွမ်လင်းနှင့် ရုပ်ချင်း ချွတ်စွပ်တူနေသော မိန်းကလေးသည် စန်းကွမ်လင်းသာ ဖြစ်ခဲ့လျှင် သူမ၏လက်ဝါးစောင်းရိုက်ချက်ကို ကျိန်းသေ ရှောင်တိမ်းနိုင်လိမ့်မည် ဟုလည်း ယုံကြည်ထားသည်။

လူချွန်ဟွာ၏ ရိုက်ချက်မှာ အားပါလှပြီးပြင်းလည်းပြင်းထန်သည်။

အစိမ်းရောင်နှင့် မိန်းကလေး၏ မျက်နှာမှာ သွေးဆုတ်သလို ဖြူရော်သွားသည်။

သို့သော် ကာကွယ်ရန်ကိုမူ မမေ့ပေ။



အင်္ကျီလက်မောင်းအိုးဖြင့် သူ့ရင်ဘတ်ဆီသို့ ကျရောက်လာသော လက်ဝါးစောင်းရိုက်ချက်ကို ဆန့်ထုတ်ပစ်လိုက်သည်။

လူချွန်ဟွာ၏ လက်ဝါးစောင်းရိုက်ချက်မှာ သူမ၏ ရင်ဘတ်ကိုမထိဘဲ အင်္ကျီလက်မောင်းအိုးနေရာမှာပင် ရပ်တန့်သွားကာ နောက်သို့ ကန်၍ထွက်လာသည်။

တစ်ဆက်တည်းမှာပင်....

အစိမ်းရောင်နှင့် မိန်းကလေးသည် ပေါ့ပါးစွာ နောက်သို့ ခုန်ဆုတ်လိုက်သည်။

သူမ၏ အင်္ကျီလက်မောင်းအိုး သိုင်းကွက်မှာ လွန်စွာ အဆင့်အတန်းမြင့်မားလှသည်။

ထိပ်သီးသိုင်းသမားများသာ အသုံးပြုလေ့ရှိသော သိုင်းကွက်မျိုး ဖြစ်သည်။

အစိမ်းရောင်နှင့်မိန်းကလေးသာ ညာညာတာတာ မခုခံခဲ့ပါက လူချွန်ဟွာ၏လက်ဝါးစောင်းမှာ အင်္ကျီလက်မောင်းအိုးနှင့် ပတ်မိပြီး ချည်ပြီးသား တုပ်ပြီးသား ဖြစ်သွားနိုင်သည်။

လူချွန်ဟွာ စိတ်ဆိုးသွားသည်။

ရှတ်တရက် သိုင်းကွက်ကို ပြောင်းပစ်လိုက်သည်။

သူမက သူ့အဘိုး လူကျွင်းထိုက်၏ မူပိုင်သိုင်းကွက် ဖြစ်သော 'သားကောင်လည်းသေ မြားလည်းပြန်ရ' သိုင်းကွက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ကာ ကိုယ်ကို အနည်းငယ် ရှေ့သို့ကိုင်းလိုက်သည်။

ပြီးမှ ဒူးကိုကွေးချလိုက်သည်။

ထို့နောက်....

မာန်သွင်းအော်ဟစ်ပြီး အစိမ်းရောင်နှင့်မိန်းကလေးဆီသို့ ခုန်ဝင်လိုက်၏။

လောက်လွှဲမှ လွင့်ထွက်သွားသော ကျောက်တုံးကဲ့သို့ကန်ထွက်သွားသည်။

ထိုတိုက်ကွက်မှာ လွန်စွာပြင်းထန်သောတိုက်ကွက် ဖြစ်သည်။

တစ်ဖက်ရန်သူကို တစ်ချက်မဟုတ် တစ်ချက် ဒဏ်ရာရစေနိုင်သော တိုက်ကွက်ဖြစ်သည်။

အစိမ်းရောင်နှင့်မိန်းကလေးသည် ထိုမျှ ပြင်းထန်သော တိုက်ကွက်ဖြင့် သူမကိုတိုက်ခိုက်လာသဖြင့်အနည်းငယ်ဒေါသဖြစ်သွားမိသည်။

ထို့ကြောင့်....

သူမက ရှေ့သို့ခြေတစ်လှမ်းတိုးတက်ကာ သူမကိုယ်ပေါ်သို့ ကျရောက်လာသော လူချွန်ဟွာ၏ လက်သိုင်းကို တန်ပြန်သော 'လက်နှစ်ဖက်အကြောသေ' သိုင်းကွက်ဖြင့်ပြန်လည်ခုခံလိုက်သည်။



သူမကိုယ်ပေါ်သို့ ကျရောက်လာသောလူချွန်ဟွာ၏လက်နှစ်ဖက်ကို သူမ၏လက်နှစ်ဖက်ဖြင့် ရိုက်ထုတ်လိုက်သည်။

တစ်ဆက်တည်းမှာပင် လူချွန်ဟွာ၏ လက်ကောက်ဝတ်နှစ်ဖက်ရှိ ထုံကြောကို သူမ၏လက်ညှိုးဖျားနှင့်တောက်လိုက်သည်။

သူမ၏ လှုပ်ရှားမှုက လူချွန်ဟွာထက် အတိုင်းအဆ မရှိအောင် မြန်ဆန်သည်။

လူချွန်ဟွာ မရှောင်နိုင်ခဲ့ပေ။

ယန်းစုကျုံးဆိုလျှင် မိန်းကလေး၏ လက်ညှိုး တောက်ကွက်ကို မြင်ပင် မမြင်လိုက်ချေ။

လူချွန်ဟွာသည် အထိတ်တလန့်ဖြစ်ကာ သူ့လက်ချောင်းများကို ကွေး၍ဆန့်၍ ကြည့်သည်။

လက်နှစ်ဖက် လှုပ်ရှား၍ရနေသော်လည်း လက်ချောင်းငါးချောင်း လှုပ်ရှား၍ မရတော့သဖြင့် သူမ စိတ်ပျက်သွားမိသည်။

အစိမ်းရောင်နှင့် မိန်းကလေးသည် ချက်ချင်းပင် လူချွန်ဟွာအနီးသို့ တိုးကပ်လာပြီး စိုးရိမ်တကြီး ရှင်းပြသည်။

'မမကို စိတ်မဆိုးပါနဲ့နော်၊ မမသာ အကြောပိတ်လက်ညှိုးတောက်ချက်ကို အသုံးမပြုခဲ့ဘူးဆိုရင် ညီမလေးရဲ့တိုက်ကွက်ကို မမ ဘယ်လိုမှရှောင်လို့ရမှာ မဟုတ်ဘူး၊ ဒါကြောင့် မမလို ခုခံလိုက်ရတာပါ'

www.burmeseclassic.com

www.burmeseclassic.com



လူချန်ဟွာကမူ မျက်နှာမပျက် ပြန်ပြောလိုက်သည်။

'ရှင်က ကျွန်မကိုထိအောင် တိုက်နိုင်မယ် ဆင်လို့ ခုလို ပြောတာလား၊ဝေးပါသေးတယ်၊ ကျွန်မသိုင်းပညာအဆင့်ကို ရှင် ခု မြင်ရပြီမဟုတ်လား'

လူချန်ဟွာ ပြောသာပြောနေရသော်လည်းလက်ကောက်ဝတ်အကြော အပိတ်ခံလိုက်ရသဖြင့် သူ့လက်မောင်းနှစ်ဖက်လုံး ထုံကျဉ်ကိုက်ခဲလာသည်။

ယန်းစုကျုံးသည် သိုင်းပညာ အခြေခံမျှသာ တတ်ထားသောကြောင့် အဆင့်မြင့်မိန်းကလေးနှစ်ဦးဖော်တိုက်ပွဲကို ဝင်၍ မဖျန်ဖြေရဲပေ။

ဘယ်သူမှ အတိအခိုက်မရှိပါစေနှင့်ဟု ဆုတောင်းရင်း၊ စိုးရိမ်ပူပန်စွာဖြင့် ငေးမောကြည့်ရှုနေသည်။

အစိမ်းရောင် မိန်းကလေးနှင့် လူချန်ဟွာတို့ တိုက်ခိုက်ခြင်းရပ်နားကာ စကားပြောဆိုနေကြသောအချိန်မှ သူက သူတို့အနီးသို့ ရောက်ရှိလာပြီး လူချန်ဟွာကို မေးလိုက်ပေသည်။

'ညီမလေး…လူချန်ဟွာ၊ ဆက်ပြီး ရန်ဖြစ်မနေပါနဲ့တော့ကွယ်၊ ဒါလောက်ဆိုရင် သူဟာ စန်းကွမ်လင်း ဟုတ်မဟုတ် ညီမ ခွဲခြားလို့ရလောက်ပါပြီ၊ ဘယ့်နှယ်လဲ…သူ့ သိုင်းကွက်တွေဟာ စန်းကွမ်လင်း သိုင်းကွက်တွေနဲ့ တူနေသလား'



လူချန်ဟွာသည် အတန်ကြာအောင် စဉ်းစားပြီးမှ ပြန်ပြောလိုက်သည်။

'အင်း…ပြောရတာတော့ ခက်ခက်ခဲခဲပဲ၊ စန်းကွမ်လင်းရဲ့သိုင်းကွက်နဲ့ သူ့ရဲ့သိုင်းကွက်ဟာ ခပ်ဆင်ဆင်တူတယ်၊ ဒါပေမယ့်ညီမ ခွဲခြားလို့ မရဘူး'

'ဘာဖြစ်လို့လဲ ညီမ'

'စန်းကွမ်လင်းဟာ ရန်သူနဲ့ တိုက်ခိုက်တဲ့အခါမှာ ရန်သူကို တစ်ချက်တည်း အလဲထိုးနိုင်မယ့် သိုင်းကွက်တွေကို သုံးတယ်။

'ဒီတော့ သူ့ သိုင်းကွက်တွေကို ကောင်းကောင်း မှတ်မိနေတယ်၊ သူကတော့ စန်းကွမ်လင်းလိုမဟုတ်ဘူး၊ကာကွယ်တဲ့ သိုင်းကွက်ကိုပဲသုံးတယ်၊ ဒီတော့ ခွဲခြားလို့ သိပ်မရသေးဘူး'

အစိမ်းရောင်နှင့်မိန်းကလေးက လူချန်ဟွာကို ပြောလိုက်ပြန်သည်။

'မမ မင်းနဲ့ ရန်မဖြစ်ချင်ပါဘူးကွယ်၊ တကယ်လို့ မမလက်ညှိုးတောက်ချက်ဟာ ငါ့ညီမရဲ့ လက်ကောက်ဝတ်ကို ထိသွားရင်လဲ မပူပါနဲ့၊ နောက်လက်ဝါးတစ်ချက် တောက်လိုက်မယ်ဆိုရင် သူ့အလိုလို ပြန်ကောင်းသွားမှာပါ'

လူချန်ဟွာက အလျှော့မပေးဘဲ ပြန်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကလဲ ရှင်နဲ့ ရန်မဖြစ်ချင်ပါဘူး၊ ပြီးတော့ ကျွန်မ အနေနဲ့ ဘယ်သူ့ကိုမှ စော်ကားမော်ကားလိုပ်တဲ့ အလုပ်ကို လဲ မလုပ်ခဲ့ဘူး၊ ဒါပေမယ့် ကျွန်မကို တစ်ခုပဲမှန်မှန်ကန်ကန် ပြန်ပြောပါ'

'ဘာပြောရမလဲ'

'ရှင်ဟာ စန်းကွမ်လင်း မဟုတ်လား'

'မမ အမှန်အတိုင်း ပြောပါမယ်၊ စန်းကွမ်လင်းဟာ ပပ မဟုတ်ပါဘူးကွယ်'

သူမက ထိုသို့ပြောပြီး မြင်းဖြူကြီးဆီသို့ ပြန်သွားသည်။ ယန်းစုကျုံးကို လှမ်းခေါ်သည်။

'အစ်ကို ကျွန်မအိမ်ကပန်းဥယျာဥ်ကို လိုက်ကြည့်မယ်ဆို သွားကြစို့'

လူချွန်ဟွာက တစ်ချက်လှမ်းအော်လိုက်သည်။

'ရှင် လိမ်နေတယ်၊ ရှင်ဟာ စန်းကွမ်လင်းပဲ ဖြစ်ရမယ်၊ နောက်ထပ် သိုင်းကွက်သုံးကွက်လောက်ထပ်ကစားကြည့်ရင် ကျွန်မ ကျေနပ်နိုင်မယ်'

လူချွန်ဟွာက ထိုသို့ပြောပြီး မြင်းပေါ်သို့ရောက်ရှိနေဖြစ်သော အစိမ်းရောင်မိန်းကလေးကို လွှားခနဲခုန်တာ ဖျားဖြင့် ကန်ထည့်လိုက်သည်။

သူ့လှုပ်ရှားချိမရသော ညာသက်ချောင်းငါးချောင်းလည်း အစိမ်းရောင်နှင့်မိန်းကလေး၏လည်ချောင်းထဲသို့ လုံး ထိုးထည့်လိုက်သည်။



ထိုသိုင်းကွက်မှာ 'ထက်အောက်ထုတ်ချင်းပေါက်' သိုင်းကွက်ဖြစ်ပြီးစောစောက 'သားကောင်လည်းသေ မြားလည်းပြန်ရ' သိုင်းကွက်ထက် ဆယ်ဆမျှ ပို၍ပြင်းထန်သည်။

သို့သော်....

မိန်းကလေးက မြင်းဇက်ကြိုးကို တစ်ချက်တို့ခနဲ ဆွဲကာ ပြန်လွှတ်ပေးလိုက်သည်။

မြင်းဖြူကြီးက ရှေ့သို့ဝေါခနဲ ပြေးထွက်သွားပြီးရှေ့ ဧခြဆယ်လှမ်းခန့်အကွာတွင် သွားရပ်သည်။

လူချွန်ဟွာ၏တိုက်ကွက် အချည်းနှီး ဖြစ်သွားရသည်။ မြင်းဖြူကြီးက လူချွန်ဟွာထက်ပို၍ မြန်နေသည်။

အစိမ်းရောင်နှင့် မိန်းကလေးက လေသံ အေးအေးဖြင့် လှမ်းပြောသည်။

'ညီမ....မမဟာ ညီမရဲ့ရန်သူ မဟုတ်ပါဘူး၊ ဒီလောက် စမ်းသပ်ရရင် တော်ရောပေါ့ကွယ်'

သို့သော် လူချွန်ဟွာက မရပ်။

ဆယ်လှမ်းမျှကွာသော မြင်းဖြူကြီးဆီသို့ ရိပ်ခနဲရောက်ရှိသွားပြန်သည်။

ယန်းစုကျုံးကလည်း နောက်မှ လှမ်းအော်သည်။

'ညီမလေး....လူ၊ ရပ်ပါတော့'

လူချွန်ဟွာသည် ယန်းစုကျုံးက တားမြစ်နေသည့်ကြားမှပင် စောစောက 'ထက်အောက်ထုတ်ချင်းပေါက်' သိုင်းကွက်ကို နောက်တစ်ကြိမ် ထပ်မံအသုံးပြုလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်နှင့် မိန်းကလေးသည် သည်တစ်ကြိမ်တွင် လုံးဝရှောင်တိမ်းခြင်းလည်း မပြု၊ ခုခံခြင်းလည်းမပြုဘဲ ရပ်တန့်နေလိုက်သည်။

လူချန်ဟွာ၏ လက်ဝါးချောင်းနှင့် ခြေဖျားသည်အစိမ်းရောင်နှင့်မိန်းကလေးကို ထိလုနီးပါး တစ်သွားလောက်အချိန်တွင် လူချန်ဟွာ၏နားတွင်းသို့ တိုးတိုးလေး ဝင်လာသော အသံတစ်သံကို ကြားလိုက်ရသည်။

'မိန်းကလေး....မင်း သိပ်လွန်နေပြီ ထင်တယ်ကွယ်'

'ဖြောက်....'

ထိုအသံနှစ်သံသည် လူချန်ဟွာ နားတွင်းသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ဝင်ရောက်လာပြီး သူ၏ကိုယ်ခန္ဓာမှာ အထိန်းအသိမ်းမရှိတော့ဘဲ မြေပြင်ပေါ်သို့ ဝုန်းခနဲကျသွားလေတော့သည်။

ယန်းစုကျုံးရော အစိမ်းရောင်နှင့်မိန်းကလေးပါ အလျင်တလို အံ့အားသင့်သွားကြသည်။

လူချန်ဟွာကို မည်သူ တိုက်ခိုက်လိုက်သနည်း။

ဘေးဘီဝဲယာကို ရှာဖွေကြည့်သည်။

တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရ။

လူချန်ဟွာမှာမူ ရင်ဝတွင် အောင့်သက်သက် ဒဏ်ရာတစ်ချက် ရရှိလိုက်သောကြောင့် မျက်နှာကိုရှုံ့မဲ့သွားလေသည်။



သူမက စန်းကွမ်လင်းဟု သူမထင်နေသောအစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးကို စူးစူးဝါးဝါး ကြည့်လိုက်လေသည်။

ပထမဦး ဒဏ်ရာကို အံကြိတ်၍ခံနေလိုက်၏။ သို့သော် ဒဏ်ရာမှာ အတော်ကလေး ပြင်းထန်သဖြင့် ရေရှည် အောင့်မခံနိုင်ပါချေ။

'အား....ကျွတ်....ကျွတ်....ကျွတ်၊ နာလိုက်တာ'

ယန်းစုကျုံးသည် လူချန်ဟွာအနီးသို့ ပြေးသွားသည်။

သို့သော် သူ့အနေဖြင့် လူချန်ဟွာကို ဘာမျှအကူအညီ မပေးနိုင်ချေ။

ဒဏ်ကြေဆေးလုံးများကိုလူမှုနိုးသိုင်းသမားကြီးဟူကျိုးအားတစ်ဘူးလုံးပေးခဲ့ပြီ မဟုတ်ပါလား။ သူသည်နောင်တကြီးစွာ ရလိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးမှာ လူချန်ဟွာကို ကြင်နာစွာ တစ်ချက်လှမ်းကြည့်လိုက်ပြီး မြင်းကိုနောက်သို့ ပြန်လှည့်ကာ မောင်းနှင်လာသည်။

ပြီးလျှင် သူမကယန်းစုကျုံးကိုလှစ်ခနဲဆွဲကာ မြင်းပေါ်သို့တင်လိုက်၏။

ယန်းစုကျုံးကမူ လူချန်ဟွာအတွက် နောက်ဆံ တင်းကာ ပြောလိုက်သည်။

'မိန်းကလေး မြင်းကိုရပ်ပါဦး၊ လူချန်ဟွာ ဘာဖြစ်သွားမှန်းမသိဘူး၊ သူဟာ ကျုပ်မိတ်ဆွေ တစ်ယောက်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်နှင့် မိန်းကလေးသည် ယန်းစုံကျုံး၏စကား ကို မကြားဟန်ပြုကာ မြင်းကို အပြင်း ဒုန်းစိုင်းမြဲဒုန်းစိုင်း နေသည်။

မြေပြင်ပေါ်တွင်လဲကျသွားသော လူချန်ဟွာသည်ပြေး နှင်သွားသော မြင်းဖြူကြီးကို မျက်စိတဆုံး လိုက်ကြည့် ရင်း ယန်းစုကျုံးအပေါ်တွင် နာကြည်းစိတ်များ တဖွားဖွား ပေါ်ပေါက်သွားတော့သည်။

ခန္ဓာကိုယ်၌ရရှိသောဒဏ်ရာနှင့် စိတ်၌ရရှိသော ဒဏ်ရာ နှစ်ခု ပေါင်းမိသွားသဖြင့် သူ့နှုတ်မှ သွေးများ ပွက်ခနဲ အန်ကျလာသည်။

သူမ၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွားကာ မော့ ထားသော ဦးခေါင်းသည်လည်း မြေပေါ်သို့ ဆတ်ခနဲကျ သွားလေတော့သတည်း။

☆

အခန်း(၃၆)

ခရီးတစ်ထောက်

မြင်းဖြူကြီးသည် လူနှစ်ယောက်၏ ဝန်ကို ကျောတွင် တင်လျက် ခရီးပြင်း နှင်နေရသော်လည်း တစ်စက်ကလေး မျှပင် မောဟိုက် နွမ်းနယ်ပုံ မရပေ။

အားနှင့် မာန်နှင့်ရှေ့သို့သာ ဦးတည် စိုင်းနှင်လျက် ရှိနေလေသည်။

နေမွန်းတည့်ချိန်လောက် ရောက်သောအခါ မြင်းဖြူ ကြီးသည် စင်နန်မြို့နှင့် လီပေါင်း တစ်ရာခန့် ကွာဝေး သော တောင်ဘက်အရပ်ဆီသို့ ရောက်ရှိလာသည်။

သူတို့၏ ညာဘက်တွင်မူ စန်းတုန် တောင်တန်းကြီးကို မှိုင်းမှိုင်းပျပျလှမ်း၍ မြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



စန်းတုန်တောင်တန်းမှာ စင်နန်မြို့၏ မြောက်ဘက်တွင် ရှိသဖြင့် သူတို့သွားနေသောခရီးနှင့်ဆိုလျှင် ဆန့်ကျင်ဘက် ဝေး၍ ကျန်ရစ်ခဲ့သည်။

ယန်းစုကျုံးသည် အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေး ဇေါ်ဆောင်ရာနောက်သို့ မဘာဏ်သာသဖြင့် လိုက်လာခဲ့ရ သော်လည်း ညီမလေးတစ်ယောက်သဖွယ် သံယောဇဉ်ဖြစ် နေရသော လူချန်ဟွာအတွက် လွန်စွာစိတ်မကောင်း ဖြစ် နေမိသည်။

အကယ်၍သာ လူချန်ဟွာသည် ထိုနေရာတွင်တစ်စုံတစ်ခု သော ဒဏ်ရာကြောင့် ပွဲချင်းပြီး သေဆုံးခဲ့လျှင် ဟူသော အတွေးကလည်း သူ့စိတ်ကို အရိပ်ပမာ လိုက်၍ ခြောက် လှန့်နေသည်။

ထို့ကြောင့် သူ့အမူအရာမှာ မရွှင်မလန်း ညှိုးနွမ်းနေ သည်။

ဝတ်စုံစိမ်းနှင့် မိန်းကလေးသည် ယန်းစုကျုံး၏မကြည် သောမျက်နှာကိုတွေ့လိုက်ရလျှင် သူမမျက်နှာကလေး သည် ချက်ချင်းညှိုးကျသွားသည်။

'အစ်ကိုရယ်၊ မျက်နှာလဲ မသာပါလား၊ ဘာဖြစ်လို့ လဲဟင်'

'လူချန်ဟွာဟာ အစ်ကို့ရဲ့မိတ်ဆွေကောင်းတစ်ယောက် ပါ မိန်းကလေး၊ သူ့ခုလိုဖြစ်ရတာ အစ်ကိုလုံးဝစိတ်မကောင်း



ဘူး၊ ဒဏ်ရာရနေတုန်း ထားပစ်ခဲ့တာဟာ ဘယ်မှာ မိတ် ဆွေကောင်း ပီသပါတော့မလဲ'

ဝတ်စုံစိမ်းနှင့် မိန်းကလေးက ပျာပျာသလဲ ပြန်ပြော လိုက်သည်။

'ကျွန်မကိုတော့ အထင်မလွဲလိုက်ပါနဲ့ရှင်၊ ကျွန်မသူ့ကို ဘာမှ မလုပ်လိုက်ပါဘူး'

'ဒါဆိုရင် သူဘာလို့ လဲကျသွားရတာလဲ၊ ပြီးတော့ သူ့မှာ ပြင်းထန်တဲ့ အတွင်းဒဏ်ရာတစ်ခုရသွားပုံပဲ'

'ဒါတော့ ကျွန်မကိုယ်တိုင်လဲ မသိပါဘူးရှင်၊ သူလဲကျ သွားတော့ ကျွန်မ ဆာတော်ကို အံ့အားသင့် သွားမိပါ တယ်'

'ဒါဆိုရင် သူ့ကို မင်းဘာယ်လိုမြင်သလဲ'

အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးက ခဏမျှစဉ်းစား ပြီး ပြန်ပြောလိုက်သည်။

'သူ့ကိုဘယ်လို မြင်သလဲ ဟုတ်လား၊ ကျွန်မမြင်တာက တော့ သူဟာ ကလေးဆန်တယ်၊ အစ်ကို့အပေါ် သိပ် သံယောဇဉ်ကြီးနေတယ်၊ ကျွန်မ နောက်ကို အစ်ကိုလိုက် သွားမှာကို သိပ်စိုးရိမ်နေတယ်၊ ဒါတွေပါပဲ'

'မင်းနဲ့လိုက်သွားမှာကို သူဒီလောက် စိုးရိမ်မှာ မဟုတ် ပါဘူး'

မိန်းကလေးကပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကဘာသိမှာလဲ၊ ကျွန်မတို့ မိန်းမချင်း ကဒေါ့ သူ့မျက်လုံးကိုကြည့်လိုက်တာနဲ့ သူဟာ အစ်ကို့အပေါ်မှာ ဘယ်လောက် သံယောဇဉ် ကြီးမားတယ်ဆိုတာ ခန့်မှန်းလို့ ရတယ်'

ယန်းစုကျုံးသည် သက်ပြင်းကို ခပ်မျှဉ်းမျှဉ်း ချပြီး ပြန်ပြောလိုက်သည်။

'အစ်ကိုလဲသူ့ကို သံယောဇဉ်ရှိပါတယ်ကွယ်၊ ကိုယ့်ညီမလေးတစ်ယောက်လိုလဲခင်ပါတယ်'

'ဒါတွေစဉ်းစားမနေပါနဲ့အစ်ကို၊ သူ့မျက်နှာကိုကြည့်ရင် ကျွန်မကောင်းကောင်း ခန့်မှန်းလို့ရပါတယ်၊ သူ့မှာ အသက်အန္တရာယ် ထိခိုက်လောက်တဲ့ ဒဏ်ရာမရနိုင်ပါဘူး'

'ဟင်....တကယ်ပြောတာလား'

ယန်းစုကျုံးက အစိမ်းရောင် ဝတ်စုံနှင့် မိန်းကလေး၏ စကားကြောင့် အနည်းငယ် - စိတ်သက်သာရာ ရသွားဟန် ဖြင့် မေးလိုက်သည်။

'ကျွန်မ အစ်ကို့ကို ဘယ်တော့မှ မလိမ်ပါဘူးရှင်'

ယန်းစုကျုံးသည် စိတ်လက် ပေါ့ပါးသွားကာ ပြုံးနိုင် ရွှင်နိုင်ဖြစ်လာသည်။

☆

အခန်း (၃၇)

မျက်နှာစိမ်း သိုင်းသမား

ထမင်းအိုးတစ်လုံးကျက်မျှ သူတို့ ခရီးဆက်မိကြလျှင် ရွာကြီးတစ်ရွာသို့ ရောက်ရှိလာကြသည်။

ထိုရွာမှာ ခရီးသွားခရီးလာများ ဖြတ်သန်းသွားလာ ခရီးတစ်ထောက်နားရာ ရွာကြီးဖြစ်ကြောင်း ထမင်းဆိုင် ကြီး တစ်ဆိုင်နှင့် ခေါက်ဆွဲဆိုင် တစ်ဆိုင်ရှိသည်။

ယန်းစုကျုံးက အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးကို ပြောလိုက်သည်။

'ကဲ....မိန်းကလေး၊ ကျုပ်တို့ ဒီရွာမှာ ခဏတဖြုတ် နားရင်း ထမင်းစားကြရင် မကောင်းဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက သူ့ကို တစ်ချက်ပြန်လှည့်ကြည့်ပြီး မေး လိုက်သည်။

'အစ်ကို သိပ်ပြီး ပင်ပန်းနေပြီလား'

'ပင်ပန်းလှတယ်တော့ မဟုတ်ပါဘူးလေ၊ ဒါပေမယ့် ဒီတိုင်းတို့ခရီးဆက်ရင် နေကသိပ်ပူတယ်၊ နေ နည်းနည်း ပါးပါး အေးမှ ခရီးဆက်ကြရင် မကောင်းဘူးလား'

'အစ်ကို့ သဘောပဲလေ၊ ကျွန်မလဲ ရေနည်းနည်းဆာ နေတာနဲ့ ပိုအဆင်ပြေသွားတာပေါ့'

သူမ၏ ခွင့်ပြုချက်ရရှိသည်နှင့် သူတို့သည် ထမင်းဆိုင် ကြီး တစ်ဆိုင်ရှေ့တွင် မြင်းဖြူကြီးကို ရပ်တန့်လိုက်ပြီး ထမင်းဆိုင်ထဲသို့ ဝင်လိုက်ကြသည်၊

သူတို့နှစ်ယောက်ထမင်းဆိုင်ထဲသို့ဝင်မိသည်နှင့်အရောင်း စာရေးသည် သူတို့ထံသို့ အပြေးကလေး ရောက်ရှိလာက မိန်းကလေးကို အကြိမ်ကြိမ် ဦးညွတ်ဂါရဝပြုသည်။

'သခင်မလေး.... ဘယ်က ကြွချီလာပါသလဲ၊ အလို တာ အမိန့်ရှိပါခင်ဗျား၊ ဒီက ဆရာလေးလဲ ခိုင်းစရာ ဘာ ခိုင်းပါ'

အရောင်းစာရေး၏ ဆက်ဆံပုံကို တွေ့မြင်ရသော ယန်းစုကျုံးသည် မိန်းကလေးမည်သို့ထူးခြားလာမည် ဟု အကဲခတ်လိုက်၏။



မိန်းကလေးကမူ သူမသည် မြို့စားကြီး၏သမီး စန်းကွမ်လင်း နှင့် ရှပ်ချင်းရွှေးမရအောင် တူသောကြောင့်သာ သူမ အား သခင်မလေးဟု ခေါ်ခြင်းဖြစ်မည်ဟု ယူဆကာ ခပ် မဆိတ်ပင် ငြိမ်နေသည်။

ယန်းစုကျုံးက သူ့ကိုယ်စား အစားအသောက်များကို မှာကြားလိုက်သည်။

အရောင်းစာရေးသည် နောက်ဘေးရှိ အိမ်ဘက်ဆီသို့ ပြေးထွက်သွား၏။

သူ ပြန်လာသောအခါ အဝတ်အစား သန့်သန့်ပြန့်ပြန့် ဝတ်ဆင်ထားသော မိန်းကလေးနှစ်ယောက် ပါလာသည်။ ထိုမိန်းကလေးနှစ်ယောက်သည် အစိမ်းရောင်ဝတ်စုံနှင့်မိန်း ကလေးရှေ့သို့ ရောက်ရှိလာကာ အရိုအသေပေးကြသည်။

'သခင်မလေးတို့အတွက် အကောင်းဆုံး နံနက်စာကို ပြင်ဆင်ဖို့ စီစဉ်နေပါပြီရှင်၊ တခြားအလိုရှိတာရှိရင်ကျွန်မ တို့ကို ခိုင်းပါ'

ယန်းစုကျုံးက မေးလိုက်သည်။

'ညီမ....ဘာစားချင်သေးသလဲ၊ ပြောလေ'

'ညီမကတော့ ထမင်းမစားချင်ဘူး၊ သစ်သီးရရင်တော့ စားချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



သူမ ထိုသို့ ပြောလိုက်စဉ်မှာပင် မိန်းကလေးနှစ်ယောက် အနက်မှ တစ်ယောက်က လှစ်ခနဲထွက်သွားသည်ကို တွေ့လိုက်ရသည်။

မကြာမီ စားဖိုဆောင်မှ ဟင်းလျာမျိုးစုံ ပိုသည့် ထားသော လင်ပန်းကြီး တစ်ချပ်ကို လူနှစ်ယောက်မှ သယ်လာပြီး ယန်းစုကျုံးတို့စားပွဲတွင် ခင်းကျင်းထားလိုက်သည်။

ခဏအကြာတွင် စောစောက ထွက်သွားသော မိန်းကလေးသည် သစ်တော်သီး၊ ပန်းသီး၊ သြဇာသီးများ အပြည့်ထည့်ထားသော လင်ပန်းတစ်ချပ်ကို စားပွဲပေါ်တွင် လာ၍ တင်ပေးသည်။

ထိုစဉ်တွင် သူတို့စားပွဲနှင့် တစ်ခုံကျော်တွင် လူရွယ်သုံးယောက်သည် အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေကြသည်။

သူတို့အကြည့်မှာ ရန်လိုသောအကြည့်မျိုး မဟုတ်ဘဲ သူမ၏ အလှကွန်ယက်တွင် ယစ်မူးသောအကြည့်ဖြင့် ကြည့်နေကြခြင်း ဖြစ်သည်။

ထိုအချက်ကို ယန်းစုကျုံး ချက်ချင်း သတိပြုမိလိုက်ပေသည်။

ယန်းစုကျုံးသည် အရောင်းစာရေးကို မျက်ရိပ်မျက်ခြည် ပြကာ လှမ်းခေါ်လိုက်သည်။



စာရေးအနားသို့ ရောက်လာသောအခါ နားနားကပ်၍ တီးတိုးစကား ပြောလိုက်သည်။

အရောင်းစာရေးလည်း ပျာပျာသလဲဖြင့် တစ်ဖက် ခုံတွင် ထိုင်နေသော လူသုံးယောက်အနီးသို့သွားကာ တီးတိုးစကား ဆိုလိုက်သည်။

ထိုတဒင်္ဂအတွင်းမှာပင် တစ်ခုံကျော်တွင်ထိုင်နေကြသော လူသုံးယောက်၏မျက်နှာများမှာ အထိတ်တလန့်ဖြစ်သွားကြသည်။

ထို့နောက် စားလက်စ အစားအသောက်များကို ဆက်လက် စားသောက်ခြင်း မပြုတော့ဘဲ စားသောက်စရိတ်ကို ရှင်းကာ ထမင်းဆိုင်အတွင်းမှ ကတိုက်ကရိုက် ထွက်ခွာသွားကြလေတော့၏။

ထိုအချင်းအရာကို မြင်မိလျှင် အစိမ်းရောင်ဝတ်စုံနှင့်မိန်းကလေးက ယန်းစုကျုံးကို မေးလိုက်သည်။

'အစ်ကို....ဟိုဘက် တစ်ခုံကျော်က လူတွေ တစ်ခုခုကို ကြောက်၍သွားပုံရတယ်၊ စားလက်စ အစားအသောက်တွေကိုတောင် ကုန်အောင် စားမသွားကြဘူး၊ ကတိုက်ကရိုက်နဲ့ ထွက်ပြေးကုန်ကြတယ်၊ အဲဒါ ဘာဖြစ်လို့လဲဟင်'

ယန်းစုကျုံး တစ်ချက်ပြုံးပြီး ရှင်းပြသည်။

'သူတို့ ဘယ်နေရဲတော့မလဲ၊ အစ်ကိုက ခုနက အရောင်းစာရေးကို ခေါ်ပြီး ပြောခိုင်းလိုက်တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပြောခိုင်းလိုက်တာလဲ'

'စင့်နန် မြို့စားကြီးရဲ့သမီး စန်းကွမ်လင်းက သူ့ကို ဒီလောက် ရှိုင်းရှိုင်းစိုင်းစိုင်းကြည့်တဲ့အတွက် ဒေါ်ပွနေတယ်၊ ခုဆိုင်ထဲက ထွက်သွားပါလို့'

'ဟယ်...အစ်ကို မကောင်းဘူး၊ အစ်ကိုပြောတော့ စန်းကွမ်လင်းဟာ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့အမျိုးသမီးဆို၊ အဲဒီအမျိုးသမီးနဲ့မှ ညီမကို နှိုင်းရသလား'

'မတတ်နိုင်ဘူးလေ၊ဒီလိုမှမလုပ်ရင် အဲဒီသုံးယောက်ဟာ ညီမကို အစိမ်းလိုက် စားကြတော့မယ့်အတိုင်း ကြည့်နေကြတာကိုး'

'တော်စမ်းပါ၊ အစ်ကိုကလဲ ပေါက်ပေါက်ရှာရှာ သူတာသာသူ ကြည့်တာ အစ်ကိုနဲ့ ဘာဆိုင်တာ မှတ်လို့လဲ'

ယန်းစုကျုံး ရင်ထဲတွင် အောင့်သက်သက်ဖြစ်သွားရလေသည်။

'အစ်ကိုနဲ့မဆိုင်ဘူးဆိုရင်လဲ နောက် မပြောတော့ပါဘူးကွာ'

သူက လက်ထဲတွင် ကိုင်ထားသော ကြက်သားကြော်ကို ပန်းကန်ထဲသို့ ပြန်ထည့်ရင်း စိတ်ဆိုးမာန်ဆိုးပြောလိုက်သည်။

ယန်းစုကျုံး စိတ်ဆိုးသွားမှန်း သိလိုက်ရသောအခါ အစိမ်းရောင်ဝတ်စုံနှင့်မိန်းကလေးက ချော့မော့သော မျက်နှာလေးနှင့် ပြန်ပြောသည်။



'အလကားပြောတာပါ အစ်ကိုရယ်၊ တစ်ခါတည်းမျက်နှာကြီးက ပုပ်သွားလိုက်တာ၊ ညီမအပေါ်မှာ အစ်ကို ဒီလောက် ဂရုတစိုက်ရှိတာကို ညီမ သိပ်ကျေနပ်တာပဲ၊ တစ်သက်လုံး ဒီလိုပဲ ဂရုတစိုက်ရှိပါစေလို့ ဆုတောင်းပါတယ် အစ်ကို'

ထိုအခါမှ ယန်းစုကျုံးမျက်နှာက ပြန်လည်ရွှင်ပျလာသည်။

'ကဲ... ညီမ၊သစ်သီးစားမယ်ဆို စားလေ၊ အချိန်က သိပ်မရှိဘူး၊ အစ်ကိုတို့ ခရီးဆက်ကြရဦးမယ် မဟုတ်လား'

သူတို့နှစ်ယောက်သည် အရောင်းစာရေး ဦးစီး၍ တည်ခင်းသော စားသောက်ဖွယ်ရာများကို မြိန်ရေယှက်ရေ စားသောက်လိုက်ကြသည်။

ပြီးလျှင် အရောင်းစာရေးကိုခေါ်၍ စားသောက်စရိတ်ကို ရှင်းပေးသည်။

အရောင်းစာရေးက မိမိတို့မြို့စားကြီး၏သမီး သခင်မလေးကို ကျွေးမွေးဂုဏ်ပြုခွင့် ရသည့်အတွက် ကျေးဇူးတင်ကြောင်း....

စားသောက်စရိတ်ကို မယူလိုကြောင်း၊ နောက်နောင်တွင်လည်း အချိန်အခါမရွေး ဝင်ရောက် သုံးဆောင်နိုင်ပါကြောင်း ရှိကျိုးစွာ ပြောကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ အရှေရာင်း စာရေးနှင့် စကားပြောနေစဉ်မှာပင် ခပ်လှမ်းလှမ်းဆီမှ ဒုန်းစိုင်းပြေးနှင်လာသော မြင်းခွာသံများကို ကြားလိုက်ရသဖြင့် သူတို့နှစ်ယောက်သည် စားပွဲ၏ ကုလားထိုင်များတွင် ပြန်ထိုင်ကာ ဆိုင်ရှေ့သို့ တစ်ချက်၊ အကဲခတ် ကြည့်ရှုလိုက်သည်။

အရောင်းစာရေးလည်း သူ့တာဝန် ကုန်ဆုံးသွားပြီဖြစ်၍ သူ့တာဝန်ရှိရာ ပြန်ထိုင်သည်။

☆

## အခန်း(၃၈)

## မိုက်မဲသောတပည့်

ခဏအကြာတွင် တံခါးပေါက်နှင့် တည့်တည့် နေရာတွင် မြင်းသုံးစီး ရပ်တန့်သွားသည်ကို တွေ့လိုက်ရသည်။

မြင်းစီးသမား သုံးယောက်သည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်ကြသည်။

မြင်းများကိုလည်း မြင်းချည်တန်းတွင် ချည်နှောင်လိုက်သည်။

ထို့နောက် သူတို့ကိုယ်ပေါ်တွင် ကပ်ငြိနေသောဖုန်များကို ခါကာ ဆိုင်တွင်းသို့ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်မိန်းကလေးသည် ထိုလူများကို မြင်လိုက်ရသည်နှင့် အဆင့်မြင့် သိုင်းသမားများဖြစ်ကြောင်း သိလိုက်သည်။

ယန်းစုကျုံးကမူ မည်သို့မျှ မှခန့်မှန်းတတ်ပေ။ သို့သော် နောက်ကျော၌လွယ်ထားသည့်ဓားများကြောင့်သိုင်းသမားများဖြစ်ကြောင်း ရိပ်မိသည်။

ရှေ့ဆုံးမှ ဝင်ရောက်လာသူမှာ အသက်ခြောက်ဆယ် နီးပါးမျှရှိသော အဘိုးအိုတစ်ယောက် ဖြစ်သည်။

သူက ဆံမြိတ်ကို သေသေသပ်သပ် ထုံးထားသည်။

အသက်အရွယ် ကြီးရင့်ပြီဖြစ်သော်လည်း အသားအရေက စိုပြည်နေသည်။

ဝတ်ဆင်ထားသော ဝတ်စုံမှာ အညိုရောင် ပိုးဖဲကတ္တီပါ ဖြစ်သည်။

ဥပဓိရုပ်ကောင်း၍ တည်ကြည်ခန့်ညားသောရုပ်သွင် ရှိသည်။

သူ့နောက်မှ လိုက်ပါလာသူနှစ်ယောက်မှာ အသက်သုံးဆယ်ဝန်းကျင် လူရွယ်နှစ်ယောက် ဖြစ်သည်။

အညိုရောင် ပိုးဖဲဝတ်စုံများတွင် ခါးစည်းအနီများဖြင့် စည်းနှောင်ထားသည်။

လူရည်သန့်များဖြစ်သော်လည်း သူတို့ မျက်လုံးများက စိတ်ဂနာမငြိမ်ကြောင်း ပြသနေသည်။



သူတို့နှစ်ယောက်၏ ပခုံးပေါ်တွင် လေးပေမျှရှည်လျားသော အဝတ်ထုပ်တစ်ထုပ်စီကို ထမ်းထားကြသည်။

သူတို့သည် ယန်းစုကျုံးတို့ထိုင်နေသော စားပွဲနှင့် မျက်နှာချင်းဆိုင် စားပွဲတွင် ဝင်ထိုင်သည်။

အဘိုးအိုသည် ယန်းစုကျုံးနှင့် အစိမ်းရောင် ဝတ်စုံနှင့် မိန်းကလေး၏ အလှအပတွင် ယစ်မူးကာ အတန်ကြာအောင် ငေးစိုက်ကြည့်နေလိုက်ကြ၏။

ပြီးမှ ယန်းစုကျုံးကိုကြည့်သည်။

ယန်းစုကျုံးသည် သူတို့အတွက် မည်သို့မျှ စိတ်ဝင်စားစရာ မကောင်းသော သတ္တဝါအလား ချက်ချင်း မျက်နှာလွှဲသွားပြီး မိန်းကလေးကိုသာ ပြန်ကြည့်ကြပြန်သည်။

အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးက ယန်းစုကျုံးကို လေသံဖြင့် ပြောလိုက်သည်။

'အစ်ကို၊ ကျွန်မတို့ ဒီက မြန်မြန်သွားကြရအောင်'

ယန်းစုကျုံးက ခေါင်းညိတ်၏။

လူရွယ် နှစ်ယောက်အနက်မှ တစ်ယောက်သည် အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးဆီမှ မျက်လုံးမခွာနိုင်ဘဲဖြစ်နေသဖြင့် တည်ကြည်ခန့်ညားသော အဘိုးအိုက မေးလိုက်သည်။

'ဘယ်လိုလဲ ငါ့တပည့်ကြီး၊ မင်းဘာဖြစ်နေသလဲ'

အမေးခံလိုက်ရသော တပည့်ဆိုသူက ပြန်ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် သူတို့နှစ်ယောက်ကိုကြည့်ပြီး သက်သာမကပါ၊ ဖြစ်နေမိတယ်ဆရာ'

အဘိုးအိုက သူ့တပည့်ကို ပြောလိုက်သည်။

'အေး....မင်းလိုပဲ ငါလဲ သိပ်မသက်သာဘူး၊ ဒါပေမယ့် လက်လွှတ်စပယ်တော့ သွားမလုပ်လိုက်နဲ့နော်'

လူရွယ်သည် အဘိုးအို၏စကားကြောင့် သဘောကျစွာ ရယ်မောလိုက်သည်။

'ဆရာကလဲ တပည့်အပေါ်မှာ ဒါလောက် အထင် မှသေးစမ်းပါနဲ့၊ ဒီကိစ္စတွေက ကျွန်တော့်အတွက် အခေါ အမှားပါ'

အဘိုးအိုက မျက်ခုံးနှစ်ဖက်ကို အထက်သို့ ပင့်တင်ကာ ပြောလိုက်ပြန်သည်။

'ဒီမှာ....ဟေ့ကောင်၊ မင်း သတိထားဖို့က သူတို့ ယောက်ဟာ သိုင်းပညာ လုံးဝမတတ်လူတွေရင်လဲဖြစ်ရမယ် ဒါမှမဟုတ် ထိပ်တန်းသိုင်းသမားတွေရင်လဲဖြစ်ရမယ်၊ ပါ သတိထားပါ'

အဘိုးအို၏ သတိပေးစကားကို ထိုသူဂရုမစိုက်ပေ။

သူက ခပ်ကျယ်ကျယ်ကလေး ပြန်မေးသည်။

သူ့မေးသံကို အားလုံးကြားရသည်။



'ဒါနဲ့ဆရာ၊ စင်နန့်မြို့စားကြီးရဲ့သမီး စန်းကွမ်လင်းဟာ အင်တောန်ချော အင်မတန်လှတယ်လို့ ကြားဖူးတယ်၊ ဆရာကြီးကော သူ့ကိုတွေ့ဖူးသလား'

'အေး....ဟုတ်တယ်၊ ကျုပ် တစ်ကြိမ်တစ်ခါပဲ တွေ့ဖူးတယ်၊ အဲဒါဘာဖြစ်သလဲ'

'အခု ဟိုမှာထိုင်နေတဲ့ မိန်းကလေးနဲ့ စန်းကွမ်လင်းဟာ ဘယ်သူပိုချောသလဲ ဆရာကြီး'

အဘိုးအိုမှာ ယန်းရှကျုံးတို့ဘက် ကြည့်ပြီး အားတုံ့အားနာဖြစ်သွားဟန်ဖြင့် တပည့်ဖြစ်သူကို ငေါက်ငမ်းဟန့်တားလိုက်သည်။

'ဟေ့ကောင်....မင်း ပြောလေကဲလေပါလား၊ မင်း.... ပါးစပ် ပိတ်ထားလိုက်စမ်း'

သိုင်းလောက အတွေ့အကြုံ များသော အဘိုးအိုသည် တပည့်ဖြစ်သူ၏ အရိုင်းအကဲနားမလည်မှုကို စိတ်ဆိုးမိသည်။

သိုင်းလောကသားများသည် ဆရာသမားကို မိဘထက် ပင် ပို၍ကြောက်ရွံ့ကြသည်။

ယခုမူ သူ့တပည့်သည် တစ်ကြိမ်ထက်တစ်ကြိမ် ထပ်တွန့်တက်နေသည်။

အဘိုးအို၏လေသံ တင်းမာခက်ထန်လာသည့်တိုင် တပည့်ဖြစ်သူက ကြောက်ရလန့်ရမှန်း မသိသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို အနီးသို့ ခုံကိုတိုးကပ်ရွှေ့ထိုင်ကာ ခပ်တိုးတိုး လှမ်းပြောသည်။

'ဆရာကြီး အာသီသွိုလဲ၊ မိန်းကလေးနဲ့ ထိုင်နေတဲ့ လူဟာ မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်းစာ ပျောက်သွားတဲ့ လူပေါ့ ဆရာကြီးရဲ့'

ထိုစကားကို ကြားလိုက်ရသောအခါ၊ အဘိုးအို၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး လေသံတိုးတိုးဖြင့် ပြန်မေးလိုက်သည်။

'မင်းဟာ သေချာရဲ့လားကွ'

'သေချာပါတယ် ဆရာကြီးရယ်၊ အဲ.... ကွာခြားချက်တစ်ခုပဲရှိတယ်၊ ဟိုနေ့က ဒီလူငယ်ဟာ အဝတ်အစား စုတ်စုတ်ပြတ်ပြတ်တွေ ဝတ်ဆင်ထားတယ်၊ အခု သူ့မှာ အဝတ်အစား တောက်တောက်ပြောင်ပြောင် ဖြစ်လာတယ်'

အဘိုးအိုသည် ယန်းစုကျုံးအား မသိမသာ အကဲခတ်ပြီး စဉ်းစားနေ၏။

အဘိုးအို အချိန်ယူ စဉ်းစားနေခြင်းကို စိတ်မရှည်ဟန်ဖြင့် တပည့်ဖြစ်သူက ညီ နေရာမှ ဆတ်ခနဲ ထလိုက်လေ၏။

'ဆရာကြီး ကျွန်တော်ပြောတာမယုံဘူးလား၊ ဒါဆိုရင် ကျွန်တော် သူ့ကို သွားမေးလိုက်ရမလား'

'ဟေ့....ဟေ့၊ မင်းအရမ်း စွတ်မလုပ်လိုက်နဲ့ဦးကွ၊ တို့ဒီတစ်ခေါက်လာတာက စင်နန်မြို့ရဲ့ အခြေအနေကို ဂဂ



လာဖို့ လာတာ၊ မင်းက ကိုယ့်ကိစ္စ မပြီးသေးဘဲ ဘာပြဿနာသွားရှာဦး မလို့လဲ'

'ဘာမှ ပြဿနာမလုပ်ပါဘူး ဆရာကြီးရဲ၊ ကျွန်တော်က မေးရုံလောက် မေးမှာပါ၊ သူတို့နဲ့ရန်ဖြစ်ဖို့ မဟုတ်ပါဘူး'

လူရွယ်မှာ ဆရာကြီးဆိုသူ၏ခွင့်ပြုချက်မရပဲ ယန်းစုကျုံးဆီသို့ လျှောက်သွားလေ၏။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

### တိမ်တောက် လက်ညှိုး တိုက်ကွက်

ယန်းစုကျုံးသည်လူရွယ်က သူ့ဆီသို့လျှောက်လာနေသ[ည] ကို သိနေသော်လည်း သူကမသိဟန်ဆောင်နေလိုက်သ[ည်]။

သူ့စိတ်ထဲတွင်မူ....

'အင်း...ပြဿနာတစ်ခုတော့ ရင်ဆိုင်ရတော့မှာပဲ'

ဟုလည်း တွေးမိသည်။

လူရွယ်သည် သူ့အနီးသို့ ရောက်သည်နှင့် လက်[သီး] ဖက်ကို ဆုပ်ကိုင်ကာ အရိုအသေပေးပြီး ယန်းစုကျုံ[းအား] နှုတ်ဆက်လိုက်သည်။



'ကျွန်တော် နာမည် ရှန်ဝေးပါခင်ဗျာ၊ သက်တန့်ဇရာင် စားသမား ချန်စုဟိုရဲ့တပည့်ပါ၊ ဗိုက်ညီငယ်ရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲ'

ယန်းစုကျုံးသည်ထိုလူကို နှစ်မြို့ခြင်းလုံးဝမရှိသော်လည်း သိုင်းလောက ထုံးစံအရ ထိုင်ရာမှထပြီး အရိုအသေပေး၏။ ထို့နောက် ခပ်မြတ်မြတ်ပင် မြန်ပြောလိုက်သည်။

'ကျုပ်နာမည် ယန်းစုကျုံးလို့ ခေါ်ပါတယ်'

ရှန်ဖေးဆိုသူသည် အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေး ကိုကြည့်ကာ မေးလိုက်ပြန်သည်။

'ဒီက ညီမနာမည်ကကော ဘယ်လိုခေါ်ပါသလဲ၊ သိ ပါရစေလား'

မိန်းကလေးသည် လူရွယ်ကို ပြန်လည် စကားပြောလိုလို ဟန် မရှိသဖြင့် ယန်းစုကျုံးဘက်သို့ လှည့်ကြည့်လိုက်သည်။

သူမ၏အကြည့်က အစ်ကိုပဲကြည့်ပြောလိုက်ပါ ဟုသည့် သဘောပင် ဖြစ်သည်။

ယန်းစုကျုံးသည် သူမ၏ အမည်နှင့်ဇာတိဇာစ်မြစ်ကို သူ ကိုယ်တိုင်ပင်မသိ ဖြစ်နေရကား နာမည်ကိစ္စကို စကားထဲ ထည့်မပြောတော့ချေ။

သိလည်း ပြောရန် စိတ်မကူးပေ၊ သူက လိုရင်းကိစ္စကို သာ တဲ့တိုး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ... အစ်ကိုကြီးရှန်ဝေး၊ ကီစွတ်ခုခုများ ရှိပါသလား၊ ကီစွရှိရင် ကျွန်တော့်ကိုပဲ ပြောနိုင်ပါတယ်'

ရှန်ဝေးသည် ညှိုးမှိုင်ချောမောလှပသော မိန်းကလေးအား သူ့ကို အရေးတယူလုပ်ကာ စကားမပြောဘဲနေသဖြင့် ရှက်သွားမိသည်။

မိန်းကလေးအစား ယန်းစုကျုံးက ဝင်ရောက်ပြောဆိုခြင်းကိုလည်း မကျေမနပ်ဖြစ်သွားသည်။

'ကောင်းပြီလေ၊ ကျုပ် ညီမောင့်ကို မေးစရာတစ်ခုရှိပါ'

'ဘာများပါလိမ့်'

'လွန်ခဲ့တဲ့ သုံးရက်လောက်တုန်းက ယန်ထိုင်မြို့ကထမင်းဆိုင်တစ်ဆိုင်မှာ ညီငယ်ကို စင်နန်နယ်စားကြီးရဲ့သမီး စုံကျွမ်းလင်းနဲ့အတူ တွေ့လိုက်မိတယ်ထင်ပါတယ်၊ အဲဒါ ဟုတ်ပါသလား'

ယန်းစုကျုံးက ရှန်ဝေးသည် ထိုကိစ္စကိုမည်သည့်အတွက် မေးမြန်းမှန်းမသိရသဖြင့် အမှန်အတိုင်းပင် ပြန်ပြောလိုက်သည်။

'ဟုတ်ပါတယ်၊ ဘယ်လိုကိစ္စများ ရှိလို့ပါလိမ့်'

ထိုစဉ် အဘိုးအိုသည် သူတို့ရှိနေရာဆီသို့ လှမ်းကြည့်လိုက်သည်။



ရှန်ဝေးက ယန်းစုကျုံးကို လေသံပျော့ပျော့ဖြင့် မေးလိုက်သည်။

'ဒီမှာသူငယ်... အဲဒီတုန်းက စုံကျွမ်းလင်းရဲ့ကိုယ်ရံတော်တပ်ဖွဲ့ခေါင်းဆောင် ဝမ်ယုကို မင်းဆီက မိစ္ဆာဂိုဏ်းနဲ့သိုင်းကျွမ်းစာ ပျောက်ဆုံးသွားခဲ့တယ်လို့ ပြောခဲ့တယ်မဟုတ်လား'

'ဟုတ်တယ်၊ ကျုပ်ပိုင်တဲ့မိစ္ဆာဂိုဏ်းရဲ့သိုင်းကျမ်းပျောက်သွားတယ်၊ ဘာလဲ... ခင်ဗျားက ကူရှာပေးပါလို့ မေးတာလား'

'ဟား...ဟား...ဟား...ဟုတ်ပြီ ဟုတ်ပြီ၊ မင်းက ကူရှာပေးစေချင်လဲ ကူရှာပေးရတာပေါ့ကွာ'

ရှန်ဝေးက ပြောင်လှောင် သရော်နေချေပြီ၊

အကျိုးစီမံ၀တ်စုံ ဝတ်ဆင်ထည့်မိန်းကလေးသည် အခြေအနေ မတင့်မမာ လိုသဖြင့် ယန်းစုကျုံး၏လက်ကို လှမ်းကိုင်ကာ ပြောလိုက်သည်။

'ကဲ...အစ်ကို ကျွန်မတို့ ခရီးဆက်ဖို့ ကိစ္စရှိသေးတယ်၊ တော်ကြာ ကျွန်မတို့ သင်္ဘောနောက်ကျသွားလိမ့်မယ်'

သူမသည် ပြောပြော ဆိုဆိုပင် ယန်းစုကျုံး၏လက်ကိုဆွဲကာ ထိုင်နေရာမှ ထသည်။

'မင်း ဒီလိုထွက်လို့ ရမလားကွ'

ရှန်ဝေးက မောက်မာစွာ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးမှာ သိုင်းပညာကောင်းစွာ မတတ်ခဲ့သော်လည်း ဤသို့ တင်တင်စီးစီး ဆက်ဆံမှုမျိုးကို ကြောက်ရွံ့တတ်သူ မဟုတ်ပါ။

'ခင်ဗျားဘယ်လိုလူလဲ၊ စကားပြော တယ်ရိုင်းစိုင်းပါလား'

ထိုသို့ ပြောလိုက်စဉ်မှာပင် ရှန်ဝေးသည် ညာဘက်လက်ကို ရှေ့သို့ဆန့်ထုတ်ကာ ယန်းစုကျုံး၏မျက်နှာကို ကုတ်ချလိုက်သည်။

အမှန်မှာ ရှန်ဝေးသည် ယန်းစုကျုံးကို တကယ် တိုက်ခိုက်ခြင်း မဟုတ်ဘဲ ဟန်ပြလောက်သာ တိုက်ခိုက်ခြင်း ဖြစ်သည်။

ယန်းစုကျုံးသည် သူ့ကိုတကယ်တိုက်ခိုက်သည်ဟု ထင်ကာ ဘေးသို့ခြေတစ်လှမ်းခွဲ၍ ရှောင်လိုက်ကာ ရှန်ဝေး၏ ရင်ဝကို ဘောင်ဖြိုလက်သီးဖြင့် ထိုးချလိုက်သည်။

ရှန်ဝေးသည် ယန်းစုကျုံး၏ သိုင်းကွက်ကိုတွေ့သောအခါ ယန်းစုကျုံးအား အထင်သေးသွား၏။

အဘယ်ကြောင့်ဆိုသော် ယန်းစုကျုံး၏ တန်ပြန်သိုင်းကွက်မှာ လွန်စွာ အဆင့်နိမ့်ပြီး အခြေခံအဆင့်မျှသာ ဖြစ်ကြောင်း သိလိုက်ရသောကြောင့်ပင်။

'ဟား....ဟား....ဟား....ဟား မင်းပညာက ဒါအကုန်ပဲလားကွ'



ရှန်ဝေးက ပြောပြောဆိုဆိုနှင့် ရှေ့သို့ ခြေတစ်လှမ်းတိုးတက်ကာ ယန်းစုကျုံး၏ လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက်သည်။

အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးသည် ရှန်ဝေး၏ သိုင်းပညာအဆင့်ကို ကောင်းစွာ အကဲခတ်မိသဖြင့် ယန်းစုကျုံးအတွက် စိုးရိမ်သွားသည်။

သူမသည် ယန်းစုကျုံး၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားသော ရှန်ဝေး၏ လက်ကောက်ဝတ် သွေးကြောနေရာကို လက်ညှိုးဖြင့် ဆတ်ခနဲတောက်လိုက်သည်။

ရှန်ဝေးသည် ယန်းစုကျုံးဘက်မှ မိန်းကလေးက အကူအညီပေးသည်ကို တွေ့လိုက်ရသောအခါ မည်သို့မျှ အလေးမထားဟန်ဖြင့် တဟားဟားရယ်မောကာ စကားပြောမည်ပြုလိုက်သည်။

'ဟေ့ ညီမ....မင်း....'

သူ့စကား ဆုံးအောင် မပြောလိုက်နိုင်မီမှာပင် သူ့လက်ကောက်ဝတ်မှ သွေးကြောတစ်ခုသည် စစ်ခနဲနာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။

သူက အထိတ်တလန့်ဖြစ်ကာ သူ့လက်ကောက်ဝတ်ကို ပြန်ကြည့်လိုက်သည်။ ယန်းစုကျုံးကိုလည်း လက်လွှတ်လိုက်ရသည်။

သူ့လက်ကောက်ဝတ်၏သွေးကြောတစ်နေရာတွင် သွေးများ စို့နေသည်ကို တွေ့လိုက်ရသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ယန်းစုကျုံးနှင့် မိန်းကလေးကို စတွေ့စဉ်အချိန်က ယန်းစုကျုံး အပေါ်တွင် သူအတော်ကလေး အထင်ကြီးမိသည်။

သူအထင်ကြီးလောက်သည့် အကြောင်းလည်း ရှိသည်။ ယန်းစုကျုံးသည် မိစ္ဆာဂိုဏ်း၏ သိုင်းကျမ်းစာပျောက်ဆုံးခဲ့ရသူ ဖြစ်သောကြောင့် မိစ္ဆာဂိုဏ်း၏ သိုင်းပညာကို တတ်ကျွမ်း ထားသူဟုလည်း သူ့စိတ်တွင် မှတ်ယူထားသည်။

ထိုမျှမက ယန်းစုကျုံး၏ ကိုယ်လုံး ကိုယ်ပေါက်မှာ သာမန်အားဖြင့် ကြည့်မည်ဆိုပါက အဆင့်မြင့်သိုင်းသမားပုံပေါက်နေသည်။ ထို့ကြောင့်လည်းယန်းစုကျုံးအပေါ်တွင် သူအထင်ကြီးခဲ့ခြင်းဖြစ်သည်။

သို့သော် ယန်းစုကျုံးနှင့်အတူရှိနေသော မိန်းကလေးကိုမူ သိုင်းပညာ လုံးဝတတ်ကျွမ်း လိမ့်မည်ဟု မထင်မှတ်ခဲ့ပေ။

အခန်း(၄၈)

မပြည့်အိုး၊

မိန်းကလေးသည် သိုင်းသမားတစ်ယောက်၏ဟန်ပန်မျိုးမရှိပေ။ ရုပ်ရည်သွင်ပြင်မှာ လှပ်စွာ အတက်တန်းကျပြီး ချောမော လှနေ၏။

မျက်နှာသွင်ပြင်ကလည်း အမြဲလိုပင် ချိုသာနေလောကြောင့် သိုင်းပညာ တတ်မြောက်ထားသော မိန်းကလေး တစ်ယောက်နှင့် လုံးဝမတူဘဲ ရှိနေသည်။

သူလက်တွေ့ ခံစားလိုက်ရသော အခါမှ မိန်းကလေး၏ သိုင်းပညာမှာ ထိပ်သီးအဆင့်ဘွင်ရှိနေကြောင်း သိရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အနေဖြင့် ဘာ ဆက်လုပ်ရမှန်း မသိအောင် ငေး ကြောင် သွားမိသည်။

မိန်းကလေးသည် လက်ညှိုးသိုင်းကွက် တစ်ကွက်တည်း နှင့်ပင် သူ့ကိုအနိုင်ရလိုက်သော်လည်း ဆက်လက်တိုက်ခိုက် ခြင်း မပြုတော့ဘဲယန်းစုကျုံးအား တောင်းပန်ရင်းအပြင် သို့ ဆွဲခေါ်လေ၏။

'အစ်ကို...သွားကြပါစို့နော်၊ ကျွန်မသူတို့နဲ့ ရန်မဖြစ် ချင်ဘူး အစ်ကိုရယ်'

ယန်းစုကျုံးသည် ရှန်ဝေး အပေါ်တွင် မကျေမနပ် ဖြစ်မိသော်လည်းရှန်ဝေးကို မိမိတတ်ကျွမ်းထားသောသိုင်း ပညာဖြင့် မည်သို့မျှယှဉ်ပြိုင်၍ အနိုင်ရမည် မဟုတ်ကြောင်း သိလိုက်ရသဖြင့် ခေါင်းတစ်ချက်ညိတ်ကာ မိန်းကလေး ခေါ်ရာသို့ လိုက်ပါသွားသည်။

ရှန်ဝေးက အော်ငေါက်တားမြစ်လိုက်သည်။

'ဟေ့ကောင်....မင်းမသွားနဲ့ဦး၊ မင်းဒီလိုထွက်သွား ဘယ်ရမလဲ'

ရှန်ဝေးသည် စကားဆုံးသည်နှင့် ယန်းစုကျုံးနောက် ခုန်ဝင်သည်။

အတွင်းအား ထည့်ထားသော လက်ဝါးစောင်း ဖြ ယန်းစုကျုံး၏ ကျောပြင်ကို ဝုန်းခနဲရိုက်ချသည်။



ယန်းစုကျုံးသည် အထိတ်တလန့်ဖြစ်ကာ နောက်သို့လှည့် ကြည့်လိုက်သည်။

ခုခံရန်ကား မတတ်နိုင်ပေ။

သို့သော် အစိမ်းရောင် ဝတ်စုံဖြင့် မိန်းကလေး၏ သိုင်း ပညာအဆင့်ကား လွန်စွာမြင့်မားလှသည်။

သူမ၏နောက်ကျောတွင်မျက်စိနှစ်လုံး ရှိနေသည်ဟုထင် မှတ်လိုက်ရသည်။

သူမသည် နောက်သို့လုံးဝလှည့်မကြည့်ဘဲ ယန်းစုကျုံး၏ နောက်ကျောပေါ်သို့ အရှိန်ပြင်းစွာ ကျရောက် လာသော ရှန်ဝေး၏ လက်ဝါးစောင်းကို 'တိမ်ဖောက်လက်ညှိုး'သိုင်း ကွက်ဖြင့် ပြန်လည် ခုခံလိုက်သည်။

သူမ၏လှုပ်ရှားမှုက မယုံကြည်နိုင် လောက်အောင်ပင် မြန်ဆန်သည်။

ရှန်ဝေး၏ လက်ဝါး အလယ်တည့်တည့်တွင် ရှိသော လိုကုန်းသွေးကြောနေရာသို့သူမ၏ လက်ညှိုးဖြင့် တိတိကျကျ ထောက်နိုင်လိုက်၏။

သူမ၏လှုပ်ရှားမှုက မြန်ဆန်သည်။

ဟန်ပန်က သိမ်မွေ့၏။

သို့သော် ရှန်ဝေး၏ အော်သံကမူ ငယ်သံပါနေ၏။

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး နောက်သို့ ခုန်ထွက် သွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ဝါးအလယ်မှ သွေးများ ယိုစီး ထွက်လာပြီး လက်မောင်းတစ်ခုလုံး ထုံကျဉ် ကိုက်ခဲသော ဝေဒနာကို ခံစားလာရသဖြင့် မျက်နှာကြီး ရှုံ့မဲ့ကာ မိန်းကလေး၏ နောက်ကျောပြင်ကို အထိတ်တလန့်ဖြင့် ငေးစိုက်ကြည့်မိ တော့သည်။ မိန်းကလေးကမူ ရှန်ဝေးနှင့်သူ့ခြေ မည်သို့မျှ မပတ်သက်ခဲ့သည့်အလား အေးအေးဆေးဆေးပင်ဆိုင်ထဲမှ ထွက်သွားသည်။

ဆိုင်ရှေ့မှမြင်းဖြူကြီးပေါ်သို့လွှားခနဲခုန်တက်ကာ တင်ပါးလွှဲချ၍ ထိုင်လိုက်သည်။

ယာန်းစုကျုံးကလည်း မြင်းပေါ်သို့ ခုန်တက်ကာမြင်း၏ ဝမ်းဗိုက်ကို ဖနောင့်ဖြင့် အသာတို့ပေးလိုက်၏။

မြင်းဖြူကြီးမှာ နက်မြင်းပျံကဲ့သို့ ဝေးကိုခွင်းကာတစ်ရှိန်ထိုး ပြေးထွက်သွား လေတော့သည်။

ရှန်ဝေးသည် မြင်းကြီး သူ့မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငူငူကြီး ရပ်နေမိသည်။

သူသတိဝင်လာသောအခါ သူ့နံဘေးတွင် သူ့ဆရာ ချန်စုဟို ရောက်ရှိနေပေပြီ။

ချန်စုဟိုက သူ့ကိုတစ်ချက်မျှ ပြုံးကြည့်ပြီး ပြောလိုက်သည်။

'မင်းကိုငါပြောသားပဲ၊ သူတို့ အခြေအနေ ဘာမှန်းမသိဘဲ မင်းက ရန်ဖြစ်ချင်တာကိုးကွ'



ရှန်ဝေးက....

'ဆရာကြီး အဲဒီမိန်းကလေးကိုသိလား'

ချန်စုဟိုက ခေါင်းညိတ်ပြပြီး ပြောလိုက်သည်။

'သိတာပေါ့ငါ့တပည့်ရယ်၊ အဲဒီမိန်းကလေးဟာ စင်နန်မြို့စားကြီး စန်းယုဟန်ရဲ့သမီး စန်းကွမ်လင်း ဆိုတာပေါ့ကွ'

အဲဒီ ချန်စုဟို၏အဖြေစကားကို ကြားလိုက်ရသောအခါ ရှန်ဝေးသည် အထိတ်တလန့်ဖြစ်သွားသည်။

'သေချာရဲ့လားဆရာကြီး'

'သေချာတာပေါ့ကွာ၊ ကျုပ်ကမိန်းကလေးကိုတစ်ကြိမ်ပဲ မြင်ဖူးလို့ တူပါတယ်လို့ ကြည့်နေတာ၊ တူတာမတူတာ သေချာသိထား၊ သူသုံးသွားတဲ့ သိုင်းပညာဟာ စင်နန်မြို့စားကြီးရဲ့ သိုင်းကွက်တွေပဲ'

'တခြားလူတစ်ယောက်ကကော ဒီသိုင်းကွက်မျိုး မသုံးနိုင်ဘူးလားဆရာကြီး'

ချန်စုဟိုက ခေါင်းကို လေးတွဲ့စွာ ခါယမ်းပြီး ပြောသည်။

'ဘယ်သူမှ တိမ်တောက် လက်ညှိုးကိုသုံးနိုင်မှာ မဟုတ်ပါဘူးကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ တိမ်တောက်လက်ညှိုး သိုင်းကွက်ဟာ အခုသိုင်းလောကမှာ နာမည်ကြီးနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အရှောင်လှင်သိုင်းပညာ၊ ဂူတာန်းသိုင်းပညာ၊ ဝိုမီးသိုင်းပညာတွေနဲ့ လုံးလုံးမတူဘူး၊ ဒီသိုင်းကွက်ကစင်နန်မြို့စားကြီးရဲ့ ပိုင်သိုင်းကွက်ပဲ၊ ပြီးတော့ မြို့စားကြီးဟာ သူ့ရဲ့မူပိုင်သိုင်းကွက်ကို သူ့တပည့်တွေတောင် လုံးဝ သင်ပေးတာမဟုတ်ဘူး၊ သူ့သမီး တစ်ယောက်တည်းကိုသာ သင်ပေးထားတာ'

'ခု....မိန်းကလေးသုံးသွားတဲ့ သိုင်းကွက်တွေဟာစင်နန်မြို့စားကြီးရဲ့ သိုင်းကွက်တွေလား'

'သိပ်ဟုတ်တာပေါ့ကွာ၊ မင်းရဲ့သိုင်းပညာလဲ ခေတာမဟုတ်ပဲ၊ မိန်းကလေးရဲ့သိုင်းကွက်ဟာတော်ရုံတန်ရုံအဆင့်ဆိုရင် မင်းအနိုင်ရမှာပေါ့'

အဘိုးအိုချန်စုံဟိုက ထိုသို့ ပြောလိုက်ပြီးနောက် သူ၏ ရှည်လျားသော မုတ်ဆိတ်မွေးများကိုလက်နှင့်ပွတ်သပ်ရင်း ပြောလိုက်ပြန်သည်။

'အင်း....စဉ်းစားစရာတစ်ခုတော့ ရှိနေတယ်ကွ'

'ဘာများလဲ ဆရာကြီး'

'ကျုပ်သိရသလောက် ဆိုရင် စင်နန်မြို့စားကြီးရဲ့ သမီးစန်းကွမ်လင်းဟာ ရုပ်ရည် လှပသလောက် စိတ်ခက်ထန်တဲ့ မိန်းကလေးတစ်ယောက်ပဲ။

'ရက်စက်ကြမ်းကြုတ်မှုမှာလဲ သရဖူဆောင်းတယ်၊ ... ပေမယ့် ခုနက မိန်းကလေးကတော့ အင်မတန်သိမ်မွေ့... တယ်။



'မင်းကို ပစ်စလက်ခတ် အနိုင်ယူနိုင်တာတောင် ... တိုက်မသွားဘူး၊ သူသာ မင်းကိုဆက်တိုက်မယ် ဆိုရင် မင်း မသာတောင် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားနိုင်တယ်၊ ... ဘာကြောင့် ဒီလို စရိုက်ပြောင်းသွားရတယ် ဆိုတာတော့ ကျုပ် ဘယ်လိုမှ မစဉ်းစားတတ်တော့ပါဘူးကွယ်'

ရှန်ဝေး၏ မျက်နှာတွင် ဒေါသရိပ်များ ... ယှက်သမ်းလာသည်။ သူက စားပွဲကို ဝုန်းခနဲ မြည်အောင် လက်သီးဖြင့် တစ်ချက်ထိုးလိုက်ပြီး ပြောလိုက်သည်။

'ဒီမှာ ဆရာကြီး၊ သူ ဘယ်လောက် အဆင့်မြင့်မြင့်ပါ... နောက်တစ်ကြိမ် သူနဲ့တွေ့ခွင့်ကြုံဦးမယ် ဆိုရင်တော့ သူ့ကို အသေကို တိုက်မယ်၊ ကျွန်တော်လဲ သေချင်သေပါစေ'

ချန်စုဟိုဆာမှ တစ်စုံတစ်ရာ ပြန်လည်ပြောဆိုခြင်း မပြု... ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့တပည့်ရှန်ဝေးကိုပြုံး... ကြည့်နေလိုက်တော့သည်။

ခြော်....မပြည့်အိုးသည် ဘျှံသို့ပင် ဘောင်ဘင်... သည် မဟုတ်ပါလား။

☆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

### မေတ္တာလွှမ်းခြုံသော မြက်ခင်းပြင်

ညနေဆည်းဆာတွင် ကောင်းကင် တစ်ခွင် တစ်ပြင်လုံး ရွှေရောင်စုံ ယှက်သန်းနေသည်။

သို့သော် အရှေ့ဘက်ကောင်းကင်မှ ရောင်စဉ်အချို့မှာမူ တဖြည်းဖြည်း တစစ ပျောက်ကွယ်နေ၏။

နေမင်းကြီး အနောက်ဘက်သို့ဝင်သွားသည်နှင့်အမျှ ထိုရောင်စဉ်များ တဖြည်းဖြည်း ပျောက်ကွယ် ပျက်သုန်းရမည်သာ ဖြစ်ပေ၏။

ယန်းစုကျုံးနှင့် အစိမ်းရောင်ဝတ်စုံနှင့်မိန်းကလေးသည် မြင်းဖြူကြီးကို မရပ်မနားဒုန်းစိုင်းနှင်လာခဲ့ရာ ညနေစောင်း



အချိန်တွင် စန်းတုန်တောင်တန်းနှင့် မြောက်ပိုင်း လွင်ပြင်၏တောင်ဘက်ယွန်းယွန်းတွင်ရှိနေသော ဖဲပွင့်ရေအိုင်၏တောင်ဘက် ကမ်းစပ်သို့ ရောက်ရှိလာသည်။

ရေအိုင်နံဘေးတွင် ညီညာပြန့်ပြူးသည့် မြက်ခင်းပြင်ကြီးများ၊ သဘာဝပန်းပင်ငယ်များသည် ဖဲပွင့်ရေအိုင်၏ သဘာဝအလှ ရှုခင်းကို ပို၍ပင် ပန်းတင့်စေသည်။

စိမ်းလန်းသော မြက်ခင်းပြင်ပေါ်သို့ မြင်းဖြူကြီးခြေချပြီးလျှင် ယန်းစုကျုံးက မြင်း၏ အပြေးနှုန်းကို လျှော့ချအောင် ဖြည်းဖြည်းနှင့်မှန်မှန် စီးလာသည်။

အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးက တစ်ကိုယ်တည်း ညည်းတွားသလို ပြောလိုက်သည်။

'လူတွေ ဘာကြောင့်များ တစ်ယောက်နဲ့ တစ်ယောက် ရန်ရှာနေချင်ကြတာလဲ မသိဘူးနော်'

'ဟုတ်တယ်... ညီမ၊ ခုနက ရှန်ဝေးဆိုတဲ့လူကြီးကိုပဲကြည့်လေ၊ အစ်ကိုတို့နဲ့ တစ်ခါမှလဲ အဆက်အသံရှိဖူးတာ မဟုတ်ဘူး။

'ဘာရန်ငြိုးရန်စမှလဲ ရှိခဲ့ဖူးတာမဟုတ်ဘူး၊ ဒါနဲ့တောင် ...က လာပြီးရန်စနေသေးတယ်၊ ညီမသာပါမလာဘဲ အစ်ကို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းဆိုရင် ဒီဆိုင်ထဲက အစ်ကို ထွက်လို့ရတော့မှာ မဟုတ်ဘူး’

ထိုသို့ပြောလိုက်ရင်းမှ ယန်းစုကျုံးသည် သူတို့ ရောက်ရှိနေရာ၏ ရှေ့တူရူဆီသို့ လှမ်းကြည့်လိုက်သည်။ ညို့ညို့ဆိုင်းဆိုင်း၊ မှိုင်းမှိုင်းပျပျ တောင်တန်းကြီးကို လှမ်းမြင်လိုက်ရသည်။

သူက မိန်းကလေးကို မေးလိုက်သည်။

‘ညီမ….အစ်ကိုတို့ အခု ဘယ်သွားကြမှာလဲဟင်’

‘ညီမအိမ်ကိုပေါ့ အစ်ကိုရဲ့’

‘ညီမအိမ်က ခတ်တော်ဝေးသေးသလားဟင်’

မိန်းကလေးက သူမ၏ သွယ်လျ၍ ဖြူဖွေးသော လက်ချောင်းကလေးကို တောင်တန်းကြီးရှိရာသို့ ညွှန်ပြလိုက်သည်။

‘ဟိုက တောင်တန်းညို့ညို့မှာ ညီမရဲ့အိမ် ရှိတယ်…’

သူမညွှန်ပြသော တောင်တန်းညို့ညို့နှင့် သူတို့ရောက်ရှိနေသော နေရာမှာ အတော်ပင် အလှမ်း ကွာနေ…သည်။

‘ဘယ်လောက်ကြာကြာ နောက်ထပ်သွားရဦးမလဲ …



မိန်းကလေးအား သူ့ဘက်သို့လှည့်ကာ တစ်ချက် ပြုံးလိုက်ပြီး ပြောလိုက်သည်။

‘သိပ် မဝေးတော့ပါဘူး အစ်ကို၊ ဒီမနက် မိုးလင်းတာနဲ့ ရောက်တော့မှာပါ၊ ဘာလဲ…အစ်ကို ကြောက်လို့လား’

ယန်းစုကျုံးက ခေါင်းကို ခါယမ်းလျက် ပြန်ပြောလိုက်သည်။

‘မကြောက်ပါဘူး ညီမရယ်၊ ညီမနဲ့သာ အခုလိုသွားနေရရင် ဘယ်လောက် အန္တရာယ်များတဲ့ခရီးကိုပဲဖြစ်ဖြစ်အစ်ကို မကြောက်ပါဘူး’

မိန်းကလေးက ချစ်စဖွယ် ပြုံးပြလိုက်ပြီး ပြန်မေးလိုက်သည်။

‘တကယ်….’

‘တကယ်ပေါ့ ညီမရဲ့’

‘ဘာဖြစ်လို့လဲ’

‘ညီမ သိုင်းပညာက တော်ရုံတန်ရုံ ထိပ်သီးသိုင်းသမားကိုတောင် အနိုင်ရနိုင်တာပဲ၊ အစ်ကိုက ဘာလုပ် ကြောက်ရမှာလဲ’

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အတန်ကြာအောင် စကား မပြောဖြစ်ကြ၊ ခရီး နှင်ခဲ့ကြပြန်ကြပြန်သည်။

အတော်ဝေးဝေးနေရာသို့ရောက်မှ ယန်းစုကျုံးက မေး လိုက်သည်။

'ညီမတို့အိမ်မှာ ဘယ်သူတွေရှိသလဲဟင်'

သူမက ခေါင်းကိုခါယမ်းကာ....

'ဘယ်သူမှ မရှိပါဘူး အစ်ကို'

ယန်းစုကျုံးသည် မိန်းကလေးကို အံ့ဩသော အမူအရာ နှင့် တစ်ချက်စိုက်ကြည့်လိုက်သည်။

ပြီးမှ သူက ပြန်မေးလိုက်သည်။

'ဒီလောက်တောင်ခေါင်တဲ့ တောကြီးထဲမှာ ညီမ တစ် ယောက်တည်းနေတယ်'

မိန်းကလေးက မျက်ခုံးကလေး ပင့်အား ပြန်ပြောလိုက် သည်။

'အို....အစ်ကိုကလဲ၊ အဖော်မရှိရင် ညီမပျင်းတာပေါ့ သွားမှာပေါ့'



'အဲ့ဒီအဖော်တွေက ဘယ်သူတွေလဲဟင်'

မိန်းကလေးက ပြုံးပြီးပြန်ပြောသည်။

'ညီမမှာ အဖော်လေးငယောက်တောင်ရှိတယ်၊ ဖြူလေး ရယ်၊ စမ်းလေးရယ်၊ ကျေးလေးရယ်၊ ချိုးလေးရယ်'

'ညီမအဖော်တွေရဲ့နာမည်တွေကလဲ အဆန်းပါလား'

'အစ်ကို မသိပါဘူး၊ ဟိုရောက်တော့မှပဲ ညီမ အဖော် တွေနဲ့ အစ်ကို့ကို မိတ်ဆက်ပေးတော့မယ်နော်'

'ညီမ မိဘတွေကော....'

မိန်းကလေးက ခေါင်းကို ခါပြလိုက်ပြီး ယန်းစုကျုံးကို ပြန်မေးလိုက်သည်။

'အစ်ကို့မှာရော မိဘတွေရှိသလားဟင်'

ယန်းစုကျုံး၏မျက်နှာမှာ ချက်ချင်းပင် ညှိုးရော်သွား သည်။

'အစ်ကို့ မိဘတွေ မရှိတော့ပါဘူးကွယ်'

'သေကုန်ပြီလား'

www.burmeseclassic.com

'ဟုတ်တယ်....ညီမ၊ အစ်ကို ဝယ်ဝယ်ဂတည်းကစ သကုန်ကြပြီလေ'

ယန်းစုကျုံး၏ မျက်နှမသာ ာမယာဖြစ်နေသည်ကိုမိန်းကလေး တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

သူမက မြင်းဇက်ကြိုးကို ကိုင်ထားသော ယန်း စုကျုံး၏ လက်ကို သူ၏ နူးညံ့အိထွေးသော လက်နှစ်ဖက်ဖြင့် အသာအယာ ဆုပ်ကိုင်လိုက်သည်။

ကရုဏာသက်သော လေသံဖြင့်တိုးတိုးညင်းညင်းကလေး ပြောလိုက်သည်။

'အစ်ကို့ကို ညီမ သနားလိုက်တာကွယ်'

ယန်းစုကျုံးသည် သူမ စိတ်မကောင်း ဖြစ်သွားသည်ကို သိလိုက်သဖြင့် သူ့မျက်နှာကို ပြန်လည် ပြုံးရွှင်ပြလိုက်ရသည်။

'စိတ်မကောင်း မဖြစ်ပါနဲ့တော့ ညီခရယ်၊ အစ်ကို့ အဝက ဒီလိုပဲဖန်တီးလာခဲ့တဲ့ဟာ ဘာတတ်နိုင်မှာလဲ'

သူက မိန်းကလေး၏မျက်နှာကို တောက်ပ စူးရှသော အကြည့်ဖြင့် ကြည့်လိုက်သည်။



သူမကလည်း ကြည်လွှန်းလဲ့သော အကြည့်ဖြင့် သူ့ကိုပြန်စိုက်ကြည့်နေသည်။

ယန်းစုကျုံး၏ ရင်ထဲမှာ တသိမ့်သိမ့်ခါသွားသည်။

ဤမိန်းကလေးသည် သူတွေ့ဖူးသမျှ အမျိုးသမီးများထဲတွင် အလှပဆုံး အချောမွေ့ဆုံး မိန်းကလေး ဖြစ်သည်။

သူမ၏ ယဉ်ကျေးသိမ်မွေ့မှု စိတ်နှလုံး အေးချမ်းမှုမှာလည်း စံထားထိုက်သည်။

ရုပ်အလှ၊ စိတ်အလှ နှစ်ဌာနစလုံး ပြီးပြည့်စုံသောအလှဟု သတ်မှတ်ရပေလိမ့်မည်။

ယန်းစုကျုံးသည်ဤမျှချောမောလှပသော မိန်းကလေးနှင့် မြင်းတစ်ကောင်တည်းကို နှစ်ယောက်သား စီးလာရသော်လည်း သူက မွန်မြတ်ဖြူစင်သော မေတ္တာသံယောဇဉ်တို့ကြောင့် သူမအပေါ်တွင် ဖောက်ပြန်လိုသော စိတ်ဓာတိလုံးဝမပေါ်ပေါက်ခဲ့ပေ။

နေလုံးကြီးသည် သူတို့ရှေ့ရှိ တောင်တန်းကြီး၏နောက်ကွယ်သို့ တဖြည်းဖြည်း ပင်ရောက်ပုန်းခိုစ ပြုနေပြီ ဖြစ်သည်။

အမှောင်ရိပ်များ သမ်းလာစ ပြုလာနေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် သူတို့နှစ်ယောက်သည် ဖဲပွင့် ရေအိုင် အတွင်းသို့ စီးဝင်နေသော စမ်းချောင်းကလေး တစ်ခုဆီသို့ ရောက်ရှိလာကြသည်။

'အစ်ကို'

'ဘာလဲ ညီမ'

'ညီမတို့ အတော်ခရီးပန်းလာကြပြီ၊ ဒီစမ်းချောင်းမှာ ခြေလက်ဆေးကြောရင်း ခဏလောက် အပန်းဖြေကြရင် မကောင်းဘူးလား'

'ကောင်းသားပဲ ညီမ'

မြင်းဖြူကြီး၏ ဇက်ကြိုးကိုတုံ့ဆွဲထားလိုက်သည်။

မြင်းဖြူကြီး ရပ်တန့်သွားသည်။

မိန်းကလေး မြက်ခင်းပေါ်သို့ ခုန်ဆင်းလိုက်သည်။

မြင်းဖြူကြီးသည် ပေါ့ပါးရွှင်လန်းသွားဟန်ဖြင့် မြက်ခင်းပြင်မှ မြက်နုကလေးများကို ကိုက်ဖြတ်စားသောက်နေသည်။

ယန်းစုကျုံးနှင့်အစိမ်းရောင်ဝတ်စုံမိန်းကလေးသည် မြက်ခင်းပြင်ပေါ်တွင် ထိုင်ချလိုက်သည်။



ထိုအချိန်တွင်သန့်ရှင်းလတ်ဆတ်သော လေပြည်လေညင်းက သူတို့နှစ်ယောက်ကို တိုးဝှေ့ကျီစယ်သွားသည်။

အေးမြသော လေပြည်လေညင်း ကြောင့် သူတို့စိတ် အစဉ်မှာ ကြည်လင် လန်းဆန်းသွားသည်။

ယန်းစုကျုံးသည် တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် မြင်းဖြူကြီးဆီသို့ လျှောက်သွားလိုက်သည်။

ပြီးလျှင် ခရီးဆောင်အိတ်ကြီးကို ဖြုတ်ယူကာ အစိမ်းရောင်ဝတ်စုံနှင့် မိန်းကလေးထံသို့ ပြန်လျှောက်လာသည်။

'ဒီအိတ်က ဘာလုပ်မလို့လဲ အစ်ကို'

'ဟိုထမင်းဆိုင်မှာတုန်းက အရောင်းစာရေးကို သစ်သီးတွေထည့်ပေးလိုက်ဖို့ မှာထားတယ်၊ ဒီအိတ်ထဲမှာ သစ်သီးတွေပါတယ်၊ ညစာအဖြစ် သစ်သီးပဲ စားကြတာပေါ့ ညီမ'

မိန်းကလေးသည် သူမ၏ဖြူလွှသော ဖိနပ်မပါဗလာဖြစ်နေသည့် ခြေထောက်ကို တစ်ချက်ကြည့်ကာ ပြောလိုက်သည်။

'နေဦးအစ်ကို၊ ညီမတို့ ဟိုစမ်းချောင်းလေးမှာ ကိုယ်လက် သန့်စင်လိုက်ကြရအောင်နော်'

'ကောင်းသားပဲညီမ၊ သွားလေ'

သူတို့ နှစ် ယောက် သည် စမ်း ချောင်း က လေး ဆီ သို့ လျှောက်လာသည်။

စမ်းချောင်းလေးမှာ အေးမြကြည်လင်၍ ရေအောက် ကြမ်းပြင်ကို လှမ်းမြင်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးသည် ဖိနပ်နှင့်ခြေအိတ်များကို ချွတ်သိုလ်ပြီး စမ်းချောင်းတွင်မျက်နှာသစ်လိုက်သည်။

ပြီးလျှင် ခြေလက်များကို ဆေးကြော သုတ်သင်လိုက်သည်။

သူက အတန်ကြာအောင် ခြေထောက်ကိုရေထဲတွင်စိမ်လိုက်သည်။

ပြီးမှ သူမဘက်သို့ လှမ်းကြည့်လိုက်ရာ မိန်းကလေးသည် ကမ်းပေါ်သို့ ပြန်တက်သွားပြီဖြစ်ရာ သူလည်း ခြေအိတ်နှင့် ဖိနပ်ကိုယူကာ သူမနောက်မှ လိုက်ပါသွားသည်။

စောစောက သူတို့ထိုင်သောမြက်ခင်းပြင်သို့ အရောက်တွင် နှစ်ယောက်သား ထိုင်ချလိုက်ကြသည်။

☆

## အခန်း (၄၂)

## ထူးဆန်းသော မိန်းမပျို

နေမင်းကြီး လုံးဝပျောက်ကွယ်သွားပြီးနောက် မကြာမီ လမင်းစန္ဒာ၏ အလင်းရောင်များ ဖြန့်ကြက်စပြုလာသည်။

သို့သော် သိပ်တော့ မလင်းသေး။

ယန်းစုကျုံးက ခရီးဆောင်အိတ်အတွင်းမှ သစ်သီးမျိုးစုံကို အဝတ်ခင်းလျက် မြက်ခင်းပေါ်တွင် ချလိုက်သည်။

'ညီမရဲ့သိုင်းပညာက သိပ်ကို အဆင့်မြင့်တာပဲနော်၊ အစ်ကိုတွေ့ဖူးသမျှ သိုင်းသမားတွေဟာ ညီမကို တစ်

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ မီပုံ့ရဘူး၊ ဗီသိုင်းပညာကို ဘယ်သူသင်ပေး
သလဲဟင်'

မိန်းကလေးက နှစ်လိုဖွယ်ရာ တစ်ချက်ပြုံးလိုက်၏။

'ဘယ်သူ သင်ပေးရမှာလဲ အစ်ကိုရဲ့၊ ညီမဘာသာ တတ်
တာပေါ့'

သူမ၏ စကားကြောင့် ယန်းစုကျုံး မျက်ခုံးနှစ်ဖက်
ကျုံ့တက်သွားရသည်။

အလွန် အံ့ဩသွားသည်။

ထို့နောက် မယုံကြည်သော လေသံဖြင့် မေးမိလေ၏။

'ညီမမှာ သိုင်းပညာသင်ပေးတဲ့ဆရာ တကယ်မရှိဘူး
လား'

သူမက ချိုလွင်သော အသံကလေးဖြင့် ပြန်ဖြေသည်။

'အစ်ကိုက မယုံလို့လား၊ ညီမမှာ သိုင်းပညာသင်ပေး
တဲ့လူ တကယ်မရှိပါဘူး၊ ညီမ အခု အသက်အရွယ်အထိ
ခင်မင်ရင်းနှီးဖူးတဲ့လူဆိုလို့ အစ်ကိုတစ်ယောက်တည်းပဲ ရှိ
သေးတယ်'



'ဒါဖြင့် ညီမ အခုအရွယ်လောက်ထိကြီးပြင်းလာအောင်
ဘယ်သူက ကျွေးမွေးစောင့်ရှောက်လာသလဲ'

'ညီမဟာညီမ ကြီးပြင်းလာတာပဲပေါ့ အစ်ကိုရဲ့၊ ဒါ
ဆန်းတာမှမဟုတ်ဘဲ'

ယန်းစုကျုံးသည်မေးခွန်းတစ်ခုမေးလိုက်တိုင်း သူမထံမှ
ထူးထူးဆန်းဆန်း အဖြေမျိုးကိုသာ ကြားနေရသည်။

ထို့ကြောင့် သူက သူမကိုငေးကြည့်ကာ တစ်ကိုယ်တည်း
တွေးနေမိသည်။

သည်မိန်းကလေး ဘယ်လိုမိန်းကလေးလဲ....။

'သူ့မှာ နာမည်မရှိဘူး၊ မိဘလဲမရှိဘူး၊ သူ့ဘာသာသူ
ကြီးပြင်းလာတယ်လို့ ဆိုတယ်။

'ဒါမဟုတ်နိုင်ဘူး၊ လူ ဆိုရင် အမိအဖ ဆိုတာ ရှိရ
မယ်။

'လူတစ်လုံး သူတစ်လုံး ဖြစ်လာအောင် ကျွေးမွေးစောင့်
ရှောက်တဲ့လူ ရှိရမယ်။

'ပြီးတော့ သူဟာ သိုင်းပညာကို ထိပ်တန်းရောက်အောင်
တတ်မြောက် ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် သူ့မှာ ဆရာမရှိဘူးတဲ့၊ သူ့စကားတွေ သိပ်ကိုထူးဆန်းနေတယ်။

'သူ့ကို ငါ ဘယ်လိုလုပ် ယုံရမလဲ၊ ဒီ့ထက်ပိုပြီးထူးဆန်းတာလဲ ရှိသေးတယ်။

'သူဟာ ဟိုအဝေးကြီးက လူသူမနီးတဲ့ တောင်တန်း ထဲမှာ နေရာမှာ နေတယ်တဲ့။

'သူ့မှာလဲ အဖော်လေးယောက်ရှိတယ်တဲ့၊ သူ့အဖော်တွေက ဘယ်သူတွေလဲ၊ ဘယ်လိုလူမျိုးတွေလဲ၊ သူပြောတဲ့စကား ဟုတ်နိုင်ရဲ့လား'

သူ့အတွေးတွင် လွန်စွာ ထူးဆန်း၍ ယုံကြည်နိုင်စရာ အကြောင်းမရှိသော အခြေအနေ အချက်အလက်များ တသီတတန်းကြီး ပေါ်ထွက်လာသည်။

'ညီမ စာကောတတ်သလားဟင်'

မိန်းကလေးက ခေါင်းညိတ်ပြသည်။

'စာတတ်အောင်ကော ဘယ်သူသင်ပေးသလဲ'

'အစ်ကိုကလဲ သိပ်နားဝေးတာပဲ၊ ညီမ အခုချိန်ထိ ရင်းရင်းနှီးနှီးဆိုလို့ အစ်ကိုတစ်ယောက်ပဲ ရှိပါတယ်။ ပြီးပြီပဲဟာ၊ ညီမကို ဘယ်သူ စာသင်ပေးရမှာတဲ့လဲ၊ ညီမဘာသာ ညီမတတ်တာပဲပေါ့'

သူမ ရှင်းပြလိုက်တော့မှ ပို၍ရှုပ်ကုန်သည်။

ဤမိန်းကလေး စိတ်မှန်ပါ၏လော။ ထိုသို့ယူဆရန်လည်း ခက်ခဲလှသည်။

သူမ အပြောအဆို အမူအရာမှစ၍ အရာခပ်သိမ်း တည်တည် ငြိမ်ငြိမ်၊ သိမ်သိမ်မွေ့မွေ့ ရှိနေသည်။

စိတ်မနှံ့သူတစ်ယောက်မှာ သူကိုယ်တိုင် ကျိန်ပြောဦးတော့ ယုံနိုင်ဖွယ်ရာအကြောင်း မရှိချေ။

သူက မိန်းကလေးကို တစ်ချက်မျှ အကဲခတ်ကြည့်ရှုလိုက်ပြန်သည်။

မိန်းကလေး၏ အမူအရာမှာ ပကတိ တည်ငြိမ်ရိုးသားမှု အပြည့်ရှိနေသည်။

လိမ်ညာ ပြောဆိုသည့် အသွင်အပြင် ဆို၍လည်း လုံးဝ မတွေ့ရ။

မိန်းကလေးက သူ့ကို မယုံသင်္ကာဟန်ဖြင့် ငေးစိုက်ကြည့်နေမှန်း သိသွားသဖြင့် မနေတတ် မထိုင်တတ်ဖြစ်ကာ ပြောလိုက်သည်။

'အစ်ကိုရယ်... ညီမကို ယုံပါနော်၊ ညီမ အစ်ကို့ကို ဘယ်တော့မှ လိမ်ညာပြောဖို့ စိတ်မကူးပါဘူးရှင်၊ ဒါမှအစ်ကို မယုံနိုင်သေးဘူးဆိုရင် ညီမအိမ် ရောက်တဲ့အခါကျတော့ သေသေချာချာ စစ်ဆေးကြည့်ပေါ့နော်'





www.burmeseclassic.com

www.burmeseclassic.com



ယှန်းစုံကျုံး လှုက်ခံသွားသည်။ မိန်းကလေးပြောသည်မှာ မှန်သည်။

သူမ၏စကားများ မှန်မမှန်၊ သူ့အိမ်ရောက်မှသာ ဆုံးဖြတ်နိုင်ပေမည်။

ထို့ကြောင့်....

သူက မိန်းကလေး၏အိမ်သို့ အမြန်ရောက်ချင်ခဲသော အခန္ဓများ ပေါ်ပေါက်လာသည်။

☆

အခန်း(၄၃)

ဆိုင်းပညာ

'ဒါဆို အစ်ကိုတို့ ခရီးဆက်ကြရအောင်နော်'

မိန်းကလေးသည် မြင်းဖြူကြီးကို လှမ်းကြည့်လိုက်သည်။ မြင်းဖြူကြီးသည် တစ်နေ့လုံး အစာမစားခဲ့ရသဖြင့် မြက်နုများကို ခေါင်းမဖော်ဘဲ စားနေသည်။

'ခဏလောက် နေပါဦးလား အစ်ကို၊ မြင်းဖြူကြီး တစ်နေ့လုံး အစာမစားခဲ့ရဘူး၊ သူ နားပါစေဦး'

ယန်းစုံကျုံးသည် ယခုမှ မိမိ ဆန္ဒစောသွားကြောင်းသိလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။

လူများက ကောင်းစွာ အနားယူပြီး မြင်းကြီးကိုကောင်းစွာ အနားမပေးလျှင် တရားရာမကျပေ။

'ညီမ....နေချင်သေးရင်လဲ နေပါ၊ ဖြည်းဖြည်းသွားကြတာပေါ့'

'ဟုတ်တယ် အစ်ကို၊ အခုလို လူသူကင်းရှင်းတဲ့နေရာမျိုးမှာ ဘယ်ရန်သူမျိုးမှ လာပြီး နှောင့်ယှက်မယ့်သူ မရှိတော့နေရတာ စိတ်ချမ်းသာတယ်၊ ပြီးတော့ ဟိုခိုးပေါက်နေရတာ စိတ်ချမ်းသာတယ်၊ ပြီးတော့ လမင်းကြီးကို ဒီမြက်ခင်းပေါ်က လှမ်းကြည့်နေရတာ ညီမသိပ်စိတ်ချမ်းသာတယ်'

မိန်းကလေး စိတ်ချမ်းသာသည် ဆိုသဖြင့် ယန်းစုကျူးလည်း ကျေနပ်သွားသည်။

'ညီမ စိတ်ချမ်းသာတယ်ဆိုရင် အစ်ကိုလဲ စိတ်ချမ်းသာပါတယ်ကွယ်၊ ညီမ နေချင်သလောက် နေပါ၊ လ တစ်လုံး ရှိနေတာပဲ'

ယန်းစုကျူးသည် မြက်ခင်းပြင်ပေါ်တွင် ရှိနေသော သစ်တော်သီးတစ်လုံးကို ယူပြီး စားသောက်လိုက်သည်။ မိန်းကလေးကလည်း ပန်းသီးတစ်လုံးကို ကောက်ယူပြီး သောက်လိုက်သည်။



ယန်းစုကျူးသည် သစ်တော်သီးကိုကိုက်ပြီး ငေးငိုင်စဉ်းစားနေသည်။

မိန်းကလေးသည် သူ၏ ငေးငိုင်မှုကို သတိပြုမိ၏။

'အစ်ကို....'

'ဘင်....'

'ဘာတွေ စဉ်းစားနေသလဲဟင်'

'ခြော်...ညီမရဲ့ အံ့မခန်း လောက်တဲ့ သိုင်းပညာအကြောင်း စဉ်းစားနေမိတာပါ'

'ခက်ပါလား အစ်ကိုရယ်၊ ညီမက ဒီသိုင်းပညာ ဆိုတဲ့ပညာကို လုံးဝဂရုမစိုက်ဘူး၊ ဟောဒီ သဘာဝအလှကိုပဲ ဂရုစိုက်တယ်၊ သိုင်းပညာဆိုတာ အေးချမ်းမှု ရှိတာမှ မဟုတ်တဲ၊ အစ်ကိုကတော့ တစ်သိုင်းတည်း သိုင်းနေတာပဲ'

ယန်းစုကျူး ခပ်လေးလေး ပြန်ပြော၏။

'ဟုတ်တာပေါ့ ညီမ၊ ညီမကတော့ သိုင်းပညာကို ထိပ်တန်း အဆင့်မြင့် တတ်မြောက်ထားတော့ သိုင်းပညာကို ဘယ်စိတ်ဝင်စားပါမလဲ၊ စကားပုံတစ်ခု ရှိတယ် ညီမ၊ ...မင်းဝနေတဲ့ လူဟာ ဗိုက်ဆာနေတဲ့ လူတစ်ယောက်ရဲ့ဒုက္ခ

www.burmeseclassic.com

www.burmeseclassic.com



ကို မသိဘူးတဲ့၊ အခုလဲ ဒီစကားပုံလိုပဲ ဖြစ်နေတယ်၊ ညီမက သိုင်းပညာကို အထွတ်အထိပ် တတ်ထားတော့ သိုင်းပညာ မတတ်တခေါက်သာတတ်ထားတဲ့ အစ်ကို့ ဒုက္ခကိုဘယ်သိနိုင်ပါ့မလဲ’

ယန်းစုကျုံး၏ စကားက မှန်သည်။

သုခ ဟူသော ချမ်းသာ ပြည့်စုံခြင်း၏ အရသာကို အငတ်ငတ် အပြတ်ပြတ်ဖြင့် အတို ဒုက္ခရောက်ဖူးသောသူမှ သာ သိပေသည်။

အစဉ်တစိုက် ချမ်းသာသုခ ရနေသူသည် သူ၌ ချမ်းသာသုခ ရှိမှန်း မသိပေ။

မည်သူမဆို ကွဲပြားသော အခြေအနေကို ကြုံပြီးမှသာ တန်ဖိုးကို ခွဲခြားတတ်ပေသည်။

ယန်းစုကျုံးမှာ သိုင်းပညာငတ်မွတ်သူဖြစ်၍ သိုင်းပညာ ပြည့်စုံခြင်း၏ သုခကို တပ်မက်ပေသည်။

မိန်းကလေးသည် ယန်းစုကျုံး၏စကားကြောင့် အံ့အားသင့်သွား၏။

‘သိုင်းပညာ မတတ်တာနဲ့ ဒုက္ခရောက်နေတယ် သို့၊ ရှုရောလား အစ်ကိုရယ်’



ယန်းစုကျုံးသည် သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

‘ညီမ လောကမှာ လူဆိုးနဲ့ လူကောင်း ရှိတယ်၊ သိုင်းလောကမှာလဲ လူဆိုးနဲ့ လူကောင်း ရှိတယ်၊ အစ်ကိုဟာ သိုင်းလောကထဲ ဝင်လာခဲ့တာ မကြာသေးပါဘူး၊ ဒါပေမယ့် သိုင်းလောကထဲက လူဆိုးတွေဟာ တကယ်ညစ်ကြတာပဲ....။

‘လူကောင်းသူကောင်း တစ်ယောက် သိုင်းပညာတတ်ထားရင် လူကောင်းတွေအတွက် အများကြီး အကူအညီ ပေးနိုင်တယ်၊ ကိုယ့်ကိုလဲ ဘယ်သူမှ မစော်ကားရဲတော့ဘူး....’

မိန်းကလေးသည် ယန်းစုကျုံး၏ စကားကို ငြိမ်သက်စွာ နားထောင်နေ၏။

အတန်ကြာမှ ဖြည်းညင်းစွာ မေးသည်။

‘အစ်ကိုရယ်....ဒါများ အခက်တာမှတ်လို့၊ ဘယ်သူမှ မစော်ကားလို့ မရအောင် ညီမလို လူသူကင်းရှင်းတဲ့နေရာမှာ နေပေါ့’

ယန်းစုကျုံးက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုနေလို့လဲ ဘယ်ဖြစ်ပါ့မလဲကွယ်၊ လူရယ်လို့ ဖြစ်လာရင် လူတွေနဲ့ ပေါင်းသင်းဆက်ဆံဘဲ့ အလုပ်ကိုတော့ လုပ်ရမှာပေါ့၊ ကိုယ့်ကို စော်ကားမှာ ကြောက်လို့ လူတွေနဲ့ ကင်းကင်းရှင်းရှင်း နေတယ် ဆိုတာဟာ သဘာဝမကျပါဘူးကွယ်။

'စော်ကားမှာ ကြောက်ကိုင်းသာ ရှောင်ပုန်းနေရမယ် ဆိုရင် လူ့ဘဝမှာ အသက်ရှင်နေတာဟာ ဘာမှအဓိပ္ပာယ် ရှိတော့မှာ မဟုတ်ဘူး၊ သေတာမှ ကောင်းဦးမယ်'

'အစ်ကိုက ကျွန်မကို သိုင်းပညာ တော်တယ်လို့ ပြောတယ်၊ ဒါပေမယ့် ညီမအနေနဲ့ဘယ်သူ့ကိုမှအနိုင်မတိုက် ခိုက်ဖူးသေးဘူး၊ တိုက်လဲ မတိုက်ချင်ဘူး'

မိန်းကလေးက ရိုးသားစွာ ပြောနေသဖြင့် ယန်းစုကျုံးမှာ မယုံချင်လည်း မရဘဲ ဖြစ်နေသည်၊ မိန်းကလေးက ဆက်ပြော၏။

'ဘာပဲဖြစ်ဖြစ်လေ...ညီမအနေနဲ့တော့ ရန်ဖြစ်ရတာကို ဝါသနာမပါဘူး၊ အိမ်မှာ အေးအေးဆေးဆေး နေချင်တယ်၊ အဲဒီလိုနေရတာကိုပဲ စိတ်ချမ်းသာတယ်'

'မိန်းကလေး ဆိုတာ သိုင်းလောကမှာ ကျင်လည်ကျက်စားတာထက် အိမ်မှုကိစ္စကို နားလည်တတ်ကျွမ်းပြီး အိမ်



ာ နေတာက ပိုကောင်းပါတယ်၊ ဒါပေမယ့် ယောကျ်ားကွမှာတော့ မတရားမှုမှန်သမျှ ကာကွယ်ဖို့၊ တရားတဲ့ က်က ရပ်တည်ပေးနိုင်ဖို့ တာဝန်ရှိတယ် မဟုတ်လား'

မိန်းကလေးသည် အတန်ကြာစဉ်းစားပြီးမှအကြံတစ်ခုရ ားသည်။ ထိုအကြံအစည်ကို ယန်းစုကျုံးအား ပြောပြ ိုက်သည်။

'ဒီလိုလုပ်ပါ အစ်ကိုရယ်၊ အစ်ကို ဒါလောက်တောင် ိုင်းပညာ တတ်ချင်နေရင် ညီမမှာရှိတဲ့ သိုင်းပညာတွေ စ်ကို့ကို အကုန်ပေးလိုက်မယ်'

ယန်းစုကျုံးမှာ မိန်းကလေး၏ ကလေးဆန်လှသော ပြောအဆိုကြောင့် ရယ်ရမလို ငိုရမလို ဖြစ်သွားသည်။

'အို...ညီမကလဲ၊ ပညာဆိုတာက ပေးလို့ရတဲ့ပစ္စည်းမျိုး မဟုတ်တာ၊ သင်ယူလေ့ကျင့်မှ ရနိုင်တာမျိုးပဲ၊ ညီမ စေတနာရှိလို့ ဘယ်လောက်ပဲမပေးချင်ပေးချင် ညီမပညာကို ယ်လိုလုပ် ရနိုင်မလဲ၊ ပညာရွှေအိုး လူမခိုး ဆိုတဲ့ စကားပုံ တောင် ရှိသေးတယ် မဟုတ်လား'

မိန်းကလေးသည် ငိုင်တွေတွေလေး ဖြစ်သွားသည်။ ်းမှ သူမက ပြောလိုက်သည်။

'ဒါဆိုရင် ညီမ ဘယ်လိုလုပ်ပေးရမလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



သူမှာက ထိုသို့ပြောလိုက်ပြီးမှ ချက်ချင်း၊ အဘောပေါက်သွားဟန်ဖြင့် ဆက်ပြောလိုက်သည်။

'ဪ....သိပြီ၊ သိပြီ၊ ညီမ အစ်ကိုကို သိုင်းပညာသင်ပေးမယ်၊ ဒါဆို ရတယ်မဟုတ်လားဟင်'

ယန်းစုကျုံး ဝမ်းသာအားရဖြစ်သွားသည်။ သူ့မျက်နှာတစ်ခုလုံးလည်း ရွှင်ပြုံးဝင်းပသွားသည်။

သည်မိန်းကလေးဆီမှ သိုင်းပညာ သင်ယူရရှိနိုင်သည့်အချက်ကို သူပင် လုံးဝမေ့နေသည်။

☆

## အခန်း (၄၄)

### မသင်ထိုက်သော ဆရာ

'ဝမ်းသာလိုက်တာ ညီမရယ်၊ ညီမရဲ့သိုင်းပညာကို ပေးချင်တယ်ဆိုရင်ဗီလိုနည်းနဲ့ပေးမှ ပေးလို့ရမှာပေါ့၊ ဒီလောကကြီးမှာ မပင်ပန်းဘဲနဲ့ ဘယ်လိုအရာမျိုးကိုမှ မရနိုင်ပါဘူး ညီမရဲ့'

မိန်းကလေးက ရယ်ရယ်မောမောနှင့် ပြန်ပြောလိုက်သည်။

'ဒါဖြင့်ရင် ညီမကျတော့ မပင်မပန်းဘဲ ဘာဖြစ်လို့ သိုင်းပညာတွေ တတ်နေရတာဟင်'

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံး အဖြေရကျပ်သွားသည်။ နောက်မှသူကရယ်ရွှန်း ဖတ်ရွှန်း ပြောလိုက်သည်။

'ညီမက လူမှမဟုတ်ဘဲ၊ နတ်ဘုံနတ်နန်းက ကျလာတဲ့နတ်သမီးကလေးပဲ။

'ညီမ အလိုရှိတာမှန်သမျှ သူ့အလိုလို ဖြစ်နေတာပေါ့၊ အစ်ကိုကတော့ လူသားဆိုတော့ မလေ့ကျင့် မသင်ယူဘဲ ဘယ်မှာလာ တတ်နိုင်ပါ့မလဲ'

'ဟုတ်တယ်နော်၊ အစ်ကိုသာ အစောကြီးကတည်းက လေ့ကျင့်မယ်ဆိုရင်ညီမထက်တောင်သိုင်းပညာထက်နေမှာ၊ အစ်ကို ဟိုတုန်းက ဘာဖြစ်လို့ မလေ့ကျင့်ခဲ့ရတာလဲဟင်'

ယန်းစုကျုံးမှာ ဤသို့လေ့ကျင့်နိုင်ခလာက်သည့်ဘာဝ ပေးအခြေအနေမရှိခဲ့ကြောင်း ရှင်းပြလိုသည်။

သို့သော်....

မိန်းကလေး စိတ်ရှုပ်သွားမည်ကိုစိုးရိမ်သဖြင့် သာမန်မျှသာ ရှင်းပြလိုက်ရသည်။

'ပညာရပ်တစ်ခုဆိုတာ ကိုတ်လေ့ကျင့်ချင်တိုင်းလေ့ကျင့်လို့ရတာမဟုတ်ဘူး ညီမရဲ့၊ ကိုယ်လိုချင်တဲ့ပညာကို တတ်သိကျွမ်းကျင်တဲ့ ဆရာသမားနဲ့ နည်းစနစ်ကျကျ လေ့ကျင့်မှ



ကိုယ်လိုချင်တဲ့ပညာကို အချိန်တိုတိုနဲ့ ကျွမ်းကျွမ်းကျင်ကျင် သင်ယူတတ်မြောက်တာမျိုးပဲ'

မိန်းကလေးက ယန်းစုကျုံးကိုကြည့်ပြီး တခစ်ခစ် ရယ်မောကာ ခပ်သောသောလေး ပြောလိုက်သည်။

'ဒါဆိုရင် အစ်ကိုက ညီမကို ဆရာတင်ကယ်ပေါ့'

'တင်ပါတယ်... ညီမရယ်၊ တင်ပါတယ်'

'ကောင်းပြီ၊ ဒါဆိုရင် အစ်ကို့ကို ညီမတတ်ထားတဲ့ သိုင်းပညာတွေကို သင်ပေးမယ်'

သူမက ထိုသို့ပြောပြီး ထိုင်ရာမှ ထလိုက်သည်။

ယန်းစုကျုံးကို သိုင်းပညာစတင်သင်ကြားပေးရန် ပြင်ဆင်လိုက်သည်။

သို့သော်....

ဘယ်ကစ၍ ဘယ်လိုသင်ကြားပေးရမည်ကိုသူမစဉ်းစား၍မရဘဲ ဖြစ်နေပြန်သည်။

သူမ၏ မျက်နှာကလေး ညှိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုရယ်...ညီမ အစ်ကို့ကို သိုင်းတကယ်သင်ပေးချင်ပါတယ်၊ ဒါပေမယ့် ဘယ်ကစပြီး သင်ပေးရမယ် ဆိုတာ ညီမ မသိပါဘူးရှင်'

ယန်းစုကျုံးမှာ အလွန်တရာ စိတ်ပျက်သွားသည်။ မိန်းကလေးက သူ့အား ရှိုးသားစွာ ပြောကြားနေခြင်း ဖြစ်ကြောင်း သိနေသဖြင့် မိန်းကလေးကို အတင်းအကျပ်သင်ပြခိုင်း၍လည်း မရပေ။

သို့သော်....

သူ့ဦးခေါင်းအတွင်း၌ 'ဇင်းခနဲ....လက်ခနဲ အကြံပေါ်လာ၏။

'ဒီလိုလုပ်....ညီမ၊ ညီမက တတ်ကျွမ်းထားတဲ့သိုင်းပညာကို ရှေ့က လေ့ကျင့်ပြလေ၊ အစ်ကိုက ညီမကိုကြည့်ပြီး လိုက်လေ့ကျင့်မယ်'

မိန်းကလေးက ခေါင်းညိတ်ပြလိုက်ပြီး ပြန်ပြောလိုက်သည်။

'ညီမ ဘယ်လိုကစပြီး လေ့ကျင့်ရမလဲ'

'ဒါက လွယ်ပါတယ်၊ ညီမစိတ်ကူးထဲမှာ ပေါ်လာတဲ့ သိုင်းကွက်တစ်ကွက်ကို အရင်စပြီး ကစားကြတာပေါ့၊



အစ်ကိုက အဲဒီသိုင်းကွက်ကို လိုက်လေ့ကျင့်မယ်၊ အဲဒီ သိုင်းကွက် တတ်တဲ့အခါ နောက်တစ်ခုပြောင်းတာပေါ့'

မိန်းကလေးက တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားပြီး ပြောလိုက်သည်။

'ဩော်....အစ်ကို၊ ညီမှာတစ်ခုစဉ်းစားလို့ရတယ်၊ သိုင်းပညာသင်တော့မယ်ဆိုရင် အတွင်းအားကစပြီး လေ့ကျင့်ရတယ်လေ။

'ဒါပေမယ့် အတွင်းအားကို ဘယ်လိုလေ့ကျင့်ရတယ် ဆိုတာကိုလဲ မေ့နေပြန်ပြီ'

ယန်းစုကျုံးသည် မိန်းကလေးပြောမှသတိရသွားမိလေသည်။

'ဟုတ်တယ် ညီမ၊ ညီမပြောတာမှန်တယ်၊ အစ်ကိုနဲ့အတူတူ နေခဲ့ဖူးတဲ့ ဘဘကြီးလီရိရှန်က ပြောဖူးတယ်၊ သိုင်းပညာသင်ချင်ရင် အတွင်းအားကို အရင်စပြီး လေ့ကျင့်ရမယ်တဲ့၊ ညီမ မသင်တတ်ရင် နေလေ၊ အစ်ကို မှတ်စုဂိုက်းသိုင်းကျမ်းထဲက အတွင်းအားကို အရင်လေ့ကျင့်ကြည့်မယ်'

မိန်းကလေးက သူ့ကို တအံ့တသြကြည့်ကာ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘မိစ္ဆာသိုင်းကျမ်း ပျောက်သွားပြီဆို အစ်ကို’

ယန်းစုကျုံးလည်း စကားမြန်မြန်ပြတ်စေလိုသဖြင့်မိစ္ဆာဂိုဏ်း၏သိုင်းကျမ်းစာအကြောင်းကို ရှင်းမပြတော့ဘဲလိုရင်းကိုသာ ပြန်ပြောလိုက်သည်။

‘ဟုတ်တယ် ညီမ၊ ဒါပေမယ့် အဲဒီကျမ်းစာက စာတွေ အစ်ကို မကြာခဏ ဖတ်ရလို့ မှတ်မိနေတယ်’

‘ဟင်....ဟုတ်လား၊ ဒါဆိုရင် ညီမကို ပြန်ရွတ်ပြ၊ ညီ စဉ်းစားပြီး သင်ပေးမယ်’

ယန်းစုကျုံးသည် မိစ္ဆာဂိုဏ်း၏ သိုင်းကျမ်းကို ပြန်လ စဉ်းစားပြီး အတွင်းအားကျင့်စဉ် တစ်ပိုဒ်ကို ရွတ်ပြလိ သည်။

မိန်းကလေးသည်စာသားများကိုသေချာစွာနားထေ ပြီး ယန်းစုကျုံးအားအစမ်းသဘောအနေဖြင့် အတွင်းအ စတင်လေ့ကျင့်စေသည်။

ယန်းစုကျုံးအား ပုဆစ်တုပ်အနေအထားဖြင့်လဘ မျက်နှာမူကာ မြက်ခင်းပြင်ပေါ်တွင် ထိုင်စေလိုက်သ ကိုယ်ကိုမတ်၊ ခေါင်းကိုမတ်၍ မျက်စိမှိတ်ခိုင်းသည်။ နှစ်ဖက်ကိုမူ တောင့်တောင့်ရောင့်ရောင့် ဆန့်တန်းစေပြီး သီးဆုပ်ခိုင်းသည်။ ထိုလက်သီးများကို ဒူးတစ်ဖက်စ တွင် တည့်ရှိနေစေ၏။



ပြီး လျှင်....

စိတ်ကို အပြင်သို့ လွင့်ပြန့်မသွားစေဘဲ ငယ်ထိပ်၌ တည်ငြိမ်အောင် ထိန်းသိမ်းခိုင်းလိုက်သည်။

ယန်းစုကျုံးသည် မိန်းကလေးပြင်ဆင်ပေးသည့် ကိုယ်နေဟန်ထားအတိုင်း မလှုပ်မယှက်ဖြင့် စိတ်ကိုပြန့်လွင့်ခြင်းမရှိအောင် ထိန်းသိမ်းထားလိုက်သည်။

ထိုအတွင်းအားကျင့်စဉ်မှာ အခြေခံ နည်းပါးလှသော ယန်းစုကျုံးအဖို့ အလွန်တရာ အဆင့်မြင့်နေသည်။

တစ်နာရီလောက် စိတ်ရောကိုယ်ပါ စူးစူးစိုက်စိုက် လေ့ကျင့်လိုက်ရာ သူသည် လေ့ကျင့်မှုဒဏ်ကို မခံနိုင်တော့ဘဲ ခေါင်း ထဲတွင် တရိပ်ရိပ် မူးနောက်လာတော့၏။

နောက်ထပ်....

ထမင်းအိုးတစ်လုံးကျက်ခန့်ကြာသောအခါတွင် သူသည် ကိုယ်ကို ဆက်လက်ဟန်မထားနိုင်တော့ဘဲ မြက်ခင်းပေါ်သို့ ဂွိန်းခနဲ လဲကျသွားသည်။

မိန်းကလေးသည် ယန်းစုကျုံးထံသို့ စိုးရိမ်တကြီး ပြေးသွားပြီး ခေါင်းကို မ,ယူကာ ထူပေးရင်း မေးလိုက်လေသည်။

‘အစ်ကို....အစ်ကို ဘယ်လိုဖြစ်တာလဲဟင်’

‘အာမှ မဖြစ်ပါဘူး ညီမငယ်၊ အစ်ကို့မျက်လုံးတွေ လေးပြီး ငိုက်ကုန်အိပ်ချင်သွားတယ်’

‘ဒါဆို တစ်ရေးလောက်အိပ်လိုက်အစ်ကို၊ပြီးတော့ ညီမ နှိုးမယ်’

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် ပြောပြောဆိုဆိုပင် ယန်းစုကျုံး၏ ဦးခေါင်းကို သူမပေါင်ပေါ်တွင် တင်ကာ အိပ်စေလိုက်လေသည်။

သူသည် အလွန်တရာပင်ပန်းနွမ်းနယ်နေသဖြင့်ချက်ချင်းပင် အိပ်ပျော်သွားတော့သည်။

မိန်းကလေးသည်ယန်းစုကျုံး၏ အပြစ်ကင်းစင်နေသောမျက်နှာကို ကြင်နာစွာကြည့်လိုက်ပြီး နဖူးပေါ်တွင်ဝဲကျနေသော ဆံစများကို လက်ကလေးဖြင့် အသာအယာ မ,တင်ပေးလိုက်သည်။

လရောင်အောက် မြက်ခင်းပြင်၌ ဤသို့ နေထိုင်ရသည့်အရသာကို မိန်းကလေး စိတ်ချမ်းမြေ့စွာ ခံစားနေရပါသတည်း။

☆

## အခန်း(၄၅)

## မိစ္ဆာသိုင်းကျမ်း အန္တရာယ်

ညဉ့်သည် တဖြည်းဖြည်းနက်လာသည်။

အချိန်ကြာမြင့်လာသည်နှင့်အမျှ ယန်းစုကျုံးခေါင်းအုံးထားသော မိန်းကလေး၏ပေါင်တစ်ဖက်မှာ ထုံကျဉ်စပြုလာသည်။

သို့သော်....

ယန်းစုကျုံး နိုးသွားမည်စိုးသဖြင့် ထုံကျဉ်သည့်ဒဏ်ကို ကြိတ်မှိတ်ခံနေလိုက်သည်။

ထိုအချိန်တွင် မည်းမည်းသဏ္ဌာန်အရိပ်သုံးခုသည် မိန်းကလေး၏ ကျောဘက်မြက်ခင်းပြင်အစပ်သို့ တိတ်ဆိတ်ညင်သာစွာ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသုံးယောက်သည် မိန်းကလေးနှင့် ခပ်လှမ်းလှမ်းနေရာတွင် ရပ်တန့်လိုက်သည်။

သူတို့အထဲမှ တစ်ယောက်သည် မိန်းကလေးနောက်ဘက်၌ မြက်ခင်းပြင်ကို ခြေသံမကြားအောင် ဖွနင်းလာသည်။

ကတ္တီပါအထပ်ထပ် ခင်းထားသကဲ့သို့ နူးညံ့ အိစက်နေသည့်အတွက် ခြေသံလုံအောင် အထူး ကြိုးစားရန်ပင်မလိုတော့ပေ။

မိန်းကလေးသည် ပေါင်ပေါ်တွင်အိပ်စက်နေသောယန်းစုကျုံးကိုသာ အာရုံစိုက်နေသဖြင့် သူ့နောက်မှလူကို လုံးဝသတိမပြုဘဲ ရှိနေသည်။

မိန်းကလေး၏ မြင်းဖြူကြီးသည် တိတ်တဆိတ် ချောင်းမြောင်းလာသော ရန်သူကို တွေ့လိုက်ရသောအခါ မြက်စားနေရာမှ ခေါင်းထောင်ထပြီး တစ်ချက်မျှ ဟီလိုက်၏။

ထို့နောက်....

ထိုလူ့ထံသို့ တစ်ဟုန်ထိုးပြေးထွက်ကာ ကိုယ်လုံးကြီးဖြင့် တိုက်ခိုက်လေတော့သည်။

မိန်းကလေးသည် ထိုမြင်းဟီသံကို ကြားလိုက်သည်နှင့် အန္တရာယ်ရှိပြီကို သိလိုက်၏။

ယန်းစုကျုံးအား သူမပေါင်ပေါ်မှဖယ်ချပြီး ယန်းစုကျုံး၏ လက်မောင်းကိုဆွဲကာ တစ်ဖက်သို့ လှိမ့်ချလိုက်လေသည်။

သို့သော်....



တကယ်တမ်းအားဖြင့် မိန်းကလေး၏ ရှောင်တိမ်းမှုမှာ မလိုအပ်တော့ပါ။

အဘယ်ကြောင့်ဆိုသော်....

ရန်သူသည် မြင်းဖြူကြီး တိုက်ခိုက်မှုကို ရှောင်တိမ်းနေရသဖြင့် မိန်းကလေးအား တိုက်ခိုက်ရန် စိတ်မကူးနိုင်သောကြောင့်တည်း။

ယန်းစုကျုံးလည်း အိပ်ရာမှ နိုးနေလေပြီ။

သူသည် ပထမ၌ အခြေအနေကို သဘောမပေါက်သော်လည်း သူတို့နှင့် မလှမ်းမကမ်း၌ရှိနေသည့် ရှန်ပေးကို မြင်လိုက်ရသောအခါတွင်မူ ပစ္စုပ္ပန်အခြေအနေကို ချက်ချင်းနားလည်သဘောပေါက်သွားလေ၏။

မိန်းကလေးနှင့် ယန်းစုကျုံးတို့ အဆင်သင့်ဖြစ်နေပြီဖြစ်၍ မြင်းဖြူကြီးသည် ဆက်လက်မတိုက်ခိုက်တော့ပေ။

ရှန်ပေးမှာ မိန်းကလေးအား ချောင်းမြောင်း တိုက်ခိုက်ခွင့်မရသဖြင့် မြင်းဖြူကြီးကို အလွန်စိတ်ဆိုးနေသည်။

ထို့နောက် မိန်းကလေးထံသို့ တစ်ဟုန်ထိုး ပြေးဝင်လာတော့သည်။

သူ၏ လက်ချောင်းငါးချောင်းတွင် အတွင်းအားစုစည်းကာ မိန်းကလေး၏ ရင်ဝကို ကုတ်ချလိုက်သည်။

'ရှင် တရားလွန်လာပြီနော်'

မိန်းကလေးက ထိုသို့အော်ဟစ်ပြောဆိုရင်းမှ ရှန်ပေး၏ စွန်ကုတ်လက်သည်း တိုက်ကွက်ကို လွတ်သည် ဆိုရုံမျှရှောင်ကာ ရှောင်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယန်းစုကျုံးမှာ သတ္တိရှိသူဖြစ်၍ မိန်းကလေးရှေ့သို့ ခုန်ထွက်လိုက်ပြီး သူ့တောင်ဖြို့လက်သီးဖြင့် ရှန်ဝေး ရင်ဝကို ထိုးချလိုက်သည်။

ရှန်ဝေးသည် ယန်းစုကျုံး၏ လက်သီးချက်ကိုရှောင်ပေး လိုက်သည်။

သို့သော်....

သူက ယန်းစုကျုံးကို တန်ပြန်တိုက်ခိုက်ခြင်းလုံးဝမပြုဘဲ နေ၏။

အကြောင်းမှာ ယန်းစုကျုံး၌ အခြေခံသိုင်းပညာမျှသာ ရှိကြောင်း သိရှိထားပြီးဖြစ်ရာ သူ့အနေဖြင့် ယန်းစုကျုံးကို အာရုံစိုက်နေပါက သိုင်းပညာ ထိပ်တန်းအဆင့်မြင့် တတ်ကျွမ်းထားသော မိန်းကလေးက သူ့ကိုဝင်တိုက်မည် စိုးရိမ်သောကြောင့် ဖြစ်သည်။

ထို့ကြောင့်....

သူက မိန်းကလေးဘက်သို့ဦးတည်ကာ အပြင်းထန်ဆုံးသောတိုက်ကွက်ဖြင့် အတင်းဝင်တိုက်သည်။

မိန်းကလေးသည် သိုင်းပညာ အဆင့်မြင့်သူ ဖြစ်သော်လည်း သိုင်းလောကအတွေ့အကြုံ နည်းပါးပုံရသည်။

ရှန်ဝေး၏ တိုက်ကွက်များကို တန်ပြန် တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းရုံမျှသာ ရှောင်တိမ်းနေသည်။

တစ်ကြိမ်တွင် ရှန်ဝေးသည် လက်ညှိုးနှင့် လက်မတို့ အတွင်းအားကို စုစည်းကာ မိန်းကလေး၏ ရင်ဝတွင်ရှိသော သွေးကြောကို ဖမ်းနှိပ်လိုက်၏။



သားမြတ်နှစ်ခု၏ အလယ်တည့်တည့်တွင်ရှိသော သွေးကြောဖြစ်သည်။

ထိုသွေးကြောမှာ မိန်းမများတွင်သာရှိသော သွေးကြောမျိုးဖြစ်သည်။

မိန်းကလေးသည် ရှန်ဝေး၏ တိုက်ကွက်ကို ကြိုတင်သိရှိကာ ရှက်လည်းရှက် ထိတ်လန့် ဒေါသလည်း ထွက်မိသည်။

သို့သော် သူမသည် ရှန်ဝေး၏တိုက်ကွက်ကို ရှောင်တိမ်းရုံသာ ရှောင်တိမ်းပေးလိုက်သည်။

ထိုစဉ်မှာပင် ရှန်ဝေး၏ နားထဲသို့ စူးရှသေးငယ်သော အသံကလေး တစ်သံ တိုးဝင်လာသည်။

'သိပ် မိုက်တွင်းနက်တဲ့ကောင်ပါလား၊ မင်းကို စင်နန်မြို့စားရဲ့ သိုင်းပညာအကြောင်း နည်းနည်းတော့ ပြလိုက်ဦးမှပဲ'

ထိုအသံနှင့်အတူ ဖောက်ခနဲ အသံကလေး တစ်သံကြားလိုက်ရပြီး ရှန်ဝေးမှာ ရင်ဝ၌ တစ်စုံတစ်ခု အထိခံလိုက်ရသည်။

ထို့နောက် မြင်းကန်ခံရသကဲ့သို့ လွင့်ထွက် သွားသည်။

တစ်ချိန်တည်းမှာပင် ယန်းစုကျုံးကလည်း သူ့ရင်ဝကို လက်သီးနှင့် ဝင်ထိုးသည်။

'အား'

ရှန်ဝေး၏ နာကျင်စူးရှသော အသံသည် မြက်ခင်းပြင် တစ်ခုလုံး၌ ပဲ့တင်ထပ် ပြေးလွှားသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ဝေး လဲကျသွားသည်နှင့် ချုံဖုတ်စပ်တွင် ကျိန်းရစ်ခဲ့သော မည်းမည်းသဏ္ဌာန် အရိပ်နှစ်ခုသည် ယန်းစုကျုံးထံသို့ လျှပ်မြန်စွာ ပြေးဝင်လာသည်။

မိန်းကလေးက ထိုအချင်းအရာကို တွေ့မြင်လိုက်ရသောအခါ ယန်းစုကျုံး၏ လက်ကိုဆွဲကာ သူမနောက်တွင် ရပ်စေလိုက်ပြီး ပြောလိုက်သည်။

'အစ်ကို ကျွန်မနောက်မှာသာနေ၊ သူတို့ကို ကျွန်မ ရင်ဆိုင်လိုက်မယ်'

ယန်းစုကျုံးက အဘင်းရှန်းဖယ်ကာ ငြင်းဆန်နေ၏။

'အို....မဟုတ်တာဘဲ ညီမရယ်၊ အစ်ကိုက ယောကျ်ားပါ၊ ကာကွယ်စရာရှိရင် အစ်ကိုကသာ ညီမကို ကာကွယ်ရမှာပေါ့'

ယန်းစုကျုံးထံသို့ပြေးလာသော လူနှစ်ယောက်မှာ ရှန်ဝေး၏ ဆရာ ချန်စုဟိုနှင့် သူ့အဖော်ပင်ဖြစ်သည်။

အနီးသို့ရောက်လျှပ် သူတို့နှစ်ယောက်သည် မိန်းကလေးနှင့် ယန်းစုကျုံးကို ရန်မူခြင်း မပြုဘဲ မြက်ခင်းပေါ်တွင် လဲကျနေသော ရှန်ဝေး၏ ကိုယ်ကို ဖေးမထူလိုက်သည်။

ရှန်ဝေး၏ သတိမေ့နေသော မျက်နှာတွင် သွေးဆုတ်သကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

အဘိုးအိုသည် ရှန်ဝေး၏ရင်ဘတ်မှ ဝတ်စုံကို လှန်ကာ ကြည့်သည်။



ရှန်ဝေး ရရှိထားသော ဒဏ်ရာမှာ အလွန်ပြင်းထန် ပြီး ဆန်းကြယ်သော သိုင်းကွက်တစ်ခုကြောင့် ရရှိခြင်းဖြစ်သည်ကို သူကောင်းစွာ သိလိုက်သည်။

ချန်စုဟိုသည် ရင်ဖုံးအင်္ကျီအိတ်ထဲမှ ဆေးဘူးတစ်ဘူးကို ထုတ်ယူပြီး ဆေးတစ်လုံးကို ရှန်ဝေးပါးစပ်ထဲသို့ အတင်း ဖြထည့်လိုက်သည်။

မိန်းကလေးသည် ရှန်ဝေး၏ ဒဏ်ရာမှာ သေလောက်သော ဒဏ်ရာဖြစ်ကြောင်း ရိပ်စားမိသည်။

အဘိုးအို ချန်စုဟို သူတို့အား လက်စားချေ တိုက်ခိုက်ခြင်း မပြုမီ ရှောင်ပြေးရန် စိတ်ကူးမိသဖြင့် အချိန်ကိုပြန်းတီးမနေတော့ဘဲ ယန်းစုကျုံး၏ လက်ကိုဆွဲကာ မြင်းကြီးပေါ်သို့ ခုန်တက်လိုက်သည်။

သို့သော် အဘိုးအိုသည် လွန်စွာ ပါးနပ်သည့် အမြင်မျက်စိလည်းအလွန်လျင်သူဖြစ်သည်။

ထို့ကြောင့် သူက မိန်းကလေး မြင်းပေါ်သို့ ခုန်တက်လိုက်သည်နှင့်....

သူ့လက်နှစ်ဘက်ကို လျှပ်တစ်ပြက် လှုပ်ရှားလိုက်သည်။

ထို အဘိုးအိုထံမှ အလင်းတန်းလေးတစ်ခုသည် လေကို ထဝိုးဝိုးထိုးခွဲကာ မိန်းကလေးဆီသို့ တန်းတန်းမတ်မတ် ဝင်လာသည်။

မိန်းကလေးသည် မြင်းကုန်းနှီးပေါ် ခြေထောက် တစ်ဘက်နှထော အားယူပြီး လေထဲသို့ ခုန်တက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ပတ်ကျွမ်းပစ်ကာ သူ့ထံသို့ အရှိန်ပြင်းစွာ ပြေးဝင်လာသော အလင်းတန်းကို အင်္ကျီလက်မောင်းအိုးဖြင့် ခတ်ထုတ်လိုက်သည်။

'ဖတ်....'

ဟူသော အသံနှင့်အတူ အလင်းတန်းသည် မြေပေါ်သို့ လွင့်စဉ်ကျသွားသည်။

သူမ သေချာစွာကြည့်လိုက်သောအခါ ဓားပျံတစ်လက်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

အဘိုးအိုသည် ဘယ်လက်ဖြင့်ဓားပျံကိုထုတ်ယူပြီးနောက် ညာလက်ဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်သည်။

သို့သော် သူ့လှုပ်ရှားမှုက မြန်ဆန်လွန်းလှသဖြင့် လက်နှစ်ဘက်မှာ တစ်ပြိုင်တည်း လှုပ်ရှားသွားသည်ဟု ထင်လိုက်ရသည်။

* * *

မိန်းကလေး မြေပေါ်ပြန်ကျသည့်အချိန်တွင် အဘိုးအိုချန်စုဟိုလည်း မိန်းကလေး ရှေ့သို့ ခုန်ပျံရောက်ရှိလာ၏။

ယန်းစုံကျုံးသည် မိန်းကလေးဆီ ကပျာကယာပြေးသွားသည်။



'ညီမ ဘယ်များထိသွားသေးသလဲဟင်'

မိန်းကလေးသည် အသက်ကို ဝအောင် တစ်ချက်မျှရှူပြီးခေါင်းခါပြလိုက်သည်။

ယန်းစုံကျုံး စိတ်အေးသွားသည်။

စိတ်မအေးသူမှာ ချန်စုဟိုဖြစ်၏။

သူသည် ဓားပျံလက်နက်ပုန်း ပစ်ရာတွင် ဘစ်ဖက်ကမ်းခပ် တတ်မြောက်သူ ဖြစ်၏။

သူ့ဓားပျံလက်နက်သည် ရန်သူ့နှလုံးသွေးကို ဖောက်သောက်နိုင်သည်ချည်းဖြစ်သည်။

မည်သည့်ရန်သူကမျှ သူ့ဓားပျံလက်နက်ပုန်းကို ရှောင်တိမ်းနိုင်ခြင်း မရှိခဲ့ပေ။

ထို့ကြောင့်ပင် သူ့အား သိုင်းလောကသားများက သက်တန့်ရောင်ဓားသမားဟု နာမည်ပေးထားကြခြင်း ဖြစ်သည်။

'ယခုမူ....

မိန်းကလေးသည် သူ့ဓားပျံကိုရှောင်တိမ်းနိုင်သည်သာမက လွင့်ကျအောင်ပင် ခုခံကာကွယ်နိုင်ခဲ့သည်။

မိန်းကလေး၏မြင့်မားသော သိုင်းပညာအဆင့်ကို မျက်မြင်ကိုယ်တွေ့ တွေ့လိုက်ရသောအခါ သူ့ရင်ထဲ မအေးနိုင်အောင် ဖြစ်သွားသည်။

မိန်းကလေးသည် ဒေါသရိပ်တစ်ချက်မျှမပြဘဲ သူ့ကိုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာဘာ....ဘာဘာနဲ့ကျွန်မဟာ ဘာများ ရန်ငြိုးရန်စ ရှိလို့ ခုလို လိုက်ပြီးနှောင့်ယှက်နေတာလဲ'

အဘိုးအို ချုန်စုံဟိုမှာ မျက်နှာတစ်ပြင်လုံး နီရဲသွားလေသည်။

သူသည် ရန်ငြိုးရန်စမရှိဘဲ တိုက်ခိုက်ခဲ့သည် မဟုတ်ပါလော။

ရန်ငြိုးရန်စမရှိဘဲတိုက်ခိုက်ခြင်းသည် သစ္စာဘာဝဓာတ်သား သိုင်းသမားများ၏အပြုအမူ မဟုတ်ပေ။

သိုင်းလောကစည်းကမ်းနှင့်လည်း ဆန့်ကျင်သည်။

သို့သော်....

သူသည် ပြုံးခနဲပြက်ခနဲ အကြံတစ်ခုရသွား၏။

သူက ဣန္ဒြေရရပြောလိုက်သည်။

'မိန်းကလေးကို ကျုပ်အနှောင့်အယှက်ပေးတာ မဟုတ်ပါဘူး၊ မိန်းကလေးရဲ့လူက ကျုပ်တပည့်ကို အင်မတန် ဆန်းကြယ်တဲ့သိုင်းကွက်နဲ့ သေအောင်တိုက်ခိုက်သွားတယ်၊ ဒီတော့ သူ့ဆီက ဒဏ်ကြေးဆောင်ရဖို့ရယ်၊ နောက် ဘယ်လို သိုင်းပညာမျိုးနဲ့ တိုက်ခိုက်သွားတယ်ဆိုတာရယ် သိချင်လို့ မိန်းကလေးတို့ ဒီကထွက်မသွားနိုင်အောင် ဟန့်တားလိုက်တာပါ'

ယန်းစုကျုံးသည် မိန်းကလေးရှေ့သို့ ထွက်လာလေသည်။

'ဒီမှာ....ဆရာကြီး၊ ကျုပ်က ခင်ဗျားတပည့်ကို လေလောက်အောင်မတိုက်ရင်သူက ဒီကကျုပ်ညီမကို အင်မတန်



ရက်စက်ယုတ်မာတဲ့ တိုက်ကွက်နဲ့ တိုက်တော့မယ်ဆိုတာ ဆရာကြီးမမြင်ဘူးလား'

အဘိုးအိုက တစ်ချက်မျှ မျက်နှာချိုသွေးလိုက်ပြီး....

'ဒါတွေထားလိုက်ပါတော့ကွယ်၊ ခုနက ခမောင်ရင် သုံးလိုက်တဲ့သိုင်းကွက်ဟာ ဘယ်လိုသိုင်းကွက်မျိုးဆိုတာ ဦး သိပါရစေလား'

ယန်းစုကျုံးက တစ်ချက်မျှရင်ကိုကော့လျက် ပြန်ပြောသည်။

'အဲဒါ ကျုပ်အဖေရဲ့ မူပိုင်သိုင်းကွက်ပဲ၊ တောင်ဖြို လက်သီးသိုင်းကွက်ဆိုတာ အဲဒါပေါ့'

'နေပါဦး၊ မောင်ရင့်အဖေကဘယ်သူတုန်း'

'ကျုပ်အဖေကို ဆရာကြီးတို့သိမှာမဟုတ်ပါဘူး၊ သူဟာ သိုင်းလောကမှာ ထင်ရှားကျော်ကြားတဲ့ သိုင်းသမား တစ်ယောက်လဲ မဟုတ်ပါဘူး'

'ပြောသာပြောပါ မောင်ရင်'

'ကျုပ်အဖေနာမည်က ယန်းစူး'

* * *

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုသည် မျက်မှောင်တစ်ချက်ကြုတ်ကာစဉ်းစားလိုက်သည်။

သူသည် သိုင်းလောကတွင် ကျင်လည်ကျက်စားခဲ့သည်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော်ခဲ့ပြီးဖြစ်သည်။

ယန်းစုကျုံးပြောသည့် ယန်းစူးဆိုသော သိုင်းသမား၏နာမည်ကို တစ်ကြိမ်တစ်ခါမျှ မကြားဖူးခဲ့ချေ။

ထိုမျှမက ယန်းစုံကျုံးပြောသော တောင်ဖြိုလက်သီးဆိုသည်မှာလည်း သိုင်းလောကတွင် ထင်ပေါ်ကျော်ကြားသော သိုင်းပညာမဟုတ်ပေ။

'ဒီမှာမောင်ရင်၊ မင်းဟာ မိစ္ဆာဂိုဏ်းရဲ့သိုင်းပညာကို ကောင်းကောင်း လေ့ကျင့်တတ်မြောက်ထားတယ် မဟုတ်လား'

ယန်းစုကျုံးက အဘိုးအိုကိုတစ်ချက်ကြည့်ကာ ပြန်ပြောသည်။

'ကျုပ် ဘာလို့လိမ်ပြောရမှာလဲ၊ မိစ္ဆာဂိုဏ်းသိုင်းပညာကို ကျုပ်လုံးဝမတတ်ဘူး'

'ဒါဆိုရင် မောင်ရင်က မိစ္ဆာဂိုဏ်းရဲ့ သိုင်းကျမ်းကို ဘယ်လိုလုပ်ရထားတာလဲ'

ယန်းစုကျုံး အဖြေရကျပ်သွားသည်။

သူမည်သို့ဖြေဆိုရမှန်းမသိဖြစ်နေချိန်မှာပင်မိန်းကလေးက ကြားဝင်ဖြေလိုက်သည်။

မိန်းကလေးတိုင်း ဖြတ်ထိုးဉာဏ်ကောင်းတတ်ကြသည် မဟုတ်ပါလား။



'အစ်ကိုက ဒီသိုင်းကျမ်းကိုကောက်ရထားတာပါ၊ ခုလဲ သူ့ဆီမှာ မရှိတော့ပါဘူး'

'ဟား....ဟား....ဟား....ဟား.... ကောက်ရထားတယ် ဟုတ်လား'

အဘိုးအိုက မိန်းကလေး၏အဖြေကို မကျေနပ်သဖြင့် လှောင်ရယ်ရယ်ရင်း ပြန်မေးလိုက်ခြင်းဖြစ်သည်။

'ဒီမှာ မောင်ရင်၊မင်းဟာ မိစ္ဆာဂိုဏ်းသားတစ်ယောက် မဟုတ်လား'

'မိစ္ဆာဂိုဏ်းသားဆိုတာ ဘယ်သူလဲကွ'

သူတို့အားလုံး ထိတ်လန့်တကြားဖြစ်သွားကြကာ အသံလာရာဆီသို့ လှမ်းကြည့်လိုက်ကြသည်။

အဘိုးအိုနှင့်သူ့တပည့်များထွက်လာသော ချုံဖုတ်နှင့် ဆန့်ကျင်ဘက်နေရာမှ လူရိပ်နှစ်ရိပ် ပေါ်ထွက်လာလေသည်။

လရောင်ကြောင့် လူရိပ်နှစ်ရိပ်အနက် တစ်ယောက်မှာ အသက်သုံးဆယ်ကျော်အရွယ်ရှိသော ယောကျ်ားတစ်ဦးဖြစ်ပြီး ကျန်တစ်ယောက်မှာ အသက်အစိတ်ပတ်ဝန်းကျင်ရှိ မိန်းကလေးတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရလေသည်။

ယန်းစုံကျုံး အလွန်အမင်း စိတ်ညစ်ညူး သွားလေသည်။

သက်တန့်ရောင်ဓားသမားချန်စုံဟိုနှင့်မတွေ့ခင် နောက်တစ်ဖွဲ့ထပ်တိုးလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသားနှင့်အမျိုးသမီးစုံတွဲကား မည်သည့်ဒေသကနေ ရောက်လာ၍ မည်သည့်ဂိုဏ်းဝင်များဖြစ်လေသနည်း။

မိစ္ဆာဂိုဏ်းနှင့် မည်သို့ ပတ်သက်ယှက်နွယ် နေလေသနည်း။

ထိုလူနှစ်ယောက်ထပ်မံခရောက်ရှိလာသည့်အတွက် နောက်ထပ် မည်သည့် အန္တရာယ်များ ကျရောက်လာ လေမည်နည်း။

သူသည် အစိမ်းရောင်ဝတ်စုံနှင့်မိန်းကလေးကို စူးစူးစိုက်စိုက် အကဲခတ်ကြည့်လိုက်သည်။

မိန်းကလေး၏မျက်နှာကျင် စိုးရိမ်စိတ်များအထင်းသားပေါ်လွင်နေသည်။

ယန်းစုကျုံး သူမကိုသနားသွားသည်။

သို့သော်...

မည်သို့မျှမတတ်နိုင်။

ကျရောက်လာမည့်အန္တရာယ်ကို အသက်စွန့်တွန်းလှန်ရုံမှအပ သူ ဘာများတတ်နိုင်ပါမည်နည်း။

ပထမပိုင်းပြီး၏။


စာရှုသူများ၏မေတ္တာကိုခံယူလျက်
တက္ကသိုလ်နေဝင်းမြောင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မူရင်း
# ချင်ချင်းယွင်၏ကျင်ချိန်တောင်





www.burmeseclassic.com